http://www.dhammadownload.com



ရန်ကုန်မြို့
အမှတ်(၈၀-က)၊ သံလွင်လမ်း၊ ဗဟန်း
ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ပဏ္ဍိတာရာမ
သာသနာ့ဓမ္မကျောင်း



ဆရာတော်ကြီး သက်တော်(၈၀)ပြည့်နှင့်
ပဏ္ဍိတာရာမ (၁၀)နှစ်ပြည့်အထိမ်းအမှတ်

http://www.dhammadownload.com



ပဏ္ဍိတာရာမ
သာသနာ့ဝေယျာဝစ္စကိန်း

(ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် အထိမ်းအမှတ်စာစောင်)


သာသနာ - ၂၅၄၅ ကောဇာ - ၁၃၆၃ ခရစ် - ၂၀၀၁

http://www.dhammadownload.com

မာတိကာ

ပဏ္ဍိတာရာမ







သရုပ်ဖော် ပန်းချီ
မောင်နေကြည်

မျက်နှာ ဖွဲ့စည်းအလှဆင်မှု
မောင်ဒီပ (ဒီပါစိုး)

စာမူခွင့်ပြုချက်အမှတ်
၂၄၇/၂၀၀၁ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၂၉၀/ ၂၀၀၁ (၅)

၂၀၀၁ ခုနှစ်၊ ဇူလိုင်လတွင်
ပထမအကြိမ် ထုတ်ဝေသည်။

- ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့. ဥက္ကဋ္ဌ၏ ဥယျောဧည့် ၄
- ဆရာတော်ကြီး၏ သာသနာပြု သစ္စာ အဓိဋ္ဌာန် ၈
- သပြေကန်ဆရာတော်ကြီး၏ သမ္မောဒနီယကထာ ၉
- ဓာတ်ပုံ မှတ်တမ်းများ ၁၅-၁၆
- ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် အကျဉ်း ၁၇
- ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် မှတ်တမ်းလက်ာ ၂၃

ဆောင်းပါးများ

- **သို့သော်**
  သာသနာ့ဝန်ဆောင်ဆရာတော် ၂၁
- **အကြောင်းနှစ်ပါး ပြည့်စုံပါ တိုးတက်ကြီးပွားရာ**
  သဒ္ဓမ္မရံသီရိပ်သာဆရာတော် ၂၉
- **ဗုဒ္ဓသာသနာ အနှစ်သာရ တရားတို့ကို ကမ္ဘာသို့ ဝေငှဖြန့်ဖြူးနေသော ဆရာတော်ကြီး**
  ဦးအောင်သိမ်း ၃၃
- **ပူဇော ပူဇနေယျာနံ**
  ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ) ၃၆
- **စွယ်စုံရှင်တို့၏ စွယ်စုံဖခင်**
  ထွန်းလွင် (ဓမ္မာစရိယ -ဘီအေ) ၄၁
- **ပစ်တိုင်းထောင် ဆရာတော်ကြီး**
  ကံ့ကော်မြိုင်ဆရာတော် ၄၄
- **ပဂ္ဂဏော ဂုဏိနံ ဓဇံ (သာသနာပြု)**
  သီတဂူဆရာတော် ၄၉
- **ကျေးဇူးမြင့်မိုရ်ဦး**
  စာရဒဿီနီ ၅၃
- **ပဏ္ဍိတာရာမ သာသနာ**
  ကိုရင်ကျော် ၅၇
- **၂၁ ရာစုနှစ်အတွက် လက်ဆောင်ကောင်း**
  အရှင်ဉာနဒ္ဓောတာဘိဝံသ ၆၀
- **ရွှေတောင်ကုန်းမှသည် မဟာစည်သို့**
  အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) ၆၅
- **ကျွမ်းကျင်တဲ့ ဉယျာဉ်မှူး**
  ဝိမလဉာနီ (နီပေါ) ၆၉
- **၂၀ ရာစု၏ လူသားအကျိုးပြု အမြင့်မားဆုံး ကျောက်တိုင်**
  ဓမ္မာစရိယ ဦးဌေးလှိုင် ၇၃
- **အာစရိယဂုဏော အနန္တော**
  တော်ဝင်နွယ် ၈၀
- **ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး**
  ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်) ၈၄

http://www.dhammadownload.com


သာသနာ့ဓမ္မကွန်း မာတိကာ


- **လူ့ထက်လူ**
  အဆွေကြည် (ဆပ်သွား) ၁၉
- **တြိဂံများပေါ်က ပဏ္ဍိတာရာမ**
  သစ္စာ ၉၃
- **သည်စည်းကမ်းနှင့် သည်ခရီးလမ်း**
  ဘိက္ခုဓမ္မပိယ (USA) ၉၇
- **ဩဝါဒါစရိယဆရာတော်ကြီး၏ ပုံရိပ်များ**
  နန္ဒသိဒ္ဓိ (မလေးရှား) ၁၀၂
- **စကား (၁၅) ခွန်း**
  တပည့်တစ်ဦး ၁၀၅
- **သူတို့ အပြော**
  သာမဏေကျော် ၁၁၂
- **စပရင်းရာသီ ချယ်ရီပန်းတွေ ဝေဝေသီတိုင်း**
  ဉာဏ်ဦးမောင် (အမေရိက) ၁၂၁
- **တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ**
  အဂ္ဂဉာနီ (နီပေါ) ၁၂၅
- **လုမ္ဘိနီ ပဏ္ဍိတာရာမ သာသနာ့ရိပ်သာ**
  ကပ္ပိယ (တောစခန်းရိပ်သာ) ၁၂၉
- **Hidden City**
  တောကို ချစ်သူများ ၁၃၃
- **ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဖြစ်ပေါ်လာပုံ**
  ဒေါအဖိန် ၁၃၇
- **ပုံရိပ်အတွေး မွှေးတကြူကြူ**
  အရှင်ဉာနိကာဘိဝံသ ၁၄၅
- **မော်လမြိုင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ**
  အရှင်နန္ဒာသီရိ ၁၅၀
- **ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း**
  ရွှေခိုင်သီရိ ၁၅၃
- **လုမ္ဘိနီဒေသမှ ပေးစာတစ်စောင်**
  ဘဒ္ဒမဏ္ဍိကာ (နီပေါ) ၁၅၉
- **From U Aggacitta** ၁၆၁
- **Remembering Sayadaw U Pandita** ၁၆၃
- **Prettiest Feowers of panditarrama** ၁၆၆
- **Sayadaw U Pandita** ၁၆၉
- **A letter from Joseph Goldstein** ၁၇၂
- **Sharing a meal with Sayadow** ၁၇၄

ကဗျာများ

မင်းသုဝဏ် (၇)၊ တက္ကသိုလ် မောင်နွေဦး (မဟာဝိစ္စာ) (၆)
ပဏ္ဍိတာရာမရိပ်သာခွဲများ (၁၁-၁၄)







ထုတ်ဝေသူ
ဦးမောင်ကလေး
သောကြာစာပေ
အမှတ် ၁၅၊ သြဘာလမ်း
ကျောက်မြောင်း၊တာမွေမြို့နယ်

ပုံနှိပ်သူ
ဒေါခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြို့ဝင်လမ်း
သုဝဏ္ဏ၊ ရန်ကုန်မြို့။

အုပ်ရေ ၁၀၀၀၊ ဓမ္မဒါန

http://www.dhammadownload.com

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ

၏

ဥဒေယျဂုဏ်

အကယ်၍သာ မြတ်ဗုဒ္ဓါသည် လူရွာထင်ရှား မပွင့်ငြားက
ဤကား ကုသိုလ် အကုသိုလ်နှင့်
ထိုထိုဘုံဘဝ မသိရ များလှ အပြစ်တွေ။

ယခုသော်ကား မြတ်များရှင်တော် ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား မြတ်တရားကြောင့်
ဤကား ကုသိုလ် အကုသိုလ်နှင့်
ထိုထို ဘုံဘဝ သိကြရ များလှ ကျေးဇူးတွေ။

ကပ်ကမ္ဘာပေါင်း များစွာကြာမှ ပွင့်တော်မူကြသော ဘုရားရှင်၏ သာသနာတော်ကို ကျွန်ုပ်တို့တစ်တွေ ယခု တွေ့ကြုံကြိုက်နေရခြင်းသည် အလွန်အလွန် ကံကောင်းလှပေသည်၊ အကယ်၍သာ မြတ်ဗုဒ္ဓ၏ တရားတော်များကို မကြားနာရပါက ကံ-ကံ၏ အကျိုးကို လည်းကောင်း၊ သုဂတိ ဒုဂ္ဂတိ ဘုံဘဝများရှိပုံကို လည်းကောင်း၊ မသိနားမလည်ကြဘဲ ကောင်းမှုကုသိုလ် စိတ်ထားပုံ၊ မကောင်းမှု အကုသိုလ်စိတ် ဖြစ်ပုံများကို မခွဲခြားတတ်ဘဲ ထင်ရာစိုင်းလျက် ပြုမူနေကြခြင်းဖြင့် သံသရာခရီးတစ် လျှောက် မျောချင်တိုင်း မျောကြကြပေဦးမည်၊ ယခုသော်ကား မြတ်ဗုဒ္ဓတရားတော်များကို သိရှိနားလည်ခွင့် ရနေကြသဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေး လမ်းမကြီးသည် ဖြောင့်စင်းထင်ရှားစွာ လက်တစ်ကမ်းတွင် ရှိနေကြလေသည်။

သာသနာတော်အတွင်း လူဖြစ်ရုံမက ကမ္ဘာသူ၊ ကမ္ဘာသား လူအများစု အခွင့်အရေး မရကြသော၊ သာသနာရေး ဆောင် ရွက်ခွင့်လည်း ရနေကြလေသည်။ ပိဋကပညာရှင်၊ သီလ၊ ပညာနှင့် ပြည့်စုံသော ကျမ်းတတ်ပုဂ္ဂိုလ်များကိုလည်း ဆည်းကပ်ခွင့်ရနေကြပါသည်၊ ဆည်းကပ်ခွင့်ရသည့်အလျောက် ဓမ္မအဆုံးအမ နည်းနာများကို ကြားနာရသဖြင့် မိမိတို့ စွမ်းအားအလျောက် သာသနာ အကျိုးကို ကိုယ်အား၊ ဉာဏ်အား၊ ဓနအားဖြင့် ပါဝင်ကူညီဆောင်ရွက်ခွင့် ရနေကြခြင်းသည်လည်း အလွန်မွန်မြတ်ထူးခြားလှသော အခွင့်အရေး ဖြစ်ပါသည်။

"ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့"ဟူသော အမည်ကို ခံယူလျက် ကြီးမားသော ရည်ရွယ်ချက်ထားကာ ဖွဲ့စည်း တည်ထောင်ထားခဲ့ရာဝယ် စိတ်အားရှိသလောက် နယ်မကျယ်ပြန့်၊ မအောင်မြင်သေးသော်လည်း အချိန်မကြာလှသေးမီ သင့်တင့်သော အောင်မြင်မှုများ ရနေသည်မှာ ကျေနပ်အားရဖွယ် ဖြစ်ပါသည်၊ "လူသတင်း လူချင်းဆော့"ဟူသည့်အတိုင်း လာရောက်

http://www.dhammadownload.com

ဆရာတော်ကြီးမိန့်ခွန်း

ဖူးသော လူ၊ရှင်၊ယောဂီတို့၏ ကျေနပ်နှစ်သက်မှု သတင်းပြန့်ပွားလာသည်နှင့်အမျှ လာရောက် ကျင့်ကြံ အားထုတ်သူများလည်း တစ်နေ့တစ်ခြား များပြားလာသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့နေရပါသည်။

အဆောက်အအုံများအနေနှင့် တိုးတက်မှုများ ရှိခဲ့ပါသည်။ သင်ကြားမှုအနေနှင့်လည်း ကျယ်ပြန့်ထင်ရှားလာခဲ့သည်။ အကျင့်ပဋိပတ်အနေနှင့်လည်း ပြည်တွင်းပြည်ပ လေ့လာအားထား ရာဌာနအဖြစ် နယ်ကျယ်လာခဲ့သည်။ ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ ဆေး စသော အာမိသပူဇာ များလည်း ပြည့်စုံလုံလောက်လာခဲ့သည်။ အားရဖွယ်များ ဖြစ်ပါသည်။

ထိုမျှမက မော်လမြိုင်၊ ပြင်ဦးလွင်၊ သန်လျင်၊ ပဲခူး၊ ဆယ်မိုင်ကုန်း စသော ပြည်တွင်း ဌာနခွဲများလည်း ပေါ်ပေါက်တိုးတက်လာခဲ့ပြီး တဖြည်းဖြည်း စည်ပင်တိုးတက်နေလေပြီ။ အားထုတ်ဖူးသူ ပြည်ပယောဂီများ၏ သဒ္ဓါတရားထက်သန်စွာ ပင့်ဖိတ်မှုများလည်း တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာသည်ဖြစ်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးကိုယ်တိုင် ကာယကဒ္ဓ၊ စေတသိကဒုက္ခတို့ကို အမှုမထားဘဲ စင်ကာပူ၊ ယိုးဒယား(ထိုင်း)၊ မလေးရှား၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတေးလျစသော နိုင်ငံများသို့ ဓမ္မဒူတခရီး၊ ဓမ္မဂုဏ်ရည်ပြခရီးများ အခေါက် ခေါက်အခါခါ သွားလာခဲ့လေပြီ။ ပြည်ပသာသနာပြုလုပ်ငန်းများသည်လည်း စိတ်ကျေနပ်လောက် အောင် အောင်မြင်မှုရနေသည်ဟု ဆိုနိုင်ပါသည်။

ယခုအခါ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၏ သက်တမ်း(၁၀)နှစ်ပြည့် ခဲ့ပြီဖြစ်သလို ဩဝါဒါစရိယဆရာတော် ကြီးမှာလည်း သက်တော် (၈၀)ပြည့် ပတ္တမြားရတုအချိန်သို့ ရောက်တော်မူခဲ့ပါပြီ။

ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ဝင်အပေါင်းသည် မိမိတို့၏ ပါရမီထူးကြောင့် သာသနာတော်အရေးတွင် ဩဝါဒါစရိယဆရာတော်ကြီး၏ လမ်းညွှန်ရှေ့ဆောင်မှုအတိုင်း ဆောင်ရွက်ခွင့်ရနေကြသည်ဖြစ်ရာ မူလအခြေခံဌာနဖြစ်သော ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ စတင်၍ ပြည်တွင်းသာမက နယ်ခြားဒေသ၊နိုင်ငံခြားဒေသများသို့ သာသနာ တော်ပြန့်ပွားရေးအတွက် မမှိတ်မသုန် အားကြိုးဆောင်ရွက်ကြမည်ဟု သန္နိဋ္ဌာန်ချကာ ဆထက် ထမ်းပိုး တိုးတက်ကြိုးစားကြရန် လိုပါသည်။ အင်အားအလျောက် ကြိုးစားပြီးနောက် အောင် မြင်မှုရသမျှကို ဝမ်းမြောက်စွာ သတိရလျက် ကုသိုလ်တရားများ ထပ်မံ တိုးပွားနိုင်ကြပါစေ ဟုလည်း သမ္မာဆန္ဒပြုလိုက်ပါသည်။ လက်တွဲညီညာ ဝမ်းမြောက်စွာ ဆောင်ရွက်ကြပါစို့။

သာသနံ ပုညဝန္တံ သဃ, ပုညဝန္တော ဝဝ လဗ္ဘရေ၊
နာပပုညာ ကရဟစိ, ပဂ္ဂဏှိတုမဝိသဟာ။

ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီးမြှောက်ခွင့် မရကြကုန်။ ဘုန်းကံရှိသူတို့သည်လျှင် ရနိုင်ကုန်၏။ အဘယ်ကြောင့်ဆိုသော် ဤသာသနာတော်သည် သဗ္ဗညုတဉာဏ်တော်ရှင် အတုမရှိ ဘုန်းကံကြီးမားတော်မူသော မြတ်ဗုဒ္ဓ၏ သာသနာတော် ဖြစ်သောကြောင့်တည်း။

ဉာဏိန္ဒ
ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

ဖြတ်ဆရာသို့ ကန်တော့ပုန်း

အိုမြတ်ဆရာ...
ကမ္ဘာတစ်ခွင်၊ ငြိမ်း(ချမ်း,သာယာ)စေချင်၍
ငါလျှင်ဆရာ၊ မာန်မပါဘဲ
စေတနာသက်သက်၊ ယုံကြည်ချက်ဖြင့်
ထက်အောက်မြို့ရွာ၊ ကမ္ဘာအသီးသီး
ပြည်ကြီး,ပြည်ငယ်၊ အသွယ်သွယ်၌
တင့်တယ်လှစွာ၊ ဒေသနာကို
မေတ္တာရှေ့ထား၊ ကရုဏာပွားလျက်
အမျှားချမ်းသာ၊ ဖြစ်စိမ့်ငှာဟု
ပဏ္ဏာ(လက်ဆောင်)အဖြစ်၊ ပေးဝေလှစ်သော်
သူတော်ချင်းချင်း၊ သတင်းလွှဲလွှဲ
ပျော်မွေ့ဝမ်းသာ၊ ဖြစ်ကြရာ၏
ဆရာပီသ၊ ဆရာ့ဝန်တာ
ကျေပွန်ပါသည်၊ ကရုဏာတရားအမွန်တည်း။

အိုမြတ်ဆရာ...
ဆရာ့မေတ္တာ၊ စေတနာကြောင့်
သူငါတပည့်၊ တတ်သိပညာ
အလိမ္မာဖြင့်၊ ခမ်းဝါလှဘောင်
ကောင်းကျိုးဆောင်၏။ ရှေ့ဆောင်နွားလား
ကျင့်သောအားဖြင့်၊ အမျှားသူငါ
ကောင်းကျိုးဖြာ၏။ ဆရာ့မေတ္တာ
စေတနာကို၊ မကွာနေ့ည
သတိရလျက်၊ ဆရာ့ဂုဏ်အင်
ပုံရိပ်သွင်ကို၊ လက်တင်ယှက်မိုး
ဦးညွတ်ကျိုး၍၊ ရိုခိုးဝန္ဒနာ
ပြုလိုက်ပါသည်
ဆရာ...အသက်ရာကျော်ရှည်စေသော်"။

[သက်တော်ရှစ်ဆယ်ရှိ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးအား ရည်ညွှန်း စပ်ဆို ပူဇော်ပါသည်။]

တက္ကသိုလ် မောင်နွေဦး(မဟာဝိဇ္ဇာ)

http://www.dhammadownload.com

သင်သန်းကြာရဲကုန်း




ငါးဆုပန်

ဒမ္မသာရထိ၊ မြတ်မုနိသည်
တွေ့ရှိလေရာ၊ လူထိုမျှကို
ရိုးရာမှ ယဉ်
ယဉ်လေရာမှ
မြတ်ရာကျအောင်
ဆုံးမသင်ကြား၊ ပြုသောလားသို့
မနားမနေ၊ လူဗိုလ်ခြေကို
ပေးဝေမမူ၊ မြတ်ဒါနကြောင့်
သျှင်ပဏ္ဍိတ၊ သမဏသည်
သုခအပေါင်းနှင့် ပြည့်စေသော်
ရာကျော်သက်တမ်း ရှိစေသော်။

မင်းသုဝဏ်

၁၇၊၃၊၉၉

http://www.dhammadownload.com



ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏
သာသနာ့ပြု သစ္စာ + အဓိဋ္ဌာန်

M.B.M.C၌ သီတင်း သုံးပတ်လုံးလုံး သတိပဋ္ဌာန်တရားလုပ်ငန်း ပြီးမြောက်အောင် ရတနာသုံးပါးဂုဏ်ကို ဖော်ပြရန် ဓမ္မဒူတ ဖြစ်သူ မိမိ၏ သစ္စာအဓိဋ္ဌာန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပ-သစ္စာ။ ဗုဒ္ဓမြတ်စွာသည် လောကသား တို့၏ အကျိုးစီးပွားအလို့ငှာသာလျှင် ပွင့်ထွန်း ပေါ်ပေါက်တော်မူလာသည်။

ဒု-သစ္စာ။ လောကသား တို့ အကျိုးစီးပွားချမ်းသာ အတွက် ပွင့်ထွန်းပေါ်ပေါက်လာသော ဗုဒ္ဓဘုရားရှင်တော်မြတ်နှင့် ကောင်းစွာတွေ့ဆုံခွင့်ရသူ မှန်သမျှတို့သည် မိမိတို့ ရသင့်ရထိုက်သော အကျိုးစီးပွား ချမ်းသာကို ရကြသူများချည်း ဖြစ်ကြပါသည်။

တ-သစ္စာ။ ဗုဒ္ဓ၏အဆုံးအမသာသနာတော်သည် လူအများသာမက ကျင့်ကြံလိုက်နာနိုင်သူ လောကသား မှန်သမျှအား အကျိုး ရစေပါသည်။

စ-သစ္စာ။ ဤသာသနာတော်ကို အရှည်သန့်စင်တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခြင်းသည်လည်း အများ၏အကျိုးစီးပွား ချမ်းသာရန် ဖြစ်ပါသည်။

မ-သစ္စာ။ ယခု မိမိတတ်စွမ်းသမျှ ဓမ္မဂုဏ်ရည် ပြရခြင်း (ယခုလို ကျင့်နည်းအမှန် ပြခြင်း)သည် သာသနာတော် အရှည်တည်တံ့ ပြန့်ပွားရန် ဧကန်အမှန် ဖြစ်ပါသည်။

ဆ-သစ္စာ။ ဤသို့ ဓမ္မဂုဏ်ရည် ပြကာ မိမိ ကြိုးပမ်း အားထုတ်ခြင်းသည်လည်း တစ်စုံတစ်ခု,တစ်စုံတစ်ယောက်, လူတစ်စု, ပုဂ္ဂိုလ်တစ်စု၏ အကျော်အစော ရဖို့ရန်ကို မျှော်မှန်းရည်စူး၍ ကြိုးစားရခြင်း မဟုတ်ပါ။ သာသနာတော်ကို အရှည် သန့်ရှင်းတည်တံ့ပြန့်ပွားရန်အကျိုးငှာသာ ရည်စူးခြင်း အမှန် ဖြစ်ပါသည်။

သ-သစ္စာ။ မိမိသည်လည်း မိမိခန္ဓာ ငါးပါး၊ ရုပ်နာမ် နှစ်ပါးကို ရတနာသုံးပါးနှင့် ယင်းသုံးမျိုး၏တည်ရာ ဤသာသနာတော်အား စွန့်လွှတ်ပြီး ဖြစ်ပါသည်။

ဤသစ္စာ (၇)ပါးသည် မုချကောန် မှန်ပါသည်။

အဓိဋ္ဌာန်။ ဤသစ္စာ မှန်ခဲ့သော် တရားပြသမျှသည် သာသနာတော်အတွက် မိမိ ရည်မှန်းသည့်အတိုင်း ယခု တရားအားထုတ်ကြ, တရားနာကြသော ပရိသတ်များ ချမ်းသာကြ၍ အောင်မြင်ကြပါစေ။

http://www.dhammadownload.com



ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကြီး၏
ပြည်ပဓမ္မဂုဏ်ရည်ပြဓမ္မဒူတခရီးစဉ်အတွက်

အရှင်ဝါသေဋ္ဌာဘိဝံသကိုယ်တိုင် ရေးစပ်ချီးမွမ်းအပ်သော သမ္မောဒနိယကထာ

၁။ သိရီ ပဏ္ဍိတာ ဘိဝံသ–
ဓမ္မဒူတ ပထံ မယံ၊
ဇာနာမ သာမဏေကျော်ဝှ–
ပဒသိတ,ည ရဋ္ဌဂံ။

သာမဏေကျော်ဝှ ပသိတံ – သာမဏေကျော် ခေါ်ဝေါ်အပ်ဘိ၊ တပည့်အရှင်က ရေးသားဖော်ပြအပ်သော၊ အညရဋ္ဌဂံ– နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ဖြစ်သော၊ သိရီပဏ္ဍိတာဘိဝံသဓမ္မဒူတပထံ – ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ အာရာမာဓိပတိ ကျက်သရေရှိလှ၊ အရှင်ပဏ္ဍိတာဘိဝံသ၏ ဓမ္မဒူတခရီးကို၊ မယံ–သတင်းအထူး၊ ရွှင်မြူးဖွယ်ထင်မြင်၊ ဤအရှင်တို့သည်၊ ဇာနာမ–ကံကောင်းဖွယ်ကြုံ သိကြရပါကုန်သတည်း။

၂။ တိရော ရဋ္ဌာနိဝါသိန၊
သတိပဋ္ဌာန ဒဿနေ၊
ဆေကတံ တဿ အညာယ၊
အနုမောဒါမ တေ မယံ။

တိရောရဋ္ဌ နိဝါသိနံ–နိုင်ငံရပ်ခြား၊ တိုင်းတစ်ပါး၌ နေကြရကုန်သော တစ်ပါးပြည်သူ လူရှင်အများတို့ကို၊ သတိပဋ္ဌာနဒဿနေ–သတိပဋ္ဌာန်တရား သင်ကြားပြသပေးခြင်း၌၊ တဿ – ပဏ္ဍိတာရာမ ရွှေတောင်ကုန်း

http://www.dhammadownload.com

သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသမထေရ်၏၊ ဆေကတံ – အစွမ်းထင်ထင် ကျွမ်းကျင်တက်ကြွ လိမ်မာလှသည်၏အဖြစ်ကို၊ အညာယ –သာမဏေကျော် ထုတ်ဖော်ပြသ သိကြရကုန်၍၊ တေမယံ – သာသနာတော် ပြန့်နှံ့ရေး အားပေးလိုချင် ထိုအရှင်ငါတို့သည် အနုမောဒါမ – ဝမ်းမြောက်သမှု၊ ခွန်းသာဓုဖြင့် အနုမောဒနာ ပြုကြပါကုန်၏။

၃။ သရဋ္ဌ အညရဋ္ဌေသု၊
ပရဟိတံ စိရံ ကရော၊
ယထော ဝုဒ္ဓဉာနောကိံ သော၊
ပရဟိတမိ နော ရမေ။

သရဋ္ဌ အညရဋ္ဌေသု – ကိုယ်မြန်မာတိုင်း၊ အင်္ဂလန်၊ အမေရိကန် စသော တိုင်းတစ်ပါး အခြားပြည်တို့၌၊ ပရဟိတံ – သတိပဋ္ဌာန်တရား၊ လေ့လာပွားဖို့ တခြားသူတို့၏ အကျိုးကို၊ စိရံ – နှစ်ပေါင်းများစွာ၊ ရှည်မြင့်ကြာအောင်၊ ကရော – ကမ္မဋ္ဌာ နာစရိယ၊ နာယက၊ သြဝါဒါစရိယအဖြစ်ဖြင့် အားသစ်တက်ကြွ ဆောင်ရွက်တော်မူရသည်ဖြစ်၍၊ ယတော – အကြင်ကြောင့်၊ ဝုဒ္ဓ–ဝုဒ္ဓဉာနော – စာတွေ့လက်တွေ့၊ ကိုယ်တွေ့အဖုံဖုံ၊ ကြုံရများလှသော သွက်လက်တိုးပွား၊ ထူးခြားသော ဉာဏ်ရှိလာသည်၊ (ဟောတိ) ဖြစ်လာရပါပေ၏၊ (တတော) ထိုသို့ ဉာဏ်တွေ သွက်လက်၊ အဖက်ဖက်၌ တိုးတက်လာရသောကြောင့်ပင်၊ သော – ထိုအရှင်ပဏ္ဍိတာဘိဝံသ၊ မည်ရအကျော် ဆရာတော် မထေရ်မြတ်သည်၊ ပရဟိတမိ – ပြည်တွင်းပြည်ပ၊ ခိုမှီးကြသည့်၊ သိသအများ ကျိုးစီးပွားကို၊ လေးစားထန်ပြင်း၊ ဆောင်ရွက်ခြင်း၌၊ ကိံ နော ရမေ – မျက်မြင်ဒိဋ္ဌ အကျိုးရသဖြင့် လုံးဝ ဖယ်ခွာ အဘယ်မှာ မပျော်ဘဲ ရှိပါအံ့နည်း၊ ရမေ = (ရမတိ ဧဝ) အရတော်လှ၊ ငါဘဝ–ဟု အားရဖွယ်သာ၊ အပျော်ကြီး ပျော်ပေတော့သည်သာလျှင်တည်း။

၄။ သစ္စံ ပုနပိ သစ္စန္တိ၊
ဘူဇ မုက္ခိပ္ပ ဝုစ္စတေ၊
သကတ္ထော နတ္ထိ နတ္ထေဝ၊
ပရဿတ္ထ အကုဗ္ဗတော။ (ပဋ္ဌိကာဋ္ဌိကာ)

ပရဿ – သူတစ်ပါး၏၊ အတ္ထံ – အကျိုးစီးပွားကို၊ အကုဗ္ဗတော – မပြုသောသူအား၊ သကတ္ထော – မိမိ အကျိုးစီးပွားသည်၊ နတ္ထိ = (နတ္ထိ) မရှိ၊ တကယ်ပင် မရှိသည်သာလျှင်တည်း၊ သစ္စံ ပုနပိ သစ္စံတိ – ထိုစကား အမှန်တကယ် ဧကန် အမှန် ဟူ၍၊ ဘူဇံ – လက်ရုံးကို၊ မုက္ခိပ္ပ – မြှောက်ချီ၍၊ ဝုစ္စတေ – ရဲရဲရင့်ရင့် ဆိုလေမင့်။

http://www.dhammadownload.com








ပင္လိုတာရာမ
ရွေတောင်ကုန်း သာသနာ့ရိပ်သာ

ရွေတောင်ကုန်း
ရှေးဟောင်ဖုံးတဲ့ သာသနာ
များဒကာ သဒ္ဓါထူးလို့
ဆောက်ဦးတွေ မြန်စွာပြီးတယ်
သိမ်ကြီး ဓမ္မာရုံနဲ့
ပြည့်စုံစုံ ကျောင်းတော်များက
အားရစဖွယ်။


ဆောက်လုပ်ဆဲ လွန်ဝါထယ်
ယောဂီမယ် စံပျော်ကိန်းတော့
ငြိမ်းချမ်းဖို့ရှယ်။

လောကီနယ်
ပူတယ်ကွဲ့ သတိထား၊
အေးမှုကို ခင်တွယ်က
သင်္ကယ် ကျိန်ယ်နှုန်းကို
မြန်းခဲ့ပါလား။

http://www.dhammadownload.com







ပလ္လိတာရာမ ဆယ်မိုင်ကုန်း တောစာန်းသာ

ဆယ်မိုင်ကုန်း တောစာန်းသာ
ပဲခူးမြို့နှင့် မဝေးပါ။
ကြွလေ့လာသူ လူအများ
စိတ်နှလုံးတွေ ကြည်သာပွား။ ။

ဆယ်မိုင်ကုန်း
မြူဖုံးတဲ့ တောစာန်းသာ
ပျော်စရာက အလွန်ကောင်း။
ကြွလာသူ ရဟန်း၊ ရှင်၊ လူတို့
မြင်ရမှု များဒါနဲ့ကို
အားရနှစ်ထောင်း။ ။

http://www.dhammadownload.com

ကိုကြီးနဲ့ ကျောင်းဒကာ
မကွယ်မိ တစ်ပတ်တွင်းက
ပြင်ဦးလွင် ထိုမြို့တွင်းမှ
သူတိုက်တာ သူဖြဉ်းကို
ကြွင်းမဲ့လှူလာ။။

ပြင်ဦးလွင်မြို့ ပဏ္ဍိတာရုံ သာသနာ့ရိပ်သာ

ဧတဒဂ္ဂ သဒ္ဓါက လွန်ထူး
သာသနာ့ဝောင်ဝါလင်းစေဖို့
မျှားသဟာ မိတ်ကလျာတစ်သင်းကိုလ
တရားရှာ ရိပ်သာတွင်းဆီသို့
သွင်းဖို့စိတ်ကူး။။

သို့တွက်ကြောင့် သူအိမ်ရာ
ရိပ်သာတည်ဖို့ ဣည်စူး
ပြင်ဦးလွင် မြို့နယ်တစ်ဝိုက်မှာဖြင့်
မင်္ဂလာသူ ဦးရေများမယ်
ထူးမည်ဆိုဝံ့ဦး။။







http://www.dhammadownload.com







လုမ်ဖိုနီ အပြည်ပြည်ဆိုင်ရာ ပဏ္ဍိတာရာမ သာသနာ့ရိပ်သာ


ဂေါတမလျှောင်းလျာ
ဖွားရာဖြစ်တဲ့
အင်းကြင်းတောကွဲ့ လုမ်ဖိုနီ။
သာသနာ့ဆောင်ခြည်
လင်းထိန်ညီးဖို
အနိုးတစ်ဝိုက် ရိပ်သာတည်။
ဘုရားဖူးလာ
ဒကာများတို့၊
ဘာဝနာပွားဖို မျှော်မှန်းရည်။

တို့မျှားရိပ်သာ
တည်ဆောက်ပြီးပေါ့
"ပဏ္ဍိတာရာမ" ပဲ မှည့်ခေါ်သည်။
တည်းခိုလာသူ
ယောဂီများတို့
မနောကြည်ပွားလို့ ရှင်ပြုးပြီ။
သတိပဋ္ဌာန်
ဘာဝနာပွားမှ
ဆရာဘုရားက ကျေနပ်မည်။

ရောက်လာခိုက်မှာ
ခွန်အားစိုက်လို့
မင်္ဂလိသုတ်အောင် ကြိုးသင့်သည်။
သို့မှသာလျှင်
ဆရာဘုရားနှင့်
ဒကာအများတို့
ကြိုးစားရက္ခိုးနပ်ပေမည့်
မှတ်ကြ တို့ယောဂီ။


http://www.dhammadownload.com

ဓာတ်ပုံကဏ္ဍ






































http://www.dhammadownload.com

http://www.dhammadownload.com

သံသနုဂ္ဂဟကာရကုန်း

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ဩဝါဒိစရိယ ဆရာတော်ကြီး

၏

ဘဝဖြစ်စဉ် အကျဉ်း

၁။ ဆရာတော်သည် ၁၂၈၃-ခုနှစ်၊ ဝါဆိုလဆုတ် (၉) ရက် ကြာသပတေးနေ့တွင် မဟာရန်ကုန် (ယခင် - အင်းစိန်မြို့) တံတားကလေးရပ်၊ ရွှေဘို စုဌ် ဖွားမြင်သည်၊ မိဘများမှာ ဦးဖေ၊ ဒေါ်ချစ်စု ဖြစ်သည်၊ သားသမီး (၁၀) ဦးအနက် နဝမ မြောက်သား ဖြစ်သည်။

၂။ ၁၂၉၀-ခုနှစ်၊ (၇) နှစ်သားအရွယ်တွင် မိဘများက ပဲခူးခရိုင်၊ ကဝမြို့နယ်၊ ကော့ချဲကျေးရွာ ကျောင်းဆရာတော် အရှင်ဇာဂရထံတွင် အပ်နှံ၍ သူငယ်တို့ တတ်သင့်သောပညာတို့ကို သင်ကြားပေးသည်၊ ကျောင်းသားအရွယ်ကပင် ပဲခူးခရိုင်၊ ကဝမြို့နယ်၊ အုန်းရွာ၊ ဒကွိဏာရုံ ရွှေကျင်တိုက် အာဂုံစာပြန်ပွဲတွင် ပထမငယ်နှင့် ပထမလတ် တို့ကို ပြန်ဆို အောင်မြင်ခဲ့သည်။

၃။ ၁၂၉၅-ခုနှစ်၊ (၁၂-နှစ်အရွယ်) တွင် ဆရာတော် အရှင်ဇာဂရထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်၊ သာမဏေဘဝဖြင့် ကော့ချဲရွာရွာကျောင်း စာချဆရာတော်အရှင်ဂန္ဓောဒယထံ၌ ပိဋကတ်အခြေခံဖြစ်သော ဝိသုဒ္ဓါရုံကစ္စည်း သုတ်စဉ်, သုတ်နက်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း တို့ကို သင်ယူခဲ့ပါသည်။

၄။ ၁၃၀၁-ခုနှစ်၊ (၁၈-နှစ်အရွယ်) တွင် ဆရာတော် အရှင်ဇာဂရ၏ စေလွှတ်ချက်အရ ပဲခူးခရိုင် ကျောက်တန်းကျေးရွာ မဟာဗောဓိတောရ ကျေးဂူးရှင်ဆရာတော်ဘုရားကြီး အရှင်ကေလာသ မဟာထေရ်ထံ ရောက်ရှိလျက် ဂဏဝါစကများဖြစ်သော အရှင်နန္ဒိယ၊ အရှင်ပညာသိရီ၊ အရှင်ဩဘာသတို့ထံတွင် နေ့ဝါ၊ ညဝါ ဆိုင်ရာကျမ်းစာများကို သင်ယူခဲ့သည်။




မဟာဗောဓိတောရ ဆရာတော်ကြီး

http://www.dhammadownload.com

ရပ်ရွာမှီခိုကျောင်းကြီးကွန်း





၅။ ၁၃၀၃-ခုနှစ်(၂၀-နှစ်အရွယ်)တွင် ကျောက်တန်း မဟာဗောဓိတောရတိုက်၊ ခဏ္ဍသိမ်တော်ကြီး၌ ကျေးဇူးတော်ရှင် မဟာဗောဓိဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့သည်၊ ရဟန်းအဖြစ် (၁၀)လအကြာတွင် ဒုတိယကမ္မာစစ်ကြီး ဖြစ်ပေါ်လာရာ စစ်ဘေးဒဏ် ကြောင့် ပရိယတ္တိသင်ကြားရေးမှာ ထင်သလောက် ခရီးမရောက်ခဲ့ပေ။

၆။ ၁၃၀၆-ခုနှစ်၊ (ရဟန်း-၃၀၀) တွင် ရန်ကုန်မြို့၊ သက်န်းကျွန်း ကျိုက္ကဆံ ရွှေကျင်တိုက်သစ် (ကျောက်တန်းမဟာဗောဓိတိုက်ခွဲ) ကျေးဇူးရှင် ဆရာတော် အရှင်သုစိန္တနှင့် ဂဏဝါစက အရှင် ဆန္ဒာဓိကတို့၏ထံ၌ အထက်တန်းပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသည့် နေ့ဝါ၊ ညဝါ ကျမ်းစာတို့ကို ဆက်လက်လေ့လာအားထုတ်ခဲ့သည်။

၇။ ၁၃၀၈-ခုနှစ် (ဒုတိယကမ္မာစစ်ပြီးချိန်) တွင် ရှေးဦးအစ ကျင်းပအပ်သော အစိုးရပါဠိ ပထမပြန်စာမေးပွဲတွက် ပထမ လတ်တန်းကို လည်းကောင်း၊

၈။ ၁၃၀၉-ခုနှစ်တွင် ပထမကြိုးတန်းနှင့် စေတိယဂိဏ္ဍ ပရိယတ္တိသီးခြား စာသင်တန်းတို့ကို လည်းကောင်း ဆက်ကာ ဆက်ကာ ဖြေဆိုအောင်မြင်ခဲ့သည်၊ ယင်းသို့ စာပေလေ့လာနေစဉ် စာသင်သားများအားလည်း အကူစာချအဖြစ်ဖြင့် စာပေပို့ချပေးရင်း အချိန်ကုန်လွန်စေခဲ့သည်။

၉။ ၁၃၁၀-ခုနှစ်တွင် ပင်ပန်းလွန်းအား ကြီး၍ တစ်နှစ်စာဖြေအနားယူပြီး ကျိုက္ကဆံရွှေကျင်တိုက်သစ် ဆရာတော် ညွှန်ကြားချက်အရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဇီးပင်ဆရာတော် အရှင် သုဇာတ ထေရ်ကို မှီခိုလျက် ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော် အရှင်ကောသလ္လ၊ ဂဏဝါစကများဖြစ်ကြသော အရှင်အာနန္ဒပဏ္ဍိတ (ဗာရာဏသီဆရာတော်)၊ အရှင်သုဝဏ္ဏဇောတို့စသော မဟာထေရ်တို့ထံမှ လည်းကောင်း၊ မစိုးရိမ်တိုက် ဆရာတော်ကြီးနှင့်တကွ ပဋ္ဌာန်းဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ၊ အရှင်ဝိစိတ္တာဘိဝံသ၊ အရှင်စန္ဒောဘာသာဘိဝံသတို့ထံမှ လည်းကောင်း၊ စာချတန်းဆိုင်ရာ အထက်တန်း ပါဠိ၊ အဋ္ဌကထာ ဋီကာတို့ကို ဆက်လက်လေ့လာဆည်းပူးခဲ့သည်၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်မှလည်းကောင်း၊ ဆရာကြီး ဦးအောင်မြတ်ထွဋ်(အရှင်အာဒိစ္စဝံသ) ထံမှ လည်းကောင်း၊ နိကာယ်အချို့ကို လေ့လာခဲ့သည့်အပြင် အထူးသဖြင့် သန်လျင်-

http://www.dhammadownload.com



သပြေကန်–ဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာဘိဝံသ (သိရောမဏိဘွဲ့နှင့် ပရိတ်ကြီး နိဿျသစ်ကျမ်းပြုဆရာတော်) ထံမှ လည်းကောင်း စာချတန်းဆိုင်ရာ နည်းနာတို့ကို လေ့လာဆည်းပူးခဲ့သည်။

၁၀။ ၁၃၁၁–ခုနှစ်မှစ၍ အစိုးရဓမ္မာစရိယတန်းနှင့် စေတီယင်္ဂဏ စာချတန်းတို့ကို ဖြေဆိုခဲ့ရာ ၁၃၁၃–ခုနှစ်တွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့သည်။

၁၁။ ၁၃၁၄–ခုနှစ်တွင် စေတီယင်္ဂဏစာချတန်းကို အောင်မြင်ခဲ့သည်။

၁၂။ ၁၃၁၂–ခုနှစ်တွင် လေ့လာပြီးသော ပရိယတ္တိနောက်တွင် လက်တွေ့ထိရောက်အောင် ပဋိပတ္တိလိုက်နိုင်မှသာ ဗုဒ္ဓသာသနာတော်မှာ ထောက်တည်ရာ ရလိမ့်မည်ဟု ယုံကြည်ရင်း ရှိသည့် အတိုင်း ရန်ကုန်မြို့ သာသနာ့ရိပ်သာကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ချည်းကပ်ပြီး ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ ကမ္မဋ္ဌာနာစရိယ အရှင်ဝိစာရ (ဝါးခယ်မမြို့–သာသနာ့ရိပ်သာ နာယကဆရာတော်)၏ ညွှန်ကြားနည်းပေးမှုအတိုင်း သတိပဋ္ဌာန်ဝိပဿနာပဋိပတ္တိလုပ်ငန်းကိုလည်း ကြိုးပမ်းအားထုတ်ခဲ့သည်။


၁၃။ ၁၃၁၆–ခုနှစ်တွင် **ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ၊** ပါဠိဝိသောဓကကိစ္စတို့ကို ဆောင်ရွက်ခဲ့သည်၊ ၁၃၁၂–ခုနှစ်မှစ၍ ကျေးဇူးရှင် ကျိုက္ကစံရွေကျင်တိုက်သစ်ဆရာတော်ကြီး၏ တာဝန်ပေးချက်အရ တိုက်တွင်းစာချတာဝန်ကို အားလုံးယူ၍ ပရိယတ္တိ သာသနာ့လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၁၄။ ၁၃၁၇–ခုနှစ်၊ နယုန်လတွင် တိုက်တွင်းစာချတာဝန်တို့ကို ချထားခဲ့ပြီး သတိပဋ္ဌာန်ဝိပဿနာလုပ်ငန်းကို ထပ်မံ၍ ဆက်လက် လေ့လာဆည်းပူးရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ရောက်လာပြီး ဆရာတော်ဘုရားကြီးပေးအပ်သော တာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

၁၅။ ၁၃၂၀–ခုနှစ် နတ်တော်လဆုတ် (၁၂)ရက်နေ့တွင် သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ) ကိုလံဘိုမြို့၌ ကမ္မဋ္ဌာန်းဌာနသစ် ဖွင့်လှစ်ရန်အတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွရောက်တော်မူခဲ့စဉ်က ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသကို သီဟိုဠ်နိုင်ငံ ပဋိပတ္တိသာသနာပြု အဖွဲ့ဝင်အဖြစ်ဖြင့် ခေါ်သွားသည်၊ ထိုအခါက အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓမြတ်စွာနှင့်

http://www.dhammadownload.com

သံသနာတော်ကြီးများ



စပ်ဆိုင်သော အရပ်ဒေသများသို့ ဘုရားဖူးလှည့်လည်ရင်း သွားရောက်ခဲ့ရသဖြင့် ဆရာတော်မှာ သာသနာရေးဆိုင်ရာ ဒေသန္တရဗဟုသုတများကို ဆည်းပူးခွင့်ရခဲ့ပေသည်၊ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတွင် ပဋိပတ္တိသာသနာပြုလုပ်ငန်းကို ဆရာတော်ဘုရားကြီး၏ သြဝါဒအတိုင်း ကိုယ်စွမ်းရှိသမျှ (၃) နှစ်နီးပါး ဆောင်ရွက်နေစဉ်မှာပင် ကျန်းမာရေး မပြည့်စုံသဖြင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ထံ၌ပင် ဆန်းကျယ်နက်နဲလှသော ပရိယတ္တိ၊ ပဋိပတ္တိ နည်းနာနိသျများကို ကိုယ်တိုင်လည်း ဆက်လက်ဆည်းပူးရင်း ဆရာတော်ဘုရားကြီးထံ နည်းခံ၍ အားထုတ်ရန် လာရောက်ကြသော ရဟန်းတော်ယောဂီများနှင့်အမျိုးသားယောဂီများအား လည်း ဆရာတော်ဘုရားကြီး၏ ကိုယ်စား ဟောကြားညွှန်ပြလျက် ရှိနေပေသည်။

၁၆။ ၁၃၃၂-ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏ အစီအစဉ်အရ မန္တလေးမြို့၊ ရတနာပုံ သာသနာ့ရိပ်သာ၌ စောင့်ရှောက်နေထိုင်ရန် အလှည့်ကျသောကြောင့် ရတနာပုံသာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက်နေထိုင်လျက် (၂) နှစ်ကြာ သတိပဋ္ဌာန်ဝိပဿနာ ပဋိပတ္တိကို ပြုစုခဲ့သည်။

၁၇။ ၁၃၃၇-ခုနှစ်တွင် ရန်ကုန်မဟာစည် သာသနာ့ရိပ်သာ၌ အမျိုးသမီးယောဂီတို့အား တရားပြပေးခဲ့သည်။

၁၈။ ၁၃၃၈-ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏ အစီအစဉ်အရပင် မော်လမြိုင်တောင်ဝိုင်းလေးသာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် (၃) နှစ်ကြာ သတိပဋ္ဌာန်တရားကို ပြသခဲ့သည်။

http://www.dhammadownload.com

သံသနဂဝင်ကုန်း



၁၉။ ၁၃၄၁-ခုနှစ်တွင် ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာသို့ ပြန်လည်ပြီး ရောက်ရှိကာ နာယကကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် တာဝန်ဆောင်ရွက်ခဲ့ပြီး ၁၃၄၄-ခုနှစ်မှစ၍ (၇) နှစ်ကြာ သဝါဒိစရိယအဖြစ်ဖြင့် သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။

၂၀။ ၁၃၅၂-ခုနှစ်တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ သဝါဒိစရိယအဖြစ်ဖြင့် သာသနာ့တာဝန်တို့ကို စတင် ဆောင်ရွက်တော်မူခဲ့သည်။

၂၁။ ၁၃၂၀-ခုတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ကမ္မဋ္ဌာန်းဌာနသစ်များ ဖွင့်ရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အတူ လိုက်ပါသွားခဲ့ပြီး တာဝန်ပေးချက်ဖြင့် သီရိလင်္ကာနိုင်ငံတွင် (၃) နှစ်နီးပါးမျှ သတိပဋ္ဌာန်ဝိပဿနာတရားများကို သင်ကြားပြသခဲ့ပါသည်၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် ပြည်ပမှ လူမျိုးခြားဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ကမ္မဋ္ဌာန်းဌာနများမှ တရားစခန်းများ ဖွင့်ရန်၊ တရားဌာနအသစ်များ တည်ထောင်ပေးရန်၊ ရှိနှင့်ပြီးသော တရားဌာနများကို လိုအပ်သလို သဝါဒပေးနည်းညွှန်အားပေးကူညီရန်စသော လိုလားစွာတောင်းပန်လျှောက်ထားလာခြင်းများနှင့်အတူ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား အစပျိုးခဲ့သော ပြည်ပသတိပဋ္ဌာန်ဝိပဿနာတရားပိုမိုတိုးပွား ကျယ်ပြန့်လာစေရန် ပြည်ပရောက်နေသောမြန်မာမိသားစုများ၊မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓယဉ်ကျေးမှုများ မပျောက်မပျက်ကြစေရန်နှင့် မြန်မာကလေးငယ်များ ဆက်လက်ရှင်သန်စေရေးစသော ရည်ရွယ်ချက်များကို လက်ကိုင်ပြုပြီး ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးများ ကြွရောက်ခဲ့ပါသည်။

http://www.dhammadownload.com

[illegible]

ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးများ ကြွရောက်ခဲ့ခြင်း

မှ	ထိ	သွားရောက်သည့်နိုင်ငံများ
(၀၆-၀၁-၅၉)	၁၉၆၂	သီရိလင်္ကာ၊
(၁၈-၀၄-၈၄)	(၀၉-၀၈-၈၄)	အမေရိက, အင်္ဂလန်, ယိုးဒယား၊
(၀၁-၁၁-၈၄)	(၁၀-၁၂-၈၄)	ယိုးဒယား, မလေးရှား၊
(၀၁-၀၅-၈၅)	(၁၅-၀၆-၈၅)	နီပေါလ်၊
(၀၁-၁၁-၈၅)	(၁၀-၁၂-၈၅)	ဩစတြေးလျ, ယိုးဒယား, မလေးရှား၊
(၀၃-၀၅-၈၆)	(၂၀-၀၇-၈၆)	အမေရိက, ယိုးဒယား, မလေးရှား, စင်ကာပူ၊
(၁၈-၀၄-၈၇)	(၂၀-၀၈-၈၇)	အမေရိကန်, အင်္ဂလန်, ဂျာမနီ, မလေးရှား, စင်ကာပူ၊
(၂၂-၀၆-၈၈)	(၂၆-၀၇-၈၈)	ယိုးဒယား, တောင်ကိုရီးယား၊
(၂၁-၁၂-၈၈)	(၁၉-၀၃-၈၉)	ဩစတြေးလျ၊ ယိုးဒယား, မလေးရှား, စင်ကာပူ၊
(၁၇-၀၄-၈၉)	(၂၀-၀၇-၈၉)	အမေရိက, အင်္ဂလန်, ဂျာမနီ, မလေးရှား, စင်ကာပူ၊
(၁၈-၀၂-၉၀)	(၀၇-၀၂-၉၁)	ဩစတြေးလျ, ယိုးဒယား, မလေးရှား, စင်ကာပူ၊
(၀၁-၀၃-၉၁)	(၀၁-၀၄-၉၁)	ယိုးဒယား, မလေးရှား၊
(၂၉-၁၀-၉၁)	(၂၀-၀၁-၉၂)	ယိုးဒယား, မလေးရှား, စင်ကာပူ, အင်ဒိုနီးရှား၊
(၁၅-၀၄-၉၃)	(၁၀-၀၈-၉၃)	အမေရိက, ကနေဒါ, ပြင်သစ်, ယိုးဒယား၊
(၂၃-၀၄-၉၄)	(၁၉-၀၇-၉၄)	အမေရိက, ကနေဒါ, အင်္ဂလန်, ဩစတြေးလျ, ယိုးဒယား၊
(၂၂-၀၄-၉၅)	(၀၈-၀၇-၉၅)	အမေရိက, ယိုးဒယား၊
(၁၆-၁၁-၉၅)	(၂၅-၁၂-၉၅)	နီပေါလ်, မိုးဒယား, မလေးရှား, စင်ကာပူ၊
(၁၉-၀၄-၉၆)	(၂၈-၀၇-၉၆)	ကနေဒါ, အမေရိက, ယိုးဒယား၊
(၀၂-၀၂-၉၇)	(၁၉-၀၂-၉၇)	စင်ကာပူ, မလေးရှား၊
(၂၁-၀၂-၉၇)	(၀၇-၀၃-၉၇)	နီပေါလ်၊
(၂၈-၀၄-၉၇)	(၁၄-၀၇-၉၇)	အမေရိက၊
(၂၄-၁၀-၉၇)	(၃၁-၁၀-၉၇)	မလေးရှား၊
(၀၆-၀၂-၉၈)	(၂၇-၀၂-၉၈)	နီပေါလ်၊
(၂၄-၀၄-၉၈)	(၂၂-၀၅-၉၈)	မလေးရှား၊
(၂၉-၀၆-၉၈)	(၀၇-၀၇-၉၈)	ယိုးဒယား၊
(၁၆-၁၀-၉၈)	(၂၆-၁၀-၉၈)	မလေးရှား၊
(၀၄-၀၂-၉၉)	(၀၄-၀၃-၉၉)	နီပေါလ်၊
(၀၂-၀၁-၉၉)	(၀၁-၀၇-၉၉)	အမေရိက၊
(၁၉-၁၀-၉၉)	(၃၀-၁၀-၉၉)	ယိုးဒယား၊
(၀၅-၁၁-၉၉)	(၁၆-၁၁-၉၉)	မလေးရှား၊
(၂၃-၁၂-၉၉)	(၁၁-၀၁-၀၀)	မလေးရှား၊
(၀၃-၀၂-၀၀)	(၁၈-၀၃-၀၀)	နီပေါလ်၊
(၁၅-၀၅-၀၀)	(၂၁-၀၅-၀၀)	ပြင်သစ်၊
(၂၂-၀၅-၀၀)	(၃၀-၀၅-၀၀)	ဂျာမနီ၊
(၃၁-၀၅-၀၀)	(၀၁-၀၆-၀၀)	ဩစတြေးလျ၊
(၀၂-၀၆-၀၀)	(၀၉-၀၆-၀၀)	ဟန်ဂေရီ၊
(၁၀-၀၆-၀၀)	(၂၄-၀၆-၀၀)	အီတလီ၊
(၂၄-၀၆-၀၀)	(၀၅-၀၇-၀၀)	အင်္ဂလန်၊

http://www.dhammadownload.com

သံဃာသို့ကပ်လှူနည်း



ပဏ္ဍိတာရာမ ရွှေတောင်ကွန်းသာသနာ့ရိပ်သာဆရာတော်

၏

ဘဝဖြစ်စဉ် မွတ်တမ်းတင် ဓလက်စာ

မဟာစည်ထေရ်၊ ဘအမွေကို၊ တသွေမလပ်၊ ဖဝါးထပ်မျှ၊ ထက်ကြပ်လိုက်ပါ၊ စွမ်းနိုင်ရာသား၊ ဤတစ်ပါးဟု အများပြောကြ၊ ပဏ္ဍိတတွင်၊ ထေရ်အရှင်၏ ဖြစ်စဉ်ဘဝ၊ ဖော်ထုတ်ရမူ၊ မကမြင့်မိုရ်၊ ကျေးဇူးပိုလှ၊ မိဘနှစ်တွေ၊ ခေါဦးဖေနှင့်၊ ဆွေမျိုးသဟာ၊ ဉာတကာ၏၊ မေတ္တာကြောင်းပြု၊ ဒေါချစ်စုတို့၊ ကြင်မှုမကွာ၊ ပေါင်းသင်းရာမှ၊ ဖွားလာဆယ်ယောက်၊ ကိုးဦးမြောက်လျှင်၊ တစ်ယောက်ထင်ပေါ်၊ ကမ္ဘာကျော်မည့်၊ ထေရ်မော်လောင်းလှာ၊ ဖြစ်ထွန်းလာခဲ့။


ဖွားရာခုနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်ဆိုသော်၊ တစ်၊ နှစ်၊ သုံး၊ လေးလုံးဂဏန်း၊ နှစ်အောင်ပန်းတွင်၊ ပြည့်လျှမ်းဝါဆို၊ ကိုးရက်ပိုသည့်၊ ခေါဆိုကြွက်မင်း၊ နေ့မြတ်တွင်းဝယ်၊ အောင်ခြင်းငယ်မှာ၊ ဖွားမြင်လာသည်၊ ဖွားရာဌာန၊ ရပ်ဒေသမူ၊ ရွေးက အင်းစိန်၊ အချိန်ကာလ၊ ရွှေ့လျောကမူ၊ ခေါကြခုခါ၊ မဟာရန်ကုန်၊ ကုံလုံမရမ်းကုန်း၊ မြို့နယ်လုံးတွင်၊ ရွှင်ပြုံးကြည်အေး၊ တံတားလေးမြေ၊ ခေါလေရွှေဘိုစု၊ မျိုးဆွေထုတို့၊ နေမှုစုရုံး၊ ပျော်မဆုံးတည့်။

ဘုန်းမော်လောင်းလှာ၊ သက်မှာခုနစ်နှစ်၊ ပြည့်တုံလစ်က၊ ဖချစ်ပျော်ရာ၊ ကော့ချဲရွာ၌၊ ဆရာတော်ထံ၊ အပ်နှံပညာ၊ သင်စေရာတွင်၊ ဉာဏ်မှာထက်မြက်၊ ထူးချွန်ချက်ကြောင့်၊ ငယ်၊ လတ်၊ အာဂုံ၊ အောင်ခဲ့တုံ၏၊ ပြည့်စုံအသက်၊ တစ်ဆယ့်နှစ်တွင်၊ ရှင်သာမဏေ၊ သွတ်သွင်းလေ၍၊ ခေါထွေနာမံ၊ ရှင်ပဏ္ဍိတ၊ ဘွဲ့တော်ရကာ၊ ဗုဒ္ဓစာပေ၊ လေ့ကျက်နေရာ၊ သက်မှာဆယ့်ရှစ်၊ ရောက်သည့်နှစ်ဦး၊ ပဲခူး-ကျောက်တန်း၊ ပြောင်းစံမြန်းကာ၊ စိမ်းလန်းဝေဆာ၊ မဟာဇောဓိ၊ မည်ရှိတောရ၊ အာရာမ-ဝိဟာ၊ ရွှေကျောင်းသာ၌၊ ပညာရှာမှီး၊ အကြီး,အာဂုံ၊ အောင်ပြန်တုံ၏။

ကြိုက်ကြဲခဲ့ပြန်၊ ဦးဘိုးဟန်နှင့် မောင်နံဇနီး၊ ချစ်မငြီးဘောင်၊ ဒေါဒေါသောင်တို့၊ ကျိုးဆောင်ဒကာ၊ ဥပသမွဒါ၊ ကံဆောင်လာသည်၊ မြင့်ရာထိပ်ခေါင်၊ ရဟန်းဘောင်သို့၊ တစ်ထောင်သုံးရာ၊ စွန်းလာနှစ်ခု၊ ရတုတပို့တွဲ၊ ရက်စွဲဆန်းရှစ်၊ ရောက်သည့်နှစ်ဝယ်၊ ဥပဇ္ဈယ်ဆရာ၊ ဦးကေလာသ၊ မှီထပြီးကာ၊ မဟာဇောဓိ၊ တည်ရှိသိမ်းတွင်း၊ ကံဆောင်ခြင်းဖြင့်၊ ဖြည့်တင်း တစ်ဖန်၊

http://www.dhammadownload.com

သံသရာဘေးမှကင်းနိုး



တက်လှမ်းပြန်၏၊ လူ့ကံကြမ္မာ၊ ဆယ်လကြာသော်၊ ကမ္ဘာစစ်မီး၊ ငြိုးငြိုးပြောင်ပြောင်၊ တောက်လောင်ခဲ့ရာ၊ ပညာနှောင့်နှေး၊ ကြုံခဲ့သေး၏။

စစ်ဘေးငြိမ်းလာ၊ သုံးဝါရမှ၊ ဌာနရန်ကုန်၊ ခိုလှုံရွှေကျင်၊ တိုက်သစ်တွင်သား၊ ထင်ရှားစေတီ၊ ဘွဲ့မည်ကျိုက္ကဆံ၊ ခြေရင်းထံပါး၊ တည်ဆောက်ထား၏၊ ကြိုးစားစာပေ၊ အောင်လေ လတ်,ကြီး၊ နောက်ပြီးဆက်ခါ၊ သာသနာ့ဓဇ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ အောင်ပန်းရရာ၊ နှစ်ကောင်ကား၊ ထောင်မှာသုံးရာ၊ စွန်းလာဆယ့်သုံး၊ ပျော်တပြုံးတည့်၊ မဆုံးသေးပေ၊ စေတီယင်္ဂဏ၊ စာချုတန်းပင်၊ နောင်နှစ်တွင်လျှင်၊ အောင်မြင်ပြန်၏။

အရှင်ပဏ္ဍိ၊ ပညာရိကား၊ မျှော်ဘိတွေးခေါ်၊ ရဟန်းသော်မူ၊ စာတော်ရုံမျှ၊ မလောက်ငတည့်၊ ဓုရနှစ်ဖြာ၊ ပြည့်စုံပါမှ၊ ဆရာကဝိ၊ ဖြစ်တုံဘိဟု၊ ကြဲသိလေရာ၊ ထောင့်သုံးရာမှ၊ ကျော်လာဆယ့်နှစ်၊ ရောက်သည့်နှစ်က၊ ဖချစ်မဟာစည်၊ ခြေရင်းမှီပြီး၊ ပွားပြီသတိပဋ္ဌာန်၊ ပြည့်စုံရန်တည့်၊ တစ်ဖန်ရွှေကျင်၊ ကျောင်းတိုက်တွင်မူ၊ စာသင်စာချ၊ တာဝန်ကျ၏၊ ဆဋ္ဌသင်္ဂါယနာ၊ တင်စဉ်ခါက၊ ပါဠိဝိသောဓက၊ ကိစ္စဆောင်ရွက်၊ တာဝန်ဖက်ခဲ့။

လှည့်ထွက် တစ်ဖန်၊ ရောက်ပြန် မဟာစည်၊ နှစ်မည်ကောင်း၊ ထောင့်သုံးရာမှ၊ စွန်းလာ တစ်ခွန်၊ လမွန်နယုန်၊ ဖြစ်ခဲ့တုံး၏၊ ဥသုံပေးအပ်၊ တာဝန်ရပ်ကို၊ မလပ်စေဘဲ၊ ဆောင်ရွက်ဆဲတွင်၊ ယှဉ်တွဲနောက်တော်၊ အပါခေါ်၍၊ ကြွတော်မူရာ၊ ရဋ္ဌ အမည်၊ သိရီလင်္ကာ၊ သုံးနှစ်ကြာမျှ၊ သာသနာ့တာဝန်၊ အားသွန်ထမ်းရာ၊ ပထမတည့်၊ ပြည်ပကြွရာ၊ ခုနှစ်မှာမူ၊ သုံးရာနှစ်ဆယ်၊ ထောင်နောက်ဆွယ်တည့်၊ ပြန်လည်ပြည်တွင်း၊ ဖခြေရင်းတွင်၊ လစ်ဟင်းမရှိ၊ တာဝန်သိစွာ၊ ထမ်းဆောင်လာစဉ်၊ နောက်ခါ တစ်ဖန်၊ အမေရိကန်၊ ကြွရန်မိန့်ဆို၊ ထိုထိုပြုဘွယ်၊ သွယ်သွယ်ကိစ္စ၊ ဆောင်ရွက်မှလျှင်၊ ဖခင်ဆရာ၊ မျှော်လင့်ပါဘဲ၊ ဓမ္မာနန်းစံ၊ ကြွရန်ပျက်ရ၊ စျာပနပွဲ၊ အားခဲရရာ၊ တစ်ပတ်ကြာ၏။


ဒကာအများ၊ တင်ငြားသြဝါဒါ၊ စရိယာကို၊ လွှဲသာပါပဲ၊ မရဲမဝံ့၊ တရုံ့ရုံ့ဖြင့်၊ အဓွန့်မကြာ၊ သုံးနှစ်တာမျှ၊ စမ်းကာအနေ၊ ဆောင်ရွက်လေပြီ၊ အခြေကျလာ၊ နှစ်နှစ်တာတွင်၊ ဆရာအရှင်၊ မိန့်ခဲ့အင်ကို၊ ပန်ဆင်ဖို့ရာ၊ ချိန်ကျလာမို့၊ ဦးစွာအနေ၊ တစ်ကိုယ်ရေဖြင့်၊ ကြွလေအမေရိက၊ ဓမ္မစစ်မှန်၊ ပြည္ဆန်လေရာ၊ ဒကာအများ၊ နှစ်ထောင်းအား၊ ရှိကြလှ၍၊ ကြွရန်နှစ်စဉ်၊ ပင့်ခဲ့အင်ကို၊ မတင်မကျ၊ မိန့်ခဲ့ရ၏။

ထိုမျှမက၊ ထိုချိန်ကလျှင်၊ မြန်မာ့ပြည်ဖွား၊ မိသားတစ်စု၊ ကောင်းမှုအံ့ဘွယ်၊ မြန်ပြည်နယ်ရှိ၊ မိမိပိုင်ရာ၊ ခြံမြေယာနှင့်၊ တိုက်ပါဥဿုံ၊ စုပုံလှူဒါန်း၊ ရေစက်သွန်းခဲ့၊ လှူဒါန်းသူမှာ၊ (ဒေါ်နီ)သာတည့်၊ ဒကာမူကား၊ ကွယ်လွန်သွားရှာ၊ မှာထားခဲ့ရာ၊ သူ့တိုက်တာမူ၊ သာသနာတွက်၊ ဆောင်ရွက်စေလို၊ မိန့်ဆိုစကား၊ မပယ်ရှားဘဲ၊ သားမြေးဓနီး၊ အပြီးရွက်ဆောင်၊ သာထွန်းအောင်ကျောင်း၊ မနှောင်းခုခါ၊ ပေါ်ထွန်းလာပြီ။

ဆရာပဏ္ဍိ၊ ရောက်ရှိပြန်လည်၊ မဟာစည်၏၊ ကြီးဘိတာဝန်၊ အားသွန်ကြိုးပမ်း၊ စွမ်းအင်ခန်းမျှ၊ ဝီရိယကူ၊ သူမတူအောင်၊ ရွက်ဆောင်ခဲ့ငြား၊ ဒီရေလားသို့၊ တအား့ရှိန်ဝါ၊ တိုးတက်လာခဲ့၊ မဟာစည်ကြီး၊ အံ့ချီးမကုန်၊ နယ်လုံးတုံပြို၊ ဤပုံဖြင့်သာ၊ ခုနစ်နှစ်ကြာပေါ့၊ သို့ပါသော်လည်း၊ ဝဋ်ကြွေးပဲထင့်၊ ကြဉ်ဖဲဖို့ရာ၊ ဖန်တီးလာမို့၊ ပယ်ခွာကျောင်းဟောင်း၊ ရွှေ့ပြောင်းကျောင်းသစ်၊ ထိုခုနှစ်မူ၊ ခရစ်အခေါ်၊ ထောင်ကျော်ကိုးရာ၊ ကိုးဆယ်သာတည့်၊ ဝင်ဒါမီယာ၊ ကျောင်းတည်ရာ၌၊ ရွှေကာစံမြန်း၊ စိတ်ဝယ်ချမ်းသည်၊ တက်လမ်းအောင်မြေနင်းပြီတည်း။

ရွှေခိုင်သိရီ (ဒေါ်အဖိန်)

http://www.dhammadownload.com



သို့သော်

သာသနာ့ဝန်ဆောင်ဆရာတော်

ဤ'သို့သော်'ကား ဘာကို ရည်ညွှန်းပါသနည်း

လူသားများ၏ ဘဝလမ်းကြောင်းဟူသည် မိမိ ဖြစ်လိုသလို ဖြစ်လာသည်ကား မဟုတ်ပါ၊ အများအားဖြင့် ဖြစ်လိုတာက တစ်မျိုး၊ ဖြစ်လာတာက တစ်မျိုးသာ ဖြစ်တတ်ပါသည်။

သာသနာ့ဝန်ထမ်း ရဟန်း လုပ်လိုသူကလည်း သားတွေ၊ သမီးတွေဖြင့် အိမ်ထောင်ရှင် ဖြစ်လာတတ်ပါသည်၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေလိုသူကလည်း သာသနာ့ဝန်ထမ်း ရဟန်းဖြစ်လာတတ်ပါသည်၊ ရုပ်ရှင်မင်းသား လုပ်လိုသူကလည်း စစ်ဗိုလ်ဖြစ်လာတတ်ပါသည်၊ စစ်ဗိုလ်လုပ်လိုသူကလည်း ရုပ်ရှင်မင်းသား ဖြစ်လာတတ်ပါသည်၊ အရောင်းအဝယ် ကုန်သည်ပွဲစား လုပ်လိုသူကလည်း တောင်သူ လယ်သမား ဖြစ်လာတတ်ပါသည်၊ တောင်သူလယ်သမား ဖြစ်လိုသူကလည်း ကုန်သည်ပွဲစား ဖြစ်လာတတ်ပါသည်။

http://www.dhammadownload.com

သံသနာတော်မြင့်ကွန်း


ဤသို့ အစရှိသည်ဖြင့် လူသား‌များ၏ ဘဝလမ်း‌ကြောင်း‌ကား အများ‌အား‌ဖြင့် ဖြစ်လိုသည်က တစ်မျိုး‌, ဖြစ်လာသည်က တစ်မျိုး‌သာ ဖြစ်တတ်ပါသည်။

လက်သည်ကို ရှာပါက ဘေး‌ပတ်ဝန်း‌ကျင်၏ ပကတ္တ ပနိဿယသတ္တိဖြင့် ကျေး‌ငှး‌ပြုမှုကိုပင် တွေ့. ရပါလိမ့်မည်၊ ဤသည်မှာ လောကသဘာဝပင် ဖြစ်အံ့ ထင်ပါသည်။

ရွှေတောင်ကုန်း‌ဆရာတော် ဦး‌ပဏ္ဍိတသည်လည်း‌ လောကသူလောကသား‌မျှသာ ဖြစ်၍ ဤလောက သဘာဝ ဖြစ်စဉ်ကို မကျော်လွန်နိုင်ခဲ့ပါ။

သို့ဖြင့် အရှင်ပဏ္ဍိတသည် ရဟန်း‌ငယ်ဘဝကပင် စာသင်တိုက် တည်ထောင်၍ စာပေပို့ချ၊ အုပ်ချုပ်နေထိုင်နိုင်လောက်အောင် ပညာအရည်အချင်း‌ ပြည့်ဝပြီး‌သူ ဖြစ်လာပါတော့သည်။

ဦး‌ပဏ္ဍိတသည် အစိုး‌ရစာချုပ်‌ : စာမေး‌ပွဲအောင်မြင်၍ ဘွဲ့နှင်း‌သဘင်သို့လာရင်း‌ စာရေး‌သူတို့ လူစုနှင့် မန္တလေး‌အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆီး‌ပင်ကျောင်း‌မှာ ဆုံမိကြသည်၊ အတူတည်း‌ခိုနေထိုင်ကြသည်၊ ထိုစဉ် ညဉ့်ဦး‌ပိုင်းမှာ မန္တလေး‌အပူဒဏ်ကို မခံနိုင်ကြသည့်အတွက် ကျောင်း‌နှစ်ခု



ပရိယတ္တိဘက်မှာ အစဉ်အလာကြီး‌မား‌သော သပြေကန်ဆရာတော် ဦး‌ဝါသေဋ္ဌာဘိဝံသထံမှာ နည်း‌ခံသင်ယူပြန်သည်၊ အခြား‌နာမည်ကြီး‌ ဆရာ တော်များထံမှာလည်း‌ နည်း‌ခံသင်ယူပြန်သည်၊ နိဂံးကျော် အရှင်အာဒိစ္စဝံသလူထွက် ဆရာကြီး‌ ဦး‌အောင်မြတ်ထွတ်ထံမှာပင် နည်း‌ခံသင်ယူလိုက်ပါသေး‌သည်။

ရွှေတောင်ကုန်း‌ဆရာတော် ဦး‌ပဏ္ဍိတသည် ရှင်ငယ်၊ ရဟန်း‌ငယ်ဘဝကပင် ပရိယတ္တိဘက်၌ အထုံဝါသနာ ကြီး‌မား‌သည်၊ ခွဲလုံ့လဝီရိယ ရှိသည်၊ ငယ်ဆရာရင်း‌များထံမှာ ပရိယတ်ကို အခြေခံမှစ၍ အထက်တန်း‌ရောက်အောင် သင်ယူထား‌သည်။

ထိုမျှဖြင့် နှစ်သိမ့်ကျေနပ်မှု မရှိသေး‌ဘဲ ထိုစဉ်က ပရိယတ္တိဘက်မှာ အစဉ်အလာ ကြီး‌မား‌သော သပြေကန်ဆရာတော် ဦး‌ဝါသေဋ္ဌာဘိဝံသထံမှာ နည်း‌ခံသင်ယူပြန်သည်၊ အခြား‌နာမည်ကြီး‌ ဆရာ တော်များထံမှာလည်း‌ နည်း‌ခံသင်ယူပြန်သည်၊ နိဂံးကျော် အရှင်အာဒိစ္စဝံသ လူထွက်ဆရာကြီး‌ ဦး‌အောင်မြတ်ထွတ်ထံမှာပင် နည်း‌ခံသင်ယူလိုက်ပါသေး‌သည်။

ကြား‌ ချထား‌သည့် ကွပ်ပျစ်ပေါ်မှာ ယပ်ကလေး‌ တစ်ယောက်တစ်ချောင်း‌ ကိုင်ကာ စုဆုံနေထိုင်ကြပါသည်။

လူချင်း‌ဆုံမိကြသောအခါ ကိုယ်ဝါသနာ ပါရာကို မမောနိုင်၊ မပန်း‌နိုင် ပြောတတ်ကြသည်မှာ လူငယ်တို့၏ သဘာဝပင် ဖြစ်ပါသည်၊ ဦး‌ပဏ္ဍိတသည် ပရိယတ္တိ အထုံဝါသနာ ကြီး‌မား‌သူပီပီ မိမိမှီခိုဆည်း‌ကပ်လာခဲ့သမျှ ဆရာများ၏ဝါဒစုံကို တင်ပြပါသည်၊ စာရေး‌သူတို့ကလည်း‌ ထောက်ခံသင့်သည်ကို ထောက်ခံကြပါသည်၊ ပြန်လှန်မေး‌မြန်း‌ ဆွေး‌နွေး‌သင့်သည်ကို ဆွေး‌နွေး‌ကြပါသည်။

ယင်း‌သို့ ပြောဆိုဆွေး‌နွေး‌ကြရင်း‌ ဦး‌ပဏ္ဍိတသည် “သာသနာတော် တည်တံ့ခိုင်း‌၏ အဓိကအကြောင်း‌မှာ

http://www.dhammadownload.com

ပရိယတ္တိသာ ဖြစ်သည်၊ ပရိယတ္တိ ရှိမှ ပဋိပတ္တိ ရှိနိုင်သည်၊ ပဋိပတ္တိ ရှိမှ ပဋိဝေဓ ရှိနိုင်သည်"ဟူသော အဋ္ဌကထာဆရာများ၏ အဆိုအမိန့်ကို အလေးအနက် ခံယူထား၍ သည်အားလျော်စွာ သာသနာတော် အရှည်တည်တံ့အောင် လုပ်လိုဟန်တူပါသည်။

မိမိနေထိုင်ရာ ကျိုက္ကဆံရွှေကျင်တိုက်ကို စည်းစနစ်ကျသော စာသင်တိုက်ကြီး တစ်တိုက် ပြန်ဖြစ်လာအောင် လုပ်လိုကြောင်း ပြောဆိုလာပါသည်၊ စာရေးသူတို့ကလည်း လုပ်သင့်သည့်အကြောင်း အားပေးကြပါသည်၊ ထောက်ခံကြပါသည်။

ဦးပဏ္ဍိတကား အလုပ်တစ်ခုကို လုပ်မည်ကြံလျှင် ဤမျှ စေ့စပ်သေချာစွာ ဆွေးနွေးမေးမြန်း စဉ်းစားဆင်ခြင်ပြီးမှ လုပ်တတ်သူ ဖြစ်ပါသည်၊ လုပ်ရလျှင် ပြီးရောပေါ့ ဟူသော သဘောမျိုးဖြင့် ပေါ့ပေါ့ဆဆ လုပ်တတ်သူမျိုးကား မဟုတ်ပါ။

စာရေးသူတို့ကလည်း မိမိတို့ သိရှိနားလည်ထားသမျှ မထိန်မချန် အမှန်အတိုင်း ပြောဆိုကြပါသည်၊ ပြန်လှန်ဆွေးနွေးကြပါသည်၊ သို့ဖြင့် ညဉ့် ၁၂ နာရီကျော်၍ အတော်အေးလာမှ အိပ်ရာဝင်ကြပါသည်၊ ယင်းသို့ ဝါသနာပါရာကို ပြောဆိုဆွေးနွေးနေထိုင်ကြရင်း ရက်အနည်းငယ် ကြာလာသည့်အခါ လူချင်း ခွဲခွာ၍ ကိုယ့်နေရင်းဌာနကို ပြန်လာကြရပါသည်။



ကိုယ့်နေရင်းဌာနကို ပြန်ရောက်ကြသည့်အခါမှာကား ကိုယ့်အလုပ်နှင့် ကိုယ် လုံးထွေး ကြိုးပမ်းပြုလုပ်နေကြရသည့်အတွက် တစ်ဦးကိုတစ်ဦး သတိမရနိုင်ကြတော့ပါ။

တစ်နေ့မှာ ရန်ကုန်က လာသော မိတ်ဆွေများနှင့် စာသင်သားအချို့ထံမှ "ဦးပဏ္ဍိတ စာသင်သား လက်ခံ၍ စာပေပို့ချနေပြီ၊ ကျိုက္ကဆံရွှေကျင်တိုက်လည်း စာသင်သားများဖြင့် စည်စည်ကားကားဖြစ်နေပြီ" ဟူသော သတင်းကို ကြား၍ ဝမ်းသာနေပါသည်။ နောက် ခြောက်နှစ်ခုနစ်နှစ်ကြာသည့်အခါမှာကား—

ထို့နောက် ဦးပဏ္ဍိတက ထိုအချိန်မှာ အောင်အောင်မြင်မြင် စာပေလုပ်ငန်းကို လုပ်ကိုင်နေသော ပဇ္ဇောတာရဲ့ ကျောင်းတိုက်ဘက်သို့ ဦးလှည့်လာပါသည်။

ပဇ္ဇောတာရဲ့ ကျောင်းတိုက်၏ စာသင်သား လက်ခံပုံစံစနစ်ကိုလည်း မေးပါသည်၊ အုပ်ချုပ်ထိန်းသိမ်းပုံစံ နှစ်ကိုလည်း မေးပါသည်၊ ပညာသင်ပုံနည်းစနစ်ကိုလည်း မေးပါသည်၊ စားရေးသောက် ရေး၊ နေရေးထိုင်ရေးကိုလည်း မေးပါသည်၊ ဒကာဒကာမတို့နှင့်ဆက်ဆံရေးကိုလည်း မေးပါသည်၊ စာသင်တိုက်တစ်တိုက်အနေဖြင့် တွေ့ကြုံရတတ်သမျှ အခက်အခဲအမျိုးစုံကိုလည်း မေးပါသည်။

http://www.dhammadownload.com

ရဟန္တာဘုရားကြီးများ

ယခု (၁၃၆၀-ခု) ပြာသိုလ အတွင်းက ပြည်တွင်းက ဒကာ တစ်ယောက်နှင့် ပြည်ပကဒကာ တစ်ယောက်တို့က ဆယ်မိုင်ကုန်း သာသနာ့ရိပ်သာဖွင့်ပွဲကို ကြွရောက်ပါရန် ပင့်လျှောက် လာကြပါသည်။

စာရေးသူမှာ ထိုစဉ်က ကျောင်းဝင်းအတွင်း လမ်းလျှောက်ရင်း ချော်လဲထား၍ ဒူးနာနေပါသည်၊ အထိုင်အထ, အသွားအလာ ခက်နေသည့်အတွက် မလိုက်နိုင်ကြောင်း ငြင်းပယ်လိုက်ရပါသည်။

ထိုသို့ပင် ကိုယ်တိုင် မလိုက်နိုင်သော်လည်း ရိပ်သာဖွင့်ပွဲမှ ပြန်လာကြသော ဒကာများ၏ လျှောက်ထား ချက်အရ ဆယ်မိုင်ကုန်း သာသနာ့ရိပ်သာသည်လည်း ပြည်တွင်းပြည်ပ ယောဂီများဖြင့် စည်စည်ကားကား ဖြစ်နေပြီဟု သိရပါသည်။

သို့ဖြင့် ယခုအချိန်မှာကား ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတသည် ပြည်တွင်းပြည်ပယောဂီများဖြင့် စည်ကားနေသော ရွှေတောင်ကုန်း ပဏ္ဍိတာရာမသာသနာ့ရိပ်သာနှင့် ဆယ် မိုင်ကုန်း သာသနာ့ရိပ်သာ နှစ်ခုတို့၏ အကြီးအကဲဦးစီးနာယက ဖြစ်နေသည့် အပြင် နိုင်ငံရပ်ခြား ပဋိပတ္တိသာသနာပြု ပုဂ္ဂိုလ်လည်း ဖြစ်နေပါပြီ။

ဤသို့လျှင် ရွှေတောင်ကုန်း ဆရာတော်ဦးပဏ္ဍိတ၏ ပြည်တွင်း ပြည်ပနှစ်ခြာနေတို့၏ ပဋိပတ္တိ သာသနာပြုလုပ်ငန်းများ အောင်မြင်နေမှုကို ဝမ်းမြောက်ပါ၏၊ ဝမ်းသာပါ၏၊ ချီးကျူးပါ၏၊ သာဓု ခေါ်ပါ၏။

သို့သော်.....။

နောက် ခြောက်နှစ် ခုနစ်နှစ် ကြာသည့်အခါမှာကား "ကျိုက္ကဆံဦးပဏ္ဍိတက မဟာစည်သာသနာ့ရိပ်သာမှာ တရား အားထုတ်နေသည်၊ တရားပြ ဆရာပင် ဖြစ်နေပါပြီ" ဟူသော သတင်းစကားကို ကြားရပါသည်၊ မဟာစည် ဆရာတော် ပျံလွန်တော်မူသည့်အခါမှာမူကား သာသနာ့ရိပ်သာ ဆရာတော် ဖြစ်လာပါတော့သည်။

ထို့နောက် ဦးပဏ္ဍိတကား အခြေအနေ အားလျော်စွာ ရန်ကုန် သာသနာ့ရိပ်သာကို ဖွန့်ခွာ ထွက်ကွာ လာခဲ့ပါသည်၊ ရွှေတောင်ကုန်းမှာ အိမ်ကြီး တစ်လုံးကို အလှူခံ ထား၍ သူကိုယ်တိုင်ကား နိုင်ငံခြားကို သာသနာပြု ထွက်ကွာနေသည်။

ထိုအိမ်ကြီးကို သံဃာတော်များ သီတင်းသုံး၍ အဆင်ပြေအောင် ပြင်ဆင်နေခိုက် ရင်းနှီးသော ဒကာ တစ်ယောက်က လိုက်ပို့၍ စာရေးသူ ရောက်သွားပါသည်။

"အိမ်ခြံဝင်းမှာ မကျယ်လှသော်လည်း အဆောက်အအုံများကို စနစ်တကျ တိုးချဲ့ ဆောက်လုပ်ပါက ရိပ်သာတစ်ခု ကောင်းကောင်း ဖြစ်နိုင်သည်" ဟု မှတ်ချက်ချကာ ပြန်လာခဲ့ပါသည်။

နောက်လေးငါးနှစ်ခန့် ကြာသောအခါ ရွှေကောင်ကုန်းပဏ္ဍိတာရာမ သာသနာ့ ရိပ်သာသည် ပြည်တွင်း ပြည်ပ ယောဂီများဖြင့် စည်ကားနေပြီဟု ကြားသိရပါသည်။

ထို့ပြင် ၁၃၅၈ ခုနှစ် တပို့တွဲလမှာ ပဲခူး သာသနာ့ မဏ္ဍိုင် ဆရာတော် ပျံလွန်တော်မူ၍ မော်ဘီမှ ကားတစ်စီးကို ခေါ်ယူလျက် စာရေးသူတို့က မဏ္ဍိုင်



ဆရာတော်၏ ဓာတုပနကို သွားကြပါသည်။

အပြန်မှာ "ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က ဆယ်မိုင်ကုန်းမှာ မြေကေ ၆၀ ခန့်ကို ရိပ်သာလုပ်ရန် အလှူခံ ထားကြောင်း၊ အဆောက်အအုံများပင် ဆောက်လုပ်နေပြီ ဖြစ်ကြောင်း" ကြားသိရ၍ ဝင်ကြည့်ကြပါသေး၏။

ထိုအချိန်က ရဟန်း တစ်ပါး နှစ်ပါးနှင့် ယောဂီ အနည်းငယ်မျှသာ ရှိပါသေး၏။

ဥုံးကုမာရ
သာသနာ့ဝန်ဆောင်ကျောင်းတိုက်

http://www.dhammadownload.com

ရဟန်းတော်များ ကြိုးပမ်းကြပုံ

ယခုခေတ်အခါမှာ ရိပ်သာကျောင်းတိုက်၊ စာသင်ကျောင်းတိုက်၊ စေတီတော် စသည်များကို အသစ်တည်ဆောက်ကြရာ၌ လည်းကောင်း၊ ရှေးက ရှိခဲ့ပြီးသော ရိပ်သာကျောင်းတိုက်၊ စာသင်ကျောင်းတိုက်၊ ရှေးဟောင်းစေတီတော်များကို အရှည်တည်တံ့ရန် မွမ်းမံပြုပြင်ကြရာ၌ လည်းကောင်း အပွဲ့အစည်းများ ပွဲ့စည်း၍ ဆောင်ရွက်လျက် ရှိကြပေသည်။ ဤကဲ့သို့ အပွဲ့အစည်းများဖြင့် ဆောင်ရွက်ခြင်းသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ အရှည်တည်တံ့ရန်အတွက် တိုးတက် ကြီးပွားရန်အတွက် အလွန် ကောင်းမြတ်သည့် ဆောင်ရွက်ချက် အစဉ်အလာ တစ်ရပ်ပင် ဖြစ်ပေသည်။



အကြောင်းနှစ်ပါး ပြည့်စုံပါ

တိုးတက်ကြီးပွားရာ

http://www.dhammadownload.com

[redacted]

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တဲ့အောင်၊ တိုးတက်ကြီးပွားအောင် အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ကြရာ၌ အကြောင်းအင်္ဂါ ၂ချက်နှင့် ပြည့်စုံမှသာ မိမိတို့ ရည်မှန်းသည့်အတိုင်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တဲ့နိုင်မည်၊ တိုးတက်ကြီးပွားနိုင်မည် ဖြစ်ပေသည်။


အကြောင်းအင်္ဂါ ၂ချက်မှာ-

၁။ မိမိတို့ ပြုလုပ်ကြသည့် ပရိယတ္တိသာသနာအလုပ်၊ ပဋိပတ္တိ သာသနာအလုပ်ကလည်း မှန်ကန်ရမည်။

၂။ အတူတကွ ဆောင်ရွက်ကြသည့် အဖွဲ့သူအဖွဲ့သား များ အချင်းချင်းတို့ကလည်း ညီညွတ်ကြရမည်။

ဤအကြောင်း အင်္ဂါ ၂-ချက်နှင့် ပြည့်စုံပါက မိမိတို့ ရည်မှန်းသည့်အတိုင်း ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး အရှည်တည် တဲ့နိုင် တိုးတက်ကြီးပွားနိုင်မည် ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ အလုပ်မှန်ကန်၊ ညီညွတ်ပြန်၊ အမှန်တိုးတက်ကြောင်း။



ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်၊ နာယကဆရာတော်များနှင့် အဖွဲ့သူအဖွဲ့သား တို့သည် အလုပ်မှန်ကန်ခြင်းဟူသောအကြောင်း၊ ညီညွတ်ခြင်း ဟူသောအကြောင်း၊ ဤအကြောင်းအင်္ဂါ ၂ပါးနှင့် ပြည့်စုံကြ၍သာ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၏ ပဋိပတ္တိသာသနာသည် မြန်မာပြည်တွင်မက ကမ္ဘာအရပ်ရပ် သို့ပါ ပြန့်နှံ့ကာ တိုးတက်သွားခြင်း ဖြစ်သည်ဟု ဆိုရပေသည်။

၁။ **မိမိတို့ ပြုလုပ်ကြသည့် ပရိယတ္တိသာသနာအလုပ်၊ ပဋိပတ္တိ သာသနာအလုပ်ကလည်း မှန်ကန်ရမည်** ဆိုရာ၌ ပရိယတ္တိသာသနာ အလုပ် မှန်ကန်ပုံမှာ မြန်မာပြည်၌ ရှိကြသော ပရိယတ္တိစာသင်တိုက်များ၌ စာသင်သား ရဟန်း သာမဏေတို့အား မူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယတန်းအထိ တတ်မြောက်အောင် စနစ်တကျ သင်ကြားပို့ချပေးခြင်း၊ အချို့သော ပရိယတ္တိစာသင် တိုက်များ၌ ပိဋကသုံးပုံကို အာဂုံဆောင်၍ ရေးဖြေနိုင်ရအောင် သင်ကြားပို့ချပေးခြင်းတို့ဖြင့် အလုပ်မှန်ကန်ခြင်းများ ဖြစ်ကြပေသည်။

ပဋိပတ္တိသာသနာအလုပ် မှန်ကန်ပုံမှာ မဟာစည် သာသနာ့ရိပ်သာကြီးနှင့် ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ၊ မဟာစည်ရိပ်သာခွဲများ၌ ဆောင်ရွက်နေကြသော ဆရာတော်တို့သည်၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် တရားရလိုသူ ရဟန်းရှင်လူတို့အား နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သည့်အဆင့်ထိအောင် ဟောဖော်ညွှန်ပြပေးခြင်းတို့သည် အလုပ်မှန်ကန်ခြင်းများပင် ဖြစ်ကြပေသည်။

၂။ **အတူတကွ ဆောင်ရွက်ကြသည့် အဖွဲ့သူအဖွဲ့သား အချင်းချင်းတို့ကလည်း ညီညွတ်ကြရမည်ဟု** ဆိုရာ၌ အတူတကွ ဆောင်ရွက်ကြသူ အဖွဲ့သူ အဖွဲ့သား တို့သည် သင်္ဃာသုတ္တန်လာ ထောက်ပံ့ချီးမြှင့်ခြင်းတရား ၄ပါးဖြင့် ထောက်ပံ့ချီးမြှင့်ကာ ဆောင်ရွက်ကြပါလျှင် ညီညွတ်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com

ဒါန ပေယျဝဇ္ဇ ဂါထာ



သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများမှ အဖွဲ့သူ အဖွဲ့သား တို့သည် အချင်းချင်း ညီညွတ်ကြဖို့ရာ ထောက်ပံ့ ချီးမြှင့်ကြရမည့် တရား ၄ ပါးမှာ-

၁။ ဒါန = ပေးကမ်းလှူဒါန်းခြင်း

၂။ ပေယျဝဇ္ဇ= ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း

၃။ အတ္ထာစရိယ= အကျိုးရှိအောင် ပြုလုပ်ဆောင်ရွက်ပေးခြင်း

၄။ သမာနတတ္တာ=ကိုယ်နှင့် ထပ်တူထပ်မျှ ထားခြင်း

ဟူသော ၄-ပါး တို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ် ။ ။ ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊ ကျိုးရှိရာ ကျင့်၊ ကိုယ်နှင့်တူထား၊ ဤလေးပါး၊ ပြုကြား ချီးမြှောက်မည်။

အကျယ်

၁။ **ဒါန** = ပေးကမ်းလှူဒါန်းခြင်းဟူသည်-

သာသနာအတွက် အတူတကွ ဆောင်ရွက်ကြသော အဖွဲ့သူ အဖွဲ့သား တို့သည် တစ်ဦးကိုတစ်ဦးက သင့်လျော်သော စားသောက်ဖွယ်များ ပေးလှူခြင်း၊ အဖျော်ယမကာများ၊ အဝတ်အထည်များ ပေးလှူခြင်း၊ ထီး၊ ဖိနပ် စသည်များပေးလှူခြင်း၊ ဆေးပစ္စည်းများ ပေးလှူခြင်း ဟူ၍ ဝတ္ထုပစ္စည်းတို့ကို လှူဒါန်း ပေးကမ်းသောအားဖြင့်လည်း ထောက်ပံ့ချီးမြှင့်ကြရပေသည်။ သင့်လျော်သည့် တရားစမူတို့ကို ဟောကြား၍ စမူဒါနအားဖြင့်လည်း ချီးမြှောက်ထောက်ပံ့ကြရပေသည်ဟု ဆိုလိုပါသည်။

၂။ **ပေယျဝဇ္ဇ** = ချစ်ခင်ချိုသာစွာ ပြောဆိုခြင်းဟူသည်-

သာသနာအတွက် အတူတကွ ဆောင်ရွက်ကြသော အဖွဲ့သူ အဖွဲ့သား တို့သည် တစ်ဦးနှင့် တစ်ဦး ပြောဆိုရသည့် အခါမှာ သုဘာသိတသုတ္တန်လာ စကားကောင်း အင်္ဂါ ၅ ပါးနှင့် ပြောဆိုရပေသည်။

၁။ အချိန်အခါကိုကြည့်၍ ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း:

၂။ မှန်ကန်သော အကြောင်းအရာတို့ဖြင့် ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း:

၃။ သိမ်မွေ့သော စကားတို့ဖြင့် ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း:

၄။ အကျိုးရှိသော စကားတို့ဖြင့် ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း:

၅။ မေတ္တာရှေ့ထား၍ ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း: တို့ဖြင့်လည်း ထောက်ပံ့ ချီးမြှောက်ကြရပေမည်။ နာကြားလိုသူ၏ လိုလားနှစ်သက်သော တရားစမူကို ချစ်ခင်ချိုသာစွာ ပြောဆိုပေါကြား:ပေးခြင်း:ဖြင့်လည်း ထောက်ပံ့ ချီးမြှောက်ကြရပေသည်ဟု ဆိုလိုပါသည်။

၃။ **အတ္ထာစရိယ** = အကျိုးရှိအောင် ပြုလုပ်ဆောင်ရွက်ပေးခြင်းဟူသည်-

သာသနာအတွက် အတူတကွ ဆောင်ရွက်ကြသော အဖွဲ့သူ အဖွဲ့သား တို့သည် တစ်ဦးကို တစ်ဦး လောကီရေးရာဘက်က အတတ်ပညာများ တတ်မြောက်လာရအောင် စီးပွား

http://www.dhammadownload.com



ဥစ္စာများ တိုးတက်လာရအောင်၊ ကျန်းမာရေးများ တိုးတက်ကောင်းမွန်လာရအောင် စသည်ဖြင့် အကျိုးရှိရာ ရှိကြောင်းများကို ပြုလုပ် ဆောင်ရွက်ပေးကြရပေသည်။

ဓမ္မရေးရာဘက်ကလည်း သဒ္ဓါတရားနှင့် ပြည့်စုံလာရအောင်၊ သီလတရားနှင့် ပြည့်စုံလာရအောင်၊ ဒါန = စာဂတရားနှင့် ပြည့်စုံလာရအောင်၊ ဝိပဿနာဉာဏ်ပညာများနှင့် ပြည့်စုံလာရအောင် စသည်ဖြင့် အကျိုးရှိရာရှိကြောင်းများကို ပြုလုပ်ဆောင်ရွက်ပေးကြရပေသည်ဟု ဆိုလိုပါသည်။ ဉာဏ်ပညာများနှင့် ပြည့်စုံလာရအောင် စသည်ဖြင့် အကျိုးရှိရာရှိကြောင်းများကို ပြုလုပ်ဆောင်ရွက်ပေးကြရပေသည်ဟု ဆိုလိုပါသည်။

၄။ **သမာနတ္တတာ** = ကိုယ်နှင့် ထပ်တူထပ်မျှထားခြင်း ဟူသည်–


သာသနာအတွက် အတူတကွ ဆောင်ရွက်ကြသော အဖွဲ့သူ အဖွဲ့သား တို့သည် တစ်ဦးနှင့် တစ်ဦး ဆက်ဆံကြရာ၌ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်သိက္ခာ အနိမ့်အမြင့်မရွေး၊ သွားအတူ လာအတူ၊ ဆင်းရဲအတူ၊ ချမ်းသာအတူ နေထိုင်ခြင်းတို့ဖြင့် ထောက်ပံ့ချီးမြှင့်ကာ နေထိုင်ကြရပေသည်ဟု ဆိုလိုပါသည်။

ဤကဲ့သို့ သာသနာတော်ကြီး အရှည်တည်တံ့အောင် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ကြသော အဖွဲ့သူ အဖွဲ့သား တို့သည် ထောက်ပံ့ချီးမြှင့်ခြင်းတရား ၄ ပါးဖြင့် တစ်ဦးကို တစ်ဦးက ထောက်ပံ့ချီးမြှင့်ကာ ဆောင်ရွက်ကြပါလျှင် အမြဲ ညီညွတ်နေကြမည် ဖြစ်ပေသည်။ အမြဲညီညွတ်နေကြသောကြောင့် သာသနာတော်ကြီး အရှည်တည်တံ့အောင် တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။

ဤပြဆိုခဲ့ပြီးသည့်အတိုင်း သာသနာရေးရာ၌ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ကြသော ပုဂ္ဂိုလ်တို့သည် အလုပ်မှန်ကန်ခြင်းဟူသော အကြောင်း၊ ဆောင်ရွက်သူ၏ ညီညွတ်ခြင်းဟူ သော အကြောင်း ဤအကြောင်း ၂ ပါးတို့နှင့် ပြည့်စုံအောင် ဆောင်ရွက်ကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် အရှည် တည်တံ့ကာ တိုးတက်ကြီးပွားနေမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com



ဗုဒ္ဓသာသနာ အနှစ်သာရတရားတို့ကို ကမ္ဘာသို့ ဝေငှပြန့်ပြားနေသော ဆရာတော်ကြီး

ဦးအောင်သိမ်း

ဒဂု စအဆုံးမထင်သော သံသရာပြင်ကျယ်တွင် ဘဝပေါင်းစုံ ကျင်လည်ကျက်စားကာ ဒုက္ခအမျိုးမျိုးကြုံတွေ့နေရသော သတ္တဝါများအား သနားတော်မူလှသော ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် ကြီးမားလှသော မဟာကရုဏာတော်ကြောင့် လက်တစ်ကမ်းတွင် ရှိသော သန္တိသုခနိဗ္ဗာန် ချမ်းသာမြတ်ကို မယူသေးဘဲ ကမ္ဘာပေါင်းများစွာ ပါရမီအပြားသုံးဆယ်ကို ကျင့်သုံးဖြည့်ကျင့်တော်မူလာခဲ့သည်ကို ဗုဒ္ဓဘာသာဝင်အများ သိရှိနားလည် ကြည်ညိုပြီး ဖြစ်ပါသည်။

http://www.dhammadownload.com



ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ "ငါသိသလို သိစေမည် ငါလွတ်မြောက်သလို လွတ်မြောက်စေမည်" ဟူသော အဓိဋ္ဌာန်ပြုတော်မူကာ တပည့်သာဝကများအား "ငါဟောကြားသော တရားများကို အရပ်ရပ်သို့ ဖြန့်ကြလော့၊ ခရီးတစ်ကြောင်း၊ တစ်ပါး၀ယ် သွား၍ သာသနာပြန့်ပွားရေးအား ထုတ်ကြလော့" ဟု ညွှန်ကြားတော်မူလေသည်။

ထိုညွှန်ကြားချက်အတိုင်း ဆောင်ရွက်ကြရာ ကမ္ဘာသူကမ္ဘာသား အနည်းငယ် အကျိုးခံစားကြရသည်၊ အနည်းငယ်ဟု ဆိုရခြင်းမှာ ယနေ့ ကမ္ဘာလူဦးရေနှင့် ယနေ့ ဗုဒ္ဓဝါဒ အယူခံယူသူတို့ကို ရည်ရွယ်ပြောဆိုခြင်း ဖြစ်သည်၊ ကမ္ဘာ၏ လူဦးရေ အများစုမှာ ဗုဒ္ဓတရားတော်ကို မသိရှိ မကျင့်သုံးကြဘဲ လောဘ ဒေါသ မောဟ ထူပြောနေကြသည်ကိုသာ တွေ့မြင်နေရသည်။

ကံကောင်းသော မြန်မာပြည်တွင် ဗုဒ္ဓတရားတော်များကြီးပွားရှင်သန်တိုးတက်နေသဖြင့် မြန်မာပြည်၏ လူအများစုမှာ တရားတော်များ အကျိုးခံစားခွင့် ရနေကြသည်၊ မြန်မာပြည်တွင် ပရိယတ္တိသာသနာ ထိန်လင်းအားကောင်းနေသဖြင့် ပိဋကသုံးပုံကို အလွန် ကျွမ်းကျင်သော ဆရာတော်ကြီးများ၊ လူပညာရှိကြီး အများအပြား ပေါပေါက်ကာ ခက်ခဲသော တရားတော်များကို လူအများ လွယ်ကူစွာနားလည် အကျိုးခံစားနိုင်ရန် အဖွင့်ကျမ်း အမျိုးမျိုးတို့ကိုလည်း ရေးသားဖွန့်ဖြူးခဲ့ကြသည်။

လောကကြီး၌ မြတ်ဘုရား ပွင့်တော်မူလာခြင်းမှာ ကမ္ဘာသူ ကမ္ဘာသား အားလုံး၏ အကျိုးအတွက် ဖြစ်သည်ဟု ဟောတော်မူထားပါသည်၊ သို့သော် ကမ္ဘာကြီးကို မဆိုထားဘိ၊ မြန်မာနိုင်ငံတွင်ပင် နယ်စွန်နယ်ဖျားနှင့် ချောင်ကျသောနယ်များ တောင်တန်းဒေသများသို့ သာသနာမရောက်သည်မှာ ဝမ်းနည်းဖွယ် ဖြစ်ရပါ၏။ "စရထ ဘိက္ခဝေ ဗဟုဇနဟိတာယ" အဆိုရှိသော်လည်း မြန်မာပညာရှင်ကြီးများသည် မိမိတို့ ကျေးရွာတစ်ဝိုက်တွင်သာ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာများကို ဟောပြောတော်မူကြသည်၊ နယ်စွန်နယ်ဖျားသို့ အပင်ပန်း အဆင်းရဲခံကာ သာသနာပြုခြင်း နည်းပါးခဲ့ပေသည်။

ထိုဟာကွက်ကို မိုင်ပေါင်းများစွာ ဝေးကွာသော နိုင်ငံခြားသာသနာပြုအဖွဲ့များက ခဲယဉ်းပင်ပန်းစွာ ပင်လယ်သမုဒ္ဒရာခရီးကို ဖြတ်ကျော်လာပြီး သူတို့အယူဝါဒများကို သင်ကြားပေးရာ အလွန်အောင်မြင်သည်ကို တွေ့ရသည်။

သူတို့သည် အပင်ပန်းခံ၏၊ အကုန်အကျခံ၏၊ စာပေ များ တီထွင်ပေးကြ၏၊ နောက်ပိုင်းတွင် နယ်စွန်နယ်ဖျား သာမက မြန်မာပြည် အချို့နယ်များသို့ပင် ထိုးဖောက် ဝင်ရောက်ကာ ဗုဒ္ဓသာသနာနှင့်အတိုင် သာသနာပြုကြ၏။ ဆိုင်ရာ နယ်ပယ်ရှိ လူများ၏ စကားကို တတ်အောင် လေ့ကျင့်ကြ၏၊ ထိုသူတို့၏ ယဉ်ကျေးမှု အလေ့အထ ထုံးစံများကို သိအောင် ပြုလုပ်ပြီး ရင်းနှီးမှု၊ ယုံကြည်လေးစားမှုရအောင် ကြိုးစားကြ၏၊ သူတို့ဘာသာကို တဖြည်းဖြည်း မသိမသာ သွတ်သွင်းကြ၏။ ကိုးကွယ်ရာ အဆောက်အအုံများ ဆောက်လုပ်ပေးကြ၏။

အချို့လူမျိုးတို့ကမူ မြန်မာအမျိုးသမီးများကို သိမ်းပိုက်ခြင်းဖြင့် လူဦးရေ တိုးအောင် ဆောင်ရွက်ပြီး သာသနာ

http://www.dhammadownload.com

ဓမ္မဝါဒီတရားဟောကြား

ဘာသာခြားများ အင်အားကောင်းနေသော နယ်စွန်နယ်ဖျားတွင် အခြေခံ ခိုင်ခဲ့နေပြီး ဖြစ်သဖြင့် ဗုဒ္ဓသာသနာပြုရေးကိစ္စ ဝင်တိုးရန် မလွယ်ကူသော်လည်း နောက်မကျသေးဟု အားတင်းကာ ဆောင်ရွက်နေကြပေပြီ။

ပြုကြ၏၊ သူတို့ဆောင်ရွက်ချက်ကို သူတို့နိုင်ငံရှိ အဖွဲ့အစည်းများက ငွေအား၊ လူအား ကူညီအားပေးကြ၏။

သူတို့ဘာသာဝင်များ တဖြည်းဖြည်း တိုးတက်လာပြီး အစုအဝေး ဖြစ်လာပြီး နေသားကျလာသောအခါ ဧည့်သည် မဟုတ်တော့ဘဲ နိုင်ငံသားဖြစ်လာကာ သီးခြားရပ်ကွက်များ ထူထောင်ကြ၏။

ဘာသာရေးသည် နိုင်ငံရေးမဟုတ်ဟု နိုင်ငံတကာက သတ်မှတ်အယူရှိကြသည်၊ သို့သော် သူတို့ အင်အားကြီးမားလာသောအခါ သီးခြားမြို့နယ် တောင်း၍ အရေးဆိုကြရာ ယခုအခါ အိမ်နီးချင်းနိုင်ငံအများတွင် လုံ့ဆော်မှုများ၊ တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက် ရှိနေလေပြီ၊ အသေအပျောက်များပြီး လူတွေဆင်းရဲဒုက္ခရောက်ရခြင်းကိုဝမ်းနည်းဖွယ်ထွေ့မြင်ရသည်။

ရဟန္တာများ ပေါများလှပြီး ကောင်းကင်တွင် စျာန်ပြန်သွားနေကြခြင်းကြောင့် စပါးလှန်းရန် နေပူရှိန် ကောင်းကောင်းပင် မရနိုင် ဟူသောခေတ် ရှိခဲ့ခြင်းကို ကြားဖူးပါ၏၊

သီရိလင်္ကာသီဟိုဠ်ကျွန်းတွင် သာသနာထွန်းတောက်ချိန်က ဖြစ်သည်။ ထိုနိုင်ငံတွင် ယခု ချောင်းမြောင်းပစ်ခတ်ခြင်း၊ ဗုံးပေါက်ကွဲခြင်း၊ အစိုးရကို ပုန်ကန်နေခြင်းများ ဖြစ်နေသဖြင့် လူအများအပြား သေကြေခြင်းကို နေ့စဉ်နှင့်အမျှ ကြားသိနေရသည်၊ ယင်းအချင်းအရာမှာ ဘာသာရေး ကွဲပြားမှုတွင် အခြေခံနေပေသည်။

သို့သော် ယခုအခါ ဝေးဝေးလံလံကြ၍ သာသနာပြုရန် ဝန်လေးတော်မူကြသော သံဃာတော်များသည် ကမ္ဘာအရပ်ရပ်သို့ပင် သွားရောက်နေကြပေပြီ၊ နိုင်ငံတော် အစိုးရကလည်း ချီးမြှောက် အားပေးသဖြင့် တစ်စတစ်စ အောင်မြင်လျက်ရှိ၏၊ ဘာသာခြားများ အင်အားကောင်းနေသော နယ်စွန်နယ်ဖျားတွင် အခြေခံ ခိုင်ခဲ့နေပြီးဖြစ်သဖြင့် ဗုဒ္ဓသာသနာပြုရေးကိစ္စ ဝင်တိုးရန် မလွယ်ကူသော်လည်း နောက်မကျသေးဟု အားတင်းကာ ဆောင်ရွက်နေကြပေပြီ။

ထိုမျှမက ကမ္ဘာအရပ်ရပ်သို့ သာသနာပြုရေးကိစ္စကို အင်တိုက်အားတိုက် ပြုလုပ်ရန် ရည်ရွယ်၍ မြန်မာပြည်တွင် နိုင်ငံခြားသာသနာပြုရေးကိုပါ အလေးထားကာ ကျောင်းများ စတင်ဖွင့်လှစ်နေသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။

ထိုမျှမက အမေရိကန်၊ မလေးရှား စသော နိုင်ငံများတွင်ပင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ ပေါ်ပေါက်လာပြီး တရားဓမ္မ ဟောပြအောင်မြင်နေသည်ကိုလည်း တွေ့မြင်နေရပေပြီ။

က်-က်၏အကျိုးကို ယုံကြည်ခြင်း၊ ဘဝမျိုးစုံ ကျင်လည်ရသည်ကို ပြောခြင်း၊ သစ္စာလေးပါး၊ မဂ္ဂင်တရား၇စ်ပါး စသည် ရှိခြင်းတို့ကို နိုင်ငံခြားသားများ သိရှိနိုင်ခွင့် ရနေကြပေပြီ။

ဤနေရာတွင် ကျွန်ုပ်တို့၏ ထေရဝါဒဗုဒ္ဓသာသနာပြုအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီး၏ သာသနာပြု စိတ်ဓာတ်နှင့် လုံ့လဝီရိယတို့ကို ဖော်ပြရန် လိုလာပါ၏။

ဆရာတော်ကြီးသည် သက်တော်ကြီးရင့်ပြီ ဖြစ်သော်လည်း သာသနာပြုစိတ်ဓာတ် တက်ကြွစိတ်ကြောင့် အမြဲတမ်း ကျန်းမာလျက် နပျိုနေသည်ကို မြင်ကြရပါသည်။

မြန်မာနိုင်ငံတော် အတွင်းတွင် ပဋိပတ္တိ သာသနာပြု စခန်း အများအပြား တည်ထောင်ထားရုံမက နိုင်ငံခြားတိုင်းပြည်များတွင်လည်း ဗုဒ္ဓသာသနာတရားတော်များ အခြေခံခိုင်ခဲ့အောင် အစဉ် ကြိုးစားနေတော်မူသည်ကို တွေ့မြင်ရသည်။

ခရီးရှည်သွားလာ လှုပ်ရှားရမှု ဆင်းရဲဒဏ်ကို ဂရုမထား အင်္ဂလန်၊ အမေရိကန်၊ ဩစတေလီးယား၊ နယူးဇီလန်၊ မလေးရှား၊ ကိုရီးယား စသော အရှေ့ အနောက် တိုင်းပြည်များသို့ ကူးချည်သန်းချည် မနားမနေ ဓမ္မဒူတ သာသနာခရီးကြွချီနေပြီး အစဉ်လန်းဆန်းနေပေသည်။

သာသနာပြုခရီးများ အောင်မြင်နေခြင်းကို နိုင်ငံခြားတိုင်းပြည်များမှ အသင်းအပင်းဖွဲ့၍ ကထိန်ခင်းခြင်း၊ ပစ္စည်းလေးပါး လာရောက်လှူဒါန်းခြင်း စသော အောင်မြင်မှုများက သက်သေပြလျက် ရှိသည်။

ဝိပဿနာ ဘာဝနာကျင့်သုံးရန် အစုအဝေးနှင့် လာကြသော နိုင်ငံခြားယောဂီများကိုလည်း ကိုယ်ဖိ ရင်ဖိ စောင့်ရှောက်အားပေးလျက် မပြတ်လပ်ရအောင် သွန်သင်ပေးနေ၏ကာ ကမ္ဘာတစ်ဝှမ်းတွင် သာသနာလွှမ်းချိန်သည် မဝေးတော့ပြီဟု မျှော်လင့်လျက် ကျန်းမာ ချမ်းသာစွာ ဒေသနာမိုးတဖြိုင်ဖြိုင် ရွာသွန်းနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလျက် ရှိနေကြပါကြောင်း ရှိသေလေးမြတ်စွာ တင်ပြအပ်ပါသည်။

ဦးအောင်သိမ်း

http://www.dhammadownload.com

ဤ "ပူဇော်စရာ ပူဇော်နေယျာနံ" ဟူသော ဘုရားဟော မင်္ဂလသုတ်ပါဠိတော်ကို ကျေးဇူးတော်ရှင် ညောင်တုန်းမြို့၊ ရွှေဟင်္သာ တောရတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျမ်းပြုအကျော်ပထမစံကျောင်း ဆရာတော်ဘုရားကြီးက အထက်ပါခေါင်းစဉ်အတိုင်း "ပူဇော်ထိုက်သူ၊ ပူဇော်မူ၊ မှတ်ယူမင်္ဂလာ" ဟုသံပေါက်လင်္ကာဖြင့် အနက်အဓိပ္ပာယ် ဖော်ဆိုခဲ့ပါသည်။

ဤလင်္ကာ၌ ပူဇော်ထိုက်သူ (ပူဇနေယျပုဂ္ဂိုလ်) ဆိုသည်မှာ "ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ တရား၊ သံဃာတော်များနှင့် အမိ၊ အဘ၊ ဆရာသမား၊ အစ်ကိုကြီး အစ်မကြီး၊ ဦးလေး၊ ဦးကြီး၊ ဒေါ်လေး၊ ဒေါ်ကြီး၊ မိလေး၊ မိကြီး၊ ဘထွေး၊ ဘကြီး၊ ယောဂ္ဂမစသူတို့" ဖြစ်သည်ဟု ခုဒ္ဒကပါဌအဋ္ဌကထာစသော အဋ္ဌကထာကျမ်းများ၌ မိန့်ဆိုထားကြ၏။

ဤပူဇော်ထိုက်သူများတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ တရား၊ သံဃာတော်တို့သည် အလုံးစုံသော ကိလေသာအပြစ်၊ အညစ်အကြေးတို့မှ ကင်းစင်ကြပြီးဖြစ်သောကြောင့် လည်းကောင်း၊ သီလ၊ သမာဓိ၊ ပညာ စသော အလုံးစုံသော ဂုဏ်တို့နှင့် ပြည့်စုံကြပြီးဖြစ်သောကြောင့် လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့အား အနည်းငယ်မျှ၊ ပူဇော်မှုကိုပြုရလျှင် သုမနပန်းသည်၊ မလ္လိကာမိဖုရားကြီး စသူတို့ကဲ့သို့ အချိန်ကာလကြာမြင့်စွာ အကျိုးစီးပွား ချမ်းသာသုခများ ဖြစ်ပွားနိုင်သောကြောင့် ပူဇော်ထိုက်သူများ ဖြစ်ကြသည်။



ပူဇာစ ပူဇနေယျာနံ

ပူဇေါ်ထိုက်သူ ပူဇော်မူ မှတ်ယူမင်္ဂလာ

ဓမ္မာစရိယ ဦးဇေးနိုင် (ဘီဇော)

မိဘ၊ ဆရာသမား စသူတို့မှာ ပေးဆပ်၍မကုန်၊ ဂုဏ်ကျေးဇူးရှင်ကြီးများ ဖြစ်ကြသည့်အပြင် မိမိတို့ထက် အသက်အားဖြင့်သော် လည်းကောင်း၊ သီလ စသော ဂုဏ်အားဖြင့် သော်လည်းကောင်း ကြီးမြတ်သူများဖြစ်ကြသောကြောင့် ထိုပုဂ္ဂိုလ်တို့အား ပူဇော်မှု စသည်ကိုပြုလျှင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း အကျိုးတရားတို့ ရရှိနိုင်သည်ဟု ဘုရားရှင် ဟောထားသောကြောင့် ပူဇော်ထိုက်သူ ပုဂ္ဂိုလ်မွန်များဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

http://www.dhammadownload.com

"ပူဇော်မှု"

ပူဇော်မှုဌ် ပူဇော်-ဟူသော မြန်မာဝေါဟာရသည် "ပူဇာ"ဟူသော ပါဠိဘာသာမှ သက်ဆင်းလာသော ဝေါဟာရ ဖြစ်၏။ အဓိပ္ပာယ်မှာ အရိုအသေပြုခြင်း၊ အလေးအမြတ် ပြုခြင်း၊ မြတ်နိုးခြင်း၊ ရိုခိုးခြင်း၊ မြတ်နိုးစွာ ပေးလှူခြင်း၊ ပစ္စည်းကို ကောင်းမွန်စွာ စီရင်၍ ရိုသေလေးမြတ်စွာ ပေးလှူခြင်း ဟု ဆိုလိုပေသည်။ (ပူဇာတိသက္ကာရ၊ ဂရုကာရ၊ မာနန၊ ဝန္ဒာနာ-အဋ္ဌကထာ)။

တေဓိယဇာတ်တော်၌လည်း "ယဿ စတ္တာရော ပစ္စယေ"ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့် အညီ ပုဂ္ဂိုလ်အား အလေးမပြုလွန်းဘဲ ပစ္စည်းကိုသာ ကောင်းစွာ စီရင်၍ ပေးကမ်းခြင်းသည် သက္ကာရမည်၏၊ ပေးကမ်းဖွယ်ပစ္စည်းတို့ကို ကောင်းစွာ စီရင်ခြင်း စသည်တို့ကို မပြုဘဲ ပုဂ္ဂိုလ်ကိုသာ အလေးအမြတ်ပြု၍ ပေးကမ်းခြင်းသည် 'ဂါရဝ' မည်၏။

ထိုသက္ကာရ၊ ဂါရဝနှစ်ပါးနှင့် ပြည့်စုံစွာ ချစ်မြတ်နိုးခြင်းနှင့်တကွ ကောင်းမွန်စွာ စီရင်အပ်သောပစ္စည်းဖြင့် ပုဂ္ဂိုလ်ကိုလည်း အလေးအမြတ်ပြု၍ ပူဇော်ချီးမြှောက်ခြင်းသည် 'ပူဇာ'မည်၏ဟု မှတ်အပ်၏ဟူ၍ မိန့်ဆိုထားပေသည်။ ထို့ကြောင့် ပူဇော်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ဤဆိုခဲ့သည့်အတိုင်း 'ပစ္စည်းကို ကောင်းစွာစီရင်၍ ရိုသေလေးမြတ်စွာ ပေးလှူခြင်း' ဟု မှတ်သားရပေမည်။

ထိုအဓိပ္ပာယ်အရ "ဦးခေါင်းထိပ်လှုပ်သော် မင်း အပူဇော်ခံရအံ့"ဆိုရာ၌ မင်း၏အချီးအမြှောက်ကို ခံရခြင်းပင် ဖြစ်၏၊ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့အား ရှစ်ဆုပ်သော ပန်းတို့ဖြင့် ပူဇော်သည်ဟူရာ၌ ပန်းတို့ကို ကြဲဖြန့်၍ နှစ်သက်ဝမ်းမြောက်သော အခြင်းအရာကို ပြခြင်းပင် ဖြစ်၏။ မြတ်စွာဘုရားက တရားတော်ကို ပူဇော်သည်ဟူရာ၌ တရားတော်ကို အလေးအမြတ်ပြုခြင်း၊ အာရုံပြုခြင်း၊ ပွားများခြင်းပင် ဖြစ်၏ဟု စံကျောင်းဆရာတော်ဘုရားကြီးက "ပူဇော်" ဟူသော စကားသည် အရာကျယ်ဝန်းသော စကားဖြစ်၍ အရာဌာနအားလျော်စွာ ယူရမည်ဟု မိန့်မှာထားပေသည်။

ပူဇော်ခြင်း (၂) မျိုး

ဤပူဇော်ခြင်းသည် (၁) အာမိသပူဇာ = ပစ္စည်းအာမိသဖြင့် ပူဇော်ခြင်း (၂) ဓမ္မပူဇာ = တရားတော်ဖြင့် ပူဇော်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ အာမိသပူဇာ ဆိုသည်မှာ ဝိနည်း ဒေသနာတော် နည်းအရ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်း လေးပါး၊ သုတ္တန်ဒေသနာတော်နည်းအရ ဆွမ်း၊ အဖျော်၊ ကျောင်း၊ သင်္ကန်း၊ ယာဉ်၊ ပန်း၊ နံ့သာပျော်၊ နံ့သာခဲ၊ အိပ်ရာနေရာ၊ ဆီမီး စသည့် ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ခြင်းမျိုးဖြစ်သည် (အာမိသ = ဆွမ်း စသော ပစ္စည်းတို့ဖြင့် +ပူဇာ = ပူဇော်ခြင်း)။

ဓမ္မပူဇာကား ရှင်တော်ဘုရား ဟောကြားတော်မူထား သည့်အတိုင်း မဂ်၊ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကို ရ စေနိုင်သည့် သရဏဂုံယူခြင်း၊ ငါးပါးသီလ၊ ဥပုသ်သီလ ဆောက်တည်ခြင်းမှ စ၍ သီလအကျင့်၊ သမထ(သမာဓိ) အကျင့်၊ ဝိပဿနာ (ပညာ) အကျင့်ဟူသော အကျင့်တရား တို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဆိုသည့် ကိုယ်ကျင့်တရားဖြင့် ပူဇော်ခြင်းမျိုး ဖြစ်သည် (ဓမ္မ = ကိုယ်ကျင့်တရား ဖြင့် + ပူဇာ = ပူဇော်ခြင်း)။

ဤဓမ္မပူဇာ၌ မှတ်သားဖွယ်၊ အချက်တစ်ရပ်ကို ထပ်၍ ဆိုပါဦးမည်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပုဏ္ဏား ကြီးတစ်ယောက်သည် "ဘုရားနှင့် သံဃာရတနာတို့ကို ပူဇော်ခြင်းဟာ ထင်ရှားသိသာပါတယ်၊ တရားရတနာကို ဘယ်လိုပူဇော်ရမယ်ဆိုတာ မသိဘူးဟု တွေးတောကြံစည်မိသတဲ့၊ မကြာမီမှာပင် ပုဏ္ဏားကြီးသည် ဘုရားရှင်ထံမှောက်သို့ သွားရောက်ကာ ထိုအကြောင်းကို မေးမြန်းလျှောက်ထား၏။

ဗုဒ္ဓမြတ်စွာက ပုဏ္ဏားကြီး အကယ်၍ တရားရတနာ ကို ပူဇော်လိုလျှင် ကျမ်းဂန်ဗဟုသုတနှင့် ပြည့်စုံသော ရဟန်းတော်တစ်ပါးကို ပူဇော်လေဟု မိန့်ကြားတော်မူ၏၊ ကျမ်းဂန်ဗဟုသုတနှင့် ပြည့်စုံသည့် ရဟန်းကို ညွှန်ကြားတော် မူပါဘုရားဟု ပုဏ္ဏားကြီးက လျှောက်ထားသည့်အခါ ရဟန်း သံဃာကို မေးမြန်းလျှောက်ထားပါလေဟု မြတ်စွာဘုရား က မိန့်ကြားလိုက်သည်။

ပုဏ္ဏားကြီးက ဘုရားရှင်မိန့်ကြားသည့်အတိုင်း ရဟန်း သံဃာများထံ သွား၍ လျှောက်ထားသည့်အခါ သံဃာတော် များက "အရှင်အာနန္ဒာမထေရ်"ကို ညွှန်ကြားလိုက်ကြ၏။ ပုဏ္ဏားကြီးသည် အရှင်အာနန္ဒာမထေရ်အား အသပြာ တစ် ထောင် အဖိုးတန်သည့် သင်္ကန်းကို လှူဒါန်းပူဇော်လိုက်၏။ အရှင်အာနန္ဒာမထေရ်သည် ပုဏ္ဏားကြီး လှူဒါန်းသော သင်္ကန်း ကို မိမိအတွက် အသုံးမပြုဘဲ ဘုရားရှင် ခွင့်ပြုချက်အရ လက်ယာတော်ရံ၊ အဂ္ဂသာဝကကြီး ဖြစ်သည့် အရှင်သာရိ ပုတ္တရာမထေရ်အား လှူဒါန်းလိုက်ကြောင်း မူလပဏ္ဏာသ အဋ္ဌကထာ၊ မဟာဂေါသိင်္ဂသုတ်အဖွင့်၌ မိန့်ဆိုထား၏။

ဤအကြောင်းအရာအရ ကျမ်းဂန်ဗဟုသုတနှင့် ပြည့်စုံသည့် ရဟန်းတော်အား ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်း ပူဇော်ခြင်းသည်လည်း "ဓမ္မပူဇာ"ပင် ဖြစ်ကြောင်း မှတ်သားရန် ဖြစ်သည်။

http://www.dhammadownload.com

ထိုပူဇော်ခြင်းနှစ်မျိုးတို့တွင် အာမိသပူဇာထက် ဓမ္မပူဇာက ပိုမြတ်၏၊ ပိုအကျိုးကြီး၏၊ မြတ်စွာဘုရား ချီးမွမ်း၏။ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းထက်၌ စံနေသော ဗုဒ္ဓရှင်တော်သည် ထိုအချိန်၌ နတ်ဗြဟ္မာတို့၏ နတ်ပန်း စသည်တို့ဖြင့် လွန်လွန်ကဲကဲ ပူဇော်ကြပုံတွေကို မြင်ရသောအခါ "အာနန္ဒာ ငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေး၊ လောကုတ္တရာ တရားရကြောင်း တရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံး၊ အမြင့်မြတ်ဆုံး ပူဇော်ခြင်းမည်ကြောင်း" မိန့်တော်မူသည်ကို မဟာပရိနိဗ္ဗာနသုတ်၌ တွေ့ရ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံကာနီး၌ အခြားများစွာသော ရဟန်းတို့ အလုပ်ရှုပ်နေကြစဉ်၊ တိသဲ၊ ဓမ္မာရာမ၊ အတ္တဒတ္ထ မည်သော ရဟန်းတော်သုံးပါးတို့မှာကား "ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မယ်၊ ငါတို့မှာလည်း အာသဝမကုန်သေး၊ ဘုရားရှင် မကွယ် မိအာသဝကုန်အောင် ကြိုးစားကြစို့"ဟု တစ်ပါးချင်း ခွဲကာ တရားသာ အားထုတ်နေကြ၏။

ရဟန်းများက ထိုရဟန်းတို့ ဘုရားရှင်ကို အရေးမစိုက်ကြောင်း လျှောက်ထားကြသဖြင့် ဘုရားရှင် ခေါ်မေး၍ အကြောင်းသိရသောအခါ "ငါ ဘုရားကို အာမိသပူဇာဖြင့် ပူဇော်ရုံမျှဖြင့် ငါဘုရားအပေါ်မှာ ချစ်ရာမရောက်၊ ဓမ္မပူဇာဖြင့် ပူဇော်မှသာ ငါဘုရားအပေါ်မှာ ချစ်ရာရောက်သည်၊ ပူဇော်ရာရောက်သည်ဟု မိန့်တော်မူကာ ထိုရဟန်းတို့ကို ချီးကျူးစကား မိန့်ကြားတော်မူကြောင်းကိုလည်း ဓမ္မပဒအဋ္ဌကထာ၊ ထိုမထေရ်များ ဝတ္ထုဋ္ဌ ဖတ်ရှုရ၏။

ထို့ကြောင့် မူလပဏ္ဏာသပါဠိတော်၊ ဓမ္မဒါယာဒသုတ်၌ "ရဟန်းတို့ သင်တို့သည် ငါဘုရား၏ တရားအမွေခံတို့ဖြစ်ကြ ကုန်လော၊ ပစ္စည်းလာဘ်လာဘဆိုသည့် အာမိသအမွေခံတို့ မဖြစ်ကြကုန်လင့်"ဟု မြတ်စွာဘုရား သတိပေးလမ်းညွှန်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

"မှတ်ယူမဂ်လာ"

ဤကဲ့သို့ ပူဇော်သင့် ပူဇော်ထိုက်သည့် (ပူဇနေယျ) ပုဂ္ဂိုလ်မြတ်တို့အား အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ပူဇော်ခြင်းသည် မင်္ဂလာဖြစ်ပေသည်။ မင်္ဂလာဆိုသည်မှာ သတ္တဝါတို့အား ကြီးပွားချမ်းသာစေတတ်၊ ဘေးရန်ကင်းစေတတ်၊ အရာခပ်သိမ်းတို့နှင့် ပြည့်စုံစေတတ်သည့် ကုသိုလ်အကြောင်းတရား ဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထား၏။

ထို့ကြောင့် ပညာရှင်များက "မင်္ဂံပါပံ = မကောင်းမှုကို၊ လုနာတိဘိန္နတိ=ဖြတ်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ မင်္ဂလံ= မင်္ဂလာမည်၏"ဟု ဝိဂ္ဂိုဟ်ပြုကာ အဓိပ္ပာယ် ဖော်ကြခြင်း ဖြစ်သည်၊ မင်္ဂလာ၏ အရကား ကုသိုလ်တရားဖြစ်၏။

ဤအဓိပ္ပာယ်များကိုပင် ရည်၍ ကျေးဇူးရှင် ရွှေဟင်္သာတောရစံကျောင်းဆရာတော်ဘုရားကြီးက "ခပ်သိမ်းဘေးဒဏ်၊ ရန်အမျိုးမျိုး၊ ပယ်နှိမ်ချိုး၍၊ ကောင်းကျိုးသုခ၊ ဟူသမျှကို၊ မုချပေးတတ်၊ တရားမြတ်၊ မှတ်လော့မင်္ဂလာ"ဟူ၍ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

"ဤဆရာတော်ဘုရားနှင့် မင်္ဂလာတရား"

ရှင်တော်ဗုဒ္ဓသည် သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းများထမ်းဆောင်ရန်အတွက် တာဝန်ကြီးနှစ်ရပ်ကို ချမှတ်တော်မူခဲ့၏၊ ထိုတာဝန်ကြီးနှစ်ရပ်ကား ဂန္ထဓုရနှင့် ဝိပဿနာဓုရတို့ ဖြစ်သည်၊ ပိဋကစာပေကျမ်းဂန်များကို သင်ယူမှု၊ ဆောင်ထားမှု၊ ပို့ချမှု၊ ဟောပြောမှု တာဝန်ကို ဂန္ထဓုရ ခေါ်သည် (ဂန္ထ = ပိဋကစာပေကျမ်းဂန်များကို + ဓုရ = သင်ယူမှု ပို့ချမှု စသော တာဝန်)။ ဝိပဿနာဓုရမှာ ဝိပဿနာတရားကို ကျင့်ကြံကြိုးကုတ်၊ ပွားများ အားထုတ်မှုတာဝန်ဖြစ်သည်။ (ဝိပဿနာ= ဝိပဿနာတရားကို + ဓုရ = ပွားများမှုတာဝန်)။ ဤတာဝန်ကြီးနှစ်ရပ်ကို သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းများ စွမ်းနိုင်သမျှ ထမ်းဆောင်ကြရသည်။

ကျေးဇူးတော်ရှင်၊ ရွှေကျင်နိကာယ၊ ဒုတိယမြောက် သာသနာပိုင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ရှင်တော်ဘုရား၊ ချမှတ်တော်မူထားခဲ့သည့် တာဝန်ကြီး နှစ်ရပ်ကို သာသနာ့ဝန်ထမ်းရှင် ရဟန်းများ လိုက်နာလိုစိတ်များ ဖြစ်ပွားရန် "ရဟန်းကိစ္စ၊ နှစ်ဓုရ၌၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း"ဟူသော သြဝါဒမွန်ဖြင့် ရဟန်းတော်များအား ဆုံးမတော်မူခဲ့၏။

ရဟန်းတော်တိုင်း ပြုလုပ်ရမည့် တာဝန်ကြီးနှစ်ရပ်ကို အရိုးကြေကြေ၊ အရေခန်းခန်း၊ နောက်မဆုတ်တမ်း၊ သမ္မပ္ပဓာန်လုံ့လဝီရိယဖြင့် အားထုတ်ရမည်၊ ဟိတ်ဟန်မာန်မာန နည်းရမည်၊ ရလာသည့် ပစ္စည်းလာဘ်လာဘများကို မစုဆောင်းမသိမ်းထား၊ အရာရာ၌ သည်းခံရမည်။ ဤအင်္ဂါရပ်များကား ရဟန်းပျိုရဟန်းငယ်များ လောကီလောကုတ္တရာဖြာဖြာ ကြီးပွားကြောင်းများ ဖြစ်သည်ဟု အဓိပ္ပာယ်ရပေသည်။

မြန်မာနိုင်ငံ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းလောကကို ကြည့်လျှင် ဤသာသနာ့တာဝန်ကြီးနှစ်ရပ်လုံးကို စုံညီစွာ ထမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်ကား အလွန်နည်းပါးသည်ကို တွေ့ရ၏။ အချို့က တာဝန်တစ်ခုမျှကိုသာ ထမ်းဆောင်နိုင်၍

http://www.dhammadownload.com

သံသရာကို တားဆီးကြောင်း

အချို့မှာ တာဝန်ကြီး နှစ်ရပ်လုံးကိုပင် မထမ်းဆောင်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြ၏၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်ကြီးကား ဂန္ဆဓုရ၊ ဝိပဿနာဓုရ၊ သာသနာ့ တာဝန်ကြီးနှစ်ရပ်လုံးကို စုံညီစွာ ထမ်းဆောင်နိုင်သည့် ရှားပါးပုဂ္ဂိုလ်စုတွင် ပါဝင်သည့် ဆရာတော်ကြီး ဖြစ်သည်။

ဆရာတော်ကား ရွှေကျင်ဝံသဖြစ်၍ ဓုရနှစ်ပါး၊ အားသွန် ခွန်စိုက်၊ တစ်စိုက်မတ်မတ် ဆောင်ရွက်သည့်အပြင် ရွှေကျင်နိကာယ၊ ဒုတိယမြောက် သာသနာပိုင်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး လမ်းညွှန်ဆုံးမတော်မူခဲ့သည့် "ရဟန်းကိစ္စ နှစ်ဓုရ၌" စသည့် လမ်းညွှန်ချက် အင်္ဂါရပ်များနှင့် အညီ သီတင်းသုံး နေထိုင်တော်မူကြောင်း ကြည်ညိုဖွယ်ရာ သိရှိရပေသည်။

မိမိကိုယ်တိုင် ဝိပဿနာဓုရဝန်ဆောင်ပုဂ္ဂိုလ် ဖြစ်ရသည်ကိုပင် အားမရနိုင်သေးဘဲ သာသနာ့ရိပ်သာကြီးများ တည်ထောင်ဖွင့်လှစ်ကာ လူမျိုးခြားများ အပါအဝင် ရဟန်းရှင်လူပရိသတ်ပေါင်းများစွာအား နည်းလမ်းညွှန်ပြ၊ ဆိုဆုံးမကာ ဝိပဿနာဓုရဝန်ဆောင်အဖြစ်သို့ ပို့ဆောင်ပေးတော်မူနေသည်ကိုလည်း တွေ့နေရပေသည်။

ဆရာတော်သည် ဤမျှနှင့် အားမရသေးဘဲ ကမ္ဘာနိုင်ငံများသို့ သွားရောက်လှည့်လည်ကာ ဗုဒ္ဓမြတ်စွာ၏ ပဋ္ဌာန်းတရားတော် ပြန့်ပွားထွန်းကားရေးကို အားပေးဆောင်ရွက်လျက် ရှိနေရကား ဆရာတော်အား "ပြည်တွင်းပြည်ပသမိုင်းဝင်ကမ္ဘာသာသနာပြု အာဇာနည်မထေရ်တစ်ပါး" ဟု ဆိုရမည် ဖြစ်ပေသည်။

ယခုပူဇော်ပွဲကြီးကား ထိုကမ္ဘာသာသနာပြုဆရာတော်ဘုရားကြီး သက်တော် (၈၀) ပြည့်သည့် မွေးနေ့မြတ်တွင် ဆရာတော်ဘုရားကြီးအား ပူဇော်ကြသည့် ပူဇနိယ ပူဇာမင်္ဂလာ ပူဇော်ပွဲကြီးဖြစ်သည်၊ အပူဇော်ခံ ဆရာတော်ဘုရားကြီးမှာ ပြည်တွင်း ပြည်ပ သမိုင်းဝင် ကမ္ဘာသာသနာပြု အာဇာနည် သံဃာတော်တစ်ပါးဖြစ်၍ ပူဇော်ထိုက်သည့် ပူဇာနေယျပုဂ္ဂိုလ်များတွင် ပါဝင်ရကား ဆရာတော်ဘုရားကြီးအား ပူဇော်ကြခြင်းသည် "သံဃပူဇာမင်္ဂလာ"ဖြစ်၏။ ဆရာတော်သည် ကျမ်းဂန်ဗဟုသုတတို့နှင့် ကဲ့လဲ့ပြည့်စုံသူဖြစ်၍ ပူဇော်သူတို့အား ဖော်ပြပါ ပုဏ္ဏားကြီးကဲ့သို့ "ဓမ္မပူဇာမင်္ဂလာ"လည်း ဖြစ်သည်။

သဗ္ဗညုဘုရားရှင်ဖြစ်သည့် သဗ္ဗညုဗုဒ္ဓ။ တစ်သီးတစ်ခြား ပွင့်၍ ဘုရားငယ်ခေါ်သည့် "ပစ္စေကဗုဒ္ဓ"၊ သစ္စာလေးပါး သိမြင် ရဟန္တာအရှင်ဟူသော စတုသစ္စဗုဒ္ဓ"။ ပရိယတ္တိ၊ ပဋိပတ္တိဗဟု သုတရှိသည့် ရဟန်းသည် "သုတဗုဒ္ဓ"ဟု၍ ဗုဒ္ဓလေးမျိုးကို သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ဦးကာ စသောကျမ်းများတွင် မိန့်ဆိုထားရာ ဆရာတော်ဘုရားကြီးမှာ "သုတဗုဒ္ဓ"မျိုးတွင် ပါဝင်သည့် ပုဂ္ဂိုလ်မွန်ဖြစ်သည်၊ ထို့ကြောင့် ဆရာတော်အား ပူဇော်ခြင်းကို "ဗုဒ္ဓပူဇာမင်္ဂလာ"ဟု၍လည်း ခေါ်ဆိုနိုင်ပါသည်။

"ပူဇော်ရကျိုး"

ယခုကဲ့သို့ မိမိကိုယ်တိုင် ဓုရနှစ်ပါးနှင့် ပြည့်စုံ၍ သာသနာတော် ပြန့်ပွားထွန်းကားအောင် သာသနာပြုနေသည့် ကမ္ဘာ့သာသနာပြု ရွှေတောင်ကုန်းရိပ်သာ ဆရာတော်ဘုရားကြီးအား ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် လှူဒါန်းပူဇော်ကြခြင်းသည် ပူဇော်ကြသည့်၊ တပည့်ဒကာဒကာမတို့အား ဗုဒ္ဓပူဇာ မင်္ဂလာကုသိုလ်၊ ဓမ္မပူဇာမင်္ဂလာကုသိုလ်၊ သံဃပူဇာမင်္ဂလာ ကုသိုလ်တရားများ အမှန်စင်စစ် ဖြစ်ပွားနိုင်ကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဆိုသည့် အမြတ်ဆုံး မင်္ဂလာကုသိုလ်တရားများ ဖြစ်ပွားကြသူများအား အမြတ်ဆုံးအကျိုး၊ ထိပ်ဆုံးအကျိုးတရားများ ရရှိနိုင်ကြောင်းကို အင်္ဂုတ္တိရ် ပါဠိတော် အဂ္ဂမသာဒသုတ်၌ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူထားပေသည်။

ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာထိုက်၍ အမြတ်ဆုံး ပုဂ္ဂိုလ်၌ အလှူပေးလှူ ပူဇော်သောပုဂ္ဂိုလ်အား အမြတ်ဆုံး ကုသိုလ်တရား တိုးပွား၏၊ အမြတ်ဆုံးဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံရရှိခြင်း၊ ကျော်စောထင်ရှားခြင်း၊ ချမ်းသာခြင်း၊ ကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံခြင်းတို့ ဖြစ်ကြ၏။ အမြတ်ဆုံးပုဂ္ဂိုလ်အား ပေးလှူသော ပညာရှိသည် အမြတ်ဆုံးတရားနှင့် ပြည့်စုံသည်ဖြစ်၍ လူဖြစ်သော် အမြတ်ဆုံး လူ၊ နတ် ဖြစ်သော် အမြတ်ဆုံးနတ်ဖြစ်၍ နှစ်သက်ရွှင်လန်းပီတိဖြူန်းလျက် ဝမ်းမြောက်ရ၏ဟု ဟောကြားတော်မူထား၏။

"ဓမ္မပူဇာ၊ ဓမ္မဒါန၏ အကျိုးများ"

ဤပူဇော်ပွဲ၌ ဂုဏ်ပြုလှူဒါန်း ပူဇော်သူတို့ ဝမ်းမြောက်အားတက်၍ စေတနာသဒ္ဓါတရား ပိုမိုထက်သန်စေရန် ဧကန်ရရှိနိုင်သည့် အကျိုးတစ်မျိုးကိုလည်း ထပ်၍ ဆိုပါဦးမည်။ ရှေ့ပိုင်းတွင် "ပရိယတ္တိကျမ်းဂန် ဗဟုသုတနှင့် ပြည့်စုံသည့် ရဟန်းတော်အား လှူဒါန်းပူဇော်ခြင်းသည် ဓမ္မပူဇာဖြစ်ကြောင်း၊ ပုဏ္ဏားကြီး ဝတ္ထုကို သာဓကပြု၍ တင်ပြခဲ့ပေပြီ၊ ထိုဓမ္မပူဇာကို ဓမ္မဒါနဟူ၍လည်း ကျမ်းဂန်များ၌ တစ်မျိုးခေါ်သေး၏။

ဓမ္မဒါနကား သာမန်ဒါနမျိုးမဟုတ်၊ ဒါနတကာတို့၏ ဘုရင်၊ ထိပ်ခေါင်တင်ဒါနမျိုးဖြစ်၏၊ ထို့ကြောင့် ဓမ္မပဒ၊ သက္ကပဉ္ဉဝတ္ထုဠ္ဍ ဓမ္မဒါနသည် အားလုံးသော ဒါနကို အောင်

http://www.dhammadownload.com

သံဝေဂတရားတော်ကြီး



နိုင်၏။ (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ)ဟု မြတ်စွာဘုရား ဟောကြား‌ထား‌၏၊ ဤသို့ ဟောတော်မူခြင်း‌မှာ ဓမ္မဒါနသည် အကျိုး‌ပေး အလွန်ကြီး‌ကျယ်သောကြောင့်‌ပင် ဖြစ်သည်။

မှန်ပါသည်။ ဘုရား‌အစရှိသော အလှူခံပုဂ္ဂိုလ်များ‌အား သင်္ကန်း‌များ‌ကို အပါး‌စေ့လှူဒါန်း‌သော သင်္ကန်း‌ဒါနသည် လေး‌ပါး ရှိသော ဂါထာတစ်ပုဒ်ကို ဟောကြား‌ခြင်း‌၊ ပို့ချ‌ခြင်း‌၊ နာယူခြင်း‌၊ ပရိယတ္တိ၊ ပဋိပတ္တိ ဗဟုသုတရှိသော ရဟန်း‌အား ပုဂ္ဂိုလ်ကို မရည်မှတ်ဘဲ ရဟန်း‌သင်္ဃာန်၌ရှိသော တရား‌ကို အာရုံပြု၍ ပူဇော်ခြင်း‌စသော ဓမ္မဒါန‌၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှလောက်‌ပင် အဖို့‌မထိုက်။ အကျိုး‌မများ‌ချေ။ ထိုအလှူခံပုဂ္ဂိုလ်များ‌အား သပိတ်အပြည့် မွန်မြတ်သော ဆွမ်း‌အလှူ၊ သပိတ်အပြည့် ထောပတ်၊ ဆီ စသော ဆေး‌အလှူ အရေအတွက် တစ်သိန်း‌မကသော ကျောင်း‌အလှူ၊ အနာထပိဏ်သူဌေး စသူတို့၏ ကျောင်း‌အလှူတို့‌ထက် ဤဓမ္မဒါနက ပို‌မြတ်၏၊ ချီး‌မွမ်း‌အပ်၏၊ အကျိုး‌ပေး ကြီး‌ကျယ်၏‌ဟု အဋ္ဌကထာ၌ ဖွင့်ဆို‌ထား‌ရာ ဆရာတော် ဘုရား‌ကြီး‌၏ သင်္ဃာန်၌ရှိသော ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့‌ကို အာရုံပြု၍ လှူဒါန်း‌ပူဇော်ကြသူ ဓမ္မဒါနရှင်များ‌အတွက် အလွန်ဝမ်း‌မြောက်‌အား‌တက်စရာ ကောင်း‌လှပေသတည်း။

စာရေး‌သူကလည်း ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ် စသော ကြည်ညိုဖွယ်ရာ ဂုဏ်များ‌စွာနှင့် ပြည့်စုံသည့် ကမ္ဘာသာသနာပြု ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး‌အား အောက်ပါ ထုတိပူဇာမင်္ဂလာတစ်ပုဒ်ဖြင့် နိဂုံး‌ချုပ်ဂုဏ်ပြု ပူဇော်လိုက်ရပေသည်။

ဓမ္မဒဒေါ ကမ္မရာမော၊ အလောဘော နယဒေသကော။
သင်္ဃကာယော ဒန္တမာနော၊ ပူဇိတော ဓုရပူရကော။

ယောထေရော၊ သီလသမာ၊ ပညာမြင့်ကြွယ်၊ သဘင့်အလယ်မှာ ဝင့်ထယ်ခိုင်ဖြိုး၊ အကြင်ရွှေတောင်ကုန်း‌သာသနာ့ရိပ်သာ ဆရာတော် ဘုရား‌ကြီး‌သည်။ သိသာနဲ့၊ ဆရာတော်မြတ်ထေရ်မဟာကို သဒ္ဓါစာတ်စေတနာဖြင့် သွေမကွာ ညွတ်ပျော်ငြိ ရိုသေစွာ ခညောင်း‌ကြသည့် တပည့်အပေါင်း‌တို့‌အား၊ ဓမ္မဒဒေါ + မြဲအလာ‌း အေး‌ကြည်သည့်၊ ဓမ္မတရား‌ဆေး‌ရည်ကို စီရရီ စရိုက်တွေး‌၍ အလိလိတိုက်ကျွေး‌တော်မူတတ်ပါပေ၏။ ကမ္မရာမော = ကမ္မအာရာမော၊ သာသနာ့ကျက်သရေ၊ အာကာသ တက်နေလို၊ လက်လက်ဆေပြောင်ရွှန်း၊ ကမ္ဘာမြေမှာ အရောင်ထွန်း‌ရန်ဟု အား‌သွန်ကြိုး‌ပမ်း၊ သာသနာပြုလုပ်ငန်း‌၌ အဟုတ်တမ်း မွေ့လျော်တော်မူပါပေ၏။


အလောဘော – အကြောင်း‌အာရုံ၊ အကောင်း‌ကြံကပေါင်း‌ဆုံကျော်တက်၊ လောဘမထွက်သဖြင့် လိုချင်ရမ်းကလည်း နည်း‌တော်မူပါပေ၏။ နယဒေသကော – ယထာဘူတဉာဏာယ သတ္ထာပရိယေသိတဗ္ဗော၊ ဘုရား‌ဟောအရ၊ ဆရာ့ထံပါး ရှိညွတ်တွား‌ကာ တရား‌ကျင့်လို၊ အား‌ထုတ်လိုသည့်၊ ထိုထိုရှင်လူ၊ ဝှန်ဆူသောင်း‌သောင်း၊ တပည့်အပေါင်း‌တို့‌အား‌လည်း ကျင့်နည်း ကြဲနည်း၊ အား‌ထုတ်နည်း‌တို့‌ကို၊ နည်း‌မှန်ကျကျ၊ လမ်း‌ညွှန်ပြကာ ဟောကြား‌တော်မူတတ်ပါပေ၏။

သင်္ဃကာယော–ဖန်ခါခါသတိစိုး‌သည့် မှန်မကွာသမာဓိ တန်ခိုး‌ဖြင့် မည်ဦး‌ထိန်လက်၊ ငြိမ်သက်သော ကာယိန္ဒြေလည်း ရှိတော်မူပါပေ၏။ ဒန္တမာနော–ပလွား‌ကြိတ်ချေ၊ စိတ်နေမမြင့်၊ စာထောက်ချင့်‌က၊ မြတ်ရှင့်နှုန်း‌ပြ၊ ထုံး‌နယဖြင့်၊ ဆုံး‌မအပ်ငြား၊ မာနတရား‌လည်း နည်း‌ပါပေ၏။ ဓုရပူရကော – ဝိပဿနာ, ဂန္ထ၊ ဓုရဂုဏ်ရည်၊ စုံနှစ်လိုကို၊ ကုန်အညီကမ္ဘာပြန့်‌ရန်၊ သမ္မပ္ပဓာန် လုံ့လအား‌ဖြင့်လည်း ဖြည့်ကျင့်အား‌ထုတ်တော်မူပါပေ၏။

သောထေရော – ဂုဏ်ပေါင်း‌စုံလင်၊ မခုံမင်လည်း၊ ဂုဏ် ရှင်ဖြစ်ငြား၊ ထိုရွှေတောင်ကုန်း‌ရိပ်သာ ဆရာတော် ဘုရား‌ကြီး‌ကို၊ မဟာ ဇနေဟိ – မိုခိုစရာဆရာသမား‌ရယ်ဟု၊ ကြည်ညိုမကွာ၊ သဒ္ဓါပွား‌ကြသည့် တပည့်ရှင်လူအများ‌တို့သည်၊ ပူဇိတော = ပူဇိတောဝတ၊ ဓမ္မာမိသာ၊ အဖြာဖြာဖြင့် သံဃာတော်ဂုဏ်၊ ထေရ်ရှင့်ဂုဏ်ကို အာရုံထုံမွမ်း၊ ဂုဏ်တော်မှန်း‌လျက်၊ ချီး‌မွမ်း‌ထောမနာ၊ ပဏာဒ္ဓတ်ကျိုး၊ လက်စုံမိုး‌၍၊ ရှိခိုး‌ပူဇော်ထိုက်လှပါပေစွတကား။

ဓမ္မာစရိယ ဦး‌အေး‌နိုင် (ဘီ–အေ)
မဟာသဒ္ဓမ္မဇောတိကဓဇ
၄–၂–၂၀၀၀

http://www.dhammadownload.com



စွယ်စုံရှင် ဘုရားမြတ်စွာ၏ စွယ်စုံဖခင်

ထွန်းလွင် (ဓမ္မာစရိယ – ဘီအေ)

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးစ အချိန်က ဖြစ်သည်၊ အရှင်အာနန္ဒာသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံရန် ဝေဠုဝန်ကျောင်းတော်ကြီးမှ ထွက်ကြွလာခဲ့သည်၊ အရှင်မြတ်သည် အချိန်က စောနေသေးသဖြင့် ဆွမ်းခံမကြွသေးဘဲ ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားကြီး၏ အလုပ်ရုံသို့ ခေတ္တဝင်သည်။

ဂေါပကမောဂ္ဂလ္လာန် ပုဏ္ဏားကြီးသည်ကား ဗုဒ္ဓ မြတ်စွာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ဗုဒ္ဓသာသနာတော် အပေါ် မျက်လုံးတောင့်ထောက်ကြည့်ပြီး ကြည်ညိုနေသူ ဖြစ်သည်။

သူ့အမြင်တွင် ဘုရားမရှိသည့်နောက် ဗုဒ္ဓ၏ ပရိသတ်ကြီး အညီအညွတ် ရှိနေသည်ကို မြင်သည်၊ တစ်စည်းတစ်လုံးတည်း ရှိနေသည်ကို မြင်သည်၊ သို့နှင့် 'ဒီလို ဘာကြောင့် ဖြစ်နေရသလဲ' ဟုလည်း အတွေးပေါက်နေသူ ဖြစ်သည်၊ သည်တွင် အရှင်အာနန္ဒ အခုလို ကြွရောက်ခိုက်နှင့် ကြုံရတော့ သူ့အတွေးကို ဖွင့်မေးသည်။

http://www.dhammadownload.com

"အရှင်ဘုရား အာနန္ဒ၊ ဂေါတမဗုဒ္ဓဟာ တကယ့်ကို သမ္မာသမ္ဗုဒ္ဓဘုရား အစစ်ဘုရား၊ အခု အရှင်ဂေါတမ မရှိပြီ၊ မရှိတော့ ထိုအရှင်ဂေါတမနှင့် တန်းတူရည်တူ နောက်ထပ် တစ်ပါး တစ်လေများ အရှင်တို့ သာသနာမှာ ရှိနေသေးလား ဘုရား"

"မရှိဘူး ဒကာကြီးရယ်"

ထိုအခိုက် အဇာတသတ်မင်းကြီး၏ အမတ်ချုပ်ကြီး ဖြစ်သော ဝဿကာရအမတ်ကြီး ဝင်ရောက်လာသည်၊ ဝဿကာရက-

"အရှင်ဘုရား အာနန္ဒ၊ အရှင်တို့ ဘာပြောနေကြတာလဲ ဘုရား"

ဟု ဝင်မေးလာသည်မို့ အရှင်အာနန္ဒက အခုနပြောလက်စ စကားကို ပြန်ပြောပြသည်၊ ထိုအခါ ဝဿကာရကပင် ဆက်မေးပြန်သည်။

"ဒါဆိုရင် အရှင်ဂေါတမအနေနဲ့ကကော ဘယ်ရဟန်းကဖြင့် ငါဘုရား မရှိတဲ့နောက် ငါဘုရားကိုယ်စား သင်ချစ်သားတို့ရဲ့ အားကိုးရာ ခေါင်းဆောင်ပဲလို့ မိန့်ခဲ့တဲ့ ပုဂ္ဂိုလ်ကော ရှိသေးလား ဘုရား"

"အဲလိုတော့ မရှိဘူး"

"မရှိရင် ဆိုပါတော့ဘုရား၊ အရှင်တို့ သံဃာထုကကော ဒီသာသနာကို ခေါင်းဆောင်ဖို့ ရဟန်းတစ်ပါး ပါးကို ရွေးချယ်တင် မြှောက်ထားတာကော"

"ဒါမျိုးလည်း မရှိဘူး ဒကာကြီး"

"နို့ ဒါဆိုရင် အရှင်ဘုရားတို့မှာ အရှင်တို့သာသနာမှာ ခေါင်းဆောင်မရှိတော့ဘူးပေါ့"

"အဲလိုလည်း မဟုတ်သေးဘူး၊ တို့မှာ ခေါင်းဆောင် ရှိတယ်၊ အားကိုးရာရှိတယ်၊ တို့ခေါင်းဆောင်က တို့အားကိုးရာက "ဓမ္မ"ပဲ၊ တို့က "ဓမ္မပဋိသရဏ"၊ ပုဂ္ဂိုလ်ခေါင်းဆောင်ဆိုတာ တို့မှာ မရှိဘူး။

"တို့သာသနာက ဓမ္မကို အားကိုးပြီး ဓမ္မအတိုင်းသာ နေထိုင်တယ်၊ လိုက်နာပြုကျင့်တယ်၊ အပြစ်ရှိရင်လည်း ဓမ္မအတိုင်းသာ အပြစ်ပေးတာ၊ အပြစ်ခံရသူကလည်း ဒါ ဓမ္မက အပြစ် ငါ့ကို ပေးတာ၊ ပုဂ္ဂိုလ်က ပေးတာ မဟုတ်ဘူး ဆိုပြီး ကျေနပ် လက်ခံတယ်၊ ဒါကြောင့်မို့ တို့ခေါင်းဆောင်က ဓမ္မပဲ"

ဟု အရှင်အာနန္ဒက ရှင်းလင်းမိန့်ကြားသည်။

မှန်ပါသည်၊ ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓသာသနာ၏ ခေါင်းဆောင်က ဘယ်ခေတ်မှာမဆို ဓမ္မခေါင်းဆောင်သာ ရှိခဲ့သည်၊ ကျွန်တော်တို့ သာသနာ့သမိုင်းကြောင်း၌ ပုဂ္ဂိုလ် ခေါင်းဆောင် မရှိခဲ့ချေ၊ ဓမ္မခေါင်းဆောင်နှင့်သာ သာသနာ့ခရီးရှည်ကြီးကို နှင်လာနိုင်ခဲ့သည်။

အရှင် မဟာကဿပမထေရ်မြတ်ကြီး၏ ဂုဏ်ကျေးဇူးတော်ကလည်း ကျွန်တော်တို့သာသနာတော်အပေါ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တို့အပေါ် အလွန်ကျေးဇူးကြီးလှ၊ ကျေးဇူးများလှပေသည်၊ သာသနာ့နောင်ရေးအတွက် ဓမ္မသည်သာလျှင် အားကိုးရာ ဖြစ်မည်မှန်း အရှင်မဟာကဿပ ကြိုတင်မြင်သည်၊ အရှင်အာနန္ဒ၊ အရှင်ဥပါလိစသော ဆဋ္ဌာဘိည, ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရ်ကြီးများလည်း ကြိုတင်မြင်တော်မူကြပေသည်။

ကြိုတင်မြင်လို့သာ ဗုဒ္ဓပရိနိဗ္ဗာန် ဝင်စံပြီးနောက် လအနည်း ငယ်အတွင်းမှာပင် ဓမ္မကို ဗုဒ္ဓဟောခဲ့သည့်အတိုင်း တစ်လုံး တစ်ပါဒမျှ မယွင်းမချွတ်ရအောင် အညီအညွတ် အတည်ပြုပေးခဲ့ကြသည်။

ထိုကျေးဇူးကြောင့်ပင် ကျွန်တော်တို့ သာသနာတော်၌ ဖြစ်ပေါ်ပြီးသမျှသော အနုအကြမ်း အန္တရာယ်အသွယ်သွယ်တို့ကို ထိုစစ်မှန်သော ဓမ္မဖြင့်သာ မှတ်ကျောက်တင်၍ ဖြေရှင်းလာနိုင်ခဲ့ကြသည်၊ ထိုမျှ အားကိုးရသော ထိုအစစ်အမှန် ဓမ္မကို ဆက်လက်ရှင်သန်နိုင်အောင် ကျွန်တော်တို့ သာသနာဝယ် အလုပ်နှစ်မျိုးဖြင့် အသက်သွင်းပေးရသည်၊ ထိုအလုပ်နှစ်မျိုးက-

"အသင် အလုပ်နှင့် အကျင့်အလုပ်" တို့ပင် ဖြစ်သည်။

အသင်မှာ ပရိယတ်အလုပ်ဖြစ်၍ အကျင့်က ပဋိပတ်အလုပ်ဖြစ်သည်၊ ထိုနှစ်မျိုးအနက် အသင်ပရိယတ်သည် ကျင့်နည်းပြဖြစ်၍ အကျင့်ပဋိပတ်သည် အသင်ကျင့်နည်းအတိုင်း ကျင့်ရသော အကျင့်ဖြစ်သည်။

သာသနာသည် ဗုဒ္ဓမရှိသည့်နောက် ခေါင်းဆောင်ဖြစ်သည့် ဓမ္မကို ထိုအလုပ် နှစ်မျိုးဖြင့် ရှင်သန်စေရန် နှစ်ပေါင်း (၂၅၄၃) ခုနှစ် ရှိသည့်တိုင်အောင် အရိုန်အဟုန်နှင့် လျှောက်လှမ်းနေဆဲ ဖြစ်သည်။

သည်တွင် ကျွန်တော်တို့ သတိပြုစရာ ဖြစ်လာသည်က ကမ္ဘာရပ်နာမ်ဆိုင်ရာ ဖွဲ့စည်းမှု ဆန်းသစ်လာခြင်း ဖြစ်သည်၊ ယနေ့ကမ္ဘာ၌ အတတ်ပညာဆိုင်ရာ၊ နည်းပညာဆိုင်ရာများ အသစ်အဆန်းတွေ တဟုန်ထိုး ဖြစ်ပေါ်နေသည်၊ ထိုသို့ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာအနေအထားကလည်း အရင်ကလို အဝေးကြီး အကျယ်ကြီး ရှိမနေကြတော့၊ ကြာလေ နီးလာလေ၊ ကျဉ်းလာလေ ဖြစ်သည်၊ 'ဘယ်မှာဘာဖြစ်၊ ဘာပေါ်' ဆိုသည်နှင့် အခြားတစ်နေရာက ဒက်ခနဲသိသည်၊ မြင်သည်၊ နောက်ချက်ချင်းဆိုသလို ကူးလူးဆက်ဆံဝင်ရောက်လာသည်။

http://www.dhammadownload.com

ထိုထိုသို့သော ပညာရှင်၊ သူတော်စင်တို့၏ စောကြောနေမှုကို ယတိပြတ် အဖြေပေးလိုက်သည်၊ သမရိုးကျ မဟုတ်သော 'အသွင်သစ်'ကို မီးမောင်းထိုးပြလိုက်သည်။

ထို 'အသင်၊ အကျင့်'ဟူသော ဘက်စုံ (စံ)အရပင် ရွှေတောင်ကုန်းသည် မြန်မာ့မြေ၊ သာသနာ့မြေပေါ်၌ ဤရွှေရာ ပေါ်ထွန်းလာခဲ့သည်။

မိမိ၏ရင်ဆွေးငယ်တို့ကို သင်ရင်း ကျင့်စေ၊ ကျင့်ရင်း သင်စေခဲ့သည်၊ အောင်မြင်မှုအဖြစ် နှစ်စဉ် ကျင်းပသော နိုင်ငံ့ပရိယတ္တိစာမေးပွဲတို့တွင် အတန်းစုံ ဝင်ရောက် ယှဉ်ပြိုင်နိုင်သလို တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ ရသော ပုဂ္ဂိုလ်များ၊ ပထမကျော်တွဲ့ ဆွတ်ခူးသော ပုဂ္ဂိုလ်များဖြင့် မိမိ၏ 'အသင်, အကျင့်စံ' ကို လှလှပပကြီး ထိန်းသိမ်းသွားနိုင်ခဲ့သည်။

ထို့ပြင် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ထေရဝါဒ သာသနာကို သက်ဝင်ယုံကြည်ရာ၌ ယိုကွက် ဟာကွက်များ၊ အားနည်းနေချက်များ၊ ပီပြင်မှု မှေးမှိန်နေမှုများ စသည် စသည်တို့ကို ရှာ၍ တွေ့.၍ မြင်ရ၍ အနာဂတ်ကိုးကွယ်မှု အပိုင်းတွင် ထိထိသော အားနည်းချက်များ ကင်းပျောက်စေရန် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ ဖွင့်၍ ပြုပြင်ပြောင်းလဲ ပေးနေသည်၊ အသင်ဘက်၌ အချိန် လွန်ပြီဖြစ်သော ရဟန်း၊ ရှင်၊ လူတို့ကိုမူ ရက်တို၊ ရက်ရှည် စခန်းများ ဖွင့်၍ သတိပဋ္ဌာန် လမ်းကြောင်းပေါ်သို့ သိမ်သိမ်မွေ့မွေ့နှင့် မသိမသာ တွန်းတင် ပေးလျက် ရှိသည်။

ယနေ့အချိန်၌မူ ရွှေတောင်ကုန်းသည် ကိုယ့်ခွင် သူ့ခွင်မရွေး သာသနာ့ခရီးအစက အရှင်မဟာကဿပတို့ အတည် ပြုပေးခဲ့သော ဓမ္မဂုဏ်ရည်တို့ကို ကောင်းကောင်းကြီး ပြသနေ ပြီ ဖြစ်သည်၊ ရွှေတောင်ကုန်း၏ အောင်မြင်မှုစံသည် သူ့ခွင်ဖြစ်သော နေပေါ်၊ မလေးရှား၊ သိရီလင်္ကာ၊ ဩစတြေးလျ၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ စသော ထိုထိုခွင်များ၌လည်း အခိုင်အမာ နေရာယူပြီး ဖြစ်သည်။

သို့ဖြင့် နောက်ထပ်ဝက် သာသနာ့ခရီးစဉ်သက်တမ်း အတွက် အသင်နှင့် အကျင့်ကို ပူးတွဲပြီး သာသနာ့အင်အား သစ်များကို မွေးထုတ်ပေးနေသော ရွှေတောင်ကုန်းရိပ်သာ ကြီး၏ ဖခင်ဖြစ်သော သက်တော်အရွယ် (၈၀) ပြည့် ဩဝါဒ စရိယ ဆရာတော်ကြီး၏ အမျိုးဘာသာ၊ သာသနာအတွက် စွမ်းစွမ်း တမံ ဆောင်ရွက်နေသော ကျေးဇူးဂုဏ် အလိလိတို့ကို အာရုံထင်ထင် တစိမ့်စိမ့် ကြည်ညိုသဒ္ဓါပွားရင်း ထေရ်မြတ် မဟာ၏ ခြေတော်အစုံတို့ကို ဦးခိုက်ညွတ်တွားလိုက်ရပေသည်။

ထွန်းလွင် (ဓမ္မာစရိယ–ဘီအေ)

ရွှေတောင်ကုန်းရိပ်သာ ပေါ်စက 'ဘယ်ပုံ စခန်းသွားမလဲ' ဟူသော စူးစမ်းမှုနှင့် ပညာရှင် အသီးသီးတို့ နားစွင့်နေကြသည်၊ တစ်ဦးနှင့်တစ်ဦး တီးခေါက်ကြည့်မိကြသည်၊ ထိုစဉ်...

ထိုဖြစ်ပေါ်တိုးတက်မှုသည် လောကီရုပ်နာမ်ဆိုင်ရာ တိုးတက်မှု ဖြစ်သည်။ အကောင်းလည်း ပါသည်၊ အဆိုးလည်း ပါသည်၊ တစ်ခါ ကျွန်တော်တို့၏ အားကိုးရာ ဓမ္မကို အထောက်အကူ ပြုရာလည်း ပါသည်၊ ချေဖျက်မည့် အန္တရာယ်လည်း ပါသည်။

ဘယ်သို့ပင် ပေါ်ပေါ် ကိုယ့်တာကိုယ် လုံထား ဖို့ဖြင့် လိုလိမ့်မည် ထင်သည်၊ ကိုယ့်တာကိုယ် လုံဖို့က ကိုယ့်တွင် ဘက်စုံ မျိုးနွယ်ဆက်အင်အား အစဉ်မွေးထုတ်ပေးနိုင်ဖို့ ဖြစ်သည်။

ဤ၌ ဘက်စုံဟူသည် အသင်နှင့် အကျင့် တပြေးညီ ရှိနေသော သာသနာ့ အင်အားများ စဉ်ဆက်မပြတ် ရှိနေဖို့ ဖြစ်သည်၊ နောက်တစ်ချက်က ကိုယ့်ခွင်လေးအတွင်းမှာသာ ကျင်လည်နေလို့ မဖြစ်သေးခဲ့၊ ကိုယ်နှင့် သူ့ခွင် နေရာမရွေး အသင်နှင့် အကျင့်ကို ထိုးဖောက်ဖြန့်ဝေနိုင်လေ, ခိုင်မာအောင် လုပ်နိုင်လေ အနာဂတ် သာသနာအတွက် စိတ်ချရလေ ဖြစ်သည်။


ဤတွင်စကား အလျဉ်းသင့်၍ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာအကြောင်း အနည်းငယ် ဖော်ပြလိုသည်။

ရွှေတောင်ကုန်းရိပ်သာ၌ ဖခင်ကြီးမှာ ဩဝါဒါစရိယ ဆရာတော်ကြီး အရှင်ပဏ္ဍိတာဘိဝံသ ဖြစ်သည်၊ ဆရာတော်သည် သာသနာ့လုပ်ငန်းဖြစ်သော အသင်နှင့်အကျင့် အလုပ် နှစ်မျိုးကို မိမိကိုယ်တိုင်လည်း စေ့စပ်သေချာစွာ ပိုင်နိုင်အောင် လေ့ကျင့်ဆည်းပူးခဲ့သည်၊ အခြား မိမိ၏ တပည့်တပန်းများကိုလည်း မိမိအတိုင်း ဖြစ်စေသည်။

ရွှေတောင်ကုန်းရိပ်သာ ပေါ်စက 'ဘယ်ပုံ စခန်းသွားမလဲ' ဟူသော စူးစမ်းမှုနှင့် ပညာရှင် အသီးသီးတို့ နားစွင့်နေကြသည်၊ တစ်ဦးနှင့်တစ်ဦး တီးခေါက်ကြည့်မိကြသည်၊ ထိုစဉ်...

"ပရိယတ် မကင်းသော ပဋိပတ်၊
'ပဋိပတ် မကင်းသော ပရိယတ်' ဟူသော အသံက

http://www.dhammadownload.com



ပစ်တိုင်းဇာတ်

ပစ်တိုင်းထောင်ရုပ်ကလေးကို စာဖတ်သူများ တွေ့မြင်ဖူး ကြပါသည်၊ ပစ်တိုင်းထောင်ရုပ်ကလေးသည် မြန်မာ့ယဉ်ကျေးမှု လက်မှုပညာရပ်တွင် တစ်ခုအပါအဝင် ဖြစ်ပါသည်၊ ပစ်တိုင်းထောင်ရုပ်ကလေးသည် ချစ်စရာကောင်းသော ရုပ်ကလေးတစ်ခု ဖြစ်ပါသည်၊ အချို့အိမ်များ၌ စားပွဲပေါ်၌ လည်းကောင်း၊ ဗီရိုအတွင်း၌ လည်းကောင်း၊ အလှအပထားတတ်ကြပါသည်၊ ကလေး ကစားစရာဖြစ်လည်း မိဘများက မိမိ၏ကလေးများကို ဝယ်ပေးတတ်ကြသည်။

ပစ်တိုင်းထောင် ဆိုသည့် အတိုင်းပင် ပစ်တိုင်း ပစ်တိုင်းထောင် လျက်သာ နေတတ်သည်၊ ဒေါင်လိုက်ကျကျ, အပြားလိုက်ကျကျ ထောင်လျက်သာနေတတ်သည်၊ မည်သည့် အခါမျှလဲသည်မရှိပေ၊ အကြောင်းကား အချိုးအစားညီမျှစွာ အလေးချိန်မျှအောင် ပြုလုပ်ထားခြင်းကြောင့်တည်း။

စာရေးသူသည် ၁၉၈၆ ခုနှစ်တွင် ကျေးငှက်တော်ရှင် ဆရာတော်ဘုရားကြီးထံတော်သို့ ဘာဝနာအလုပ်

http://www.dhammadownload.com



ဆရာဇေတာ်ကြီး

ကြီး၌ (၁၇) နှစ်မျှ ပရိယတ္တိတာဝန်ကို ထမ်းဆောင်လာခဲ့ရာ ခြေကုန်လက်ပန်း ကျပြီး ကျန်းမာရေး ထိခိုက်လာသည့် အတွက် ဘာဝနာတရား အားထုတ် ရလျှင် ကျန်းမာရေး ပိုမို ကောင်းမွန် လာပြီး စိတ်ဓာတ်မြင့်မား လာလိမ့်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ရောက်လာ ခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် မိမိကို အားကိုး၍ မိမိထံမှောက် ရောက်လာသူများကို အစစအရာရာ နိုင် သည့်ဘက်က နိုင်သလောက် အကူအညီ ပေးတတ်ပါသည်၊ တာဝန် ကျေအောင်လည်း ဆောင်ရွက်ပေးတော်မူတတ်ပါသည်၊ တစ်ဖက်သား အားနာ ရသည့်အထိပင် ဧည့်ဝတ်ကျေပွန်စွာ ဆောင်ရွက်ပေးတော်မူတတ်ပါသည်။

ဆရာတော်ဘုရားကြီးသည် သာသနာ့စိတ်ဓာတ် အလွန် မြင့်မား သည့် ပုဂ္ဂိုလ်တစ်ပါး ဖြစ်တော်မူပါသည်၊ ဓမ္မသွေးစည်း မူကို အလွန်လိုလား တော်မူပါသည်၊ အဆင့်မြင့်သော ဓမ္မရည်သွေးများ၊ အဆင့်မြင့်သော အသိဉာဏ်များဖြစ်အောင်လည်း ယောဂီများကို ကြပ်ကြပ်မတ်မတ် အားထုတ်စေတော်မူသည်။

လျော့ရဲရဲ အားထုတ်မှုမျိုးကို လုံးဝ မလိုလားပေ၊ ယောဂီဆိုတာ အမြဲတမ်း တက်တက်ကြွကြွ သတိရှိရှိ ဖြစ်နေဖို့လိုကြောင်း မကြာမကြာ အမိန့် ရှိတော်မူပါသည်၊ အဿမ-ခေါ် ကမ္မဋ္ဌာန်းကျောင်း၌ ကိလေသာအပူမီး ငြိမ်းအောင် အားထုတ်ရန် အမြဲတိုက် တွန်းတော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် ရဟန်းယောဂီများနှင့် အမျိုးသား ယောဂီများကိုသာ တရားစစ်ဆေးရာ၌ တာဝန် ယူရများပေသည်၊ ဆရာတော်ဘုရား ကြီး၏ ရည်ရွယ်ချက်မှာ ရဟန်းတော် အားထုတ်ရန်အတွက် တတိယအကြိမ် ရောက်လာခဲ့ပါသည်၊ ထိုအချိန်က ဆရာတော်ဘုရားကြီးသည် မဟာစည် ရိပ်သာ၌ ဩဝါဒါစရိယတာဝန်ကို ယူ၍ သီတင်းသုံးတော်မူခိုက် ဖြစ်ပါသည်။

စာရေးသူသည် ဆရာတော် ဘုရားကြီးထံတော်မှာ ယခင်ကလည်း နှစ်ကြိမ် ဘာဝနာတရား အားထုတ်ခဲ့ဖူး ပါသည်၊ တစ်ကြိမ်လျှင် ရက်ပေါင်း တစ်ရာထက် မနည်းသော ရက်ရှည် အားထုတ်ခဲ့ဖူးပါသည်၊ ဆရာတော် ဘုရားကြီးသည် စာရေးသူ၏ မူလ ကမ္မဋ္ဌာန်းဆရာတော် ဖြစ်တော်မူ ပါသည်၊

ယခု ရောက်လာခြင်းမှာ မိခင် ထားဝယ်မြို့ ဇေယျဝတီ ကျောင်းတိုက်

http://www.dhammadownload.com

ဆရာတော်ဘုရားကြီးများ



တစ်ပါး:ပါး: အဆင့်မြင့်သော ဓမ္မစွမ်းရည် အာသီဉာဏ်များ: ရရှိသွား:လျှင် တစ်ရွာလုံး: တစ်နယ်လုံး: ဝိပဿနာလုပ်ငန်း:ကို ဆောင်ရွက်နိုင်ပေလိမ့်မည်ဟူသော ယုံကြည်ချက်ရှိတော်မူပါသည်။

ထို့ကြောင့် ရဟန်းတော်များ: အရေး:ကြီး:ကြောင်: အခါသင့်တိုင်း: အမိန့်ရှိတော်မူပါသည်၊ အထူး:သဖြင့် ပရိယတ္တိ အရည်အချင်: ရှိသော ရဟန်းတော်များ:ကို စုစည်း:တော်မူပါသည်။

မှန်ပါသည်၊ ပရိယတ္တိ အရည် အချင်:ရှိသော ရဟန်းတော်များ:သာလျှင် ပဋိပတ္တိလုပ်ငန်း:မှာ ပိုမိုထိရောက်စွာ ထမ်း:ဆောင်နိုင်ပါသည်၊ ပရိယတ္တိ အရည်အချင်:ရှိမှလည်: ပဋိပတ္တိဆိုင်ရာ တရား:များ:ကို ဟောကြား:နိုင်ပေမည်၊ ဖြစ်ပေါ်လာသည့် ပြဿနာများ:ကိုလည်: ထေရဝါဒပိဋကတော်များ:နှင့် အညီ အထောက်အထား: ခိုင်ခိုင်လုံလုံနှင့် လမ်း: ညွှန်နိုင်,အဆုံး:အဖြတ်ပေး:နိုင်ပေမည်။

ဆရာတော်ဘုရား:ကြီး: အမိန့် ရှိတော်မူလေ့ရှိသည်မှာ အနာဂတ် သာသနာတည်တံ့ခိုင်မြဲရေး: ထွန်း:ကား: ပြန့်ပွား:ရေး:မှာ ပရိယတ္တိတစ်ခုတည်း:နှင့် သွား:လို့မရပေ၊ အတောင်တစ်ဖက်သာရှိ သော ငှက်သည် မိမိလိုရာသို့ မရောက်နိုင်သည့်အပြင် အသက် အန္တရာယ်နှင့် တွေ့ကြုံရတတ်သကဲ့သို့ ပရိယတ္တိ တစ်ခုတည်း: အား:ပြု၍ ကြာရှည်စွာ မထမ်း:ဆောင်နိုင်ပေ၊

ရှေး:ရှေး:သာသနာ့ ဦး:သျှောင် ဆရာတော်ကြီး:များ:သည် ပရိယတ္တိ-ပဋိပတ္တိတာဝန် နှစ်ရပ်ကို ဘက်မျှစွာ လက်ဆတ်ကမ်း:ထမ်း:ဆောင်လာခဲ့လို့ယနေ့ သာသနာ ရှိနေသည်။ ပဋိပတ္တိတစ်ခုတည်း: အား:ပြု၍ ထမ်း:ဆောင် ပါကလည်: နောင်အခါ သာသနာ အဆက်ပြတ်သွား:နိုင်ပါသည်။ ထို့ကြောင့် ထေရဝါဒပိဋကအခြေခံကစ၍ ပိုင်နိုင်သော ပရိယတ္တိ အရည်အချင်: ရှိသူများ: အချင်:ချင်: စုစည်း: လိုက်ပါကအင်အား:ရှိလာမည်၊ တောင့်တင်း:ခိုင်မာလာမည်၊ ဓမ္မသွေး:များ: ရောနှောကာ သာသနာတော်၌ များ:စွာ ကျေး:ဇူး:ပြစ်ထွန်း:လာပါမည်။ ဤကဲ့သို့ ပြုလိုက်လျှင် ဗုဒ္ဓအလိုတော်ကျ အနာဂတ်သာသနာတည်တံ့ခိုင်မြဲမည့်အကြောင်: ရည်ရွယ်တော်မူ၍ အား:သွန်ခွန်စိုက် ကြိုး:ပမ်း: တော်မူနေသည်မှာ ဆရာတော်ဘုရား: ကြီး:၏ သာသနာပြုလုပ်ငန်း:က ထင်ရှား:ပြနေပါသည်။

၃၉၈၈-၈၉ ခုနှစ်များ:၌ ဆရာတော်ဘုရား:ကြီး:သည် အလွန် ပြင်း: ထန်သော လောကဓံလေပြင်း: မုန်တိုင်း: တိုက်ခတ်ခြင်း:ကို ခံခဲ့ရပါသည်။ ဆူး: ကြား:ထဲမှာသီး:သော ဘူး:သီး:ကဲ့သို့ အဖက်ဖက်မှ အတိုက်အခိုက် အလွန်များ:ပါသည်။

လောကဓံ လေမုန်တိုင်း:သည် အမြစ်ပါ ကလော်၍ တိုက်ခတ်ရန် လာသော်လည်း: ပင်စည်အား:ကောင်း:ပြီး: ရေသောက်မြစ် ခိုင်မာခြင်း:ကြောင့် အပင်ကို မလဲစေနိုင်ပါ။ အပင် မြင့်၍ အပေါ်ယံ အကိုင်း:အခက်လောက်သာ တိုက်ခတ်နိုင်ပါသည်။ ခိုင်မြဲသော သိကၡာသုံး:ရပ် ကိုယ်ကျင့်တရား:တည်:

http://www.dhammadownload.com

ဆရာတော်ဘုရားကြီး



ဟူသော ပင်စည်ကြီးတုတ်ခိုင်အင်အားကောင်း၍ လေမုန်တိုင်းကြီး ရန်မူလာ၍ သွားပါသည်။ သို့သော်လည်း နောက်မဆုတ်ပါ။ တိုက်ခိုက်နေပါသည်၊ ဆရာတော်ဘုရားကြီးသည် ခန္ဓီမေတ္တာတရား လက်ကိုင်ထား၍ သည်းခံတော်မူနိုင်သည်မှာ အတုယူဖွယ် ကောင်းလှပါသည်။

ဆရာတော်ဘုရားကြီးသည် မိမိ ပိုင်သာပိုင်၍ မဆိုင်သော ကိစ္စများ၌ လည်းကောင်း၊ ဆိုင်သာဆိုင်၍ မပိုင်သောကိစ္စများ၌လည်းကောင်း ဝင်ရောက်စွက်ဖက်၍ တာဝန်မယူတတ်ပေ။ မိမိ ပိုင်လည်းပိုင် ဆိုင်လည်း ဆိုင်သော ကိစ္စများ၌သော်လည်း အချိန်အခါနှင့် အခြေအနေအရ မလိုအပ်သေးဟု ယူဆသောကိစ္စများ၌ အလောတကြီး လုပ်လေ့မရှိပေ။

ကိစ္စတစ်ရပ် ပြဿနာတစ်ခုနှင့် ကြုံတွေ့ရသောအခါ အကျဉ်းချုံး၍ အချိန်တိုတိုဖြင့် ဆုံးဖြတ်ချက်ချရိုးထုံးစံမရှိခဲ့ပါ။ မိမိ လုပ်သင့်သည်ဟု အတည်ပြု ဆုံးဖြတ်ချက် ချပြီးသော အခါ၌ကား မိုးပေါက သိကြားမင်းတား ဆီးလာသော်လည်း နောက်ဆုတ်မည်မဟုတ်ပေ။ ရှေ့သို့ ဆက်လက် လုပ်ကိုင်သွားမည်သာ ဖြစ်သည်။ အများအကျိုးရှိမည့် လုပ်ငန်းမှန်သမျှ သူတစ်ပါး မကြိုက်စေကာမူ ထိုကိစ္စမျိုးကို ဆောင်ရွက်တော်မူသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး ဦးဆောင်သော လုပ်ငန်းများ၌ အမှားတွေ့ဖို့ ခဲယဉ်းပါသည်။ လိုအပ်တာ တွေ့က ချက်ချင်းပြင်ဆင်တော်မူသည်။

၁၉၈၉ခုနှစ်ဦးပိုင်း၌ ဝါကျွတ်တော်မူသောအခါ ဆရာတော် ဘုရားကြီးသည် ပဲခူး ကျောက်တန်းကျေးရွာ မဟာဗောဓိတောရကျောင်း၌ တောရခိုလှုံတော်မူ၍ ဘာဝနာတရား အားထုတ်ကာအနားယူတော်မူပါသည်။မဟာဗောဓိတောရကျောင်း၌ ဘာဝနာတရား အားထုတ်=နေစဉ် ယောဂီများ ရောက်လာပါသည်။ ဆရာတော်ဘုရားကြီး ချမ်းသာစွာနေနိုင်ရန်ဟူသော ရည်ရွယ် ချက်ဖြင့် စာရေးသူသည်ရန်ကုန်မှ တောရကျောင်းသို့ ဥပုသ်နေ့တိုင်း နေ့ချင်းပြန်သွားပြီး ယောဂီများကို တရားဟော တာဝန်ယူရပါသည်။ ည ကိုးနာရီလောက်မှ ရန်ကုန်သို့ ပြန်ရောက်ပါသည်။

ထိုနှစ် မဟာဗောဓိတောရကျောင်းမှာတောရခိုလှုံတော်မူပြီးနောက် ပြည်ပသို့ ဓမ္မဒူတခရီး ကြွတော် မူပါသည်။ ဓမ္မဒူတခရီးမှ ပြန်ကြွ လာသည့်အခါ ယင်းတောရကျောင်း၌ပင် ဝါဆိုတော်မူလိမ့်မည်ဟု အများက သိနေကြပါသည်။ ကြည်ညိုရင်းနှီးသော တပည့်ဒကာဒကာမများက ရန်ကုန်မှာ နေရာရကြပါသည်။ ရမလိုလိုနှင့် မျှော်လင့်ထားသောနေရာများ လက်လွတ်သွားကြသည်။

နေရာရှာဖွေရင်း စာရေးသူမှာ လမ်းစတစ်ခု ရရှိသွားပါသည်။ စာရေးသူ ယခုနေသော ကုံကော်မြို့ကျောင်း မြေနေရာကို ထားဝယ်မြို့-စရစ်ရပ်မှ ရဟန်းမအရင်း ဒေါ်ကြင်တိန်၊ ဒေါ်ကြင်မွာတို့က လည်းကောင်း၊ ရှေ့နေ ဦးသန်းဆွေ၊ ဒေါ်ခင်ခင်ဝင်း မိသားစုတို့က လည်းကောင်း၊ မောင်းမကန်ရွာမှ ဦးမောင်ကြိုင်၊ ဒေါ်ကာဌေး မိသားစုတို့က လည်းကောင်း ဝယ်ယူလှူဒါန်းကြပါသည်။

ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရန်အတွက် မူလကျောင်းနှင့် တွဲကာ အုပ်ပတ်ကား နှစ်ထပ်တိုက်ကျောင်းကလေး ဆောက်ပါသည်။ ဦးဌေးအောင်နှင့် ဒေါ်သန်းသန်းမြင့်တို့က ကူညီကြသဖြင့် ၄၅ ရက်အတွင်း ကျောင်းပြီးသွားပါသည်။

ကျောင်းပြီးသွားသောအခါ ဟိုတစ်စု သည်တစ်စု ဖြစ်နေသော ဆရာတော်ဘုရားကြီး၏ တပည့်များကို ကျောင်းသို့ ပင့်ထားပါသည်။ ဂျာမန်ရဟန်းတော် ဦးဝိဝေကာနန္ဒနှင့် မလေးရှားရဟန်းတော် ဦးဝိသုဒ္ဓါစာရ နှိုင်ငံခြားသားရဟန်းများလည်း ပါဝင်ပါသည်။

ထိုနှစ် ဝါခေါင်လဆန်း (၁၄) ရက်နေ့မှာ ဆရာတော်ဘုရားကြီး ဓမ္မဒူတခရီးမှ ပြန်ကြွလာတော်မူပါသည်။ လေဆိပ်မှ ကြိုလာပြီး မော်တော်ကားထဲမှာပင် အစီအစဉ်ရေးထားသောစာကို ဆရာတော်ဘုရားကြီးအား ပြပါသည်။ ရိပ်သာရောက်ပြီး ခေတ္တမျှ အနားယူကာ မထေရ်ကြီးများထံသွားပြီး နှုတ်ဆက်ပါသည်။ ခေတ္တမျှ

http://www.dhammadownload.com

သံသနဂ္ဂဟဝတ္ထုကထာ



ကျောင်းသို့ ပြန်ပြီး ဆရာတော်ဘုရား ကြီးကို ကံကော်မြှိုင် သာသနာ့ရိပ်သာသို့ ပင့်ဆောင်ခဲ့ပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပြုလုပ်ရန် မြေနှစ် ဧကနှင့် နှစ်ထပ်တိုက်ကြီးကို ဆရာတော်ဘုရားကြီးအား ကျောင်းဒါယကာ ဦးသာထွန်းအောင်၊ ဒေါ်နီတို့က လှူဒါန်းထားသည်မှာ နှစ်အတန် ကြာပါပြီ၊ သို့သော်လည်း အချို့ ပုဂ္ဂိုလ်များက အကြောင်းအမျိုးမျိုးပြကာ နှောင့်ယှက်ထားသဖြင့် အခက်အခဲနှင့် တွေ့ရပြီး ဆရာတော်ဘုရားကြီး လက်ထဲသို့ မရောက်နိုင်ဘဲ ဖြစ်နေပါသည်။

ယင်းသို့ အခက်အခဲကြားမှပင် ဦးသာထွန်းအောင်၏ ကိုယ်စားလှယ် တော်ကြီး ဦးသန်းမောင်က အထက် ဖော်ပြပါ မြေနှင့် အဆောက်အအုံများ လှူဒါန်းထားသော စာချုပ် စာတမ်းများကို ဆရာတော်ဘုရားကြီးအား လှူဒါန်းနိုင်ခဲ့ပါသည်၊ အဟောဝတ-ရာဟုခံတွင်းကလွတ်ထွက်လာသော ရွှေကျောင်းတော်ကြီးပါတကား ဟု ဥဒါန်းကျူးရပါတော့သည်။

ဓမ္မလမ်းကြောင်းအတိုင်း ရရှိထားသော မိမိပိုင်ပစ္စည်းမှန်ပါက ပိုင်ရှင်ထံ ပြန်ရခြင်းသည် သစ္စာတရားပင် ဖြစ်ပါသည်။ အမှန်တရားကို ဖုံးကွယ်ထား၍မရဟူသော ဓမ္မနိယာမတရားကို သူတို့ မသိယောင်တကား။

ရွှေကျောင်းတော်ကြီးကို အလှူခံတော်မူပြီး မကြာမီပင် ဒကာ ဒကာမများ အစည်းအဝေး ပြုလုပ်ပါသည်၊ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအသင်းကို ဖွဲ့စည်းပါသည်၊ အသင်းဖွဲ့စည်းပြီး မကြာမီ သာသနာ့မိခင်ကြီး အမေသန်း လှူဒါန်းသော ငွေကို မ,တည်၍ ဆွမ်းစား ကျောင်းနှင့် အမျိုးသမီးယောဂီဆောင်ကို စတင် ဆောက်လုပ်သည်၊ ထိုနှစ် တန်ဆောင်မုန်းလဆန်း (၉) ရက်နေ့၌ နဝမီ ကံကော်မြှိုင် သာသနာ့ရိပ်သာမှ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ဆရာတော်ဘုရားကြီး ကြွတော်မူပါသည်။ နောက်ပါရဟန်း (၈) ပါးနှင့်အတူ သီတင်းသုံးတော်မူပါသည်။

လောကဓံတရားဟူသည် အသက်ရှိ သတ္တဝါမှန်သမျှ မကင်းစကောင်းသော နိယမတရားပင် ဖြစ်သည်၊ တစ်ခုမဟုတ်တစ်ခုနှင့် ကြုံတွေ့ရပေမည်၊ မိမိပြုခဲ့သောကံတရားကို အကြောင်းခံ၍ လောကဓံတရားကို တွေ့ကြုံရပေမည်။ သို့သော် ခံနိုင်ရည် ရှိဖို့ လိုပါသည်။

ဆရာတော်ဘုရားကြီးကား မည်မျှအင်အားကြီး သော လောကဓံ လေမုန်တိုင်း တိုက်ခတ်လာစေကာမူ သိက္ခာသုံးရပ် အကျင့်မြတ်ကို အစွမ်းကုန် အားထုတ်တော်မူလျက် ရှိသောကြောင့် မယိမ်းမယိုင်သည့်အပြင် တည်ကြည် ထောင်မတ်လျက်သာ နေပါသည်။ အပင်မြင့်သဖြင့် တိုက်ခိုက်လာသော မုန်တိုင်းသည် အပေါ်ယံ ခက်ဖျားလောက်သာ ဝေ့ယမ်း၍ လွင့်စင်သွားပါသည်။ အားမတန်၍ မာန်လျော့သွားသော မုန်တိုင်းကား ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်လာကာ မုန့်မုန့် ကျေမွပြီး အစပျောက်သွားလေပြီ။

ခန္တီ မေတ္တာ သစ္စာ လက်နက်အင်အား စွမ်းပကား ရှိတော် မူသော ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ပစ်တိုင်း ပစ်တိုင်းထောင်နေသော ပစ်တိုင်းထောင်ပမာ ယနေ့ကမ္ဘာတစ်လွှား ကျော်ကြားတော်မူသော၊ ကြည်ညိုလေးမြတ်ဖွယ်ကောင်းသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပါတကား။

ပစ်တိုင်းထောင်

ပစ်တိုင်းမလဲ၊ ထောင်မြဲသူပါ၊
ကမ္ဘာတစ်လွှား၊ ကျော်ကြားပေါလာ၊
အမုန်းမဖက်၊ ပြုံးလျက်ရှင်သာ၊
အများကျိုး၊ သည်ပို့တို့ဆရာ။

ခန္တီ ပရမံ တပေါ တိတိက္ခာ

များကျိုးမျှော်ရည်၊ ဆောင်ရွက်မည်၊ တည်ကြည်စိတ်ဓာတ် ခိုင်ရသည်၊

မသိလို့ပြော၊ သိလို့ပြော၊ လူသဘောကို ခွင့်လွှတ်မည်၊

သူပြောဆိုချက်၊ ကိုယ့်အတွက်၊ ပွန်းပဲ့ မသွားပြီ၊

သည်းခံကျင့်သုံး၊ အမြတ်ဆုံး၊ လူမှန်း မရှိပြီ။ ။

ကံကော်မြှိုင်ဆရာတော်

http://www.dhammadownload.com



ပဂုံကုသိုလ်စံ

(သာသနာပြု)

သီတဂူဆရာတော်

မြန်မာတိုင်းရင်းသားတို့၏ သာသနာတော်၌ သာသနာပြုဟူသည် ဓမ္မကို လူသားတို့သင်တတ်၊ ကျင့်တတ်၊ သိတတ်အောင် ပြုစုအားထုတ်ခြင်းပင် ဖြစ်၏၊ အခြားတစ်ပါးသော ယုံကြည်မှု၊ ကိုးကွယ်မှုရှိနေသူတို့ကို ထိုယုံကြည်ကိုးကွယ်မှုတို့ကို စွန့်လွှတ်စေ၍ မြတ်ဗုဒ္ဓကို ပြောင်း၍ ယုံကြည်ကိုးကွယ်ကြစေဖို့ အားထုတ်ခြင်း မဟုတ်ပါပေ။

အဘယ့်ကြောင့်ဆိုသော် ယုံကြည်ကိုးကွယ်မှုမျှဖြင့် လူသားတို့သည် ဆင်းရဲဒုက္ခအထွေထွေမှ လွတ်မြောက်နိုင်ခြင်း၊ လူသားတို့ ဘဝအဆင့်အတန်း မြင့်တက်နိုင်ခြင်းကား အမှန်တကယ်ပင် မရှိနိုင်၊ မဖြစ်နိုင်သောကြောင့် လည်းကောင်း၊ ဓမ္မသည်သာလျှင် လူသားတို့၏ ဘဝကိုလည်း မျက်မှောက်မှာပင် အဆင့်ဆင့် မြှင့်တင်ပေးနိုင်သော နည်းစနစ်တစ်ခု ဖြစ်သောကြောင့် လည်းကောင်း၊ လူသားတို့ ဝီရိယနှင့် ပညာစွမ်း ရှိသလောက် ကျင့်လည်း ကျင့်သုံးနိုင်ခွင့် ရှိရုံမျှမက လူသားတို့ဘဝ အဆင့်အတန်းကို မိမိတို့ကိုယ်တိုင် မြှင့်တင်နိုင်ခွင့် ရှိခြင်း၊ ဒုက္ခအထွေထွေမှ လွတ်မြောက်နိုင်ခွင့် ရှိခြင်း၊ လူတို့၏ အသိစိတ်နှင့် ဝီရိယပညာတို့ကို လွတ်လပ်စွာ တွေးတောစဉ်းစားကြံစည်ခွင့်၊

http://www.dhammadownload.com

သောသေးသိုဂေါဒမဘုရားကြီး



အသုံးချခွင့်၊ အားထုတ်ခွင့် ရှိခြင်းတို့ကြောင့် လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ တပည့်သားတို့သည် တစ်ပါးလူတို့၏ ယုံကြည်ကိုးကွယ်မှုကို ဖယ်ရှားပြောင်းလဲပစ်ဖို့ အားမထုတ်၊ ဓမ္မပြန့်ပွားရေးနှင့် ထိုဓမ္မကို လူတို့ သိမြင်နားလည်လာရေး၊ သင်ကြားနိုင်ရေး၊ ကျင့်သုံးနိုင်ရေးတို့အတွက်သာ အစဉ်မပြတ် အားထုတ်နေကြသည်သာ ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ သာသနာဟူသည်မှာ ဓမ္မသာလျှင် ဖြစ်သည်။ ဓမ္မဟူသည် လူသားတို့အား လုံး သင်နိုင်ခွင့်ရှိသော၊ ကျင့်နိုင်ခွင့် ရှိသော၊ သိမြင်နားလည်နိုင်ခွင့် ရှိသော နည်းစနစ်တစ်မျိုး ဖြစ်သည်။

ဓမ္မဟူသည် ဂေါတမဗုဒ္ဓ တစ်ဆူတည်းကသာ ဟောကြားထားသည်မဟုတ်။ ရှေးရှေးက ဗုဒ္ဓများလည်း ဤဓမ္မကို ဟောခဲ့ပြီ၊ နောက်နောက် မြတ်ဗုဒ္ဓများလည်း ဤဓမ္မကိုပင် ဆက်၍ ဟောကြားတော်မူကြလိမ့်ဦးမည်သာ ဖြစ်သည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာတော်၌ ဓမ္မအဟောင်းလည်းမရှိ၊ ဓမ္မအသစ်လည်း မရှိ၊ တစ်ခုတည်းသော ဓမ္မ (စကာယန) သာလျှင် ဖြစ်သည်။

ဓမ္မဟူသည် သာသနာ၌ သင်ကြားခြင်းသည် ပထမ၊ ကျင့်သုံးခြင်းသည် ဒုတိယ၊ သိမြင်ခြင်းသည် တတိယဟူ၍ သုံးဆင့် ရှိသည်။

သုတ် ဝိနည်း အဘိဓမ္မာတို့သည် နည်းလမ်း စည်းကမ်းသဘောတရားတို့ကို နားလည်စေဖို့ သင်ကြားရန် ဖြစ်သည်၊ သီလ၊သမာဓိ၊ပညာတို့သည် ကိုယ်နှုတ် လွန်ကျူးမှုများကို ထိန်းသိမ်းရေး၊ စိတ်သောင်းကျန်းမှုများကို ထိန်းချုပ်ရေး၊ စိတ်အညစ်အကြေးများကို သန့်ရှင်းစေရေးတို့အတွက် ကျင့်သုံးရန် ဖြစ်သည်။

လူသားတို့ စိတ်စွမ်းရည်၊ ဉာဏ်စွမ်းရည်နှင့် ဝီရိယစွမ်းရည် ရှိသလောက် သိမြင်လာမည့် အရာဝတ္ထုကား အရှိတရား၊ နှင့် အမှန်တရား (ပရမတ္ထနှင့် သစ္စာ) တို့ပင် ဖြစ်သည်။ လူသားတို့၏ အမြင့်ဆုံးသော အသိဉာဏ်မှာ အရှိနှင့် အမှန်ကို သိမြင်ခြင်းပင် ဖြစ်သည်၊ အရှိနှင့်အမှန်ကို လူသားတို့ တကယ် သိအောင် သင်ကြားပေးသူ ဆရာမှာ မြတ်ဗုဒ္ဓသာလျှင် ဖြစ်သည်။။

ထို့ကြောင့် လူသားတို့သည် ဆရာသင်ပြသည့်အတိုင်း ကျင့်သုံးရသည်၊ ကျင့်ခြင်း(စရဏ)ကို အခြေခံမှ အသိ (ဝိဇ္ဇာ) ကို ရပါသည်။ အရှိနှင့်အမှန်ကို တကယ် သိ၍ ဝိဇ္ဇာဉာဏ်ကို အပြည့်အစုံရလျှင် ထိုသူသည် သန့်ရှင်း စင်ကြယ်ခြင်း (ဝိသုဒ္ဓိ) နှင့် လွတ်မြောက်ခြင်း (ဝိမုတ္တိ) တို့ကို ရရှိတော့သည်သာ ဖြစ်သည်။

မြတ်ဗုဒ္ဓသည် လူသားတို့၏ အကျင့်နှင့် အသိကို မြှင့်တင်ရာ၌ အစဉ်အလာများ၊ အဆင့်ဆင့် ဟောပြောချက်များ၊ ကောလာဟလများ၊ မိုဉ်းပြုချက်များကို စိတ်ပညာအတွေးအခေါ်ပညာများ၊ ထင်မြင်ယူဆချက်များ၊ နာမည်ကြီး ဂုဏ်ကြီး ပုဂ္ဂိုလ်တို့၏ စကားများ၊ ကိုယ့်ဆရာသင်ကြားပို့ချချက်များတို့ကို ရရှိရုံမျှဖြင့် သင်တို့၏ ဘဝအဓိပ္ပာယ်ပြည့်စုံပြီဟု ဆုံးဖြတ်၍ အဆုံးသတ်ကာ ရပ်မနေကြနှင့်၊ ကိုယ်တိုင်ကျင့်ခြင်းဖြင့် ကိုယ်တိုင်အောင်မြင်အောင် အားထုတ်ကြဖို့ ဟောကြားဆုံးမတော်မူပါသည်။

ငါဘုရားကို ကြည်ညိုကိုးကွယ်နေကြမည့်အစား ဝိဇ္ဇာ၊ ဝိသုဒ္ဓိ၊ ဝိမုတ္တိတို့ကို ရအောင် ကျင့်ကြ အားထုတ်ကြဟူ၍သာ အစဉ်မပြတ် ဟောတော်မူပါသည်။

http://www.dhammadownload.com



ဤသို့လျှင် မြတ်ဗုဒ္ဓကဲ့သို့ ရဲရင့်သော အဆုံးအမကို ပေးသော ဘာသာရေးဆရာသည် ကမ္ဘာဘာသာရေးသမိုင်းမှာ မရှိခဲ့ပါပေ။

မပြတ်စီးဆင်းနေသော ရေသည် ကြည်လင် သန့်ရှင်း၏။ မြတ်ဗုဒ္ဓသည် (၄၅) နှစ် မရပ်မနား ခရီးသွား၏။ ဓမ္မကို ဟောပြ၏။ လူတို့၏ ဘဝအသိနှင့် အကျင့်ကို မြှင့်တင်ပေးခဲ့၏။ သူ ကိုယ်တိုင် ကျင့်ခဲ့၊ သိခဲ့သော စရဏ၊ ဝိဇ္ဇာ၊ ဝိသုဒ္ဓိနှင့် ဝိမုတ္တိတို့ကို ကွယ်ဝှက်ထားခြင်း မရှိ၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယနှင့် ပညာရှိသူတိုင်းအား အညီအမျှ ဝေငှပေးခဲ့သည်သာ ဖြစ်၏။

မြတ်ဗုဒ္ဓသည် လှည့်လည်သွားလာ သာသနာပြုသော ပုဂ္ဂိုလ်တို့၏ သမိုင်းမှာ အဦးဆုံးသော ရှေ့သွားခေါင်းဆောင် တစ်ယောက် ဖြစ်ခဲ့ပါသည်။

ခိုင်ခဲ့သော အခြေခံစည်းမျဉ်း (ဝိနယ) ကို ချမှတ်၍ လူတန်းစား အသီးသီးနှင့် ကိုက်ညီသော ကျင့်စဉ် လုပ်ထုံးလုပ်နည်း (သုတ္တန်) ကို သင်ပြကာ သတ္တဝါအားလုံးအတွက် တပြေးညီ လေးနက်သော သဘောတရား (အဘိဓမ္မာ)ကို ခံယူချက်ထားကာ ကျစ်လစ်ခိုင်မာသည့် သံဃာ့အစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် ဗုဒ္ဓဖြစ်ပြီးသည့်နောက် (၅) လအကြာ အစဦးစွာ တည်ထောင်ခဲ့သော ဘိက္ခုသံဃာ့အစည်းအရုံးဝင် ရဟန္တာ (၆၀) တို့အား "စရထ ဘိက္ခဝေ စာရိကံ ဒေသေထ ဘိက္ခဝေ ဓမ္မံ" ဟူ၍ သာသနာပြုမိန့်ခွန်း ပေးခဲ့ပါသည်၊ မပြတ် ခရီးသွား၊ ဓမ္မကို ဟောကြားဖို့ မိန့်ကြားခဲ့ပါသည်။

မြတ်ဗုဒ္ဓ၏ သားကောင်း တပည့်ကောင်းတို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း သြဝါဒအတိုင်း မြတ်ဓမ္မကို မူရင်းအတိုင်း သန့်သန့်ရှင်းရှင်း သယ်ဆောင်လာခဲ့ကြသည်မှာ နှစ်ပေါင်း (၂၅၀၀) ကျော်ခဲ့ပါပြီ။

နှစ်ပေါင်း (၂၅၀၀) ခရီးမှာ သံဃာ့အစည်းအဝေးကြီးများ (၆) ကြိမ်ကျင်းပကာ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မကို အယူအဆ ဟောင်းများကို ပယ်နှုတ်ခြင်း၊ အယူအဆသစ်များ ဖြည့်စွက် သွတ်သွင်းခြင်း မပြုဘဲ မူရင်းအတိုင်းသာ အတည်ပြု ပြဋ္ဌာန်းခဲ့ကြပါသည်။

မြတ်ဗုဒ္ဓ၏ လက်ထက်တော်က ဓမ္မဒူတပုဂ္ဂိုလ်တို့သည် အများအားဖြင့် အိန္ဒိယပြည်တွင်းမှာသာ လှည့်လည် တော်မူခဲ့ကြပါသည်။ မြတ်ဗုဒ္ဓ၏ နောက်နှစ်ပေါင်း နှစ်ရာကျော် (သုံးရာစု) နှစ်များမှာ "စရထ ဘိက္ခဝေ စာရိကံ ဒေသေထ ဘိက္ခဝေ ဓမ္မံ" ဟူသည့် မိန့်ခွန်းတော်ကို ဦးထိပ်ရွက် ပန်ဆင်ကာ လှည့်လည်တော်မူကြသည်။

ဓမ္မဒူတ အရှင်မြတ်တို့မှာ အိန္ဒိယပြည်၏ အပြင်သို့ ထွက်ကြတော်မူခဲ့ကြပါပြီ။ အရှင်ဓမ္မရက္ခိတမထေရ်တို့သည် ပါကစ္စတန် (ဂန္ဓာရ)၊ အာဖဂန်နစ္စတန်၊ ဂရိနှင့် တူရကီ (ယောနက)၊ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့သည် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား (သုဝဏ္ဏဘူမိ) နှင့် အရှင်မဟိန္ဒ နှင့် အရှင်မ သဃ်မိတ္တာတို့သည် လင်္ကာဒီပ (သီရိလင်္ကာ) နိုင်ငံများသို့ ကြွ ရောက်တော်မူခဲ့ကြ၍ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မကို ဖြန့်ချိတော်မူခဲ့ကြပါသည်။

သာသနာသုံးရာစုနှစ်က ဓမ္မဒူတ အရှင်တို့သည် မဇ္ဈိမတိုက်၏ အပြင်သို့ ထွက်ကာ အာရှတိုက် တစ်ခွင်မှာ ဓမ္မကို ဖြန့် ချိတော်မူခဲ့ကြပါသည်။

ယနေ့ မျက်မှောက်ခေတ် သာသနာ (၂၆) ရာစုနှစ်များမှာ အာရှတိုက်မှ ထွက်ကာ ဥရောပ၊ အာဖရိက၊ အမေရိက၊

http://www.dhammadownload.com

သံသရာလွှိုင်ဘုရင်ကြီး

ဩစတြေးလျတိုက်ကြီးများဆီသို့ ထွက်ကာ လှည့် လည်ကာ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မကို ဖြန့်ချိတော်မူနေကြပါပြီ၊ ဆန္ဒနှင့် စိတ် ရှိကြသည့် လူသားတိုင်းအား စရဏနည်း၊ ဝိဇ္ဇာ ဉာဏ် ဝိသုဒ္ဓိ၊ ဝိမုတ္တိများကို ဖြန့်ချိတော်မူနေကြပါပြီ။

ဤသို့ ဓမ္မကို ဖြန့်ချိရာ၌ သာသနာပြုမင်းအပေါင်းတို့၏ ကြက်သရေဆောင်ဖြစ်သော ဓမ္မာသောကမင်းကြီးသည် သူ၏ ကျယ်ပြန့်စွာသော ဓမ္မအင်ပါယာကြီး၌ မြတ်ဗုဒ္ဓ၏ ထူးခြားသော ဖြစ်ရပ်များ ရှိခဲ့သည့် နေရာတိုင်းမှာ သမိုင်းမှတ်တိုင်အဖြစ် ကျောက်စာတိုင်ကြီးများ စိုက်ထူခဲ့ပါသည်။

သူ၏ ကျောက်စာတိုင်ကြီးများ၏ ထိပ်တွင် ခြင်္သေ့၊ ဆင်၊ မြင်း၊ နွားလားဥသဘ အရုပ်ကြီးများ အထွတ်တင်ထား ခဲ့သည်ကို တွေ့ရပါသည်။

ဤသတ္တဝါကြီး လေးကောင်တို့ကို ကျောက်တိုင်ထိပ်မှာ တင်ထားခဲ့ခြင်းသည် သာသနာပြုအရှင် ဓမ္မဒူတပုဂ္ဂိုလ်တို့အား စိတ်ဓာတ် ရေးရာ ခံယူချက်အတွက် လမ်းညွှန်ချက်များ ပေးထားခဲ့ခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

* ခြင်္သေ့သည် ဝိရိယနှင့် သတ္တိကောင်းသည်၊ သားကောင်တို့၏ ရှေ့ဆောင်မင်း ဖြစ်၏။
* ဆင်သည် သတ္တိနှင့် ခွန်အားဗလ ကောင်းသည်၊ သူတစ်ပါးတို့၏ ဝန်ကို ဆောင်၏။
* မြင်းသည် လျင်မြန်သော အရှိန်အဟုန် ရှိသည်၊ သူတစ်ပါး၏ အကျိုးကို ဆောင်၏။
* နွားလားသည် သည်းခံ၍ သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်၏။

ထို့ကြောင့် သာသနာပြု ပုဂ္ဂိုလ်များ ဓမ္မဒူတအရှင်များသည်

ခြင်္သေ့ကဲ့သို့ သတ္တိနှင့် ဝိရိယလည်း ရှိရမည်။

ဆင်ကဲ့သို့ ကိုယ်အား၊ ဉာဏ်အား၊ ပညာအား၊ စရဏအားတို့နှင့်လည်း ပြည့်စုံရမည်။

မြင်းကဲ့သို့ ဓမ္မဖြန့်ချိရေး ဓမ္မဒူတအလုပ်၌ နှံ့နေးခြင်း မရှိရ အစဉ်သဖြင့် လျင်မြန်သွက်လက် ထက်မြက်နေကြရမည်။

နွားလားဥသဘကဲ့သို့ လောကဓံ မုန်တိုင်းကို တုံ့ပြန်ခြင်း မရှိ၊ သည်းခံ၍သာ သူတစ်ပါးအကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရမည်

ဟု အသောကကျောက်တိုင်ကြီးများက လမ်းညွှန်ချက်အတိုင်း မြတ်ဗုဒ္ဓ၏မြတ်ဓမ္မကို ကမ္ဘာနေရာတိုင်းသို့ ရောက်အောင် သယ်ဆောင်ကြရမည် ဖြစ်ပါသည်။

ဟိမဝန္တာ၌ အစဉ်သဖြင့် ကြည်လင်အေးမြသော ရေတို့ဖြင့် ပြည့်သော အနောတတ္တရေအိုင်ကြီး ရှိပါသည်။ ဆီးနှင်းတွေ ပျော်ဝင်သောအခါ၊ မိုးကြီးရွာသောအခါ အနောတတ္တအိုင်မှ ရေတို့သည် လျှံထွက်ကာ အရုပ်လေးမျက်နှာတို့သို့ စီးဆင်းကြကုန်၏။ အနောတတ္တအိုင်၏ အရုပ်လေးမျက်နှာ၌ တစ်မျက်နှာစီဝယ် ဆင်၊ မြင်း၊ ခြင်္သေ့၊ နွားတို့ အသီးသီးနေကြကုန်၏။

ဓမ္မာသောကသည် မြတ်ဗုဒ္ဓကို အနောတတ္တ ရေအိုင်ကြီးနှင့် တူပေ၏ဟု လည်းကောင်း၊ ရေစီးကြောင်းကြီးလေးခုတို့ အရုပ်လေးမျက်နှာ စီးဆင်းသွားသည်တို့ကို ဓမ္မဒူတ အရှင်တို့ ကမ္ဘာအနှံ့ သယ်ဆောင်သွားကြသော ဓမ္မရေစီးကြောင်းကြီးဟု လည်းကောင်း၊ ဓမ္မဒူတအရှင်တို့သည် ခြင်္သေ့၊ ဆင်၊ မြင်း၊ နွား အနောတတ္တအိုင် လေးမျက်နှာမှာ ရှိသော သတ္တဝါကြီး လေးကောင်တို့အလား သတ္တိ၊ ဗလ၊ ဇဝ၊ ခန္တီ၊ ဂုဏ်၊ အရည်အချင်းများနှင့် ပြည့်စုံရမည်ဟု လည်းကောင်း အသီးသီးညွှန်ပြ အဓိပ္ပာယ် ဆောင်သောအားဖြင့် သူ၏ ကျောက်တိုင်သာသနာမှတ်တိုင်ကြီးများ၏ထိပ်ဝယ် သတ္တဝါကြီးလေးကောင်တို့၏ အရုပ်ကြီးများကို အထွတ်တင် တပ်ဆင်ခဲ့ခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤသို့လျှင် ဝိရိယ၊ သတိ၊ ဗလ၊ ဇဝ၊ ခန္တီ ဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ ပြည်တွင်းပြည်ပ မရပ်မနား ကြွသွားကာ မြတ်ဓမ္မပြန့်ပွားရေးကို အစဉ်မပြတ် အားထုတ် တော်မူသော သာသနာ့ဓုရဝဟက ဓမ္မဒူတဆရာတော် အရှင်ပဏ္ဍိတမဟာထေရ်ကို ဤသာသနာ့အောင်လံ စာတမ်းကလေးဖြင့် လေးမြတ်စွာ ပူဇော်ပါသည်။

မေတ္တာစိတ္တေန

ဘာသယေ မောတယေ ဝမ္မံ၊ ပဂ္ဂဏှေ ဣသီနံ ဝဇံ။
သုဘာသိတဒ္ဓဇော ဣသယော၊ ဝမ္မော ဟိ ဣသီနံ ဝဇော။

PREACH, GLORIFY THE TRUTH, AND LIFT THE SAGES' FLAG ON HIGH EMBLEM OF SAINTS IS GOODLY SPEECH; TRUTH IS THE FLAG THEY FLY.

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။
သူတော်ကောင်းတရား နေရာတိုင်းမှာ
ထွန်းတောက်ပါစေ။

အရှင်ဉာဏိဿရ (သီတဂူ)
ကမ္ဘာဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး

http://www.dhammadownload.com



စာရေးသူနိဒါန်းကျော်မြင့်

ဤတစ်ပါးအား ကယ်တင်ရေးနှင့် မိမိကိုယ်တိုင် လွတ်မြောက်ရေးဟူသော အရေးကိစ္စ နှစ်ခုအနက် အဘယ် အရေးကိစ္စကို ဦးစားပေးသင့်သနည်း ဟူသော မေးခွန်းကို စာရေးသူ ကြိမ်ဖန်များစွာ ကြားဖူးပါသည်။

ဤမေးခွန်း၏ အဖြေသည်လည်း ဖြေဆိုသူအပေါ် မူတည်၍ ကွဲပြားခြားနားသည်။

http://www.dhammadownload.com

သံသနဒီပကြောင်း

အချို့က သူတစ်ပါးအား ကယ်တင်ရေးကို ဦးစား ပေးသင့်သည်ဟု ဖြေကြသည်။ မိမိ၏အရေးကို ဘေးဖယ်၊ အနစ်နာခံကာ သူတစ်ပါးအား ကယ်သင့်သည်ဟု ထင်မြင်ကြသည်။ အချို့ကမူ နှစ်ခုလုံး အရေးကြီးပါသည်ဟု ဖြေကြသည်။ အချို့က မိမိကိုယ်ကို လွတ်မြောက်ရန် ဦးစားပေး ဆောင်ရွက်သင့်သည်ဟု ဆိုကြသည်။

စာရေးသူတို့၏ ထေရဝါဒဗုဒ္ဓသာသနာတွင် မိမိကိုယ်ကို သံသရာမှ လွယ်မြောက်ရန် ရှေးဦးစွာ အားထုတ်ကြသည်။ ထို့ကြောင့် ထေရဝါဒ မဟုတ်သူတို့က "တစ်ကိုယ်ကောင်းဆန်သူများ" အဖြစ် ရှုမြင်ကြသည်။ ဝေလည်း ဝေဖန်ကြသည်။

သာမန် အရေးကိစ္စများတွင် သူတစ်ပါးအား ကယ်တင်ရေးကို ဦးစားပေးသည်က မွန်မြတ်ပါသည်။ သို့သော် သူတစ်ပါးအား သံသရာမှ လွတ်မြောက်အောင် ကယ်တင်သည့် အရေးကိစ္စမှာ သာမန်ကိစ္စကဲ့သို့ ခပ်ပေါ့ပေါ့ တွေးချမရ။ မိမိကိုယ်ကို လွတ်မြောက်အောင် ရုန်းပြီးမှ သူတစ်ပါးကို ကယ်တင်ခြင်းက ပို၍ သဘာဝကျသည်။ လက်တွေ့ ကျသည်။

ရွှံ့နွံထဲတွင် လူနှစ်ဦး နာခေါင်းဖျားတိုင်အောင် နစ်မြုပ်နေသည့် အခြေအနေတွင် နှစ်ဦးအနက် တစ်ဦးက ကျန်တစ်ဦးကို "ငါ မင်းကို ကယ်ပါ့မယ်ကွာ"ဟု ဆိုလျှင် ဖြစ်နိုင်ပါမည်လော။ လုံးဝ မဖြစ်နိုင်ပါ။

မြတ်စွာဘုရားက အရှင်စုန္ဒအား "စုန္ဒ မိမိသည် ကာမဂုဏ်ရွှံ့နွံ၌ နစ်မြုပ်နေသူ ဖြစ်နေပါလျှင် ရွှံ့နွံ၌ နစ်မြုပ်နေသော အခြားသူကို ထုတ်ဆောင်နိုင်စရာ အကြောင်းမရှိ။ မိမိသည် ကာမဂုဏ်ရွှံ့နွံ၌ နစ်မြုပ်နေသူ မဟုတ်ခဲ့လျှင်ကား ထုတ်ဆောင်နိုင်စရာ အကြောင်း ရှိသည်"ဟု မိန့်တော်မူ ခဲ့သည်။


ဤနေရာ၌ မြတ်စွာဘုရား အလောင်းတော်သည် အကောင်းဆုံး စံနမူနာတစ်ရပ် ဖြစ်သည်။ မုတ္တော မောစေသာမိ – မိမိကိုယ်တိုင် သံသရာဝဋ်မှ လွတ်ပြီးလတ်



သော် သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်စေအံ့၊ တိုက္ကော တာရေသာမိ – မိမိကိုယ်တိုင် သံသရာရေအလျဉ်ကို လွန်မြောက် ပြီးလတ်သော် သတ္တဝါတို့ကို သံသရာရေအလျဉ်ကို လွန်မြောက်စေအံ့။ မထင်ရှားသော သာဝက အဖြစ်ဖြင့် ဤမြတ်စွာဘုရားထံတော်၌ သစ္စာ လေးပါးတရားကို မျက်မှောက် ပြုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သဗ္ဗညုတဉာဏ်တော်သို့ ရောက်ပြီး၍ နတ်နှင့်တကွသော သတ္တဝါအပေါင်းကို ကယ်တင်အံ့ဟု ဆန္ဒပြု တောင့်တခဲ့သည်။ စိတ်အားဖြင့် ပဋိဉာဉ် ပြုခဲ့လေသည်။

တောင့်တခဲ့သည့်အတိုင်း အကောင်အထည်ပေါ်ရန် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သည်။ သဗ္ဗညုတဉာဏ်တော် ရပြီးနောက် ၄၅ ဝါ ပတ်လုံး သတ္တဝါတို့ကို မိမိကိုယ်တိုင် လက်တွေ့ ကျင့်ကြံအောင်မြင်ခဲ့သော လွတ်

http://www.dhammadownload.com



မြောက်ရေး နည်းလမ်းများ ညွှန်ပြပေးခြင်းဖြင့် သံသရာမှ ကယ်တင်တော်မူခဲ့သည်။

ထို့ကြောင့် သူတစ်ပါးအား ကယ်တင်လိုသူသည် မိမိကိုယ်ကို ရှေးဦးစွာ လိုအပ်သည့် အရည်အသွေးများ ပြည့်စုံအောင် ဆောင်ရွက်သင့်သည်။ မိမိ ကိုယ်တိုင်က အရည်အချင်း မရှိပါဘဲ "ပရဟိတ လုပ်ငန်းများ ဆောင်ရွက်နေပါသည်"၊ "သာသနာပြုနေပါသည်"ဟု ဟိတ်ဟန် လုပ်ကာ မနေသင့်။ မိမိကိုယ်တိုင်က မကျွမ်းကျင်ပါဘဲ တတ်ယောင်ကား မလုပ်သင့်။ "စာသိ"ကို "ကိုယ်ပိုင်အသိ"လုပ်ပြီး ဟန်ဆောင်နေခြင်းသည်လည်း သဘာဝမကျပါ။ မိမိကိုယ်တိုင် မသုံးဖူးသော အရာကို ကြော်ငြာနေလျှင် သဘာဝကျပါမည်လော။

သူတစ်ပါးတို့အား အပိစ္ဆတာ - အလိုနည်းခြင်း စသော ဂုဏ်တို့ဖြင့် လည်းကောင်း၊ အရိယာစာရင်းဝင် ဖြစ်သော ကျင့်နည်းတို့ဖြင့်လည်းကောင်း၊ သူတစ်ပါးကို ဆုံးမလိုသူသည် မိမိကိုယ်ကို ရှေးဦးစွာ ထိုအကျင့်တို့ကို လက်တွေ့ကျင့်သုံး ရသည်။ ပြီးမှသူတစ်ပါးကို ဆုံးမရသည်။ နည်းလမ်းပေးရသည်။

သို့မှသာ သူတစ်ပါး ကဲ့ရဲ့မှုကို မခံရ။ သူတစ်ပါးကို ဆုံးမရာတွင်လည်း မပင်မပန်း လွယ်လင့်တကူ ဆုံးမနိုင်သည်။ အပြောသမား သက်သက်မဟုတ်၊ လက်တွေ့ကျသူ စစ်စစ်ဖြစ်ကြောင်း အလုပ်ဖြင့် သက်သေပြလိုက်ခြင်းပင် ဖြစ်သည်။

ကျေးဇူးရှင် ပဏ္ဍိတာရာမ ဆရာတော်ကြီးသည် Hawaii သို့ ဓမ္မဒူတ ခရီးကြွခဲ့စဉ်က ဘာသာခြား ခေါင်းဆောင်တစ်ဦးနှင့် ဆွေးနွေးခဲ့သော အတွေ့အကြုံကို မိန့်ဖူးပါသည်။

ဆရာတော်ကြီးက ထိုခေါင်းဆောင်အား "သူတစ်ပါးအား ကယ်တင်ရေးနှင့် မိမိကိုယ်တိုင်လွတ်မြောက်ရေးတွင် မည်သည်က ပိုအရေးကြီးသနည်း"ဟု မေးတော်မူခဲ့သည်။ ထို ခေါင်းဆောင်က နှစ်မျိုးလုံး အရေးကြီးသည်ဟု ဖြေခဲ့သည်။ ဆရာတော်ကြီးက ရှဲ့ဗွက်တွင်နစ်နေသူ ဥပမာဖြင့် ဆွေးနွေး ခဲ့ကြောင်းကို မိန့်တော်မူပါသည်။

ဆရာတော်ကြီးသည် မိမိကိုယ်တိုင် သူတစ်ပါးကို ကယ်တင်နိုင်လောက်သည့် အရည်အသွေး မပြည့်မီ ကယ်တင်ရေးထက် လွတ်မြောက်ရေးကို ဦးစားပေးသင့်ကြောင်း မကြာခဏမိန့်တော်မူပါသည်။

စာရေးသူ ဘာသာပြန်ပေးခွင့်ရသော ပြည်ပဧည့်သည် များနှင့် ဆွေးနွေးရာ၊ ပြည်ပယောဂီများအား တရားဟောပြရာတို့၌ ဤအချက်ကို ထည့်သွင်း ဟောပြသည်ကို စာရေးသူ အကြိမ်တော်တော်များများ ကြုံခဲ့ရပါသည်။

http://www.dhammadownload.com

သံသယကို ဖြေရှင်းခြင်း

ပါဠိရ နက်ထင် အချက်မြင်ဟူသည်နှင့်အညီ ပါဠိတော်များကို အနက်ထင်ရုံ အနက်ပေးတတ်ရုံမျှဖြင့် စာတတ်ပြီဟု မဆိုနိုင်ကြောင်း မကြာခဏ မိန့်တော်မူသည်။



ထိုသူတို့၏ အမြင်ကို ရှေးဦးစွာ မေးခွန်းများထုတ်ကာ မေးမြန်းသည်။ ပြီးမှ ဆရာတော်ကြီးက ရှဲ့ ဗွက်နစ်သူ ဥပမာပေးကာ ဟောပြခဲ့ရာတွင် ပြည်ပသူ၊ ပြည်ပသားတို့သည် စောဒကတက် မနေတော့ဘဲ သဘော တူ လက်ခံသွားကြသည်။

ဆရာတော်ကြီးသည် ပြည်ပယောဂီများအား ကယ်တင်ရေးနှင့် လွတ်မြောက်ရေးတရား ဟော အပြီးတွင် စာရေးသူအား မူလပဏ္ဏာသပါဠိတော်စာအုပ်ကို ယူစေသည်။ သလွေခသုတ်လာ "သော ဝတ စုန္ဒ အတ္တနာ ပလိပပလိ ပဏ္ဍော ပရံ ပလိပပလိပန္နံ ဥဒ္ဓ ရိဿတိတိ နေတံ ဌာနံ ဝိဇ္ဇတိ။ သော ဝတ စုန္ဒ အတ္တနာ အပလိပပလိပန္နော ပရံ ပလိပပလိပန္နံ ဥဒ္ဓ ရိဿတိတိ ဌာန မေတံ ဝိဇ္ဇတိ"ဟူသော စာပိဒ်ကို ဖတ်ခိုင်းသည်။ အဋ္ဌကထာ အဖွင့်ကိုလည်း ဖတ်ခိုင်းသည်။

ဘုရားဟော ပါဠိတော်ကို ဖတ်ရှုကြည်ညိုသော အရသာမှာ မွန်မြတ်ထူးကဲလှ၏။ စာရေးသူသည် မြတ်စွာ ဘုရားစကားတော်၏ လှပပြေပြစ် အဓိပ္ပာယ်လေးနက်မှုကို ကြည်ညိုလျက် မဆုံး ဖြစ်မိပါသည်။

စာဖတ်ဝါသနာပါသော ဆရာတော်ကြီးသည် တပည့်များအား လည်း စာဖတ်ဝါသနာ ပါစေလိုသည်။ လက်တွေ့အားထုတ်ရုံမျှမက စာပေလည်း နှံ့စပ်စေလိုသည်။

ပါဠိရ နက်ထင် အချက်မြင်ဟူသည်နှင့်အညီ ပါဠိတော်များကို အနက်ထင်ရုံ အနက်ပေးတတ်ရုံမျှဖြင့် စာတတ်ပြီဟု မဆိုနိုင်ကြောင်း မကြာခဏ မိန့်တော်မူသည်။ စာ၏သဘောအဓိပ္ပာယ်ကို မြင်တတ်၊ စာတွေ့ လက်တွေ့ ပေါင်းစပ်တတ်စေလိုသည်။

ဆရာတော်ကြီးသည် ရဟန်းငယ်ဘဝ အရှင်အာဒိစ္စဝံသထံ ပါဠိတော်များ စာတက်ခဲ့စဉ်က နေပျူမရှောင် မိုးရွာမရှောင် ပင်ပန်းသည်ဟု မထင်မှတ်ခဲ့ပုံ၊ ပါဠိတော်များ ဖတ်ရသည်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် တိုက်ရိုက်တွေ့နေရသကဲ့သို့ ဝမ်းမြောက် ပီတိဖြစ်ရပုံတို့ကို ပြန်ပြောင်း ပြောပြတိုင်း ဆရာတော်ကြီး၏ မျက်နှာတော်မှာ အပြုံးရိပ်များ သန်းနေခဲ့သည်။

သမီးတို့ စာချတန်းအောင်ပြီးလို့ ကိုယ့်ကိုယ်ကို စာတတ်ပြီလို့ယူဆသလား ဟူသော မေးခွန်းကို မေးတတ်သည်။ စာရေးသူတို့အနေနှင့် စာတတ်သူတစ်ဦးဖြစ်အောင် ကြိုးစားရပါဦးမည်။ ဆရာတော်ကြီးဖြစ်စေချင်သော ပရိယတ် ပဋိပတ် စွယ်စုံ အရည်အသွေးပြည့်ဝသူတစ်ဦး ဖြစ်အောင် ကြိုးစားရပါဦးမည်။

ဘဝရေစက် ကြုံဆုံကြရာ၌ ပေးဆပ်၍ မကုန်နိုင် လောက်အောင် ကျေးဇူးပြု စောင့်ရှောက်တော်မူသော ဆရာတော်ကြီးသည် စာရေးသူတို့ မြတ်နိုးအားထားရာ၊ မှီခိုရာ၊ ဆည်းကပ်ရာအဖြစ် မား:မား:မတ်မတ် ရပ်တည်နေပေသည်။

ဂုဏ်ပကာသနမဖက်၊ တပည့်တို့၏ဘဝ တန်ဖိုးရှိရေးအတွက် စစ်မှန် ပြည့်ဝတော်မူသော စေတနာ၊ မေတ္တာ၊ ကရုဏာ၊ သင့်တော်သောစိတ်လှုပ်ရှား:မှု အနုကမ္မာတို့ဖြင့် အထူးကြောင့်ကြစိုက်တော်မူသော ကျေးဇူးရှင် ဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် မြတ်နိုးကော်ရော် ပူဇော်ပါသည်။

စာရဒသိန်

http://www.dhammadownload.com



ပဏ္ဍိတာရာမ သာသနာ

ကိုရင်ကျော်

"သက်တော် (၇၀) ကျော်သွားရင် ဒီတစ်သက်မှာ တစ်ခါမှ မအောင်မြင်ဖူးသေးတဲ့ အောင်မြင်မှုမျိုးနဲ့ အောင်မြင်ပါလိမ့်မယ်"

ပဏ္ဍိတာရာမဆရာတော်လောင်း လျာရဲ့ အနာဂတ်ကို ကြိုတင် ပြောကြားတဲ့ ဒီစကားကို ပြောကြားသူရဲ့ အရွယ်ဟာ လူလတ်ပိုင်းလောက်ပဲ ရှိပါတယ်။ အသက် (၃၀) ကျော် (၄၀) မှာ ရှိလောက်မယ် ထင်ပါတယ်။

သူစကားကို ကြားရတော့ ယုံတော့ ယုံချင်ပါတယ်။ ဒါပေမယ့် ယုံစားရ ခပ်ခက်ခက် ဖြစ်နေပါတယ်။

http://www.dhammadownload.com

သံသရာဘေးကင်းနိုင်ရန်

မဟာစည်သာသနာ့ရိပ်သာကြီးက ပြောင်းရွှေ့ခါနီး အချိန် ဖြစ်ပါတယ်။ ပဏ္ဍိတာရာမဆရာတော်ရဲ့ သက်တော်ဟာ (၇၀)နား ကပ်နေပါပြီ။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း(၈၀)(က)ရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆိုတာ ပေါ် လာဖို့ရာ စိတ်ကူးပင်မရှိသေး။

ပဲခူးမြို့၊ ဆယ်မိုင်ကုန်းက ပဏ္ဍိတာရာမ၊ မော်လမြိုင်က ပဏ္ဍိတာရာမ၊ ပြင်ဦးလွင်က ပဏ္ဍိတာရာမ၊ နီပေါနိုင်ငံ လုမ္ဗိနီက ပဏ္ဍိတာရာမ၊ သြစတြေးလျက ပဏ္ဍိတာရာမ၊ သန်လျင်က ပဏ္ဍိတာရာမဆိုတာ ဝေလာဝေးရောပဲ။



ဘယ်ပဏ္ဍိတာရာမမှ ဖြစ်ပေါ်လာဖို့ရာ ရောင်ခြည်မသန်းနိုင်သေးတဲ့အခါမှာ အထက်ပါ စကားလေးကို ကြားရတော့ "ဒီစကားလေးဟာ အားရှိအောင် ပြောတဲ့ အားပေးစကားသက်သက်ပဲ။ ကျေနပ်စရာ ကောင်းအောင် သူတို့ ပြောလေ့ပြောထရှိတဲ့ စကားသက်သက်ပဲ" လို့တောင် ထင်မိပါသေးတယ်။

လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က ကြားခဲ့ရတဲ့ အဲဒီစကားလေးဟာ ကြာလေကြာလေ မှန်လာနေပါတယ်။ တစ်ချိန်က ပုံပြင်လို့ ထင်ချင်စရာ ဖြစ်ပေမယ့် အခုတော့ မယုံလို့ မရတော့ဘဲ အနေအထားကို ဆိုက်ရောက်လို့ လာနေပါတော့တယ်။

လောက သစ္စံ နှ သစ္စံ-မှန်တာလည်း ရှိ၊ မမှန်တာလည်း ရှိသတဲ့။ အဲဒီ လူရဲ့ စကားကတော့ မမှန်တာထဲ မပါဘဲ မှန်တာထဲမှာ ပါနေပါတော့တယ်။

အဲဒီကြိုတင်ဟောကိန်းထုတ်တဲ့ လူကို အဲဒီတုန်းက တစ်ခါပဲ မြင်တွေ့လိုက်ရပါတယ်။ အဲဒီအခါရဲ့ အရင်ကလည်း မတွေ့ခဲ့ဖူးပါဘူး။ အဲဒီအခါရဲ့ နောက်တော့လည်း တစ်ခါမှ မတွေ့ရပါဘူး။

ကြိုတင် ဟောကိန်းထုတ်ထားတဲ့ အဲဒီလူဟာ သူရဲ့ ဟောကိန်း မှန် မမှန်ကိုတော့ ဘေးတစ်နေရာက စောင့်ကြည့် လေ့လာကောင်း လေ့လာနေပါလိမ့်မယ်။ ယခု ပဏ္ဍိတာရာမတွေရဲ့ အခြေအနေကို မြင်တွေ့သွားရင်တော့ "ငါမှငါ၊ ငါလို လူ ဇမ္ဗူမှာ ရှိသေးလား" လို့ ကြုံးဝါးများ ကြုံးဝါးလေရော့မလား။ ကြုံးဝါးချင်သူအဖို့တော့ ကြုံးဝါးချင်စရာပေါ့။

*** ကံဟု မူလ၊ သမ္မဒ္ဒတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင်၊ သုဓမ္မားရန်၊ ဤလူထံ၌၊ ဉာဏ်-ဝိရိယ၊ ပဃောဂတည်း။**

*** ကံမွဲ ဉာဏ်နဲ့၊ မလုံ့မလ၊ နတ် မမ,ဘူး။**

မန်လည်ဆရာတော်ကြီးရဲ့ လက်ာလိုပါပဲ။ ကံကိုသာ အားကိုးပြီး ပဏ္ဍိတာရာမဆရာတော်ကြီးဟာ အငြိမ့်သားထိုင်နေခဲ့ရင် ကြိုတင်ဟောကိန်းထုတ်သူရဲ့ ဟောကိန်းဟာ တက်တက်စင်အောင် လွဲပါလိမ့်မယ်။

ပဏ္ဍိတာရာမဆရာတော်ကြီးဟာ ဉာဏ်ကိုလည်း အားကိုးခဲ့ပါတယ်။ ဝိရိယကိုလည်း အားကိုးခဲ့ပါတယ်။ ပဏ္ဍိတာရာမ ဓမ္မမိသားစုကြီးရဲ့ ကံ၊ ဉာဏ်၊ ဝိရိယတွေကိုလည်း အားကိုးခဲ့ပါတယ်။

ပဏ္ဍိတာရာမဆရာတော်ကြီး ဦးဆောင်တဲ့ ပဏ္ဍိတာရာမ ဓမ္မမိသားစုကြီးရဲ့ ကံတွေ၊ ဉာဏ်တွေ၊ ဝိရိယတွေကြောင့် ကြိုတင်ဟောကိန်းထုတ်သူရဲ့ ဟောကိန်းဟာ အမှန်ကြီး မှန်နေပါတော့တယ်။

ပဏ္ဍိတာရာမဆရာတော်ကြီး ဦးဆောင်တဲ့ ပဏ္ဍိတာရာမ ဓမ္မမိသားစုကြီးရဲ့ ကံ၊ ဉာဏ်၊ ဝိရိယတွေ အားကောင်းနေသမျှ ကာလပတ်လုံး အဲဒီဟောကိန်းဟာ ဆက်လက်မှန်နေဦးမှာပါပဲ။ အဲဒီဟောကိန်း ဆက်လက် မှန်နေဖို့ရာ ပဏ္ဍိတာရာမ ဓမ္မမိသားစုကြီးရဲ့ ကံ၊ ဉာဏ်၊ ဝိရိယ အားတွေ အပေါ် တည်မှီနေပါတယ်။

ပဏ္ဍိတာရာမဓမ္မမိသားစုကြီးရဲ့ ကံအား၊ ဉာဏ်အား၊ ဝိရိယအားတွေ ယုတ်လျော့တဲ့အချိန်အခါဟာ ပဏ္ဍိတာရာမရဲ့ အောင်မြင်မှု အနှုတ်လက္ခဏာပေါ်လာတဲ့ အချိန်အခါ ဖြစ်လာပါမယ်။

http://www.dhammadownload.com

ဆရာတော်ကြီးများကို



ပဏ္ဍိတာရာမ အောင်မြင်သင့်သလောက် အောင်မြင်နေတာဟာ ပဏ္ဍိတာရာမဆရာတော်ကြီး ဦးဆောင်တဲ့ ပဏ္ဍိတာရာမ ဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယအားတွေကြောင့်ပဲ ဖြစ်ပါတယ်။ ကြိုတင် ဟောကိန်းကြောင့် မဟုတ်ပါဘူး။

သူက ဘယ်လောက် အောင်မြင်ပါမယ်လို့ ဟောဟော၊ ပဏ္ဍိတာရာမဆရာတော်ကြီးနဲ့ ပဏ္ဍိတာရာမ ဓမ္မမိသားစုမှာ ကံအား၊ ဉာဏ်အား၊ ဝီရိယအားတွေ မရှိခဲ့ရင် ဘယ်ပဏ္ဍိတာရာမမှ ပေါ်လာမှာမဟုတ်ပါဘူး၊ ပေါ်လာစေဦးတော့ ဒီလို ဖြစ်လာမှာ မဟုတ်ပါဘူး။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးဟာ (၁၀)နှစ်သက်တမ်း ရောက်ခဲ့ပါပြီ။ ပဏ္ဍိတာရာမဆရာတော်ကြီးကတော့ သက်တော် (၈၀) ရှိပါပြီ။ ဆရာတော်ကြီးရဲ့ သက်တော် နဲ့ နှိုင်းစာရင် ပဏ္ဍိတာရာမရဲ့ အသက်ဟာ (၇၀) ငယ်နေပါသေးတယ်။

ပဏ္ဍိတာရာမဆရာတော်ကြီးဟာ သက်တော်ရာကျော် ရှည်ရင် လောကရော သာသနာပါ အကျိုးများမှာ ဖြစ်သလို ပဏ္ဍိတာရာမဟာလည်း ဆရာတော်ကြီးလိုပဲ သက်တော်ရာကျော် ရှည်နိုင်ရင် လောကရော သာသနာပါ အကျိုးများမှာ ဖြစ်ပါတယ်။

ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ သက်တော် ရာကျော်ရှည်ဖို့ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ ကံအား၊ ဉာဏ်အား၊ ဝီရိယအားတွေ အပေါ်မှာ တည်ရှိနေပါတယ်။ ပဏ္ဍိတာရာမရဲ့ အသက် ရာကျော်ရှည်ဖို့ အရေးဟာလည်း ပဏ္ဍိတာရာမ ဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယအားတွေအပေါ်မှာ တည်ရှိနေပါတယ်။

ပဏ္ဍိတာရာမရဲ့ ပရိယတ်မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်စိမ်းကိန်းဟာ သူ့အတိုင်းအတာနဲ့သူ အောင် မြင်နေဆဲ ရှိပါသေးတယ်။ ပဏ္ဍိတာရာမမှာ ကံအား၊ ဉာဏ်အား၊ ဝီရိယအားတွေ အားကောင်းနေသမျှ ပဏ္ဍိတာရာမရဲ့ အဲဒီစိမ်းကိန်းဟာ အောင်ပွဲခံနေဆဲ ဖြစ်ပါလိမ့်မယ်။

ပဏ္ဍိတာရာမရဲ့ ကြီးကျယ်နေမှုဟာ ပဏ္ဍိတာရာမဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ ကြီးကျယ်နေမှုကြောင့် ဖြစ်ပါတယ်။ ပဏ္ဍိတာရာမ ကြီးကျယ်သည်ထက် ပိုကြီးကျယ်လာခဲ့ရင် ပဏ္ဍိတာရာမ ဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ ပိုမို ကြီးကျယ်လာမှုကြောင့်ပဲ ဖြစ်ပါမယ်။

ပဏ္ဍိတာရာမ ကြီးကျယ်ရာမှ သေးငယ်သွားရင် ပဏ္ဍိတာရာမ ဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ သေးငယ်သွားမှုကြောင့်ပဲ ဖြစ်ပါမယ်။ ပဏ္ဍိတာရာမ သေးငယ်ရာမှ တစ်ဆင့် ပျောက်ကွယ်သွားခဲ့ရင်လည်း ပဏ္ဍိတာရာမ ဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ ပျောက်ကွယ်သွားမှုကြောင့်ပဲ ဖြစ်ပါမယ်။

ပဏ္ဍိတာရာမရဲ့ အသက်ဟာ ပဏ္ဍိတာရာမဓမ္မမိသားစုရဲ့ လက်ထက်မှာပဲ ရှိနေပါတယ်။ ပဏ္ဍိတာရာမ အသက် ဆက်လက် ရှည်နိုင်အောင် လုပ်နိုင်တာလည်း ဒီပဏ္ဍိတာရာမ ဓမ္မမိသားစုပါပဲ။ ပဏ္ဍိတာရာမ အသက် မရှည်အောင် လုပ်နိုင်တာလည်း ဒီပဏ္ဍိတာရာမဓမ္မ မိသားစုပါပဲ။ ပဏ္ဍိတာရာမရဲ့ အသက်ဟာ ပဏ္ဍိတာရာမ ဓမ္မမိသားစုရဲ့ ကံ၊ ဉာဏ်၊ ဝီရိယတွေပါပဲ။

ပဏ္ဍိတာရာမရဲ့ ဓမ္မမိသားစုတွေမှာ ကံ၊ ဉာဏ်၊ ဝီရိယတွေ ကောင်းနေရင် ပဏ္ဍိတာရာမဟာ ကောင်းမွန်စွာ အသက်ရှည်နေပါမယ်။ ကံ၊ ဉာဏ်၊ ဝီရိယတွေ ညံ့နေရင်တော့ ပဏ္ဍိတာရာမဟာ ဖျင်းညံ့စွာ အသက်ရှည်နေပါမယ်။

အနာဂတေ သာသနံ လဒ္ဓိ ရက္ခိဿတိ = အနာဂတ်ကာလမှာ သာသနာတော်ကို မကောင်းမှုမှ ရှောင်တဲ့သူ စောင့်ရှောက်ရစ်လိမ့်မယ်ဆိုတဲ့ စကားလိုပါပဲ။ ပဏ္ဍိတာရာမရဲ့ အနာဂတ်သာသနာကို မကောင်းမှုမှ ရှောင်ခြင်းရှိသူ ပဏ္ဍိတာရာမ ဓမ္မမိသားစုဝင်တွေ စောင့်ရှောက်ရစ်ကြပါလိမ့်မယ်။

ကိုရင်ကျော်

http://www.dhammadownload.com



အရှင်ဥာဏာဓိဇောတာ ဘိဝံသ

၂၁ ရာစုနှစ်အတွက် ပဏ္ဍိတာရာမ

ဆယ်စုနှစ်တစ်ခု ဖြတ်သန်းလာမှုသည် ဘာမှ ကြာလှသည်မဟုတ်၊ ဆယ်စုနှစ်တွေ ဆယ်ခုလောက် စုကြည့်မည်ဆိုလျှင် ရာစုနှစ်တစ်ခု၊ ရာစုနှစ်တစ်ခုကို ပြန်ပြောင်းနောက်လှည့်ကြည့် ရလျှင်လည်း အတိုင်းအတာ တစ်ခုအထိ ကြာသည် ဆိုစေဦးတော့ အဖွဲ့အစည်းတစ်ခု ထို့ထက် ကြီးမားသည့် နိုင်ငံတစ်ခုအနေနှင့် ကိုယ်တိုင်ပါဝင် လျှောက်လှမ်းရသူအဖို့မှာတော့ ကြာလှသည်ဟု မဆိုသာ။

ဆယ်စုနှစ်တစ်ခုအတွင်း ကိစ္စတစ်ခု ပြီးစီးအောင် ဆောင်ရွက်ကြရသူတွေမှာတော့ မြန်လှချည်လားလို့ ဆိုရတော့မလား၊ အချိန်နှင့်တိုင်းတာ၍ လုပ်ဆောင်ကြရသူအတွက် နာရီမစေ့ အချိန်မတိုင်မီ ပြီးစီးစေရန် နာရီကို ထုပ်ခါလည်ပြန်ကြည့်မိသည်အထိ အချိန်တွေ ကုန်ဆုံးမှု မြန်လှချည်လားဟု ပြောဆိုမိမည်သာ။

တိုတောင်းတဲ့ အချိန်လေးအတွင်းမှာ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းကြီးတစ်ခု၊ အများအကျိုးပြု ကိစ္စတစ်ခု၊ အားနှင့်အင်နှင့် မားမားမတ်မတ်၊ ခိုင်ခိုင်မြဲမြဲ တည်တံ့နေသည်ဆိုလျှင်တော့ ပြေး၍ ကြည့်စရာတစ်ခုသာ ဖြစ်တော့မည်။

အခုတော့ ပဏ္ဍိတာရာမခရီး ဆယ်နှစ်ရှိပြီ...တဲ့။ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာကို (၅-၈-၉၀) နေ့၌ စတင်တည်ထောင်ခဲ့ရာ ၂၀၀၀ပြည့်နှစ် ထိုရက် ထိုလတွင် ၁၀နှစ် ပြည့်ပေတော့မည်။ ပဏ္ဍိတာရာမ သာသနာ့အဆောက်အအုံတစ်ခုကို စတင်ပျိုးချ တည်ထောင်တော်မူသည့် ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ သက်တော်လည်း (၈၀)ပြည့်ပါတော့မည်၊

ထို့ကြောင့် "ဆယ်နှစ်သား ပဏ္ဍိတာရာမ" သို့မဟုတ် "ပဏ္ဍိတာရာမ ဆရာတော်ကြီး၏ ပတ္တမြားရတု" အထိမ်းအမှတ်စာစောင် ထုတ်ဝေ၍ ပူဇော်ခွင့် သာမည့်အကြောင်း ပဏ္ဍိတာရာမခရီး စတင်လျှောက်လှမ်းခဲ့သည့် သာမဏေကျော် ဆရာတော်၏ နှိုးဆော်စာတမ်းကို ရရှိတော့ပါမှ "၁၀နှစ်တိုင်ခဲ့ပြီကော" လို့ ၁၀ နှစ်ဆိုတဲ့ အချိန်ကို ပြန်လည်ကြည့်မိတော့၏။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် သာသနာပြု ခရီးတစ်ထောက်အနေဖြင့် ပဏ္ဍိတာရာမသာသနာကို ရည်ရွယ်ချက် ကြီးမားစွာဖြင့် စတင်ပြုတည်ထောင်တော်မူခဲ့၏။ အမည်ကိုက **ပဏ္ဍိတာရာမ = မဂ်ဉာဏ်ဖိုလ်ဉာဏ် ရှာဖွေလိုသူ သူတော်ကောင်းတို့၏ ပျော်မွေ့ရာ**...တဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရှာဖွေလိုသူတို့အတွက် ပျော်မွေ့ရာ ဌာနအသီးသီးကိုလည်း ပြည်တွင်းပြည်ပ၌ ဖွင့်လှစ်၍ ဆောင်ရွက်တော်မူ၏။

ပြည်တွင်း၌ ပဲခူးမြို့အနီး ဧက ( ) ကျယ်ဝန်းသည့် ၁၀မိုင်ကုန်း တောစခန်းရိပ်သာ၊ မော်လမြိုင်၊ ပြင်ဦးလွင်၊ သန်လျင်ဌာနတို့အပြင် နီပေါနိုင်ငံ ဗုဒ္ဓဖွားမြင်တော်မူရာ ဖြစ်သည့် လုမ္ဗိနီဒေသ၌ ပျော်မွေ့ရာ ဌာနအသီးသီးတို့ကို

http://www.dhammadownload.com



လက်ဆောင်ကောင်း

အရှင်ဉာဏာဓိဇောတာဘိဝံသ

ရန်ကုန်မြို့. ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ဗဟိုပြုလျက် ဆောင်ရွက်တော်မူ၏။

ပြည်ပတွင်လည်း တပည့်ရဟန်းတို့ကို ပို့လွှတ်၍ အမေရိက၊ ကနေဒါ၊ အင်္ဂလန်၊ နီပေါ၊ မလေးရှား၊ ဩစတေးလျ၊ စင်ကာပူ နိုင်ငံအသီးသီးတို့၌ ဓမ္မဂုဏ်ရည်များကို ပြသစေတော်မူ သည်။ လိုအပ်ပါက ပြည်တွင်းပြည်ပဌာနတို့၌ ဆရာတော်ဘုရား ကိုယ်တော်တိုင် ကြွတော်မူ၍ ဓမ္မဒူတ ကိစ္စတို့ကို ဆောင်ရွက်တော်မူသည်။

ပြည်တွင်း၊ ပြည်ပ ဓမ္မဂုဏ်ရည်ပြ တာဝန်ထမ်း ဆောင်ကြမည့် တပည့်ရဟန်းတော်တို့ကို မိမိသန္တာန်မှာလည်း တစ်ကိုယ်ရည် ဓမ္မဂုဏ်ရည်ရှိနေစေဖို့ အချိန်မှန် ပုံမှန်ရှုမှတ်ပွားများရန် သတိပေးတော်မူ၏၊ တစ်ကိုယ်ရေ သာသနာရှင်သန်စေဖို့ မည်ုံးနွမ်းစေဖို့ ညွှန်ကြားတော်မူ၏၊ ဝိနည်း သာသနာ အသက်မပျောက်စေဖို့ လမ်းညွှန်တော်မူ၏၊ ပညာရေးအတွက် ဘာသန္တရစာပေတို့ကို သင်ယူလေ့လာစေသလို ပိဋကစာပေကိုလည်း အချိန်တစ်ချိန် ပေး၍ ကြည့်ရှုရန် အသိပေးတော်မူ၏။

ပိဋကစာပေနှင့် အခြားစာပေတို့ကို အချိန်ရလျှင် ရသလို လေးလေးနက်နက် ကြည့်ရှုတော်မူ၏။ လိုအပ်သလို အမှတ်အသားထား၍ ပြန်လည် သုံးသပ်တော်မူ၏။ သို့မှသာ ကြေကြေလည်လည် အသုံးပြုနိုင် ၍ ထိရောက်သော တရားဓမ္မ အကူအညီကို ပေးနိုင်မည်ဖြစ်၏။

ဆရာတော်ဘုရားသည် အသင့်ရှိပြီး စာစုကတ်ပြား တို့ကို ပြန်လည် နှလုံးသွင်း ကြည့်ရှုနေသည်ကို အကြိမ်များစွာ တွေ့ရှိကြည်ညိုရဖူး၏။ နည်းကောင်း လမ်းမှန်ကို မိမိကိုယ်တိုင် အသုံးချပြ၍ လမ်းညွှန်တော်မူခြင်းသာ ဖြစ်၏။

စာပေ၏ အနက်အဓိပ္ပာယ်တို့ကို အတွေးရှင်း၊ အမြင်ရှင်းသည်အထိ သုံးသပ်ပြတော်မူ၏။ မြန်မာနိုင်ငံ၏ စကား ဝေါဟာရနယ်ပယ်၌ သာသနာ့နွယ်ဝင် အမျိုးသမီးများကို သီလရှင်၊ ဆရာလေး၊ ဆရာကြီး၊ ဖွားသီလ ဟူသော အသုံး အနှုန်းကို ဆရာတော်ဘုရားက **သီကျွာရှင်**...တဲ့။

ပညာရှိသူ၊ မေတ္တာ၊ ကရုဏာရှိသူကို မေတ္တာပိုင်ရှင်၊ ကရုဏာပိုင်ရှင်၊ ပညာပိုင်ရှင်ချော်ဆိုကြသလို ထိုထို သာသနာ့ နွယ်ဝင် အမျိုးသမီးများသည် သီလသိက္ခာသာ ပိုင်ဆိုင်ကြသည် မဟုတ်၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့လည်း ပိုင်ဆိုင်ကြသည်သာ။ သိက္ခာသုံးပါး ပိုင်ဆိုင်ကြလို့ "သီကျွာရှင်လို့ သုံးနှုန်းပါမှ ပြည့်စုံမည်၊ ဒါ့ကြောင့် သီကျွာရှင်"...တဲ့။ အတွေးအမြင် ရှင်းလိုက်သည်က မြန်မာ့ဝေါဟာရ အဘိဓာန် သုံးနှုန်းသင့်သော ဝေါဟာရ ဖြစ်လောက်အောင်ပင်...။

တစ်ခါက ဗုဒ္ဓမြတ်စွာဘုရား ရာဇဂြိုဟ်မှ ဒက္ခိဏာဂိရိသို့အကြွ စနစ်တကျ ကန်ပေါင်ကန်သင်းတို့ဖြင့် ပေါင်ခတ်ထားသော လယ်ယာတို့ကို မြင်တော်မူ၏၊ အရှင်အာနန္ဒာအား ရဟန်းတော်များ ဝတ်ရုံသော သင်္ကန်းတို့ကို စနစ်တကျ

http://www.dhammadownload.com

ပေါင်ခတ်ထားသော လယ်ယာတို့ကို ညွှန်ပြတော်မူ၍ ချုပ်စပ် ဖြတ်ချုပ်၍ သင့်တော်သော အနေအထားဖြစ်ရန် ညွှန်ကြားတော်မူ၏၊

ယနေ့ ခေတ်တိုင် အသုံးပြုနေသော အရှင်အာနန္ဒာ၏ အသိဉာဏ်ကြီးစွာ အကောင်အထည်ဖော်သော သင်္ကန်းချုပ်နည်းစနစ်ကို ဗုဒ္ဓမြတ်စွာက သာဓုခေါ်တော်မူ၍ လက်ခံအသိအမှတ်ပြုတော်မူ၏။

သံဃာတော်အရှင်မြတ်များသည် ကုသိုလ်ကောင်းမှုပြုဖို့ရာ လယ်မြေကောင်းသဖွယ်လည်း ဖြစ်သင့်တယ်လို့ မြတ်စွာဘုရား နှလုံးသွင်းရည်ရွယ်ချက် ရှိပါလိမ့်မည်ဟု အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော်နှင့် ဆက်စပ်၍ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားက ကောက်ချက်ချ ကြည်ညိုတော်မူ၏။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် မိမိ၏ အတွေးအမြင်၊ စာပေအယူအဆတို့ကို ခိုင်မာစေလိုသော သဘောဖြင့် မရှင်းလင်းသည့် အယူအဆတို့ကို စံလွန်တော်မူလေသည့် ပရိတ်ကြီး နိဿယသစ်ကျမ်းပြု ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော်ဘုရားအား ခွင့်ပန်၍ မေးမြန်းလျှောက်ထားခဲ့ဖူး၏၊

သက်လွတ်စားခြင်းသာ မြတ်သလော ? နန္နောပနန္ဒ နဂါးမင်းကိုဆုံးမရာ၌ ရှင်မဟာမောဂ္ဂလန်၌ အပြစ်ရှိ မရှိ ? စသည့် မေးခွန်းများနှင့် စပ်၍ သာမဏေကျော်က စုစည်း၍ "ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်မေး၍ သပြေကန် ဆရာတော်ကြီး ဖြေသည်"ဟူသော အမည်ဖြင့် စာအုပ်အဖြစ် ပူဇော်ထား၏။

စာပေတို့ကို ဖတ်ရှု၍ သဘောသက်ဝင်သည်အထိ သုံးသပ်ပြီး ဟောပြောရာ၌လည်း လေးလေးနက်နက်ပင် ကျေးဇူးတော်ရှင်ဘုရားက ဟောပြတော်မူ၏။

ပခုက္ကူမှ စာသင်တိုက်တစ်တိုက်ကို ဦးစီးတည်ထောင်တော်မူသည့် ဆရာတော်တစ်ပါးက "ဦးဇင်းတို့ရဲ့ ဆရာတော်က စာတစ်ပုဒ်ရဲ့ အဓိပ္ပာယ်ကို အရင်းအမြစ်ပါ မကျန်အောင် သုံးသပ်ပြီး ဟောတာပဲ၊ ဘုရားဂုဏ်တော်တွေထဲက ဗုဒ္ဓေါပုဒ်ရဲ့ ဂုဏ်တော်ဆိုပါတော့၊ ဗုဒ္ဓေါပုဒ်ရဲ့ မူလတည်ပုဒ် အဓိပ္ပာယ်ကို ရသင့်သလို မြန်မာဝေါဟာရကြွယ်ကြွယ်နဲ့ အသေးစိပ် ဟောပြသွားတာပဲလို့ ကောက်ချက်ချတော်မူ၏။

ဤသည်မှာ စာပေတတ်သိ နားလည်သည့် ရဟန်းတော်များသာ သိရှိနားလည်နိုင်သည့် အမြင်ဖြစ်ပါ၏။ တရားနာရသူ ပရိသတ်မှာက ဒီတရားတော်ကို ၁ ရက်နှင့် မပြီး၊ ၂ ရက်နှင့် မပြီး၊ ၃ ရက်အထိ ထို့ထက် အပိုအမို နာယူခွင့်ရမည်သာ။

တရားနာသက် မရင့်သေးသူတို့အဖို့ အနှစ်တွေချည်း ဟောနေ၍ တချို့ အပြစ်မြင်ကြလေမည်လား မသိ။

စာပေကို စာတွေ့အဖြစ်သာမထား ဘဲ စာတွေ့နှင့် ကိုယ်တွေ့ ပေါင်းစပ်၍ ဟောပြောတော်မူ၏။ ထို့ကြောင့် ထင်၏။ ကျေးဇူးတော်ရှင်ဘုရား၊ ၁၉၈၄ ခုဋ္ဌ အမေရိကသို့ ပထမဆုံးအကြိမ် ကြွရောက်၍ မက်ဆာချူဆက်ပြည်နယ် ဘာရီမြို့ရှိ(Insight Meditation Centre (IMS)၌ ၁၀၀ ကျော်သော အနောက်တိုင်းသား ယောဂီတို့အား ၃ လကျော်ကြာမျှ သတိပဋ္ဌာန်တရားတို့ကို ညွှန်ကြားဟောပြတော်မူခဲ့၏။

ထိုဟောတရားတော်ကို In this very life ဟူသော အမည်ဖြင့် အမေရိကန်နှင့် သီရိလင်္ကာနိုင်ငံတို့၌ ပုံနှိပ်ထုတ်ဝေ၍ ဖြန့်ချိထား၏၊ အရှေ့အနောက် ဝိပဿနာတရားကို လိုက်စားကြသူတို့အထံ၌ အမြတ်တနိုး သိမ်းပိုက်ထားကြ၏။ အနောက်နိုင်ငံတို့၌ တွင်ကျယ်စွာ ဝိပဿနာ တရားပြသနေသော ဆရာတို့ပင် အမြတ်တနိုးထားကြပါသည်ဟု ကြားရဖူးပါ၏။

ပြည်ပ ဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြခရီး ပြန်ကြွလာရာ အချိန်၌ သပြေကန်ဆရာတော်ကြီးကို သွားရောက်ပူဇော်ကန်တော့ရာ ဆရာတော်ဘုရားကြီးက "ဒီလောက် ရက်အကြာကြီး တရားဟော ရတော့ တရားတွေ ကုန်မသွားဘူးလား"ဟု ပြုံးပြုံးနှင့် အမိန့် ရှိတော်မူ၏။

တရားဟောပြတော်မူရာ၌ စံလွန်တော်မူလေသည့် အနန္တ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ စာအုပ်ကျမ်းစာတို့ကို အလေးအမြတ်ပြု၍ ဟောတော်မူ၏၊ ဟောကြားမည့် တရားတော်၌ ဆရာတော်ဘုရားကြီး၏



http://www.dhammadownload.com

ဆောင်ပုဒ်သိတဲ့များရှိလျှင် ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်သိတဲ့များကိုသာ အသုံးပြုတော်မူ၏၊ မိမိ၏ ဆောင်ပုဒ်သိတဲ့တို့ကို အသုံးပြုတော်မမူ။

ဒါကြောင့်ပင်လောမသိ၊ အချို့သော ဆရာတော်များက ဝိပဿနာရှုနည်းကျမ်းကြီး နှစ်ကျမ်းသာ မရှိလျှင် ဆရာတော် ဦးပဏ္ဍိတ တရားဟောဖို့ မလွယ်လောက်ဘူး"ဟု ပြောဆိုကြသော ဟူ၏။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားက "ပဋိပတ္တိနယ်မြေမှာ ဆောက်တည်ရာရအောင် ကျေးဇူးပြုခဲ့တဲ့ အနန္တ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်တွေကိုပဲ ဦးထိပ်ထား၊ရမှာပဲ၊ ဦးထိပ်ထားသင့်တာပေါ့၊ ဒီကျမ်းစာ နှစ်အုပ်ကိုပဲ ကုန်အောင် ဟောပါဦး၊ ဟောပြောလို့ကို မကုန်နိုင်အောင်ပါပဲတဲ့"။

စာပိုဒ်တစ်ပိုဒ်ကို သုံးသပ်တင်ပြရာ၌ ဉာဏ်အရည်အသွေးအလိုက် (မူလတန်း ကျောင်းသားနှင့် အထက်တန်း ကျောင်းသား၊တို့) ထင်မြင်ပုံ၊ အယူအဆ၊အလေးအနက် မတူနိုင်သည်မှာ သဘာဝပင် မဟုတ်လော။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတည်ထောင်ရာ၌ နှစ်တိုင်ကာလအတွင်း အဆောက်အအုံအနေအထား ပြည့်စုံမှုကိုဖြစ်စေ၊ မိမိ၏ဓမ္မဒူတခရီး ဆောင်ရွက်နိုင်မှုကို ဖြစ်စေ၊ မဟာစည်ဆရာတော်ဘုရားကြီး၏ အရိပ်, သြဇာ, အရှိန်အဝါတို့ကြောင့် ဒီလောက်ဖြစ်လာတာပါ၊ မဟာစည်ဆရာတော်ဘုရားကြီးကို ဖယ်ထားကြည့်စမ်းပါ၊ ဒီလောက်ပြီးစီးအောင် မဆောင်ရွက်နိုင်ပါဘူးဟု စံလွန်တော်မူလေသော အနန္တ ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုပင် ဦးထိပ်ထား၍ မိန့်တော်မူပါ၏။

ပြီးတော့လည်း အများအကျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်တာမို့ လူဒါန်းကြတဲ့ ကဲကြီးသူ ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးအား၊တွေ၊ နာယကဆရာတော်နဲ့ ဝန်ဆောင်အရှင်တွေရဲ့ စုပေါင်းအား၊တွေကြောင့်ပါဟု မိမိ၏ တစ်ကိုယ်တော် စွမ်းဆောင်နိုင်မှုကို လက်မခံဘဲ ရိုးသားစွာ မိန့်တော်မူ၏။

အတိတ်-အတိတ်တို့သည် ဝေး၍ ဝေး၍ ကျန်ခဲ့ကြပြီ ဆိုပေမယ့် အတိတ်၏ ပုံရိပ်ကို စိတ်မှာစွဲ၍၊ ရင်ဝယ်ထား၍ အနာဂတ်ခရီး လျှောက်ကြမည့် သူတွေအတွက်ကတော့ အတိတ်သည် အတိတ်ကာလမှာ မရှိ၊ မကျန်ရစ်တော့ဘဲ ပစ္စုပ္ပန်နှင့်သာ အတူ ရှိနေမည် ဖြစ်ပါသည်။ အတိတ်ကာလ ဖြတ်သန်းခဲ့ရ၊ တွေ့ကြုံခဲ့ရသည့် ကောင်းဆိုးနှစ်တန်တို့ကို အမှန်အတိုင်း ရှုမြင်ပြီး အနာဂတ်ခရီးအတွက် အသုံးချတတ်၍ ပြုပြင်ကျင့်သုံးခဲ့သော် ထိုခရီး ဆောင်ရွက်မည့်လုပ်ငန်းသည် အဘယ်မှာ မအောင်မြင်ဘဲ ရှိချိမ့်မည်နည်း။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် ထိုသဘောကို နှလုံးပိုက်၍ စိတ်မှာထားတော်မူမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားက အလုပ်ရဲ့ အောင်မြင်မှုကို ဂုဏ်ယူ ကျေနပ်ဝမ်းမြောက်နေမယ့်အစား မိမိရဲ့ အလုပ်မှာ ဟာတာကိုဖြည့်၊ လိုတာစွက်၊ လွဲတာတည့်ပေးနိုင်လျှင် ပိုမို၍ အောင်မြင်နိုင်တယ်ဟု သုံးသပ်၍ အမိန့်ရှိတော်မူ၏။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် အများအကျိုးပြု သာသနာ့ကိစ္စ ဆောင်ရွက်တော်မူရာ၌ သတိပဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်းတရား ပြသရန်ချည်းသာ ရည်ရွယ်တော်မမူ၊ အနာဂတ်တိုင်းပြည်နှင့် လူမျိုး၊ ဘာသာ၊ သာသနာအတွက် တစ်ချိန်မှာ အရာအား၊လုံးကို လက်ပြောင်းခံယူကြမည့် လူငယ်လေး၊တွေ၏ စိတ်ထဲ၌ ဗုဒ္ဓသာသနာ အဆုံးအမ အငွေ့အလေ့ အတွေ့ဓာတ်တို့ကို ရရှိစေလိုတော်မူ၏။

တစ်ကိုယ်ကောင်းမဆန်ဘဲ ပရဟိတ အကျိုးကို စိတ်ထား၊ဖြူစင်စွာ တည့်တည့်မတ်မတ် ဆောင်ရွက်လိုသော စိတ်ဓာတ်များ ကိန်းအောင်း ရှိစေတော်မူလို၏။ တိုင်းပြည်ကောင်းဖို့ဆိုလျှင် လူကောင်းရမည်၊ ကလေးအရွယ်မှစ၍ ကောင်းရမည်၊ ဖြစ်နိုင်လျှင် သာသနာ အဆုံးအမ ရရှိကြသည့် မိဘတို့၏ အငွေ့အလေ့အတွေ့တို့မှ တစ်ဆင့် အမိဝမ်းထဲ ရှိစဉ်မှ စ၍ ကောင်းစေချင်၏။



http://www.dhammadownload.com

သံသရာကို ကျော်ဖြတ်ကြစို့



ရခဲ့သည့် လူ့ဘဝရခိုက် သာသနာတော်နှင့် ကြုံကြိုက်ရစဉ် လူ့အဖြစ် ရကျိုးနပ်စေရေးအတွက် သာသနာတော်၏ အနှစ်သာရကို ခံစားစေချင်တော်မူ၏။ ထိုထက်အပိုအမို သတိပဋ္ဌာန်တရားတော်မြတ်ကို စိတ်ချရသည်အထိ ရင်ဝယ် နှလုံးအထိ စွဲစေချင်တော်မူ၏။

ထိုဆန္ဒစေတနာသည် ဆရာတော်ဘုရား၏ ရင်ဝယ်၌ ကိန်းဝပ်ရှိနေမည်မှာ အစဉ်ထာဝရ ရှိနေချိမ့်မည်။ အစဉ်ထာဝရ ရှိနေရုံသာမဟုတ်၊ အစဉ်ထာဝရလည်း လန်းဆန်းနေမည်သာ။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ကာလ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ဆင်းရဲပင်ပန်းမှုဂရုမထားဘဲ ဆောင်ရွက်တော်မူ၏။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရှာဖွေလိုသူတို့အတွက် အမြဲတမ်း ရှာဖွေနိုင်ဖို့ အေးရိပ်သာတွေ ဆက်လက်ရှင်သန်လန်းဆန်းစေဖို့ ပရိယတ္တိပါ တွဲဖက်၍ ပျိုးထောင်တော်မူ၏။

"ပရိယတ် မကင်းသော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိယတ်ဖြစ်ရမည်"ဟူသောမူဖြင့် ဝိပဿနာတရားကို နှစ်ခြိုက်ကျေနပ်လောက်သည်အထိ တရားအားထုတ်ပြီးသောပြည်တွင်းပြည်ပမှ သဒ္ဓါအား ဉာဏ်အား ထက်သန်လှသည့် ပုဂ္ဂိုလ်တို့အား ရှင်ရဟန်းအဖြစ်၊ သိက္ခာရှင်အဖြစ် ခံယူစေကာ ပရိယတ်စိမ်ကိန်း ပျိုးခင်းလေးတွေ စိုက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်တော်မူ၏။

တချို့ ဓမ္မာစရိယ အောင်မြင်ပြီး၍ ပြည်တွင်း၌ပင် စာချဆရာအဖြစ် သာသနာ့တာဝန်များ ထမ်းဆောင်လျက်ရှိကြ၏။ နောင်တစ်ချိန် မိခင်ရင်းတိုင်းပြည်ဌာနသို့ ပြန်ရောက်ကြ၍ သာသနာ့ကိစ္စများ ဆောင်ရွက်နိုင်သည်နှင့်အမျှ သူတို့တိုင်းပြည် သူ့ဒေသရှိ သူလူမျိုးတို့သည် သာသနာ့အေးရိပ်မှာ ချွေးသိပ်နိုင်ကြပေလိမ့်မည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် သံသရာဆင်းရဲ ဆူးငြောင့်ခလုတ် ကန်သင်းလေးတွေ မတိုက်မိစေဖို့ ကိုယ်တော်တိုင်လည်း မီးမောင်းထိုး၍ လမ်းပြတော်မူ၏။ ပရိယတ်၊ ပဋိပတ် မကင်းသည့် တပည့်များ မွေးထုတ်၍ ပြည်တွင်းပြည်ပမှာပဲ သာသနာ့မီးတိုင်လေးတွေ ထွန်းညှိ၍ လမ်းပြစေတော်မူလျက် ရှိ၏။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို ၅-၈-၉၀ နေ့၌ စတည် တည်ထောင်ခဲ့ရာ ၂၀၀၀ပြည့်နှစ်ထိုရက်၊ ထိုလတို့တွင် ၁၀နှစ်ပြည့်ပေလိမ့်မည်၊ ၂၀၀၀ပြည့်လျှင် ရာစုနှစ်တစ်ခုလည်း ကုန်ဆုံးတော့မည်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ရှေးရှုသော အချို့သော နိုင်ငံတို့က ၂၁ ရာစုနှစ်အတွင်း မိမိတိုင်းပြည်နှင့် လူမျိုးအတွက် တင်ကြို၍ စီမံကိန်းများ ရေးဆွဲလျက် ရှိကြ၏၊ အင်္ဂလန်နိုင်ငံ၌ သူ့လူမျိုးတို့၏ ပျမ်းမျှသက်တမ်း ၇၂ နှစ် ရှိသည်ကို မကျေနပ်၊ အားမရကြသေး၍ ၉၂ နှစ်တိုင် ရှိစေဖို့ စီမံကိန်းချ၍ စိုင်းပြင်းနေကြ၏။

စံလွန်တော်မူသော အနန္တ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ထွန်းညှိတော်မူခဲ့သော သာသနာ့မီးတိုင်တို့ကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် လက်ဆင့်ကမ်း၍ တာဝန်သိသိ သယ်ဆောင်ထွန်းညှိစေ့ဆော်မူလျက် ရှိ၏၊ မိမိ၏အသက်နှင့် ခန္ဓာကိုယ်ကို သာသနာသို့ ပေးလှူ၍ သာသနာမီးတိုင်အသစ် အသစ်တို့ကိုလည်း စိုက်ထူ၍ ထွန်းညှိလမ်းပြတော်မူလျက် ရှိ၏။


ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ထွန်းညှိ သယ်ဆောင်တော်မူခဲ့သော ပရိယတ် ပဋိပတ် သာသနာ့မီးတိုင်တို့သည် ၂၁ ရာစုနှစ်ရှိ လူသားတို့အတွက် ဘဝအာမခံချက် ရရှိရန် ငြိမ်းချမ်းလိုသူတို့အတွက် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ဘုရားကြီး၏ ၂၁ ရာစုနှစ် လက်ဆောင်ကောင်းတို့ပင် ဖြစ်ပါတော့သတည်း။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ပီပြင်ကြည်လင်သည့် သာသနာ့စိတ်ဓာတ်ရေးရာကို မိမိ၏ မကြည်လင်သည့် ဉာဏ်အမြင်ဖြင့် မပီမပြင် ဖော်ပြပူဇော်၍ နိဂုံးချုပ်လိုက်ရပါ၏။

ပဏ္ဍိတာရာမ သာသနာ့မီးတိုင်
ဆက်လက် ထွန်းတောက်နိုင်ပါစေ။
သာသနာ့အေးရိပ် ချွေးသိပ်နိုင်ကြပါစေ။

အရှင်ဉာနဇောတာဘိဝံသ
အင်္ဂလန်

http://www.dhammadownload.com



ရွှေတောင်ကုန်း မှသည် မဟာစည်သို့

အရှင်သုမင်္ဂလာလင်္ကာရ (Ph.D)

ရွှေတောင်ကုန်းပဏ္ဍိတာရာမသာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၏ သက်တော် (၈၀)ပြည့်နှင့် ရွှေတောင်ကုန်းပဏ္ဍိတာရာမ သာသနာ့ရိပ်သာ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် စာစောင်များ ထုတ်ဝေမည်ဟု ကြားသိရသည့်အခါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာနှင့် ရွှေတောင်ကုန်းဆရာတော်၏ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ၏ ထူးခြားလှသော၊ အံ့သြထိုက်သော၊ ဂုဏ်ပြုထိုက်သော၊ အောင်မြင်မှု အထွေထွေသည် မိမိ၏ ဉာဏ်အမြင်တွင် ကြည်ရွှင်လောက်အောင် ပေါ်ထင်လာကြပါသည်။

အောင်မြင်မှုများသည် ထူးခြားလှပါ၏၊ အံ့သြထိုက်ပါ၏၊ ဂုဏ်ပြုသင့်ပါ၏၊

http://www.dhammadownload.com



ပြုပေးအပ်သော လာဘ် ပူဇော်သက္ကာရ မည်၏၊ အတတ်ပညာရှင် တပည့်၏ ဂုဏ်ကျေးဇူးကို ပြောသော လူအပေါင်း ကလည်း ဆရာရှင်၏ ခြေအစုံတို့ကို ဆေးကြော်၍နေသော တပည့်ဖြစ်ပါလေ စွဟု အတတ်ပညာရှင်တပည့်၏ ဂုဏ်ကို မပြောမီ ဆရာရှင်၏ဂုဏ်ကိုသာ ရှေးဦးစွာ ပြောကြားကြ၏။ အတတ်ပညာရှင် တပည့်မှာ ဖြတ္တာ့ပြည်လောက် မြင့်မောက် များပြား ကြီးကျယ်သော လာဘ်လာဘများ ဖြစ်လာလျှင်လည်း ဆရာသခင်၏ ဥစ္စာများသာ ဖြစ်သည်" ဟု မိန့်ဆိုထားပါသည်။

သို့ပါ၍ **"ရွှေတောင်ကုန်း မှသည် မဟာစည်သို့"** ဟူသော ခေါင်းစဉ်ဖြင့် ရွှေတောင်ကုန်း ပဏ္ဍိတာရာမ သာသနာ့ရိပ်သာဆရာတော်၏ ကျေးဇူးတော်ရှင် ဆရာသခင် မဟာစည် ဆရာတော် ဘုရားကြီး၏ ထူးခြားသော ဂုဏ်ရည်တစ်ခုမျှ ထုတ်ပြကာ ပူဇော်ပါမည်။

၁၃၄၂-ခုနှစ် တန်ဆောင်မုန်း လဝယ် တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့် ကျောင်းတိုက်အတွင်း သာသနာတော်လုံးဆိုင်ရာရွှေကျင်နိကာယဒသမအကြိမ် ဂိုဏ်းလုံးကျတ် သံဃာ့အစည်းအဝေးကြီး ကျင်းပစဉ်အချိန်က ဖြစ်ပါသည်။

ဓမ္မကထိက ဆရာတော်များနှင့် မိမိကို ကျောင်းသီးသန့် တစ်ကျောင်းမှာ နေရာပေးသဖြင့် မိမိသည် ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ စစ်ကိုင်းသိတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ) စသော ဓမ္မကထိကဆရာတော်များနှင့် တစ်ကျောင်းတည်း တည်းခိုရပါသည်။

သို့သော် မိမိသည် ရွှေတောင်ကုန်း ပဏ္ဍိတာရာမဆရာတော်၏ အောင်မြင်မှုများသည် အဘယ်မှ လာခဲ့ပါသနည်းဟု ဆက်လက်စဉ်းစားကြည့်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးမှ လာခဲ့သည်ဟု မိမိအသိတွင်ထင်မြင်လာသဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အကြောင်းကို ပဓာနထား၍ ပြောရေးသားပါမည်။

ရွှေတောင်ကုန်း ပဏ္ဍိတာရာမသာသနာ့ရိပ်သာဆရာတော်၏ အောင်မြင်မှုအထွေထွေသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးမှ လာခဲ့သည်ဟူသော မိမိ၏ အသိအမြင်သည် ပိဋကတ်ကျမ်းဂန်နှင့်လည်း ညီညွတ်ပါသည်။

မှန်ပါသည်- ဒီဃနိကာယ် ပါထိကဝဂ္ဂ သိင်္ဂါလသုတ် အဋ္ဌကထာ၌ **"အတတ်ပညာ သင်ကြားတတ်မြောက်ပြီးသော တပည့်သည် ဈာက်လေရာ အရပ်၌ မိမိတတ်ကျွမ်းသော အတတ်ပညာကိုပြ၍ လာဘ်ပူဇော်သက္ကာရ ဖြစ်လာလျှင် ထိုဖြစ်လာသမျှ လာဘ် ပူဇော်သက္ကာရသည် ဆရာသမားက**

ရွှေတောင်ကုန်း ပဏ္ဍိတာရာမဆရာတော်၏ အောင်မြင်မှုများသည် အဘယ်မှ လာခဲ့ပါသနည်းဟု ဆက်လက် စဉ်းစားကြည့်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးမှ လာခဲ့သည်ဟု မိမိအသိတွင် ထင်မြင်လာသဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အကြောင်းကို ပဓာန ထားပြီး ရေးသားပါမည်။

http://www.dhammadownload.com



မြင့်မားနေကြောင်းသိချင်ရင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတဲ့ ဝိပဿနာရှုနည်းကျမ်းကြီးကို ဖတ်ကြည့်ပါ။

မိမိတို့သည် အားလပ်ချိန်များ၌ မိမိတို့ စိတ်ဝင်စားသည့် သာသနာရေးအကြောင်းများကို ဆွေးနွေးကာ အသိချင်း ဖလှယ်ကြ၏။

တစ်ချိန်တွင် မိမိသည် သီတင်းသုံးဖော်များနှင့်အတူ မဟာစည် ဆရာတော်ကြီး၏ အကြောင်း ပြောဆိုမိပါသည်။ မိမိသည် အမှန်ဟု ယူဆချက်ဖြင့် ပြောနေ၏။ သို့သော် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားက မှားကြောင်း ခပ်လှမ်းလှမ်းမှ လှမ်း၍ ကန့်ကွက်လိုက်သည်မှာ မိမိအတွက် တစ်သက်တာ မမေ့နိုင်စရာ ဖြစ်ခဲ့ရပါသည်။

မိမိက မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိအရည်အချင်းသည် "ဆဋ္ဌသင်္ဂါယနာမတင်မီကတော့ အသင့်အတင့်သာ ဖြစ်တယ်၊ ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးမှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန်များကို အကြည့်များလာ၍ ပရိယတ္တိအရည်အချင်း အလွန်မြင့်မားသွားတယ်လို့ မဟာစည်ဆရာတော်ဘုရားကြီး၏ အကြောင်းကို သိလောက်တဲ့ ထိပ်သီးဆရာတော်ဘုရားကြီးတစ်ပါးအထံမှ ကြားဖူးပါတယ်"ဟု ပြောကြားမိရာ မိမိတို့စကားဝိုင်းတွင် မပါ၊ ခပ်လှမ်းလှမ်း၌ သီးသန့် စကားပြောနေသော ချမ်းမြေ့ဆရာတော်က-

"ဥူးသုမင်္ဂလ- အဲဒီစကားလုံးဝမှားတယ်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ အရည်အချင်းဟာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ရောက်မှ အလွန်မြင့်မားလာတယ် ဆိုတဲ့ စကားဟာ အလွန်မှားတယ်၊ ဒီစကားကို ဘယ်လို ပုဂ္ဂိုလ်က ပြောပြော မှားတာပဲ။

မှားတယ်ဆိုတာ အခိုင်အမာ ပြနိုင်တယ်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ မတိုင်မီကပင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိ အရည်အချင်းဟာ ခပ်ငယ်ငယ်ကပင် အလွန်မြင့်မားခဲ့တယ်ဆိုတာ အခိုင်အမာ ပြောနိုင်တယ်"ဟု မိန့်ကြားပါသည်။

ချမ်းမြေ့ရိပ်သာ ဆရာတော်၏စကားကို ကြားသည့်အခါမှ စ၍ မိမိ ပြောကြားခဲ့မိသော မဟာစည် ဆရာတော် ဘုရားကြီး၏ ပရိယတ္တိ အရည်အချင်းနှင့် စပ်သော စကားကို နောက်ထပ် တစ်ခါမျှ မပြောကြားတော့ပါ။

ချမ်းမြေ့ရိပ်သာ ဆရာတော်၏စကားပြောပုံကလည်း ရှင်းလင်းပြတ်သားလှ၏၊ တိကျလှ၏၊ ခိုင်မာလှ၏၊ မိမိကိုယ်တိုင်ကလည်း မဟာစည်ဆရာတော်ဘုရားကြီးအပေါ် ရှေးယခင်ကပင် အလွန်ကြည်ညိုလေးစား၏။ ချမ်းမြေ့ဆရာတော်ကိုလည်း ယုံကြည်လေးစားပါ၏။

သို့အတွက် ချမ်းမြေ့ ဆရာတော် မိန့်ကြားသည့်အတိုင်း ဖြစ်ရမည်ဟု ချက်ချင်းပင် ဆုံးဖြတ်ချက်ချမိပါသည်။


ချမ်းမြေ့ဆရာတော် အပေါ် ယုံကြည် လေးစား၍ လည်းကောင်း၊ မအား‌လပ်၍ လည်းကောင်း ဝိပဿနာ

http://www.dhammadownload.com

သံသနဂ္ဂဟကို

ရှုနည်းကျမ်းကြီးကို မကြည့်ဖြစ်ခဲ့ပါ၊ ချမ်းမြေ့ရိပ်သာဆရာတော်၏ စကားကို ကြားပြီးနောက် ၁၂နှစ်ကြာမှ မိမိသည် အချိန်ရသဖြင့် ဝိပဿနာရှုနည်းကျမ်းကြီးကို စေ့စေ့စပ်စပ် ကြည့်မိပါသည်။

ကြည့်ရှုခြင်း၏ အကြောင်းကတော့ မိမိအတွက် ဝိပဿနာရှုနည်းရလို၍ ကြည့်ခြင်းပါပဲ၊ သို့သော် ကြည့်ရင်း ကြည့်ရင်း မဟာစည်ဆရာတော်ဘုရားကြီး၏ အရေးအသား အဆင့်အတန်း မြင့်မားပုံ၊ အယူအဆ ပြတ်သားပုံ၊ **စာပေနှံ့စပ်ကျွမ်းကျင်ပုံတွေကို တွေ့ရ**



တော့ ၁၂နှစ်ကျော်က ကြားခဲ့ရတဲ့ ချမ်းမြေ့ရိပ်သာဆရာတော်၏ –

"မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိအရည်အချင်းဟာ ဆဋ္ဌသင်္ဂါယနာတင်ပဲ ရောက်မှ အလွန်မြင့်မားလာတယ်ဆိုတဲ့ စကားဟာ အလွန်မှားတယ်၊ ဆဋ္ဌသင်္ဂါယနာတင်ပဲ မတိုင်ခင်ကပင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိအရည် အချင်းမြင့်မားနေကြောင်း သိချင်ရင် ဝိပဿနာရှုနည်းကျမ်းကြီးကိုကြည့်ပါ" ဆိုတဲ့ စကားကို ပြန်လည် ကြားယောင်ပြီး "ချမ်းမြေ့ရိပ်သာဆရာတော်၏ စကားသည် အလွန်မှန်လှပါစေဘု"ဟု မိမိ

မကြာမကြာ တွေးပြီး မိမိ၏ အမြင်မှားကို ဖယ်ရှားပေးသော ချမ်းမြေ့ရိပ်သာဆရာတော်၏ ကျေးဇူးကိုလည်း သတိရ၊ မဟာစည် ဆရာတော်ဘုရားကြီးဘကိုလည်း ရှေးကထက် ပိုမို၍ လေးနက်စွာ ကြည်ညိုလာပါတယ်။

ရှေးကလည်း မိမိသည် မဟာစည်ဆရာတော်ကြီးအပေါ် ကြည်ညိုပါသည်။ မိမိအား ပရိယတ္တိသင်ကြားပေးသော ဆရာသမားများထဲမှ စစ်ကိုင်းတောင်ရိုး သဒ္ဓနောဒယချောင် ဆရာ**တော် ဘဒ္ဒန္တ သဒ္ဓနာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)၊ကမ္ဘာအေး ပုဗ္ဗဝိဒေဟကျောင်း**ဆောင်နေ ကျမ်းပြုအကျော် ဆရာတော် ဘဒ္ဒန္တ ပညိဿရာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)စသော ဆရာတော်များအထံမှ မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်ကို မကြာမကြာ ကြားသိ ခဲ့ရ၍လည်းကောင်း မိမိကိုယ်တိုင် တိပိဋကဓရ စာမေးပွဲ ဖြေဆိုစဉ် မဟာစည်ရိပ်သာတွင် နေခိုက် ဖူးမြော်ခွင့်များစွာရခဲ့၍ လည်းကောင်း၊ ကြည်ညိုရင်းစွဲ ရှိပြီးပင် ဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိအရည်အချင်းကို ဖော်ပြနေသည်မှာ ပဋိပတ္တိဦးဆောင် ဆရာတော်များမှာ ပရိယတ္တိ အရည်အချင်း ပြည့်ဝမှ ပဋိပတ္တိလမ်းစဉ် ဖြောင့်မတ်မည်ဟု ယုံကြည်ချက်ရှိ၍ ဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိ အရည်အချင်းသည် အလွန်အလွန်မြင့်မားစွာ ပြည့်ဝကြောင်းကို ပညာရှင် အများပင် လက်ခံပြီး လက်ခံဆဲ နောက်အခါလည်း ဆက်လက်၍ လက်ခံကြမည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။

ပရိယတ္တိအရည်အချင်း အလွန်မြင့်မားစွာ ပြည့်ဝခဲ့သော မဟာစည်ဆရာတော်ဘုရားကြီး၏ လမ်းစဉ်အတိုင်း ကိုယ်တော်တိုင် လိုက်နာကျင့်သုံး၍ ပြည်တွင်းပြည်ပ ထောင်သောင်းမက များပြားလှစွာသော ယောဂီတို့အား ဟောပြော ပြသတော်မူသော ရွှေတောင်ကုန်း ပဏ္ဍိတာရာမ သာသနာ့ရိပ်သာဆရာတော်ဘုရား၏ အောင်မြင်မှုအထွေထွေသည် မဟာစည်ဆရာတော်ဘုရားကြီးမှ လာခဲ့ခြင်းဖြစ်သလို မဟာစည် ဆရာတော်ဘုရားကြီး၏ ဂုဏ်ရောင်ကို ပိုမိုထွန်းပြောင်အောင် ဆောင်နေခြင်းလည်း ဖြစ်ပါသည်ဟု တွေးကာ အလွန်ပင်ကြည်နူးဝမ်းသာရပါပေသည်။

ရွှေတောင်ကုန်း ပဏ္ဍိတာရာမ သာသနာ့ရိပ်သာ ဆရာတော်၏ တပည့်အဆက်ဆက်သည်လည်း ရွှေတောင်ကုန်းဆရာတော်ကဲ့သို့ ဆရာသမားကြီးများ၏ ဂုဏ်ရောင်ကို ဆက်လက်ထွန်းပြောင်နေအောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုရပါသတည်း။

အရှင်သုမင်္ဂလာလင်္ကာရ (Ph.D.)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊
အဂ္ဂမဟာပဏ္ဍိတ

http://www.dhammadownload.com



ကျွမ်းကျင်တဲ့ ဥယျာဉ်မှူး

ဝိမလဉာနီ (နီပေါ)

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ တည်ထောင်ခဲ့တာ ဆယ်နှစ်ပြည့် အထိမ်းအမှတ်နှင့် အနန္တ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ဘုရားကြီး၏ သက်တော် ရှစ်ဆယ်ပြည့် အထိမ်း အမှတ်အဖြစ် စာစောင်တစ်စောင် ထုတ်ဝေတော့မယ်လို့ ကြားကတည်းက စာရေးသူလည်း ဆောင်းပါးတစ်စောင် ရေးလိုက်ရင် ကောင်းမလားလို့ စိတ်ကူး ပေါခဲ့ပါတယ်။

စိတ်ကူးပေါပေမယ့် မိမိက ပြည်ပသူ တစ်ပြည်သူ တစ်ဦး ဖြစ်နေသည့်အတွက် မြန်မာစာ မြန်မာစကား တွေကိုလည်း ကျွမ်းကျွမ်းကျင်ကျင် မတတ်သေးတာ တစ်ကြောင်း၊ စိတ်ကူး ပေါသလောက် လက်တွေ့ ရေးဖို့ စိတ် အား မသန်တာ တစ်ကြောင်းကြောင့် စိတ်ကူးက အကောင်အထည် မပေါ်လာ ခဲ့ပါ။

ဒါကြောင့် စိတ်ကူးကို စိတ်ကူး အတိုင်း အသာထား၍ အေးအေးဆေးဆေး နေနေတဲ့ အချိန်မှာပဲ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ သီတင်းသုံးနေတဲ့ စာချဆရာ သာမဏေ ကျော်က "ရွှေတောင်ကုန်း သာသနာ့ ရိပ်သာမှာ မိမိ ပရိယတ်စာပေတွေ သင်ယူခဲ့စဉ်က ရခဲ့တဲ့ အတွေ့အကြုံ အကြောင်းအရာတွေကို ဆောင်းပါး တစ်ပုဒ် ရေးရမယ်" လို့ အမိန့်ရှိလိုက်လို့ ဒီဆောင်းပါးကို မရေးတတ် ရေးတတ်နဲ့ ရေးဖို့ ကြိုးစားရပါတော့တယ်။

မိမိ မိခင်ဘာသာစကားဖြစ်တဲ့ နီပေါလိုတောင်မှ တစ်ခါမှ ဆောင်းပါး မရေးဖူးတဲ့ စာရေးသူအဖို့ ဒီအလုပ်ဟာ အင်မတန် ခက်ခဲတဲ့ အလုပ်တစ်ခု ဖြစ်သွားပါတယ်။

http://www.dhammadownload.com

သံသရာကို တွေ့ကြုံခဲ့ကြရသူ

စာရေးသူဟာ ၁၉၉၁ ခု၊ ဇွန်လ ၁၃ ရက်နေ့မှာ "ပရိယတ် မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်" သာသနာတော် ကြီးကို ဆည်းပူးလေ့လာ ကျင့်ကြံပွားများရန် ရည်ရွယ်ပြီး ရန်ကုန်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာ သနာ့ရိပ်သာကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။

အနန္တ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ဆရာတော် ဘုရားကြီး ကဗုဒ္ဓမြတ်စွာ ဖွားမြင်တော်မူရာ နိပေါနိုင်ငံမှာ ပရိယတ်၊ပဋိပတ် သာသနာရောင်ခြည်တော်တို့ကို ထွန်းတောက်စေရန်အတွက် ငါးကြင်း ဆီနဲ့ ငါးကြင်းသားကြော်သလို နိပေါလူမျိုးတွေကိုပဲ ပရိယတ် ပဋိပတ်တရား ကို စွယ်စုံတတ်မြောက်အောင် သင်ယူကျင့်ကြံစေပြီး သူတို့မှတစ်ဆင့် သာသနာပြန့်ပွားအောင် ဆောင်ရွက်စေဖို့ ကြီးမား သော စိတ်ဆန္ဒ ရှိတော်မူခဲ့ပါတယ်။

ဆရာတော်ရဲ့ စိတ်ဆန္ဒ ပြီးမြောက်စေရန် စာရေးသူ အပါ အဝင် တစ်ခြားနိပေါသူ ခြောက်ဦးတို့ဟာ ဆရာတော်ရဲ့ မေတ္တာရိပ် အောက်မှာ ပရိယတ် ပဋိပတ်ပညာ ဆည်းပူးနေပါတယ်။

ဆရာတော်ကြီးက မိမိထံ ရောက်လာတဲ့ နိပေါသူ နိပေါသား တွေကို မိဘဆွေမျိုးတွေနဲ့ ကင်းပြီး နေရလို့ စိတ်အားမငယ်စေရန် မိမိသား သမီးပမာ အစစအရာရာ အထူး ကြည့်ရှုစောင့်ရှောက်တော် မူခဲ့ပါတယ်။



စာရေးသူလို ပြည်ပသူတစ်ဦးဖို့ မြန်မာဘာသာစကား ရေရေလည်လည်မတတ်သေးခင် မြန်မာသူငယ်ချင်း ဆရာလေးတို့နှင့် ပြိုင်တူ ပရိယတ်စာပေများကို သင်ယူရတာ သိပ်မလွယ်လှပါဘူး။ စာရေးသူအခြေအနေ အခက်အခဲကို နားလည်တော်မူတဲ့ ဆရာတော် ဘုရားကြီးက စိတ်ဓာတ်မကျစေရန် အားပေးတိုက်တွန်းတော်မူခဲ့ ပါတယ်။

"စိတ်ဓာတ်ကျတဲ့ ပုဂ္ဂိုလ်အတွက် အရှုံးပဲ ကျန်မှာပါ။ သူများတောင်မှ ရအောင် လုပ်နိုင်သေးတာ ငါဘာဖြစ် လို့ မရနိုင်မှာလဲဆိုပြီး ပိုမို လုံ့လဝီရိယ စိုက်ပြီး ကြိုးစားရမယ်"ဆိုတဲ့ ကျေးဇူးရှင်ဆရာတော်ရဲ့ ဆုံးမအားပေး စကားလေးတွေဟာ စာရေးသူ အဖို့ အားဆေးတစ်ခွက်ပမာ ဖြစ်သွားပါတယ်။ ကြိုးစားသင်ယူချင်တဲ့ စိတ်ကို ထက်သန်စေပါတယ်။ ဖခင်ရင်းသဖွယ် ဖြစ်တဲ့ အနန္တ ကျေးဇူးရှင် ဆရာတော်ကြီးရဲ့ မေတ္တာရိပ်အောက်မှာ ပရိယတ်၊ ပဋိပတ်ပညာ ဆည်းပူးခွင့်ရတဲ့ စာရေးသူဟာ အင်မတန် ကံကောင်းပါတယ်။

ကျေးဇူးရှင်ဆရာတော်ကြီးက ပရိယတ်၊ ပဋိပတ် သာသနာ စွယ်စုံကို အရှည်တည်တဲ့ ရှင်သန် ပြန့်ပွားအောင် စိမ်ကိန်း ချပြီး ပြည်တွင်းပြည်ပက တပည့်တွေကို စာပေကျမ်းဂန်ရော အကျင့်သိက္ခာ တွေကိုပါ လေ့လာဆည်းပူး ကျင့်ကြံပွားများစေပါတယ်။

http://www.dhammadownload.com

ဆရာသခင်ကြီးတို့၏ ဘဝနှင့် ကွန်ဂရက်

ဆရာတော်ဘုရားကြီး၏ အေးမြငြိမ်းချမ်းတဲ့ မေတ္တာရိပ်အောက်မှာ စာရေးသူ နိုပေါသား၊ တွေအပြင် မလေးရှား၊ ဂျာမနီ၊ ဗီယက်နမ်၊ ကိုရီးယား၊ အမေရိကန် နိုင်ငံသူ နိုင်ငံသား၊ တွေလည်း ပညာ ဆည်းပူးခွင့် ရနေကြပါတယ်။

အခွင့်သာတဲ့ အချိန်တွေမှာ ဆရာတော် ကိုယ်တိုင်လည်း စာချပေး၊ တရားပြပေးပြီး၊ ကျန်တဲ့အချိန်တွေမှာ စာချဆရာတော်များ ဖြစ်ကြတဲ့ အရှင်ဉာနဇောတာဘိဝံသ၊ အရှင်ဓမ္မိကာဘိဝံသ (သာမဏေကျော်)၊ အရှင်သီလာစာရ (ပါဠိပါရဂူ B.A)၊ အရှင် ဝိမလာစာရာဘိဝံသ၊ အရှင်ယောသိတာဘိဝံသ၊ အရှင် ပညာဒီပါဘိဝံသ၊ အရှင်ဣန္ဒဝံသာစာရ၊ အရှင်ပညာဘိနန္ဒ၊ အရှင်ဉာနိကာဘိဝံသတို့ထံမှာ ပရိယတ္တိစာပေများကို သင်ယူစေခဲ့ပါတယ်။

အနန္တ ကျေးဇူးရှင်ဆရာတော်ကြီးရဲ့ လိုလေသေးမရှိအောင် သင်ကြားအားပေးမှု၊ ကျေးဇူးရှင် ဆရာသမား များရဲ့ မှန်ကန်ထက်သန်တဲ့ စေတနာဖြင့် ညွှန်ပြသင်ကြားမှုကြောင့် ကြီးမားတဲ့ အခက်အခဲ မရှိဘဲနဲ့ စာမေးပွဲတွေကို ဖြေဆို အောင်မြင်လာခဲ့ပါတယ်။ ဆရာသမား များရဲ့ ကြိုးစားသင်ကြားမှု၊ တပည့်တွေရဲ့ လုံ့လစိုက် သင်ယူမှုတွေကြောင့် အချိန်အတို လေးအတွင်းမှာပင် ထူးချွန်စွာ — အောင်မြင်တဲ့တပည့်တွေ ပေါ်ပေါက်လာခဲ့ပါတယ်။



မိမိတပည့်တွေက ထူးထူးချွန်ချွန် အောင်မြင်မှု ရတာ သိမြင်ကြားတဲ့အခါ မည်သည့်ဆရာမဆို ဝမ်းသာပီတိ ဖြစ်မှာ ဧကန်ပါပဲ။ ဆရာတော်ကြီးမှာလည်း နည်းတူ ပီတိတွေ ဖြစ်မှာပါပဲ။

ဒါပေမယ့် ပွင့်ခါစ အပွင့်ဖူးလေးဟာ ပွင့်ရမယ့် အတိုင်း အတာအထိ မပွင့်ခင် ကြွေကျသွားမှာစိုးလို့, ပန်းတိုင် မရောက်ခင် ချော်လဲကျမှာစိုးလို့ ဆရာတော်ကြီးက ဝမ်းသာ ပီတိဖြစ်နေတဲ့ အမူအရာတွေကို တပည့်တွေရှေ့မှာ အလွန် မထုတ်ဖော် မပြောဆို တတ်ပါ။


သတ္တဝါတွေရဲ့ သဘာဝဟာ အောင်မြင်ကျော်စောမှု အနည်းငယ်ရလာရင် ခြေဖဝါးနဲ့ကြမ်းနဲ့ မထိတော့ဘဲ မြောက်ကြွနေတတ်ပါတယ်။ သူတစ်ပါးရှေ့မှာ ဂုဏ်ဖော်ချင်တဲ့စိတ် ပေါ်လာတတ်ပါတယ်။ သတိတရား လွတ်ကင်းပြီး မာန်မာန တက်တက်ကြွားကြွား ဖြစ်လာတတ်ပါတယ်။ ကိုယ့်ဘဝကို မေ့သွားတတ်ပါတယ်။

ရွှေတောင်ကုန်းဆရာတော်ကြီးက မိမိတပည့်တွေကို ဒီလိုမျိုး မဖြစ်ရအောင် လိမ္မာကျွမ်းကျင်တဲ့ ဥယျာဉ်မှူးက ပန်းပင်လေးတွေကို ညှိုးခြောက်မသွားအောင် မျက်ခြည်မပြတ် ကြည့်ရှုစောင့်ရှောက်သလို ကြည့်ရှုသွန်သင်တော်မူပါတယ်။

အောင်မြင်မှု ရလာတဲ့အခါ အောင်ခြေ မလွတ်ရအောင် မာန်မာန မတက်ကြွ မထောင်လွှားဘဲ အနှစ်ပြည့်တဲ့ စပါးနှံကဲ့သို့ ဖြစ်ဖို့ သတိပေး ဆုံးမလေ့ ရှိပါတယ်။

http://www.dhammadownload.com

သင်္ဃာနုဿတိ



စာပေကျမ်းဂန်များကို သင်ယူဆဲ အခါမှာပဲ ဖြစ်ဖြစ်၊ ဘာဝနာတရားကို စီးဖြန်းနေတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ မိမိသီတင်းသုံးဖော် ပတ်ဝန်းကျင်လူအများနဲ့ နေတဲ့အခါ အချင်းချင်း သည်းခံခွင့်လွှတ်မှု၊ သူတစ်ပါးအကျိုးစီးပွားကို လိုလားတဲ့ မေတ္တာအစေးဓာတ် ရှိမှ မိမိလုပ်ငန်းစဉ် ရည်မှန်းချက်တွေကို အေးငြိမ်းချမ်းသာစွာ ပြီးမြောက်စေနိုင်မှာ ဖြစ်ပါတယ်။

"ကိုယ်ကသာ သူများကို သည်းခံရမယ်။ သူများက ကိုယ့်ကို သည်းခံရတယ်ဆိုတာ မဖြစ်စေရဘူး။ သူတစ်ပါးရဲ့ မကောင်းတဲ့ မုန်းဖွယ်အကွက်တွေကို ဖယ်ပြီး ကောင်းတဲ့ချစ်ဖွယ်အကွက်တွေကို မြင်အောင် ကြည့်တတ်ရင်၊ ကြည့်နိုင်ရင်၊ ကြည့်ဖြစ်ရင် မေတ္တာဆိုတဲ့ သူတစ်ပါးအကျိုးစီးပွားလိုလားမှုဟာ ဖြစ်ပေါ်လာတော့တာပဲ"

ဟု မကြာခဏ မိန့်လေ့ရှိတဲ့ ဆရာတော်ဘုရားကြီးရဲ့ သြဝါဒစကားဟာ ပြည်ပမှာ ရောက်နေတဲ့ စာရေးသူအဖို့ အများနဲ့ ခင်မင်ရင်းနှီးစွာ ဆက်ဆံနေနိုင်ရန် လမ်းပြနေပါတယ်။

ကျေးဇူးရှင် ဆရာတော်ကြီးဟာ စာရေးသူတို့ နိုပေါသာသနာ ထွန်းကားရေးအတွက် အမြဲတမ်း အထူး ကြောင့်ကြစိုက် ဆင်ခြင် စဉ်းစားတော်မူပါတယ်။ စာရေးသူနဲ့ တွေ့တိုင်း လိုလိုပဲ နိုပေါသာသနာနဲ့ ပတ်သက်ပြီး ဆရာတော်ရဲ့ စိမ်ကိန်း၊ ဆရာတော် ဖြစ်စေချင်တဲ့ ပုံစံကို မိန့်လေ့ရှိပါတယ်။

နည်းစနစ်ကျ တစ်ရိုန်ထိုး၊ တစ်ဟုန်ထိုး သာသနာရောင်ခြည် တောက်ပစေရေးအတွက် စာရေးသူနိုပေါလေးတွေကို


"ဒီမှာ ပညာသင်ပြီး ပြန်သွားတဲ့အခါ ဟိုမှာ တစ်နေရာတည်း၊ တစ်အုပ်စုတည်း နေပြီး ညီညီညွတ်ညွတ် လုပ်မှ အလုပ် ဖြစ်မြောက်ပါမယ်။ အုပ်စု ကွဲသွားလို့ကတော့ သိပ်ဖြစ်လာမှာ မဟုတ်ပါဘူး။ ဖြစ်သလောက်တော့ ဖြစ်မှာပေါ့လေ"

ဟု ပူပန်တစ်ကြီး နည်းလမ်း သတိပေး ဆုံးမတော်မူနေတဲ့ အနန္တ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ စိတ်ဆန္ဒကို ဖြည့်ဆည်းရန် စာရေးသူအပါအဝင် နိုပေါပြည်သူပြည်သားကွေက အစွမ်းကုန် ကြိုးစားကြရပါဦးမယ်။ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဆပ်လို့ မကုန်နိုင်တဲ့ ကျေးဇူးဂုဏ်တွေကို တတ်စွမ်းသမျှ ဆပ်ရပါဦးမယ်။

ကျေးဇူးကြီးမား ဆရာမြတ် ဖြစ်တော်မူတဲ့ အနန္တ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ ဆရာတော်ဘုရားကြီးဟာ သက်တော်ရာကျော်ရှည်ပြီး ကမ္ဘာသူကမ္ဘာသား အပေါင်းတို့ကို သဗ္ဗညုမြတ်စွာဘုရား ညွှန်ပြတော်မူခဲ့တဲ့ မဇ္ဈိမပဋိပဒါ လမ်းအမှန်ဖြင့် စခန်းမှန်သို့ ရောက်အောင် ပညာအလင်း ထွန်းတောက်စေ၍ သယ်ပို့ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းပတ္ထနာ ပြုလိုက်ပါတယ်။

ဝိမလဉာဏီ (နိုပေါ)

http://www.dhammadownload.com



၂၀-ရာစု၏ လူသားအကျိုးပြု

အမြင့်မားဆုံး ကျောက်တိုင်

မမ္မာစရိယ ဦးဌေးလှိုင်

http://www.dhammadownload.com

၂၀-ရာစု၏ လူသားအကျိုးပြု အမြင့်မားဆုံး ကျောက်တိုင်

(၁)

၂၀-ရာစုမှ ၂၁-ရာစုသို့ ကူးပြောင်းသော ကြုံကြိုက် ခဲသော ခေတ်သစ် ခေတ်ဆန်းချိန်ကြီးတစ်ခုနှင့် ကျွန်ုပ်တို့ တစ်တွေ ကြုံကြိုက် တိုက်ဆိုင်ခဲ့ကြရသည်။

ရာစုခေတ်သစ်ဆီသို့ လျှောက်လှမ်းရန် ဟန်ပြင်ရင်း ကျန်ရစ်ခဲ့သော ၂၀-ရာစုကို ပြန်ပြောင်းဆင်ခြင်မိသူများ ရှိကြ၏။

"ငါတို့၊ငါတို့နိုင်ငံမှာ ၂၀-ရာစုက ဘာတွေ အောင်မြင်ခဲ့သလဲ?၊ ဘာတွေ ဆုံးရှုံးခဲ့ရသလဲ ?၊ ဘယ်လို အဖြစ် အပျက်ထူးတွေ ဖြစ်ပေါ်ခဲ့သလဲ? ကမ္ဘာကြီးကို (သို့ မဟုတ်) တိုင်းပြည်နှင့် လူမျိုးကို အသိဉာဏ်အလင်းရောင် ပေးနိုင်သော ဘယ်လိုပုဂ္ဂိုလ် ထူးများ ပေါ်ပေါက်ခဲ့သလဲ? အထူးခြားဆုံး အဖြစ်အပျက်က ဘာလဲ? အထူးခြားဆုံး ပုဂ္ဂိုလ်က ဘယ်သူဖြစ်မလဲ? ၂၁-ရာစု မှာ ဘယ်လိုဖြစ်မလဲ?၊ တို့တစ်တွေ ဘာတွေ လုပ်သင့်သလဲ?။

ကျန်ခဲ့သော ရာစုနှစ်တစ်ခုလုံးကို ခြုံပြီး စဉ်းစားမိသူများ ရှိကြ၏၊ ထောင်စုနှစ်တစ်ခုလုံးကို ခြုံပြီး အရှုံးအမြတ် တွက်သူများလည်း ရှိကြသည်၊ စဉ်းစားမည်ဆိုက စဉ်းစားသင့်သော ကိစ္စပင် ဖြစ်၏။

သို့သော် တစ်ခုတည်းသော အဖြေကို ရဖို့ကား ခက်ခဲပါ၏၊ အဘယ်ကြောင့်ဆိုသော် ရှုထောင့်အမြင် မတူကြသောကြောင့်ပင် ဖြစ်သည်၊ အမြင်မတူရုံမျှသာမက ကြည့်ရှုသော မျက်လုံးများ၏ အကျဉ်းအကျယ် (မြင်နိုင်အား) ကလည်း ရှိသေးသည် မဟုတ်ပါလား။

ကမ္ဘာ့လူသားအားလုံး၏ ကောင်းစား ချမ်းသာရေးအတွက် ဆောင်ရွက်ပေးနိုင်သော ပုဂ္ဂိုလ်ထူးနှင့်စပ်၍ အနောက်ဘက်ကမ္ဘာ၌ တစ်သံတည်း ထွက်ကြ၏၊ လက်ညှိုးတစ်ချောင်းတည်း ထောင်ကြသည်၊ ငြင်းချက်ထုတ်သူ မရှိ၊ ကန့်ကွက်သူ မရှိ။

လူသားထု ကောင်းစားချမ်းသာရေးအတွက် ၂၀-ရာစု ခေတ်တွင် အထူးခြားဆုံးပုဂ္ဂိုလ်အဖြစ် 'အဲလ်ဘတ် အိန်းစတိုင်း (Albert Einstein) ကို ညွှန်ပြကြသည်၊ မှန်၏၊ သူကား ရှေးက သိပ္ပံပညာရှင်များ မတွေ့ရှိနိုင်ခဲ့သော အဏုမြူစွမ်းအားကို ဖော်ထုတ်ပေးသူ ၂၀-ရာစု၏ သိပ္ပံပညာကျော် အဏုမြူဖခင်ကြီး မဟုတ်ပါလား။

သို့သော် အိန်းစတိုင်းကမူ လူသားထု ကောင်းစားချမ်းသာရေးအတွက် အကြွင်းမဲ့ ပြည့်စုံသော လူသားကောင်းကျိုးပြုသူအဖြစ် သူ့ကိုယ်သူ ခံယူပုံ မရ၊ သူ ရှာဖွေဖော်ထုတ်ပေးသော အဏုမြူဖြင့်ပင် လူအများ မီးလောင်တိုက်သွင်းခံခဲ့ရသည်ကို သူကိုယ်တိုင် သိရှိသွားခဲ့၏၊ အကြီးအကျယ် စိတ်မကောင်းခြင်း ဖြစ်သွားရှာ၏၊ ထိုအချိန်မှစ၍ စစ်မှန်ခိုင်မြဲသော ကမ္ဘာ့ငြိမ်းချမ်း မှုကြီးရအောင် ဘဝကို မြှုပ်နှံ၍ လုပ်ဆောင်သွားခဲ့လေသည်။

အကြွင်းမဲ့ ပြည့်စုံသော လူသားအကျိုးပြု ပုဂ္ဂိုလ်ထူးဆိုသည်မှာ ဘာသာရေးလောကဌာသာ ရှိသည်ဟု အိန်းစတိုင်း ခံယူထားပုံ ရသည်၊ တစ်နည်းအားဖြင့် သိပ္ပံပညာဖြင့် လောကကြီးအား အလှဆင်ပေးသည်မှာ တိုးတက်ကောင်းမွန်လာသည် မှန်ကန်သော်လည်း မပြည့်စုံသေးကြောင်း သဘောပေါက်သွားသည်ဟု ဆိုနိုင်၏။



သူ့နှလုံးသားကို ဖော်ပြသော အောက်ပါစကားများက ထိုကျွန်ုပ်တို့အဆိုကို ထောက်ခံနေသည်ဟု ထင်ပါသည်။

"ရှေ့လာမည့် ဘာသာရေးက စကြဝဠာတစ်ခုလုံးကိုးကွယ်ရမည့် တစ်ခုတည်းသော ဘာသာတရားပဲ၊ အဲဒီ ဘာသာတရားဟာ ထာဝရဘုရားသခင်ဝါဒကို လွှမ်းမိုးကျော်လွန်သွားလိမ့်မယ်၊ တယူသန် တရားသေဘာသာမျိုး မဟုတ်ဘူး။

The religion of the future will be a cosmic religion. It should transcend a personal God and avoid dogmas and theology.

http://www.dhammadownload.com

သံဃာတော်ကြီးများကို

သဘာဝဓမ္မနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံးကို ခြုံငုံမိပြီး ရုပ်နာမ်သဘာဝကို ကိုယ်တိုင် ထိတွေ့သိမြင်မှုနှင့် တကယ် အဓိပ္ပာယ်ရှိတဲ့ ပေါင်းစည်းမှုကို အခြေခံတည်ဆောက်ထားတဲ့ ဘာသာတရား ဖြစ်လိမ့်မယ်။

Covering both the natural and the spiritual, it should be based on a religion sense arising from the experience of all things, natural and spiritual and a meaningful unity.

ဒီကျွန်ုပ်ရဲ့ တင်ပြချက်ကို ဗုဒ္ဓဘာသာက အဖြေပေးနေပါတယ်၊ ခေတ်သစ်သိပ္ပံနည်းကျ (လူသား)တို့ လိုအပ်ချက်တွေကို ပိုင်နိုင်စွာ ဖြည့်ဆည်းဖြေရှင်းပေးနိုင်တဲ့ ဘာသာတရား တစ်စုံတစ်ရာ ရှိမယ်ဆိုလျှင် ထိုဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်ပါလိမ့်မယ်။

Buddhism answers this description. It there is any religion that would cope with modern scientific needs, it would be Buddhism.

အဘယ်ကြောင့်ဆိုသော် လောကလူသား၏ ကြီးပွားချမ်းသာရေးကို အမှန်တကယ် ပြီးပြည့်စုံသော လမ်းညွှန်ဦးဆောင်မှုကို ပေးနိုင်သော ပုဂ္ဂိုလ်ထူးမျိုးသည် ဘာသာရေးနယ်ပယ်၌သာ တွေ့ရှိနိုင်သောကြောင့်တည်း။

(၂)

လူသား၏ လကမ္ဘာသို့ သွားရောက်နိုင်သည်အထိ သိပ္ပံပညာ တိုးတက်လာသော ၂၀-ရာစုကို ကိုယ်တော်တိုင် ဖြတ်သန်းထိတွေ့ခဲ့ရသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကမူ ၂၀-ရာစု၏ တိုးတက်သော နည်းပညာနှင့် အောင်မြင်မှုများကို ခြုံငုံသုံးသပ်၍ ပြတော်မူခဲ့ဖူးသည်။

စင်စစ် မဟာစည်ဆရာတော်ဘုရားကြီးကား နှစ်ပေါင်းထောင်ချီ၍ ငုပ်ကွယ်နေခဲ့ရသော အမတ =မသေ-ဓာတ်အားကြီးကို ၂၀-ရာစု၏ ဖော်ထုတ်သူများတွင် တစ်ဦးအပါအဝင် ဖြစ်၏၊ ဖော်ထုတ်ရုံမျှမက စနစ်တကျ ကမ္ဘာအတိုင်းအတာအထိ အကျယ်ပြန့်ဆုံး ဖြန့်ချိတော်မူခဲ့သည်၊ ထိုမဟာသတိပဋ္ဌာန=ကိန်းသေ-မလွဲမှားနိုင်သော နည်းပညာ



လူသားတို့ကို ကောင်းကျိုးပြုရာ၌ ၂၀-ရာစုတွင် ကို အခိုင်အမာ တည်ဆောက်ပေးတော်မူခဲ့သော ကမ္ဘာ့အထူးချွန်ဆုံးသော ပုဂ္ဂိုလ်ကြီးအဖြစ် သူ့အား တညီတညွတ်တည်း အဆိုပြု ရွေးချယ်ကြရာ ကန့်ကွက်သူ မရှိချေ။

အကယ်၍ အဏုမြူဖခင်ကြီး အိန်းစတိုင်းက အသက်ထင်ရှားရှိနေလျှင် ထိုရွေးချယ်မှုကို မကန့်ကွက်နိုင်သည့်တောင်မှ တစ်စုံတရာ ဖြည့်စွက်ပြောဆိုလိမ့်မည်ဟု ယူဆပါသည်၊ သူသာ ဗုဒ္ဓဓမ္မကို ကြည်လင်စွာ နားလည်သွားပါမူကား ထိုအဆိုကို သူကိုယ်တိုင်ပင် ကန့်ကွက်မည်မှာ သေချာလှပါသည်။

ကျေးဇူးရှင်ကြီးလည်း ဟုတ်၏၊ အကျိုးအပြစ် ရောနေသော အဏုမြူဓာတ်အားကို ထုတ်ဖော်ပေးသူနှင့် ပြစ်မျိုးစင်သော အမတဓာတ်အားကြီးကို ဖော်ထုတ်ပေးသူ။ ဤ၌ နှိုင်းယှဉ်လိုက နှိုင်းယှဉ်နိုင်ပါ၏။

ဆရာတော်ဘုရားကြီး၏ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြတော်မူချက်များဖြင့် ဤဆောင်းပါးအစပိုင်း၌ ပြဆိုခဲ့သော-

(က) ၂၀-ရာစုတွင် ထူးခြားသော ဖြစ်ရပ်ကြီးကား အဘယ်နည်း?

http://www.dhammadownload.com

သင်္ခါရသုခကထာ

(ခ) ၂၀-ရာစုတွင် အထူးချွန်ဆုံးသော လူသားအကျိုး ပြုပုဂ္ဂိုလ်ကား အသူနည်း ?

နိုင်ငံနှင့် ချီသည် ဖြစ်စေ၊ ကမ္ဘာနှင့် ချီသည်ဖြစ်စေ အထက်ပါ မေးခွန်းများကိုလည်း ဖြေဆိုနိုင်ကောင်းအံ့ထင်သည်။

၂၀-၂၁ ရာစုသားတို့၏ မေးခွန်းကို (၀၊) မတင်မကျ၊ ဘဝင်မကျ ဖြစ်နေသောအရာများကို ၂၀-၂၁ ခေါ်နေကြသော ခရစ်နှစ်ရာစုတွေ မပေါ်ခင်က ရှိခဲ့သော၊ ယနေ့တိုင်ရှိသော ကိန်းသေနည်းပညာ (မလွဲမှားနိုင်သော-အပဏ္ဏကပဋိပဒါ) ဖြင့် ဖြေဆိုသုံးသပ်ထားသည်ကို ဆက်လက် ဖတ်ရှုပါဦး။

အမှန်ဆိုရသော် မည်သူမဆို ကိုယ်စိတ်ဆင်းရဲမှုကို မကြိုက်၊ လူတိုင်း ချမ်းသာနောက် လိုက်နေကြ၏၊ လူတိုင်း ချမ်းသာချင်ကြ ၏၊ ထို့ကြောင့် ဆင်းရဲမှုနှင့်သမျှ ဟန့်တားရေး၊ အနည်းဆုံး သက်သာမှုရရေးနှင့် ချမ်းသာခံစားရေးအတွက် ယနေ့ကမ္ဘာ့ လူသားတိုင်း၊ အစွမ်းကုန် အားထုတ်ကြိုးပမ်းနေခြင်း ဖြစ်သည်။

It is a truism to say that nobody likes suffering and everybody secks happiness. In this world of ours, human beings are making all possible efforts for prevention and eleviation of suffering, and enjoyment of happiness.

သို့ရာတွင် မည်သို့ပင် ကြိုးပမ်းအားထုတ်ကြစေကာမူ လူသားတို့၏ ကြိုးပမ်းအားထုတ်မှုမှန်သမျှသည် ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများဖြင့် ရုပ်ဝတ္ထုကြိုးပမ်းတိုးတက်မှုကိုသာ ပဓာနဦးတိုက်နေကြ၏၊ တကယ်တော့ ချမ်းသာမှုဟူသည် မိမိတို့၏ စိတ်နေသဘောထားကသာ ထိန်းချုပ်ပဲ့ကိုင်ထားသောအရာ ဖြစ်သည်၊ စိတ်သာ ပဓာန ဖြစ်၏။

But nevertheless their efforts are mainly directed to the physical well-being by material means. Happiness is, after all conditioned by attitudes of mind,-

ယင်းသို့ စိတ်သာလျှင် ပဓာနဖြစ်ပါလျက် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို အာရုံစိုက်ရကောင်းမှန်း သိသူကား အနည်းအကျဉ်းမျှသာရှိ၍ ထက်ထက်သန်သန် စိတ်လေ့ကျင့်ခန်းလုပ်နိုင်သူကား မဆိုစလောက်သာ ရှိနေဆဲ။

and yet only a few persons give real thought to mental development, fewer still who practise mind training in earnest.



ထိုအချက်ကို ဆက်၍ ရှင်းရသော် ယနေ့ လူအများစုမှာ လုပ်နေကျ မိမိတို့ ခန္ဓာကိုယ် သန့်ရှင်း သပ်ရပ်မှုကိုသာ စိတ်ဝင်စားလေ့ ရှိပြီး စားဝတ်နေရေးနောက်ကိုသာ အတောမသတ် တကောက်ကောက် လိုက်နေကြ၏။

ယနေ့ များပြားဆန်းသစ်လာသော နည်းပညာတိုးတက်မှုများကလည်း လူနေမှုဘဝ ရုပ်တည်ရေး မြင့်မားမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် မီဒီယာ ဆက်သွယ်ရေး တိုးတက်မှု၊ ရောဂါကာကွယ်ကုသရေးအပိုင်းတို့မှာ တိုးတက် အောင်မြင်မှု ရခဲ့ပါ၏။

ခြုံ၍ ကြည့်လျှင် ထိုအားထုတ်မှုများ အားလုံးသည်ဤ ရုပ်ကန္ဓာကိုယ်ကြီးအတွက်သာ ကြောင့်ကြစိုက်နေကြခြင်း ဖြစ်သည်။ ဒါလည်း မလွဲမသွေ လိုအပ်ချက်များအဖြစ် အသိအမှတ်ပြု လက်ခံရမည်သာ ဖြစ်၏။

To illustrate this point, attention may be drawn to the commonplace habits of cleaning and tidying up one's body, the endless pursuits of food, clothing and shelten, and the tremendous technological progress achieved for raising the material standard of living, for improving the means of transport and communications, and for prevention and cure of diseases and ailments.

All these strivings are, in the mean, concerned with the care and nourishment of the body.

http://www.dhammadownload.com



It must be recognized that they are essential.

မည်သို့ဆိုစေ၊ ဤလူသားတို့၏ ကြိုးစားအားထုတ်မှု၊ ရရှိအောင်မြင်မှုများသည် အိုရ၊ နာရခြင်းနှင့် အိမ်တွင်းရေးအဆင်မပြေမှု စသော ကိုယ်စိတ် ဆင်းရဲခြင်းများကို သက်သာမှုရအောင်၊ လုံးဝပျောက်ကင်းအောင် ဆောင်ကြဉ်းနိုင်ကြသည်ကား မဟုတ်ကုန်၊ အချုပ်အားဖြင့် စီးပွားရှာဖွေရန်းကန်ရမှုဒုက္ခ၊ အလိုမကျမှု၊ အလိုမပြည့်မှုနှင့် တင်းတိမ်ရောင့်ရဲမှု မရှိခြင်း ဒုက္ခများကိုလည်း သက်သာပျောက်ငြိမ်းအောင် မကုစားနိုင်ကြချေ။

သဘာဝမွေးရာပါဒုက္ခများကို ရုပ်ပိုင်းဆိုင်ရာ နည်းနာများဖြင့် မကျော်လွှားနိုင်၊ စိတ်ကို လေ့ကျင့် ထိန်းကျောင်းမှု၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကသာလျှင် လွှမ်းမိုးအောင်မြင်နိုင်သည်။

However, these human efforts and achievements cannot possibly bring about the alteriation on eradication of suffering associated with old age and diseas, domestic infelicity and economic troubles, in short, with non-satisfaction of wants and desires.

Sufferings of this nature are not overcome by material means; they can be overcome only by mind training and mental development.

ယင်းသို့ဆိုသော်...

စိတ်ကို - ထိန်းကျောင်းလေ့ကျင့်ပေးရန်၊

- တည်ငြိမ်အောင် လုပ်ပေးရန်၊
- ချေးခွတ်ဖေးရန် မှန်ကန်သော နည်းလမ်း

တစ်ခု ရှာဖွေဖို့ လိုနေကြောင်း ထင်ရှားလာ၏။

Then, it becomes clean that the right way must be sought for training, stabiliging and purifying the mind.

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူထားသော အလွန်ထင်ရှားကျော်ကြားသည့် မဟာသတိပဋ္ဌာနသုတ်တော်ကြီးတွင် (ယနေ့ လိုအပ်နေသော) ဤသို့သော နည်းပညာကို တွေ့ရှိနိုင်ပါ၏။

ယင်းမဟာသတိပဋ္ဌာနသုတ်တော်ကြီး၌ ဗုဒ္ဓက ဤသို့အတိအလင်း အာမခံ ကြေငြာတော်မူထား၏။

- သတ္တဝါများ စိတ်အညစ်အကြေး ကင်းဝေးသန့်စင်လာစေရန်
- ပူပန်သောကရောက်ခြင်း၊ ဟစ်အော်ငိုကြွေးရခြင်းမှလွတ်ကင်းစေရန်၊
- ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း အပြီးတိုင် ကင်းငြိမ်းစေရန်၊
- လွတ်မြောက်ရေးလမ်းမှန်ပေါ်သို့ တက်ရောက်မိစေရန်၊
- အဆုံးစွန်သော ငြိမ်းအေးမှု (နိဗ္ဗာန်)ကို ကိုယ်တိုင်သိရှိ ခံစားနိုင်စေရန်

'သတိပ္ဌာန ဤလေးဖြာ'ဟူသော သတိပဋ္ဌာန်နည်းပညာသည်သာလျှင် တစ်ခုတည်းသော နည်းပညာဖြစ်သည်။

This way is found in the Mahasatipatthana Sutta, a well-known discourse of the Buddha, delivered well over 2500 years age.

The Buddha declared thus-:

This is the sole way-

- for the purification of beings,
- for the overcoming of sorrow and lamentation,
- for the destroying of pain and grief,
- for reaching the right path,
- for the realization of Nibbana, namely the four foundations of mindfulness.

ကိုယ်စိတ်ဆင်းရဲခြင်းမှန်သမျှ၏ အကြောင်းရင်းလက်သည်ဖြစ်သော စိတ်အညစ်အကြေးများကို အကြွင်းမဲ့

http://www.dhammadownload.com



သုတ်သင် ဆေးကြောပစ်ရန် ချမ်းသာစစ် ချမ်းသာမှန်ကို ရှာဖွေနေသူတိုင်း ဤသတိပဋ္ဌာန် နည်းပညာကို လိုက်နာ ကျင့်သုံးရန်မှာ လွန်စွာ ထင်ရှားလှပေတော့သတည်း။

Obviously, this way should be fowellowed by those in search of happiness, with a view to getting rid happiness, with a view to getting rid of the impurities of mind, which are the causes of their sufferings.

(Preface-Practical Insight Meditation)

(၃)

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ပရိယတ်၊ ပဋိပတ် အကျော်အမော် ဆရာတော်ကြီးများ လွန်တော်မူသောအခါ ထိုဆရာတော်ကြီးများ၏ သီတင်းသုံးရာဌာနနှင့် သာသနာပြုလုပ်ငန်းများ တဖြည်းဖြည်း တိမ်ကောသွားသည်သာများ၏။

အရိုက်အရာ ဆက်ခံသူများလက်ထက်တွင် ယခင် ဆရာတော်ကြီးများ သီတင်းသုံးရာဌာနနှင့် သာသနာပြု လုပ်ငန်းများမှာ သမိုင်းဌာနတစ်ခု၊ ပြတိုက်တစ်ခုအဖြစ်သာ ကျန်ရှိသည်က များ၏။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သီတင်းသုံးရာဌာနနှင့် သတိပဋ္ဌာန်သာသနာကား ထိုသို့ မဟုတ်၊ အနောတတ္တရေအိုင်ကြီးမှ အရှေ့အနောက် တောင် မြောက် ရေပြွန်ပေါက်ကြီးများ ဖြာထွက်၍ အဟုန်အယဉ် ထန်သော မြစ်ကြောင်းကြီးများ အသီးသီး ဖြစ်သွားကြသကဲ့သို့ ရွှေဥမင်တောရ၊ သဒ္ဓမ္မရံသီရိပ်သာ၊ ချမ်းမြေရိပ်သာ၊ ရွှေတောင်ကုန်းရိပ်သာ စသော ရိပ်သာမြစ်ကြောင်းကြီးများသည် အားကောင်းချင်တိုင်း ကောင်းကာ ယနေ့ကမ္ဘာအရပ်ရပ်သို့ပင် ဖြန့်ကျက် စီးဆင်းနေလေပြီ။

ရေပြွန်ကြီးလေးပေါက်မှ ရေလျဉ်များ အဟုန်မစဲ စီးဆင်းသွားသော်လည်း အနောတတ္တာမိခင်အိုင်ကြီးကား အေးမြ ကြည်လင်သော ရေများ ပြည့်လျှံလျက်သာ ရှိသကဲ့သို့ ဆရာတော်ဘုရားကြီး၏ မူလသီတင်းသုံးရာ မဟာစည် သာသနာ့ရိပ်သာ သတိပဋ္ဌာန်အနောတတ္တာအိုင်ကြီးမှာလည်း ပြည့်လျှံမြဲ ပြည့်လျှံလျက်သာ ရှိပေသည်၊ သတိရ အောက်မေ့ တိုင်း ကြည်နူး၍ မဆုံးရပါ။

ရွှေတောင်ကုန်းစသော မဟာစည်အရိုက်အရာ ရိပ်သာများလည်း ခမ်းနားထည်ဝါသော အဆောက်အအုံ ကြီးများ နေ့ချင်း ညချင်း ဝိသုကြံ (ဝိသုကမ်) ဖန်ဆင်းသကဲ့သို့ ရှိ၏။ ထိုရိပ်သာအဆောက်အအုံ၊ နေရာမျှနှင့်လည်း ပြည်တွင်း ပြည်ပ ယောဂီများ နေထိုင်ရှုပွားရန် မလုံလောက် တော့သဖြင့် မဟာရန်ကုန်ဧရိယာအတွင်းမှာပင် ဧကတစ်ရာခန့် ကျယ်ဝန်း သော ပူးတွဲတောရရိပ်သာခွဲများကိုပင် ချဲ့ထွင်ပေးနေကြရ လေသည်။ အထူးသဖြင့် ရွှေတောင်ကုန်း တောစခန်းသာသနာ့ ရိပ်သာ၌ နိုင်ငံခြားသား ယောဂီများမှာ အမြဲလိုပင် တစ်ရာ ဝန်းကျင် ရှိနေ၏။

သဒ္ဓမ္မရံသီ၊ ချမ်းမြေ၊ ရွှေတောင်ကုန်းဆရာတော် များမှာလည်း ပြည်တွင်းယောဂီထက် ပြည်ပယောဂီများက တစ်နေ့တစ်ခြား တိုးပွားလာသဖြင့် ပြည်ပ၌ သီတင်းသုံး၍ သာသနာပြုရသောရက်တွေက၊ ပိုများလာသည်မှာ ၂၁ ရာစု ကမ္ဘာအတွက် ကောင်းသောအလားအလာများပင် ဖြစ်တော့ သည်။ မလှမ်းမကမ်းမှာ ရှိနေသော စာရေးသူတို့မှာ ဤမျှ လောက်သာ သိရှိကြည်ညိုရပါ၏၊ ရေးကကဲ့သို့ ထိတွေ့ခွင့် လည်း မရတော့ပေ၊ အရှေ့အနောက်ကမ္ဘာ၌ ဆရာတော်များ၏ သာသနာအောင်မြင်မှုကိုမူ သတင်းစကားဖြင့်သာ ဝမ်းသာ ကြည်နူးနေရပါသည်။

ထိုတွင်...ရွှေတောင်ကုန်းဆရာတော်နှင့်စပ်၍ အနောက်ကမ္ဘာမှ ယောဂီတစ်ဦး၏ တင်မြင်ချက် စာတစ်ပုဒ်ကို ဖတ်ရှုရရာ အလွန် ကြည်နူးရပါ၏၊ ထိုထက် ထိုယောဂီမှာ မဟာစည် ဆရာတော်ဘုရားကြီးကပင် ကမ္မဋ္ဌာန်းပြသခွင့် ချီးမြှင့်ပေးသနားတော်မူခြင်းခံရသူ၊ ကမ္မဋ္ဌာန်းကျမ်းများကို လည်း ပြုစုခဲ့ဖူးသူ မက်ဆာချူးဆက်ပြည်နယ် ဘာရီကမ္မဋ္ဌာန်း ဌာနမှ "ဂျိုးဇက်ဂိုး လ်ဒ်စတိန်း"၏ စာဖြစ်နေသဖြင့် ပို၍ ဝမ်းမြောက်ကြည်နူးရသည်။

http://www.dhammadownload.com

ဆရာတော်ဘုရားကြီးနှင့်ကျွန်ုပ်

၁၀-နှစ်ကျော်ကျော် အနီးကပ် ထိတွေ့ခွင့်ရသူ၊ ကမ္မဋ္ဌာန်းဆရာ၊ ကမ္မဋ္ဌာန်းကျမ်းပြုဆရာတစ်ဦး၏ ရေးသားချက်ဖြစ်၍ ၁၀-နှစ်ကျော်ကျော် အနီးကပ် ထိတွေ့ခွင့်မရသော စာရေးသူတို့ လို ပုဂ္ဂိုလ်မျိုးအဖို့ ရွှေတောင်ကုန်းဆရာတော်၏ ဓမ္မဂုဏ်ရည်နှင့် အောင်မြင်မှုများကို အနီးစပ်ဆုံး သိခွင့်ရလိုက်ခြင်း ဖြစ်ပါသည်၊ မစ္ဆတာဂိုးလ်ဒ်စတိန်းကို ကျေးဇူးတင်ရပါ၏။ သူက-

"၁၉၈၄-ခုနှစ်က ဆရာတော်ဦးပဏ္ဍိတ အမေရိကသို့ တရားပြရန် ပထမဆုံးအခေါက် ရောက်လာစဉ် ကျွန်ုပ်မှာ မဟာစည်ဆရာတော်ဘုရားကြီး၏ အရိုက်အရာ ဆက်ခံသူ တပည့်တစ်ပါး: အနေလောက်သာ သိရှိခဲ့ပါတယ်။

(ကျွန်ုပ်တို့၏ ဘာရိကမ္မဋ္ဌာန်း ဌာနဒ္ဒ တရားပြသော အခါမှသာ) ဆရာတော်၏ ဟောပြောချက်နှင့် လက်တွေ့ကျင့်စဉ်မှာ ကျွန်ုပ်တို့ စိတ်ကူးထဲမှာပင် တွေးဆ၍ မရနိုင်သော နည်းလမ်းများ ဖြစ်နေသည့်အပြင် အသိသစ် အမြင်သစ် တံခါးရွက်များကို တစ်လွှာပြီးတစ်လွှာ ဖွင့်လှစ်ပေးခဲ့ပါတယ်။

When Sayadaw U Pandita first came to teach in the United States in 1984, we knew him only by reputation as the successor to Mahasi Sayadaw of Myanmar.

But, in ways that we could not have imgined at the time, his teaching and presence helped to open many new doors of understanding.

ဆရာတော်ဟာ ကမ္မဋ္ဌာန်းဆရာတစ်ဦးအနေဖြင့် သတိပဋ္ဌာန်ကျင့်စဉ်ရဲ့ အမြင့်ဆုံး အသိမ်မွေ့ဆုံး ရှုသိပုံများ အထိ ကျွန်ုပ်တို့ အနောက်တိုင်းသားများအား ညွှန်ပြနိုင်ခဲ့ပါတယ်။

စာတတ်ပေတတ်ပညာရှင်တစ်ပါးအနေဖြင့်လည်း မြတ်စွာဘုရားတရား၏ မည်သည့်ခေတ်တွင်မျှ မရှိနိုင်သော တရားတော်ဖြစ်ကြောင်း သစ်လွင်သော အယူအဆနှင့် သက်ဝင် လှုပ်ရှားမှုများကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင်-

ကျွမ်းကျင်သော စိတ်ပိုင်းဆိုင်ရာ မိတ်ဆွေကောင်း တစ်ဦးအနေဖြင့်လည်း ကျွန်ုပ်တို့အား အထွတ်အထိပ် လွတ်မြောက်မှုကို မရမနေ ကြိုးပမ်းကြရန် "တွန်းအား" ပေးတော်မူနိုင်ခဲ့ပါတယ်၊ တက်ကြွစေခဲ့ပါတယ်။

As a meditation master, he has guided us through subtleties of practice; as a scholar, he has brought new meaning and life to the timeless worlds of the Buddha; and as a great spiritual friend, he has inspired us to seek the highest freedom.

ဗုဒ္ဓဟာ ရှေးခေတ် အိန္ဒိယ ရဲရင့်သော စစ်သည်တော်မျိုးရိုး (ခတ္တိယ)က ဆင်းသက်လာသူ ဖြစ်သလို အလားတူပင် ကျွန်ုပ်တို့ခေတ်တွင် ဆရာတော် ဦးပဏ္ဍိတဟာလည်း ရဲရင့်သော စိတ်ဓာတ်ရေးရာ စစ်သည်တော်ကြီးတစ်ဦးပါ။

Just as the Buddha came from the warrior class of ancient India, so too, is Sayadaw U Pandita a spiritual worrior of our time.

ဆရာတော် အထူးဇောင်းပေး လမ်းညွှန်နေတာက တော့ ရဲရင့်သော ဇွဲလုံ့လကို ကျေနပ်မှု အပြည့်ပါသော ကိုယ်ပိုင် ယုံကြည်ချက်နှင့် ပေါင်းစပ်ပြီး ပေးနိုင်ရင် ဘဝလွတ်မြောက်ရေးကို ဒီဘဝမှာပဲ ရကို ရ,ရမယ် ဆိုတဲ့ အချက်ပါပဲ။

နောက်တစ်ချက် ကျွန်ုပ်တို့ကို ဆရာတော် အစွဲအမြဲသတိချပ်စေချင်တာကတော့-

ကျွန်ုပ်တို့ရဲ့ ကိုယ်ပိုင်အတွင်းစွမ်းရည်ဟာ အကျဉ်းကျခံ နေရတဲ့ စိတ်ရဲ့ ကန့်သတ်ချက် အနှောင်အဖွဲ့တွေ အားလုံးကို တွန်းလှန်ကျော်လွှားနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။

ဂျိုးဇက်ဂိုးလ်ဒ်စတိန်း
ဘာရီ၊ မက်ဆာချူးဆက်
အမေရိက။

His emphasis on heroic effort is joined with a joyous confidence that Libenation is possible in this very life. Sayadaw has helped us recognize our own inner capacity to over come the limitations of the conditioned mind.


Joseph Goldstein
Barre, Massachusetts
(Foreword - In This Very Life)

၂၁-ရာစုအတွက် အမြင့်မားဆုံးသော လူသား အကျိုးပြု သမိုင်းမှတ်တိုင်ကြီးကို စိုက်ထူကြပါစို့။

ဌေးလှိုင်
(စမ္မာစရိယ ဦးဌေးလှိုင်)
၂၂-၁-၂၀၀၀

http://www.dhammadownload.com

[redacted]



အာစရိယဂုဏော အနန္တော

တော်ဝင်နွယ်

http://www.dhammadownload.com

အာစရိယဂုဏ်ကာ အနှစ်ခုနှစ်

ဒေါက်ဝင်းနွယ်

(၁)


မိုးသားတိမ်လိပ်တွေကို ကြည့်ပြီး ယေဘုယ်ကို လွမ်းတတ်တဲ့ စာရေးသူဟာ တစ်ခါတစ်ရံတော့ လည်း ဆရာသခင်တွေရဲ့ ကျေးဇူးဂုဏ်အင်တွေကို တခုတ်တရ သတိရနေတတ်ပါတယ်။ ကောင်းကွက်ကလေးတွေနဲ့အတူ ကျေးဇူးရှင်တွေရဲ့ မေတ္တာ၊ ကရုဏာ၊ အကြင်နာပုံရိပ်တွေ စာရေးသူရဲ့ နှလုံးသားအတွင်း ဖြတ်သန်းစီးဝင်လာတဲ့အခါမှာတော့ လွန်စွာ ပျော်မွေ့ဖွယ်ရာ ကောင်းတဲ့ စိတ်ခံစားမှုတစ်ခုဟာ ရုတ်ချည်းပဲ ဖြစ်ပေါ်လာပါတယ်။

ဆွတ်ပုံကြည်နူးဖွယ် အဲဒီအခြေအနေဟာ ကဗျာတစ်ပုဒ်ထက်လည်း လှပါတယ်။ ပန်းတစ်ပွင့်ထက်လည်း နူးညံ့ပါတယ်၊ ညနေဆည်းဆာတစ်ခုထက်လည်း သာယာသလို ပျားရည်တစ်စက်ထက်လည်း ပိုလို့ ချိုပါတယ်၊ စာဖွဲ့မရတဲ့ အဲဒီခံစားမှုဟာ ယခုဘဝမှာ ကျေနပ်စရာ အကောင်းဆုံး ချမ်းမြေ့မှု တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

တကယ်တော့ ကျေးဇူးရှင်တွေဆိုတာ မိမိဘဝမှာ ဖြစ်တည်နေတဲ့ ကောင်းကျိုးချမ်းသာ ပြည့်စုံကြွယ်ဝမှုတို့ရဲ့ စတင်စီးဆင်းရာ၊ အောင်မြင်မှု အစုစုတို့ရဲ့ မူလပိုင်ရှင်၊ တောက်ပတဲ့ အနာဂတ်သစ်တို့ရဲ့ ဖန်တီးရှင်တွေပဲ မဟုတ်ပါလား။

တလုတ်မြို့၊ ဘုရားကြီးကျောင်းတိုက်၊ မိုးကုတ်မြို့၊ သတိပဋ္ဌာန်စာသင်တိုက်၊ ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်နှင့် မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်တွေဟာ စာရေးသူရဲ့ ပရိယတ္တိ ကျေးဇူးရှင်တွေပါ။


ရန်ကုန်မြို့၊ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာကတော့ ပဋိပတ္တိကျေးဇူးရှင်ပဲ ဖြစ်ပါတယ်။ စာရေးသူဟာ "ပဏ္ဍိတာရာမ"လို့ ခေါ်တဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဝန်ဆောင်သံဃာတစ်ပါး အဖြစ် (၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ) ၅ နှစ်တိတိ နေခဲ့ဖူးပါတယ်။



ကျေးဇူးရှင်တွေဆိုတာ
မိမိဘဝမှာ ဖြစ်တည်နေတဲ့
ကောင်းကျိုးချမ်းသာ
ပြည့်စုံကြွယ်ဝမှုတို့ရဲ့
စတင်စီးဆင်းရာ,
အောင်မြင်မှု အစုစုတို့ရဲ့ မူလပိုင်ရှင်,
တောက်ပတဲ့ အနာဂတ်သစ်တို့ရဲ့
ဖန်တီးရှင်တွေပဲ မဟုတ်ပါလား။

http://www.dhammadownload.com

ဝေဿန္တရာဇာတ်ကြီးနှင့် ကုန်းဘောင်ခေတ်



၅နှစ်တာကာလပတ်လုံး ပဏ္ဍိတာရာမရဲ့ ပရိယတ်မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်လုပ်ငန်းခွင်ထဲမှာ စီးဝင် မျောပါသွားခဲ့ပြီးတဲ့ နောက်မှာတော့ စာရေးသူရဲ့ ကိုယ်၊ နှုတ်၊ နှလုံး၊ ကံသုံးပါးစလုံးဟာ အရင်ကထက် ပိုမို ချောမွေ့ကျစ်လစ် သိပ်သည်းလာတာကို တွေ့ရပါတယ်။ စာရေးသူရဲ့ဘဝဟာလည်း ပုံစံအသစ်နဲ့ လန်းဆန်းနသစ် လာသလို ခံစားရပါတယ်။

နေခဲ့တဲ့ကာလက နှစ်အနည်းငယ်မျှ ဖြစ်ပေမယ့် ပဏ္ဍိတာရာမဟာ စာရေးသူရဲ့ ဘဝရာနှုန်းအတော်များများကို လွှမ်းမိုးထားနိုင်နေဆဲပါ။

ဆိုမိန့်ချက်တစ်ခု ရှိပါတယ်။ "ပညာရှိသူတစ်ယောက်ဟာ သစ်သီးတစ်လုံး ရခဲ့ဖူးရင် အဲဒီသစ်ပင်ကို ဘယ်သောအခါမှ မမေ့ပါ"တဲ့။

စာရေးသူလည်း ဓမ္မရသကို ပေးစွမ်းနိုင်တဲ့အဖိုးတန် သစ်သီးတစ်လုံးကို ရခဲ့ဖူးရာဖြစ်တဲ့ ဒီ ပဏ္ဍိတာရာမကို ဘယ်လို လုပ်ပြီး မေ့စွမ်းနိုင်ပါ့မလဲ။

မြတ်နိုးစွာ ဖွဲ့ဆိုရမယ်ဆိုရင် "ပဏ္ဍိတာရာမ"ဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာတော်တည်းဟူသော မကိုင်ဆုံသရဖူကြီးကို တောက်ပစွာ အလှဆင်ပေးနေတဲ့ အဖိုးတန် ကျောက်မျက်ရတနာ တစ်ပွင့်ပဲ ဖြစ်ပါတယ်။

(၂)

ဒီ ပဏ္ဍိတာရာမကို မေ့မရစေတဲ့ အကြောင်းတွေထဲမှာ ဆရာသခင်တွေရဲ့ ကျေးဇူးဂုဏ်အင်တွေဟာ အဓိကအကြောင်းရင်းပဲ ဖြစ်ပါတယ်။

ယခုအချိန်မှာ ဒီ ပဏ္ဍိတာရာမ ဓမ္မမိသားစုကြီးရဲ့ ခေါင်းကိုင်ဦးစီး ဖခင်ကြီးဖြစ်တဲ့ ဩဝါဒါစရိယ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးဟာ သက်တော်ချင့်ထောက် "ပတ္တမြားရတု"ကာလသို့ ရောက်တော်မူခဲ့ပါပြီ။

သက်တော်ရွယ်တော် ကြီးလာပြီဖြစ်ပေမယ့် ဆရာတော်ကြီးဟာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ ပင်မအရေး ပဓာနတာဝန်တွေ ဖြစ်တဲ့-

(၁) ပြည်တွင်း ပြည်ပ ယောဂီတို့ကို တရား ပြသပေးခြင်း၊

(၂) ပြည်တွင်း ပြည်ပ သိက္ခာရှင် (ဆရာလေး) တို့ကို စာပေပို့ချပေးခြင်း၊

(၃) ပြည်တွင်း ပြည်ပ လူငယ်လူရွယ်တို့ကို နွေရာသီ ဗုဒ္ဓ ယဉ်ကျေးမှု အခြေပြုသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း စတာတွေကို ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားတွေ အမြောက်အများ ရင်းနှီးစိုက်ထုတ်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်နေဆဲပဲ ဖြစ်ပါတယ်။

တိုင်းပြည်၊ လူမျိုးနဲ့ သာသနာတော် အခြေမြင့်စေဖို့အတွက် အများအကျိုးပြုဝန်ဆောင်မှု (လောကတ္ထစရိယ) လုပ်ငန်းတွေ ကြိုးစားပမ်းစား ဆောင်ရွက်မှုရဲ့ ရလဒ်အဖြစ် အောင်မြင်မှု အသီးအပွင့်တွေ ဝေဆာလာတဲ့ အချိန်မှာ ဖြစ်ပေါ်လာမြဲဖြစ်တဲ့ လာဘသက္ကာရသိလောက (ဘုန်းကြီးလာဘ်များ ကျော်ကြားမှု) တွေကို အလျဉ်းအလေးမထားဘဲ စစ်မှန်တဲ့ ဓမ္မဝိနယပေါ်မှာသာ ခိုင်ခိုင်မာမာ ရပ်တည်ပြီး သိသိပ်ကျစ်လစ် ဖြောင့်မှန်စွာ သီတင်းသုံးနေမြဲ ဖြစ်တဲ့ ဆရာတော်ကြီးကို(ခေတ္တခဏပဲ ဖြစ်ဖြစ်) ဖူးတွေ့လိုက်ရတာဟာ လွန်စွာမှ ကျေနပ်ဖွယ် ဖြစ်ပါတယ်။

http://www.dhammadownload.com

သံ သန္ဒကူးတော်ရှင်ကုန်း

ဆရာသခင်ရဲ့ ကျေးဇူးဂုဏ်အင်တွေ ဆိုတာ (မြင်တတ်ရင်) ဇဝရက်တောင်ထက်လည်း မြင့်မှာပါ။ (တိုင်းဆတတ်ရင်) ဟိမဝန္တာတောင်တန်းကြီးတွေထက်လည်း အချိန်စီးမှာပါပဲ။

ဆရာတော်ဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခုခုက ပေးအပ်လာတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေထက် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးရဲ့ အနှစ်အသားဖြစ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပိုမို စုံမက်နှစ်သက်မြတ်နိုးတော်မူပါတယ်။

ဒါကြောင့် ဆရာတော်ကြီးကို သတိရမိတိုင်း ကျောင်းခေါင်းရင်းမှာရှိတဲ့ စန္ဒကူးပင်ကြီးဟာ စာရေးသူစိတ်ထဲမှာ အမြဲပဲ ပေါ်လာတတ်ပါတယ်။

"စန္ဒကူးနီ"လို့ ခေါ်တဲ့ ဒီနံ့သာပင်ကြီးတွေဟာ (၁) တွေ့ရဖို့ အင်မတန်ခဲယဉ်းတာကြောင့်ရယ်၊ (၂) အတုမရှိမွန်မြတ်တဲ့ ရနံ့ သင်းပျံ့တာကြောင့်ရယ်၊ (၃) လူသူအများးချီးမွမ်းမြတ်နိုးကြတာကြောင့်ရယ်ဆိုပြီး အချက် (၃) ချက်ကြောင့် ကမ္ဘာကျော်အောင် ထင်ရှား လူသိများလှပါတယ်။

ယခုအချိန်မှာ စာရေးသူတို့ရဲ့ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးဟာလည်း ကြီးမားတော်မူလာတဲ့ သက်တော်ရွယ်တော်နဲ့အတူ သီလ၊ သမာဓိ၊ ပညာသိက္ခာတွေ၊ တရားဓမ္မအဆိ အနှစ်တွေပါ ပြည့်စုံကြွယ်ဝတော်မူလာတာမို့ တကယ့်"သက်ရင့် နံ့သာပင်ကြီးပမာ" ဖြစ်တော်မူနေပါပြီ။

လောကမှာ စန္ဒကူးနံ့သာပင်ကြီးတွေဟာ တွေ့ရဖို့ အင်မတန် ခဲယဉ်းသလိုပဲ စာရေးသူတို့ရဲ့ ကျေးဇူးရှင် ဆရာတော်လို ပုဂ္ဂိုလ်မျိုးဟာလည်း ဖူးတွေ့ရဖို့ အင်မတန် ခဲယဉ်းလှပါတယ်။

စန္ဒကူးနံ့သာပင်ကြီးတွေဟာ အတုမရှိ မွန်မြတ်တဲ့ ရနံ့သင်းပျံ့ကြသလိုပဲ ကျေးဇူးရှင် ဆရာတော်ရဲ့ ကောင်းမြတ်တဲ့ ဂုဏ်သတင်းတွေဟာလည်း ထက်အောက်မဆန့် လွန်စွာမှ မွေးပျံ့ကြပါတယ်။

စန္ဒကူးနံ့သာပင်ကြီးတွေကို လူသူအများ ချီးမွမ်းမြတ်နိုးကြသလို ကျေးဇူးရှင် ဆရာတော်ကိုလည်း ပညာရှိသူတော်ကောင်းတွေက လွန်စွာမှ ချီးမွမ်းမြတ်နိုးကြပါတယ်။

ဒါကြောင့် ကျေးဇူးရှင် ဆရာတော်ကို သတိရတိုင်း စာရေးသူအနေနဲ့ ဒီ စန္ဒကူးပင်ကြီးကိုပဲ မြတ်နိုးဖူးမြော်ပူဇော်မိပါတယ်။ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးဟာ လွန်စွာမှ ကျေးဇူးကြီးလှပါတယ်။

ဆရာတော်ကြီးဟာ "မေတ္တာ-ကရုဏာ" ဆိုတဲ့ လက်နှစ်ဖက်နဲ့ "ပညာ" ဆိုတဲ့ ဆောက်သွားထက်ထက်ကို ကိုင်ကာ "ဝိနယဓမ္မ"ဆိုတဲ့ တူကလေးကို အသုံးပြုပြီး ထံတော်ပါးမှာ ရောက်လာတဲ့ တပည့်တွေရဲ့ ဘဝရုပ်တုကို ကြင်နာစွာ ထုဆစ်ပေးတတ်ပါတယ်။

ဆရာတော်ကြီး ထုဆစ်ပေးတဲ့ သစ်ရိုင်း၊ ကျောက်ရိုင်းတုံးကလေးဟာ အမြောက်အများကြီးပါ။ ဒါပေမယ့် မနာကျင်တတ်တဲ့ မကွဲမအက်တတ်တဲ့ သစ်ရိုင်းတုံး၊ ကျောက်ရိုင်းတုံးကလေးတွေသာ ပုံပေါ်လာတတ်ကြပါတယ်။ ဈေးကွက်ဝင်အဖိုးတန် လာကြပါတယ်။

ကျေးဇူးရှင် ဆရာတော်ကြီးရဲ့ တပည့်ကွေအပေါ်မှာထားတဲ့ မေတ္တာ၊ ကရုဏာတွေဟာ ဇရာဝတီမြစ်ရဲ့ တစ်ခါတစ်ရံ မြစ်ရေလျှံမှုမျိုးနဲ့ မနိုင်းယှဉ်အပ် မနိုင်းယှဉ်နိုင်ပါဘူး၊ ပင်လယ်သမုဒ္ဒရာတွေလို ထာဝစဉ် ပြည့်နေတာမျိုးပါ။ တပည့်တွေရဲ့ အနာဂတ်နဲ့ ပတ်သက်လို့ သိမြင်လမ်းညွှန်နိုင်မှုစွမ်းရည်ဟာလည်း မိုးသားတိမ်လိပ်တွေထက် မြင့်မားသလို ကောင်းကင်ပြာကြီးထက်လည်း ကျယ်ပြန့်လှပါတယ်။

ဆရာသခင်ရဲ့ ကျေးဇူးဂုဏ်အင်တွေ ဆိုတာ (မြင်တတ်ရင်) ဇဝရက်တောင်ထက်လည်း မြင့်မှာပါ။ (တိုင်းဆတတ်ရင်) ဟိမဝန္တာတောင်တန်းကြီးတွေထက်လည်း အချိန်စီးမှာပါပဲ။ ဒါကြောင့် ကောင်းကင်ပြင်ကြီးရဲ့ ကြီးကျယ်မြင့်မြတ်မှုကို သေးငယ်လှတဲ့ မှန်ပြောင်းတစ်ခုနဲ့ အပြည့်အစုံမစစ်ဆေး မှကြည့်ရှုနိုင်သလို ကျယ်ပြောလှတဲ့ ပင်လယ်ပြင်ကြီးကို လှော်တက်ကလေးတစ်ခုတည်းနဲ့ မကူးဖြတ်၊ မတိုင်းထွာနိုင်သလို ဆရာတော် ကြီးရဲ့ ကျေးဇူးဂုဏ်အင်တွေကိုလည်း ဒီဆောင်းပါးလေးတစ်ပုဒ်နဲ့ စာရေးသူ မဖော်ထုတ် မပေးဆပ်နိုင်ပါဘူး။

အမှန်အတိုင်း ပြောရရင် စာရေးသူဟာ ဆရာတော်ကြီးရဲ့ ကျေးဇူးဂုဏ်အင်တွေကို အတိုင်းအတာတစ်ခုထိ ပေးဆပ်ဖော်ထုတ်နိုင်ဖို့ ရွယ်စူးပြီး ဒီဆောင်းပါးကလေးကို ရေးတာပါ။

ဒါပေမယ့် ဆရာသခင်ရဲ့ ကျေးဇူးဂုဏ်အင်တွေကို ကောင်းကောင်း မဖော်ပြနိုင်တဲ့ ဒီကလောင်ဟာ နောက်ဆုံးမှာတော့ စာရေးသူကိုပဲ အရှက်ရစေခဲ့ပါတယ်။

တကယ်တော့ ဆရာသခင် ကျေးဇူးရှင်တွေရဲ့ မြတ်နိုးဖွယ် ဂုဏ်အင်တွေဟာ အနန္တောအနန္တပါ။

တော်ဝင်နွယ်

http://www.dhammadownload.com




ကျေးဇူးတော်ရှင် ဆရာတော်ကြီး

ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)

သံသရာဆိုသည်မှာ အလွန်ရှည်လျား သည်ဟု တရား တော်များကို အခါခါ နာကြား ရဖူးပါသည်။ ထို့ရှည်လျား လှသော သံသရာတွင် အထပ်ထပ် အခါခါ လည်ခဲ့ရသည်မှာ ဘုရားအဆူ ဆူနှင့် ကြုံဆုံခဲ့ဖူးဟန်ပင် မတူဟု မိမိကိုယ်ကို တွေးမိပါသည်။ ကြုံဖူး သည့်အချိန်ကလည်း အဟိတ်တိရစ္ဆာန် ဖြစ်နေခဲ့ဟန် တူပါသည်။

http://www.dhammadownload.com



ယခုဘဝတွင် မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံသည်။ တရားတော်ကို ဟောပြောပြသဆုံးမသည့် ဆရာသမား ကောင်းနှင့်လည်း ကြုံပါသည်။ သို့သော် စာရေးသူ၏ ဘဝသံသရာမှာ လည်ပဲလည်နိုင်လွန်းသည်။ ဆရာတော်ဘုရား၏ ကျေးဇူးတော်ကို အောက်မေ့တသရှိရင်းကပင် အဝေးသို့ ရောက်နေခဲ့သည်။ အဝေးဆိုသည်မှာ မလာချင်သည့် ခရီးဝေးဟု ဝန်ခံရပါမည်။

ထိုသို့ ဖြစ်နေရခြင်းမှာ ကြောက်နေသည်က တစ်ဝက် ဖြစ်ပါသည်။ တရားတော်၏ ကျေးဇူးဂုဏ်ကို သိပါသည်။ ဆရာတော်၏ ကြောက်ကြစိုက်တော်မူသည့် အလေ့ကိုလည်း သိပါသည်။ သိလွန်းသောကြောင့် တရားအားမထုတ်ဖြစ်သည့် ကိုယ့်အပြစ်နှင့်ကိုယ် ခပ်ဝေးဝေးမှာ နေဖြစ်ခဲ့ပါသည်။

ဆရာတော်ကြီး၏ သာသနာတော်အတွက် ကြိုးပမ်းမှုများ၊ အောင်မြင်မှုများနှင့် ပတ်သက်၍ မျက်ခြေမပြတ်ပါ။ ဆရာတော်ကြီး၏ ရှေ့သို့ သွားရန်သာ ကြောက်နေခြင်းဖြစ်ပါသည်။ သို့သော် ချိန်ဆုံးခါသင့် ပန်းနယ်ပွင့် ဆိုသည့်အတိုင်း ၂၃-၁-၉၉ နေ့တွင် ပဲခူး ဆယ်မိုင်ကုန်း သာသနာ့ရိပ်သာသို့ သွားခွင့်ကြုံပါသည်။ ဆရာတော်ကြီးထံသို့ မရောက်ခင် သာသနာ့ရိပ်သာကို လှည့်လည်ကြည့်ရှုကာ အလွန်ပင် ဝမ်းသာပီတိ ဖြစ်ရပါသည်။ ဆရာတော်ကြီးထံသို့ သွားကာ နီးတွင် ပထမ ဧည့်သည်တစ်သုတ် ထွက်သွားပြီး နောက်တစ်သုတ် ဝင်သွား၍ ခဏစောင့်ပါဟု ဆို၍ စောင့်နေကြရပါသည်။ နောက်ထပ် ရောက်ရှိနေသော ဧည့်သည်များမှာလည်း နိုင်ငံခြားသားများ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ နဝကမ္မအတွက် အလှူငွေ၊ သာသနာ့ရိပ်သာအတွက် အလှူငွေများကို လှူဒါန်းကြပါသည်။ သူတို့သည် အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားကြသည်။ ဆုများလည်း တောင်းကြသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ အရှင်ဘုရား တပည့်တော်တို့၏ဖခင် ကျန်းမာရေးကောင်းရန်၊ တပည့်တော် ရာထူးတက်ရန် မေတ္တာပို့ပေးတော်မူပါဟု တစ်ယောက်က လျှောက်ထားခြင်းဖြစ်သည်။ စာရေးသူတို့ မြန်မာသာဝကများမှာလည်း ဩော်... သူတို့ဆီကလာသည့် လူများကလည်း ဒီလိုမျိုး ပြောတတ်သကိုးဟု ပြုံးကြရပါသည်။

ဆရာတော်ကြီးကလည်း ပြတ်သားပါပေသည်။ "မေတ္တာကတော့ ပို့နေတာပဲ၊ ဒါပေမယ့် ဘုန်းကြီးက စေတစ်လုံးပိုင်ရှင် မဟုတ်ပါဘူး။ အခု ဆုတောင်းနေတဲ့အချက်တွေက သူ့ဘာသာ သူ့ကံအတိုင်း ဖြစ်မှာပါပဲ" ဟု အေးဆေးစွာ မိန့်တော်မူပါသည်။

နောက် နိုင်ငံခြားသားတစ်ယောက်ကလည်း ဆရာတော်ကြီးကို ရိုသေကြည်ဖိုစွာ လျှောက်ထားပြန်ပါသည်။ သူတို့၏အသံကို နားထောင်နေရသည်မှာ သူတို့၏ အားတက်သရော ရှိမှုကို နားလည်နိုင်အောင် တတ်ကြွနေပါသည်။ သို့သော် တပည့်တော် တရားအားထုတ်လို့ အဆင်ပြေအောင် မေတ္တာပို့ပေးတော်မူဖို့ ဘုရားဟု လျှောက်ထားပြန်ပါသည်။ ဆရာတော်ကြီးကလည်း "မေတ္တာကတော့ ပို့နေတာပါပဲ။ ဒါပေမယ့် တရားရဖို့ဆိုတာ ကိုယ့်ဘာသာကိုယ် အားထုတ်ရတယ်" ဟုသာ မိန့်တော်မူပါသည်။

ဆရာတော်ကြီးသည် လာဘ်ရရေးအတွက် လျှောပေါ့၍ ပြောဆိုခြင်း၊ အလှူကို မျှော်၍ ပြေပြစ်အောင် ဆက်ဆံရေးစသည်တို့ကို လုပ်ဆောင်တော်မူလေ့မရှိကြောင်း ယခင်ကတည်းက သိခဲ့ပါသည်။ ယခုထပ်၍သိသောအခါ ထပ်၍ ကြည်ညိုရပါသည်။

● ● ●

ဤသို့ဖြင့် စာရေးသူတို့အဖွဲ့ ဝင်ခွင့်ရခဲ့ပါသည်။ အလှူရှင်များ နေရာယူချိန်တွင် စာရေးသူသည် မိမိပြုစုထားသော စာအုပ်သုံးအုပ်ကို ယူကာ ဆရာတော်ကြီးအနီးသို့ သွားရောက် ဝတ်ပြုပါသည်။ အလွန်ကြောက်သော စိတ်အထာဖြင့် စာအုပ်များကို ကပ်လှူပါသည်။

http://www.dhammadownload.com

[redacted]

စာရေးသူသည် ဆရာတော်ကြီးကို ဤမျှ ကြောက်နေရသည်မှာ မိမိ၏ မိုက်မဲမှု၊ မိမိ၏ မေ့လျော့ပေါ့တန်မှု ကြောင့်သာ ကြောက်နေခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးက တစ်ခါမှ မဆူမမြည်ဘူးပါ။ သို့သော် ကိုယ့်အပြစ်နှင့်ကိုယ် ကြောက်နေသောကြောင့် မော့၍ပင် မကြည့်ဝံ့ပါ။


စာအုပ်များကိုရသည့်အခါ ဆရာတော်ကြီးက အလိုဟု ဆိုတော်မူလိုက်ပါသည်။ ဒီစာအုပ်ကို သတင်းစာကြော်ငြာမှာ တွေ့ကတည်းက ဖတ်ချင်လို့ စိတ်ရောက်နေခဲ့တာ ဘုန်းကြီးစိတ်ကို သိသလားဟု မေးတော်မူပါသည်။ စာရေးသူ မဖြေခဲ့ပါ။ ဆရာတော်ကြီးသည် မိမိအပေါ် ခွင့်လွှတ်သော စိတ်ဖြင့် မိမိကြိုးစားမှုကို အသိအမှတ်ပြုတော်မူဆဲပါကလား ဟု တွေးကာ မျက်ရည်များပင် လည်လာခဲ့ပါသည်။ ထို့ကြောင့် အရှင်ဘုရား တပည့် ဒီတစ်ခါ တရားဝင်ရင်တစ်လတော့ အနည်းဆုံး နေပါ့မယ်။ လက်ခံတော်မူမှာလားဘုရားဟု လျှောက်ထားမိသည်။ ဆရာတော်အထံမှ အသံပြန်မကြားရဘဲ အနည်းဆုံး မိနစ်ဝက်မျှ စောင့်နေရပါသည်။ စိတ်ထဲမှလည်း သွားပါပြီ၊ ဝင်ခွင့်ရတော့မှာ မဟုတ်တော့ပါဘူးဟု တွေးနေမိသည်။

တံခါးဖွင့်ထားပါတယ်ဗျာ ဟု မိန့်တော်မူသည့်အသံကြားမှ စိတ်ချမ်းသာသွားပါသည်။ ၂၃ ရက်နေ့မှ ယနေ့အထိ စိတ်ချမ်းသာစွာဖြင့် ၇-၂-၉၉ နေ့တွင် တရားဝင်ရန် တာစူနေမိပါသည်။


အကယ်၍ ထိုရက်အတွင်းကွင် ကွေးသောလက် မဆန့်မိ ဆန့်သောလက် မကွေးမိဟူသော အဖြစ်နှင့် ကြုံပါက လူ့ဘဝ၏ အခွင့်ကောင်းကြီးတစ်ခု လက်လွှတ်နိုင်သေးသည်။ မြန်မြန်ဝင်ပါလားဟု မိမိကိုယ်ကို မိမိ ပြောနေရင်း လက်စသတ်၍ မပြတ်သေးသော အလုပ်တို့ကို ဆက်ကလုပ်နေမိပါသည်။ လက်စမသတ်သေးသော အလုပ်များမှာ တာဝန်ယူထားသော စာများကို တရစပ်ရေးနေရခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးကို ရေးရန်အတွက် များစွာ တွေးတောရပါသည်။ အကြောင်းမှာ ဆရာတော်ကြီး၏ မေတ္တာ၊ စေတနာတို့ကို စာလုံးများဖြင့် ထင်ဟပ်ရာတွင် စာရေးသူ၏ စိတ်ထဲက ပြောလိုသည့် စကားတို့ကို ပေါ်လွင်အောင် မဖွဲ့ဆိုနိုင်ဘဲ ဖြစ်နေမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ပထမဆုံး ဆရာတော်ကြီးကို ဖူးတွေ့ရသောအချိန်က စ၍ တင်ပြလိုပါသည်။ ၁၉၈၁ ခု၊ ဆောင်းဦးကာလတွင် သြဋ္ဌာရိုက သုခုမဆရာကြီး ဦးရန်အောင်၏ ကျေးဇူးကြောင့် ဆရာတော်ကြီးကို ဖူးမြော်ခွင့်ရခဲ့ပါသည်။



http://www.dhammadownload.com



ဆရာတော်ကြီးကလည်း ဝိပဿနာဆရာတော်ကြီး ပီပီ ဝိပဿနာတရား ကိုသာ ဟောတော်မူခဲ့ပါသည်။

ထိုအချိန်က စာရေးသူရင်ထဲတွင် သဒ္ဓါစိတ်သက်သက်ဖြင့် ကြည်လင်နေခြင်း မရှိပါ။ ဘယာကြောင့် နောက်ကျနေခဲ့ပါသည်။ ထိုအကြောင်းကို ဆရာတော်က သိနေခဲ့မည်ဟု ထင်ပါသည်။ ရိပ်သာသို့ လာရောက်၍ တရားမဝင်နိုင်ပါက အိမ်တွင် မှတ်ရန်နည်းကို ပေးတော်မူပါသည်။ ထို အကြောင်းများကြောင့် ဆရာတော်က စာရေးသူတို့တစ်သိုက်ကို ဟောကြားလိုက်သော ပထမဆုံး တရားတော်ကို မေ့ပျောက်သည်အထိ ဖြစ်ခဲ့ရပါသည်။

နောက်ပိုင်းတွင် တစ်လနေနေ တစ်လဆန်းဆန်း စာရေးသူတရား ဝင်ခဲ့ပါသည်။ ဘယာကြောင့် ဝင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်ကစ၍ မဝင်ဘဲ နေလိုက်သည်မှာ ၁၉၉၂ခုနှစ်သို့ ရောက်သည်အထိပင် ဖြစ်တော့သည်။ ထို ၁၉၉၂ ခု၊ ၁၉၉၃ ခုများတွင်လည်း ရက်တိုတရား ဝင်ခြင်းအမှု ကို ပြုခဲ့ပါသည်။ ထိုအချိန်တွင်လည်း ဘယာကြောင့်သာ ဖြစ်ပါသည်။ စိတ်ကြည်လင်ခြင်း မရှိ၍ များစွာ အကြောင်း မထူးပါ။

ဤအချိန်တွင်မူ သဒ္ဓါစိတ်ကဲနေသည်ဟု မိမိဘာသာ မိမိ သိပါသည်။ တရားမဝင်မီ ရေးရမည့် စာများကို ရေးနေရင်း ဆရာတော် စာရေးသူအတွက် ပထမဆုံးဟောသော တရားတော်ကို ပြန်၍ နာပါသည်။ စာမရေးသည့်အချိန် အိမ်မှာပင် တရားကြို၍ ထိုင်ဖြစ်ပါသည်။ အလွန်ကောင်းသော အတွေ့အကြုံပင် ဖြစ်ပါသည်။

● ● ●

ယခု တင်ပြခဲ့သည့်အကြောင်းတို့မှာ များစွာ အရေးမကြီးဘူးဟု ဆိုလျှင်လည်း ရပါသည်။ သို့သော် ထူးခြားချက် ရှိပါသည်။ စာရေးသူသည် အလုပ်နှစ်မျိုးလုပ်သူ ဖြစ်ပါသည်။ လုပ်ငန်းခွင်တွင်လည်း အောင်မြင်ဆဲဟု ဆိုနိုင်ပါသည်။ စာရေးသားရာတွင်လည်း အလွန်အလွန် အောင်မြင်သည်ဟုပင် ဆိုရပါတော့မည်။ အိမ်မှတွင်လည်း ဘယာမရှိပါ။ သားအမိနှစ်ယောက် ပျော်ရွှင်ကြည်သာစွာ နေနေကြသည့် အချိန် ဖြစ်ပါသည်။

အတွင်းစိတ်က ကြည်လင်နေသည့်အတွက် တစ်ခါတစ်ရံ သမီးဖြစ်သူကို စာရေးသူက ဆိုမြည်မိသော်လည်း မိနစ်ပိုင်းအတွင်းမှာပင် သားအမိ မျက်နှာချင်းဆိုင်၍ အော်ဟစ်ရယ်မောနိုင်ကြပါသည်။ ပါရမီဖြည့်ဖက် သမီးကိုလည်း ကျေးဇူးတင်ရသည်။

http://www.dhammadownload.com

ဝေဿန္တရာဇာတ်တော်ကြီးပွဲကြီးကျင်းပ



ထိုကဲ့သို့အခြေအနေတွင် တရား၀င်ရန် အား သန်ရုံမက ၀င်ရန် အဘက်ဘက်က အလုပ်ကိစ္စများကို လက်စသိမ်းနေပါသည်။ ထိုအချက်မှာ ထူးခြားချက်တစ်ခုဟုဆိုနိုင်ပါသည်။

စာရေးသူသည် ယခုရေးနေသော ဆောင်းပါးကို ဆရာတော်ကြီး၏ စာရေးသူတို့ကို ပထမဆုံး ဟောသော တရားဖြင့် နိဂုံးမျှပ်မည်ဟု ကြံစည်ခဲ့ပါသည်။ သို့သော် ဆရာတော်ကြီး၏ ဒါန၊ သီလ၊ သမထဘာ၀နာ ၀ိပဿနာ ဘာ၀နာတို့ကို ဖွင့်ဆိုထားပုံမှာ အလွန်ပြည့်စုံ၍ ထူးခြားလွန်းသောကြောင့် သီးခြားတင်ပြမှသာ ပိုမို လျော်ကန်သင့်မြတ်မည်ဟု ယူဆပါသည်။

စာရေးသူကဲ့သို့ ပူးတုံ့ခွာတုံ့ ဖြစ်နေသော သူများကို အချင်းချင်း သတိပေးရာကျသော ဆောင်းပါးကို ဤနေရာတွင် နိဂုံးချုပ်လိုပါသည်။

နိဂုံးချုပ်ရာတွင် အနည်းငယ် ရှည်နိုင်ပါသည်။ စာရေးသူတို့သည် အတိတ်ဘ၀က ကသိုလ်ကောင်းမှု ရှိကြသူများ ဖြစ်သည် ဆိုသည့်အချက်ကို သေသေချာချာ ယုံကြည်နိုင်ပါသည်။ အကြောင်းမှာ သာသနာတော်၏ အလင်းဓာတ်ကို ခံစားနိုင်သော အခြေအနေကို ရရှိပါသည်။ အချို့မှာ သာသနာ၏ အလင်းရောင်တွင် ရှိသည်ဟု ထင်ရသော်လည်း အမှန်တကယ်မှာမူ အမည်ခံသည်က ထစ်ခြား၊ လုပ်ဆောင်သည် တစ်လွဲ ဖြစ်၍ အလင်းကွယ်နေသည်ဟု ဆိုရပေမည်။

စာရေးသူတို့မှာ ဒါနမည်သော မတ္တာ၊ သီလမည်ကာ မတ္တာလောက်သာ ပြုလုပ်သော စောင့်စည်းသော ဘ၀ကို ကျော်ကာ ဘာ၀နာကို ဆရာသမားကောင်းထံတွင် နည်းနာ ခံယူ၍ အားထုတ်နိုင်သဖြင့် အတိတ်ကုသိုလ်ကောင်းသူများ ဖြစ်သည်ဟု ယုံနိုင်ပါသည်။ ပညာရှိ သူတော်ကောင်းကိုလည်း မှီ၀ဲဆည်းကပ်ခွင့်ရပါသည်။ မသိသေးသည့်အချက်တို့ကို သိအောင် ကြောင်းကျိုးက သွန်သင်ပြသကြသော ဆရာသမားကောင်းများနှင့် ကြုံကြိုက်ကြရသည်။ သင့်ဘင့်လျောက်ပတ်စွာ တရားအားထုတ်နိုင်သော ရိပ်သာသို့ ရောက်ကြရသည်။

ထိုသို့သော အချက်များဖြင့် ပြည့်စုံနေပါလျက် မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ကာ တရားရအောင် အားမထုတ်နိုင်ပါက ရရှိလာခဲ့သောအရင်းကို ပြုတ်အောင်ဖြုန်းသောသူများနှင့်သာ တူနေကြပါလိမ့်မည်။

အရင်းမပြုတ်ဘဲ တစ်ဘ၀တည်းနှင့် အမြတ်ကြီးမြတ်ရန် တတ်နိုင်ပါက အလွန်ကောင်းပါမည်။ မရနိုင်သေးပါကလည်း အရင်းထက် ပိုသော အမြတ်နှင့် ဘ၀ကူးကောင်းအောင် ကြိုးစားကြဖို့ အချိန်တန်ပြီဟု မိမိကိုယ်ကို ရှေ့တန်းထား၍ နှိုးဆော်လိုက်ပါသည်။ သို့မှသာ ကျေးဇူးတော်ရှင် ဆရာတော်ကြီးက သာသနာများအတွက် ကြောက်ကျိုးရကျိုး နပ်မည် ဖြစ်ပါသည်။

ဆရာတော်ကြီးကိုယ်တိုင် အသင့်ခုတ်ထွင် ရှင်းလင်း၍ ရိက္ခာထုပ်ပါ ဆောင်ကာ အားပြည့်အောင် ကျေးမွေးရင်းလမ်းမှန်ကို ပြသနေသည်ကို သိနားလည်သင့်ကြပါပြီ။ ကျေးဇူးတော်ကို ဆပ်ရန်မှာ တရားကို ကြိုးစား၍ အားထုတ်ရန်သာ လိုအပ်ပါတော့သည်။

ဒေါက်တာမတင်၀င်း (ပညာရေးတက္ကသိုလ်)

http://www.dhammadownload.com

သံသရာကို တွေ့မြင်ကြုံ

စာရေးသူသည် သာမဏေကျော် ရေးသားသော မြတ်ဆုမွန်စာစောင်မှ "ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ အမေရိကခရီးသာသနာ"၊ မြတ်မင်္ဂလာစာစောင်မှ "နိုင်ငံခြားသားရဟန်း၊ သီလရှင်၊ ယောဂီများ"အကြောင်းကို လစဉ်ဖတ်ရှု ကြည့်ရှုအားကျနေသည်မှာ အချိန်များစွာ ကြာမြင့်ခဲ့ပါပြီ။

သာမဏေကျော်၏ ဆောင်းပါးများကို ဖတ်ရှုရလေတိုင်း ပဏ္ဍိတာရာမရွှေတောင်ကုန်းရိပ်သာ ဆရာတော်ဘုရားနှင့် သာမဏေကျော်တို့ကို ဖူးတွေ့ချင်သည့် ဆန္ဒများက တဖွားဖွား ဖြစ်ပေါ်နေမိပါသည်။

၁၄-၁၁-၉၅ နေ့တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ စာရေးသူတို့ ညီအစ်မနှစ်ဦး ရောက်ခဲ့ရပါသည်။ ဦးပဉ္စင်းတစ်ပါး၏ လမ်းညွှန်မှုဖြင့် ဆရာတော်ဘုရား သီတင်းသုံးရာ ကျောင်းတော်ဆီသို့ လျှောက်ခဲ့ကြသည်။



ဖူးတွေ့ချင်လှသည့် ဆရာတော်ဘုရားကို ကုလားထိုင်ပေါ်တွင် ဖူးတွေ့ရပါသည်။ နှစ်ချီကြာခဲ့ပြီဖြစ်သော ဖူးမြင်ချင်လှသည့် ဆန္ဒပြည့်ဝပြီမို့ ဝမ်းသာမှု ပီတိလှိုင်းများက ရင်ထဲမှာ တသိမ့်သိမ့် စီးဆင်းနေပါသည်။ ဆရာတော်ဘုရားသည် မြန်မာဒကာဒကာမများ၊ နိုင်ငံခြားအမျိုးသားအမျိုး သမီးများနှင့် စကားပြောနေပါသည်။ စာရေးသူတို့ ညီအစ်မသည် ဆရာတော်ဘုရားကို ရိုသေမြတ်နိုး လက်အုပ်မိုးကာ ရှိခိုးကန်တော့ကြပြီး လက်အုပ်ချီကာ ငြိမ်သက်စွာ ထိုင်နေမိပါသည်။

အဆွေကြည် (ဆတ်သွား)

ဆရာတော်ကြီးသည် နိုင်ငံခြားသားများနှင့် စကား ပြောနေရင်းက စာရေးသူတို့ကို- "ဘယ်ကလာကြတာလဲ"ဟု မေးပါသည်။ "တောင်တွင်းကြီး (ဆတ်သွား)ကပါဘုရား"ဟု ပြန်လျှောက်သောအခါ- "အေး၊ ခဏနေကြဦး" ဟု မိန့်ပါသည်။

နိုင်ငံခြားသားများသည် ဆရာတော်ကြီးထံမှ သိလိုသည့် အရာများ မေးမြန်း၊ စာအုပ်တွင် ရေးမှတ်ကာ ကန်တော့၍ ထွက်ခွာသွားကြပါသည်။ ထို့နောက် ကျန်သော ဒကာဒကာမနှစ်ဦးက ပဲခူး၊ ၁၀ မိုင်ကုန်း၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း တောရစခန်းရိပ်သာ အုတ်တဲတိုင်းအတွက် အလှူငွေတစ်သိန်းကို ရုံးခန်းတွင် လှူခဲ့ပြီဖြစ်ကြောင်း လျှောက်ထားနေပါသည်။

စာရေးသူသည် မိမိရှေ့တွင် ဓနရှင်များ နိုင်ငံခြားသားများက ကိုးကွယ်ဆည်းကပ်နေသည်ကို မြင်တွေ့ရ၍ စိတ်ထဲတွင် အားငယ်နေမိပါသည်။ စာရေးသူတို့မှာ ပညာရေးဝန်ထမ်းများသာ ဖြစ်၏။ ဓနရှင်များ မဟုတ်။

http://www.dhammadownload.com

ရိပ်သာသို့ ဆရာတော်ဘုရားတို့ကို ဖူးမြော်ချင်လှသည့် သဒ္ဓါတရား ပြင်းထန်မှုကြောင့်သာ ရောက်ခဲ့ကြသူများ ဖြစ်ပါ၏။ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး သေးဧည့သာ စာရေးသူတို့လို သာမညပုဂ္ဂိုလ်တွေအတွက် ဆရာတော်ဘုရားက အချိန်ပေးပါ့မလား။ ဂရုတစိုက် စကားပြောပါ့မလား။ အတွေးပေါင်းများစွာဖြင့် သိမ်ငယ်စိတ်တွေ ဝင်လာပါသည်။

သို့သော် "ကဲ-တောင်တွင်းကြီးသူ ဘာပြုလို့ ကျောင်းကို ရောက်လာတာလဲ၊ လျှောက်ပါဦး"

"မှန်ပါ အရှင်ဘုရား၊ တပည့်တော်က သာမဏေကျော်ရဲ့ ဆောင်းပါး ကို ဖတ်ရလေတိုင်း ဆရာတော်ဘုရားနဲ့ သာမဏေကျော်တို့ကို ဖူးတွေ့ချင်နေသူပါဘုရား။ အခုရန်ကုန်ရောက်ခိုက် ဆရာတော်တို့ကို လာရောက်ဖူးမြော်တာပါဘုရား"

"သာမဏေကျော်ရဲ့ ဘာစာအုပ်တွေ ဖတ်ရလို့လဲ"

"ရတနာမွန်၊ မြတ်မင်္ဂလာနဲ့မြတ်ဆုမွန်က ဆောင်းပါးတွေနဲ့ လက်လှမ်းမီသာသနာ ကိုရင်ဘဝတစ်လတာ အတွေ့အကြုံပါဘုရား"

"အဲဒီဆောင်းပါးတွေ ဖတ်ရပြီး ဘာကိုနှစ်သက်လို့လဲ"

"ကိုရင်ဘဝ တစ်သက်တာ အတွေ့အကြုံကို ဖတ်ရတော့ ဘာအကျိုးရှိသလဲ"

"တပည့်တော်က နွေရာသီမှာ ကလေးငယ်တွေကို ယဉ်ကျေးမှုသင်တန်းမှာ သင်ကြားပေးရပါတယ် ဘုရား။ ဆရာတော်ဘုရားတို့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းရဲ့ နည်းစနစ်ကို ဖတ်ရှုရတော့ အတုယူဖွယ်နည်းတွေပါ ရပါတယ် ဘုရား။ ဒါပေမယ့် ကပည့်တော်တို့က ရွာဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာ အခြေအနေပေအမှုတည်ပြီး ယဉ်ကျေးမှု သင်တန်းဖွင့်ရပတယ်ဘုရား။ တပည့်တော် တူ၊တူမလေးတွေ၊ တပည့်လေးတွေကို ခုနှစ် ဆရာတော်ဘုရားတို့ရဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ပို့ချင်ပါတယ်ဘုရား"

"မျိုးသက်သစ်လူငယ်လေးတွေကို ဘုရားသာသနာနဲ့ ရင်းနှီးအောင် မိမိစွမ်းနိုင်ရာက ဆောင်ရွက်နေသူမို့ ဘုန်းကြီးကျေနပ်ပါတယ်။ ကိုယ့်ရပ်ရွာဒေသမှာ အကောင်းဆုံး တတ်နိုင်သမျှ ကိုယ့်နည်းနဲ့ကိုယ် သင်ကြားပေးရမှာပဲပေါ့"

"နွေရာသီ ယဉ်ကျေးမှုသင်တန်းကို ကလေးတွေ ပို့ဖြစ်ရင် ဒီရိပ်သာမှာနေပြီး သင်တန်းအတွေ့အကြုံ သိရအောင် လေ့လာပေါ့"

"မှန်ပါ အရှင်ဘုရား"

"သာမဏေကျော်နဲ့ရော တွေ့ပြီးပြီလား"

"မတွေ့ရသေးပါ အရှင်ဘုရား"

"ဒကာကြီး လိုက်ပို့လိုက်ပါ" ဆရာတော်ဘုရားသည် အနီးရှိ ဦးလေးတစ်ဦးအား မိန့်ပါသည်။

"သာမဏေကျော်နဲ့တွေ့ရင် မေးချင်တာတွေမေး၊ လျှောက်ချင်တာတွေ လျှောက်ခဲ့၊ ပြီးတော့ ဘုန်းကြီးဆီ ပြန်လာခဲ့ဦး"

"မှန်ပါ အရှင်ဘုရား"

• • •

ဆရာတော်သာမဏေကျော်ကို ဖူးတွေ့ရပါပြီ။ ညီအစ်မ နှစ်ဦးသည် ဆရာတော် သာမဏေကျော်ကို ရိုသေလေးစားစွာ ရှိခိုးကန်တော့လိုက်ကြပါသည်။ သာမဏေကျော်က ကြည်လင်သောမျက်နှာ၊ အေးမြသော မျက်လုံးဖြင့် ကြည့်၍ "ဘယ်ကလဲ"ဟု မေးပါသည်။

"တောင်တွင်းကြီး (ဆတ်သွား)ကပါ ဘုရား။ ဆရာတော့် ဆောင်းပါးတွေ လစဉ်စောင့်မျှော်ဖတ်ရှုနေတဲ့ တပည့်တစ်ဦးပါ ဘုရား"

"တောင်တွင်းကြီး (ဆတ်သွား)ကဆိုရင် ဦးဝိလာသတပည့်ဆွေလား"

"မှန်ပါ အရှင်ဘုရား၊ ဆရာတော် ဦးဝိလာသက အရှင်ဘုရားရဲ့ လစဉ် ဆောင်းပါးတွေနဲ့ အမရပူရ၊ မဟာဂန္ဓာရုံမှာ အတူနေခဲ့ရတဲ့ အရှင်ဘုရားအကြောင်းတွေကို မကြာခဏ ပြောပြပါတယ်။ အရှင်ဘုရားကို ဖူးတွေ့ချင်နေတာကြာပါပြီ။ ဒီနေ့ ဖူးတွေ့ခွင့်ရတာ တပည့်တော် ပြောမပြတတ်အောင် ဝမ်းသာနေပါတယ် ဘုရား"

ဆရာတော် သာမဏေကျော်သည် တည်ငြိမ်သော အပြုံးဖြင့်-

"ဦးပဉ္စင်းကလည်း တွေ့ရတာ ဝမ်းသာပါတယ်။ ဦးဝိလာသက ဦးပဉ္စင်းရဲ့ စာအုပ်တွေ ကြိုရင် ပို့ပေးပါလို့ မှာထားတယ်။ ပေးလိုက်ဦးမယ်"

စာအုပ်ဗီရိုမှ စာအုပ်များ ယူပေးပါသည်။

နွေရာသီတွင် ဖွင့်လှစ်သော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းနှင့် ရိပ်သာ၏ သာသနာပြုလုပ်ငန်းများကို မေးလျှောက် သိခွင့်ရခဲ့ပါသည်။ ရိပ်သာအတွင်းရှိ နိုင်ငံခြားသားရဟန်း၊ သီလရှင်၊ ယောဂီများကိုလည်း ကြည်ညိုခွင့် ရခဲ့ပါသည်။ သာမဏေကျော်ထံမှ စာရေးနည်းကိုလည်း မှတ်သားခွင့် ရခဲ့ပါသည်။

ဆရာတော် သာမဏေကျော်ထံမှ ဗဟုသုတများစွာ နာကြားရသည်မှာ အားမရသေးပါ။ သို့သော် ညနေ လေးနာရီခွဲနေပြီ။ ဆရာတော်ဘုရားကြီးထံ သွားရဦးမည်ဖြစ်၍ ရှိခို-

http://www.dhammadownload.com

ကန်တော့်ကာ ပြန်ခဲ့ကြပါသည်။

● ● ●

ရွှေတောင်ကုန်းရိပ်သာ ဆရာတော်ဘုရားကြီးထံ ရောက်ခဲ့ရပြန်ပြီ။

"ကဲ- သာမဏေကျော်နဲ့ တွေ့.ခဲ့.ရပြီပေါ့။ အား.ရ ကျေနပ်ခဲ့ရဲ့.လား"ဟု မိန့်.ပါသည်။

"အချိန်မရတော့လို့.သာ ဆရာတော် သာမဏေကျော်နဲ့.တွေ့.ခွင့်ရတာ အား.ရကျေနပ်မှု မရှိသေးပါဘုရား"

"အေး၊ ဘုန်းကြီးကိုရော ဘာတွေ လျှောက်ချင်သလဲ၊ လျှောက်ချင်တာလျှောက်၊ မေးချင်တာမေး"

"တပည့်တော်က ဆရာတော်ဘုရား.ရဲ့. မြန်မာပြည်တွင်သာမက ကမ္ဘာမှာပါ သာသနာပြုတော်မူနိုင်တဲ့ ထူးခြားမြင့်မြတ်တဲ့ ပါရမီကို ကြည်ညိုနေသူပါဘုရား"

"အို- ဘုန်းကြီးတို့.လည်း သူများတွေလိုပဲ သာသနာပြုနေတာပါ။ ဘာမှ မထူးပါဘူး"

"ထူးပါတယ်ဘုရား၊ လူမျိုးခြား ဘာသာခြားတွေနေတဲ့ အခြားနိုင်ငံတွေမှာ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ဆောင်ရွက်ရတာ မြင့်မြတ်တဲ့ ပါရမီရှင်တွေမို့.သာ ဖြစ်နိုင်တာပါဘုရား"

"နွေရာသီမှာ မျိုးဆက်သစ် လူငယ်ကလေးတွေကို ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်ပြီး စာသင်ပေးနေတာကိုတော့ ဘုန်းကြီးသဘောကျပါတယ်။ ဒါပေမယ့် စာတွေ.နဲ့.သိပြီး စာတွေ ပို့.ချနေရုံနဲ့. ကျေနပ်မနေစေချင်ဘူး။ လက်တွေ့.သိအောင် တရား.အား.ထုတ်ပါဦး။ တရား.စခန်း.ဝင်ဖူး.လား"

"၁၀ ရက်စခန်း.ပဲ ဝင်ဖူး.ပါတယ်ဘုရား"

"ရက်တိုက သိပ်မထိရောက်ဘူး။ တစ်လ၊ နှစ်လ ဆက်တိုက်ကြာအောင် ရှုမှတ်နိုင်မှ ကောင်း.တာ"

"မှန်ပါ၊ ကြိုး.စား.ပါ့.မယ်ဘုရား"

"ကဲ- ဘာလျှောက်ချင်သေး.လဲ"

"တပည့်တော်တို့.က နယ်ကဆိုတော့ ဆရာတော်ဘုရား.တို့.နဲ့. ဖူး.တွေ့.ခွင့်ရဖို့. အလွန်ခက်ပါတယ်ဘုရား။ တွေ့.ရခိုက် ဆရာတော်ဘုရား အချိန်ပေး.နိုင်လောက် ဆုံး.မဩဝါဒ ပေး.တော်မူပါဘုရား"

သာမဏေကျော်က ပေး.လိုက်သော ဓမ္မလက်ဆောင်စာအုပ်များကို ကြည့်၍ "အဲဒီစာအုပ်ထဲမှာ တရား.တွေပါတယ်။ ဖတ်ကြည့်ပေါ့"

"စာအုပ်ဖတ်လို့. သိရတဲ့ ဓမ္မရသနဲ့. ဆရာတော်ကိုယ်တိုင် မိန့်.ကြား.တဲ့ ဩဝါဒကို ခံယူရရှိတဲ့ ဓမ္မရသ မတူပါဘုရား"

"အေး၊ ဒီလိုဆိုလည်း ဟောရတာပေါ့"

"လူ့ထက်လူ"

လောကကြီးမှာ လူ ငါး.မျိုး.ရှိတယ်။
တိရစ္ဆာန်နဲ့ တူတဲ့လူ။
ပြိတ္တာနဲ့ တူတဲ့လူ။
ငရဲသား.နဲ့ တူတဲ့လူ။
လူနဲ့ တူတဲ့လူ။
လူ့ထက်လူ တဲ့။

စား.ဖို့၊ အိပ်ဖို့၊ ပျော်ပါး.၊ မော်ကြွား.ဖို့၊ ကာမဂုဏ်ခံစား.ဖို့. ဒီလောက်သာ နား.လည်တဲ့သူကတော့ တိရစ္ဆာန်နဲ့. တူတဲ့လူပဲ။

လုံ့.လဝီရိယမရှိလို့. စား.ရမဲ့ သောက်ရမဲ့ဘဝမှာ ဖြစ်နေတဲ့ လူမျိုးကယော့ ပြိတ္တာနဲ့.တူတဲ့ လူပေါ့။

ဒုစရိုက်တွေကို မိုက်မိုက်ရိုင်း.ရိုင်း.ပြလို့. အချုပ်ထဲမှာထောင်ထဲမှာ ညှဉ်း.ပန်း.နှိပ်စက်မှုဒဏ်ကို ခံနေရရှာသူများကတော့ ငရဲသား.နဲ့.တူတဲ့လူတွေပေါ့။ ဒီလို လူတွေ လောကထဲမှာ အများကြီး.ပါပဲ။

အသိဉာဏ်ရှိတဲ့ လူ.ဘဝကို ရခိုက် "လူနဲ့.တူတဲ့လူ" ဖြစ်အောင် နေပါ။ "လူ့.ထက်လူ"ဖြစ်အောင် ကြိုး.စား.လိုက်ပါ။

"လူနဲ့.တူတဲ့လူ ဆိုတာက ငါး.ပါး.သီလနဲ့. လူနဲ့.ဆိုင်ရာ ကိုယ်ကျင့်သီ.လတွေ ပြည့်စုံအောင် နေရမယ်။ ဒီလို သီလပြည့်စုံမှ 'လူနဲ့.တူတဲ့လူ'ဖြစ်မှာ"

"နောက် 'လူ့.ထက်လူ'ဖြစ်အောင်-

"လူ့.ဘဝမှာ သီလပြည့်စုံနေရုံနဲ့. ကျေနပ်မနေရဘူး။ သီလထက်မြက်တဲ့ သမာဓိ၊ ပညာ၊ ဝိပဿနာတရား.တွေကို တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက်မြင့်အောင် ရရှိပိုင်ဆိုင်အောင် ကြိုး.စား.ရမယ်"

"သီလ၊ သမာဓိ၊ ပညာ သိက္ခသုံး.ရပ်နဲ့. ပြည့်စုံမှ 'လူ့.ထက်လူ'ဖြစ်မှာ"

"လောကမှာ လူတွေ ဈေး.ရောင်း.နေကြတာ။ အရင်း.အနှီး.တွေ မရင်း.ရဘူး.လား။ အဲဒီလို ရင်း.နှီး.ပြီး ရောင်း.ကြတာ ရုံး.ချင်လို့.လား၊ မြတ်ချင်လို့.လား"

"မြတ်ချင်လို့.ပါ ဘုရား"

"အေး၊ ဒါပေမယ့် ဈေး.ရောင်း.သူတိုင်း မမြတ်ကြဘူး။ တစ်ချို့. ရုံး.တယ်၊ တစ်ချို့. အရင်း အရင်း.အတိုင်း.ပဲ ပြန်ရတယ်"

"ဒီလိုပဲ၊ လူ့.ဘဝခန္ဓာကိုယ်ကြီး.ရဲ့. ရင်း.နှီး.ပြီး ရှန်းကန်လုပ်ရှား.နေကြရတာ ဒီဘဝပြီး နောက်ဘဝမှာ အပါယ်လေး.ဘုံရောက်ခဲ့ရင် ဘာဖြစ်တာလဲ"

http://www.dhammadownload.com

လောဘကို တားဆီးနိုင်ခြင်း



"ရှုံးတာပါ ဘုရား"

"အေး၊ နောက်ဘဝမှာ လူ့ဘဝပဲပြန်ရတယ်ဆိုရင်"

"အရင်း အရင်းပါ ဘုရား"

"မနစ်နာဘူးလား။ ဒါကြောင့် ဒီဘဝ ဒီခန္ဓာကိုယ်နဲ့ အရင်းတည်ပြီး မြတ်တဲ့ဘဝရအောင် ကြိုးစားရမယ်ဟြောတာ"

"သီလလုံခြုံ၊ သမာဓိနဲ့ ပြည့်စုံရင် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတွေ ရနိုင်ပါတယ်"

"ဒါပေမယ့် နတ်ပြည်၊ ဗြဟ္မာပြည်ကလည်း တည်မြဲတာ မဟုတ်ဘူး။ ကုသိုလ်က် အရှိန်ကုန်ရင် အပါယ်လေးဘုံမှာ ပြန်ရောက်နိုင်တယ်။ စိတ်မချရဘူး။ ဒါကို သတိပြုရမယ်"

"စိတ်ချရတာကတော့ နိဗ္ဗာန်ပါ။ အဲဒီ ငြိမ်းချမ်းမှု အစစ်ဖြစ်တဲ့ နိဗ္ဗာန်ရောက်အောင်ကလည်း သီလ၊ သမာဓိ ကျင့်စဉ်နဲ့ ရပ်နေလို့ မဖြစ်ဘူး။ ဝိပဿနာ၊ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်မှ ဖြစ်မှာ"

- ၃ ပျောက်လို့ ၅ ကွာ၊ ၆ ရွာနဲ့ လွဲ၊
  လူပြည်မှာ မောင်/မယ် ကျင်ရတယ်၊ ၄ ဘုံက ဆွဲ။
- ၃ ကိုးလို့ ၅ ပါ၊ ၆ ရွာနှင့် တွဲ၊
  လူပြည်မှာ မောင်/မယ် ကျင်ရတယ်၊ ၄ ဘုံက လွဲ။
- ၄ ပျောက်လို့ ၈ ကွာ၊ ချမ်းသာနှင့်လွဲ၊
  ကာမမှာ မောင်/မယ် ပျော်ရတယ်၊ ဆင်းရဲကကဲ၊
- ၄ ပွား၊လို့ ၈ လာ၊ ချမ်းသာနှင့် တွဲ၊
  ဓမ္မမှာ မောင်/မယ် ပျော်ရတယ်၊ ဆင်းရဲနှင့် လွဲ။

လူဘဝမှာ သီလပြည့်စုံနေရုံနဲ့ ကျေနပ်မနေရဘူး။ သီလထက် မြက်တဲ့ သမာဓိ၊ ပညာ၊ ဝိပဿနာတရားတွေကို တစ်ဆင့်ထက် တစ်ဆင့် မြှင့်သထက်မြင့်အောင်၊ ရရှိပိုင်ဆိုင်အောင် ကြိုးစားရမယ်၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နဲ့ ပြည့်စုံမှ 'လူထက်လူ' ဖြစ်မှာ။

"ကဲ- အခု ဆောင်ပုဒ်ကို သဘောပေါက်ရဲ့လား။ ဂဏန်းလေးတွေရဲ့ အဓိပ္ပာယ် သိရဲ့လား"

"ရိပ်မိရုံပါဘုရား၊ အဓိန့်ရှိပါဘုရား"

"၃ ဆိုတာ ရတနာမြတ်သုံးပါး။

၅ က ငါးပါးသီလ။

၆ ရွာက နတ်ပြည် ခြောက်ထပ်။

၄ ဘုံဆိုတာ အပါယ်လေးပါး။

၄ ဆိုတာ သတိပဋ္ဌာန်လေးပါး။

၈ က မဂ္ဂင်ရှစ်ပါး။ ကဲ- ဒီလောက်ဆို ဆရာမတွေပဲ သဘောပေါက်လောက်ပါပြီ"

"မှန်ပါ အရှင်ဘုရား။ တပည့်တော်တို့ 'လူ့ထက်လူ' ဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား"

"ရန်ကုန်က ဘယ်တော့ပြန်ကြမလဲ"

"နောက် သုံးရက်လောက်ဆို ပြန်ရမယ်ဘုရား"

"မပြန်ခင် အချိန်ရရင် တစ်ခေါက် ပြန်လာခဲ့ဦး။ အဲဒီတော့မှ တရားတစ်ပုဒ် ထပ်ဟောပြီး သေချာရှင်းပြမယ်"

"မှန်ပါ အရှင်ဘုရား။ နောက်တစ်ခေါက် ရောက်အောင် ကြိုးစားပါ့မယ်ဘုရား"

ညနေ (၆) နာရီ ရှိနေပါပြီ။ ဆရာတော်ဘုရားကို ရိုသေစွာ ဦးနှိမ်၍ ပြန်ခဲ့ကြရပါသည်။

ဆရာတော်ဘုရားကြီးက နောက်တစ်ခေါက်လာဖို့ မိန့်ကြားသော်လည်း လူမှုရေးကိစ္စများ ရှုပ်နေ၍ မရောက်ခဲ့တော့ပါ။ ထို့ကြောင့် သူတော်ကောင်းများကို ဖူးမြော်ရခြင်း၊ သူတော်ကောင်းတရား နာကြားရခြင်းသည် အလွန်ရခဲကြုံခဲသော ဒုလ္လဘတရားများ ဖြစ်သည်ဟု မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ပဏ္ဏိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ကျေးဇူးဂုဏ်တို့ကို အာရုံပြု၍ ဤစာမူဖြင့် ပူဇော်ကန်တော့ပါသည် ဘုရား။ ■


အဆွေကြည် (ဆတ်သွား)

http://www.dhammadownload.com

သုံးချောင်းထောက်ခုံလောက်သည် ချက်ပြုတ်ကြော်လှော်ရန် အိုးကို တည့်တည့်မတ်မတ် တင်ထားနိုင်၏။ သုံးချောင်းထောက် စားပွဲသည် အပေါ်က ပစ္စည်းကို မတိမ်းမစောင်း မကျသွားအောင် ခံထားနိုင်၏။ တစ်ချောင်းမျှ မကျိုးပို့ မနဲ့ပို့ လိုပါသည်။ အခြေခံပုံသဏ္ဌာန်မှာ တြိဂံ ဖြစ်ပါသည်။ တြိဂံပုံအရ အကွာအဝေး ထုထည် တူညီနိုင်သမျှ ညီမှုသည် အချိုးကျကျ ထောက်တည်နိုင်မှုကို ဖြစ်စေပါသည်။

တြိဂံချောင်းပေါ်က ပဉ္စင်္ဂိတာရုဏ်

သို့



ကျေးဇူးတော်ရှင် သြဝါဒစရိယဆရာတော်ဘုရားကြီးဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီးသည် ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့ကပင် စတင်ဖွင့်လှစ်ထူထောင်ခဲ့ရာ ယခုအခါ ငါးနှစ်ကျော်သက်တမ်းသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ဗုဒ္ဓသာသနာတော်စစ်စစ်ဖြင့် ပြန့်ပွားရေးဟူသော မွန်မြတ်လှသည့် ရည်မှန်းချက်ကြီးဖြင့် သာသနာတော်အတွက် ပြင်းပြစိတ်ထား ဆန္ဒအား၊ နိုးကြားတက်ကြွသော ဝီရိယအား၊ မမေ့မလျော့ မပေါ့မဆသော သတိအား၊ ချင့်ချိန်ဝေဖန် ပညာဉာဏ်၊ ဖြောင့်စင်းတည့်မိ သမာဓိ ဟူသော အားငါးဖြာ၊ ဖိုလ်ငါးတန်တို့ဖြင့် တစိုက်မတ်မတ် လျှောက်လှမ်းလာရာ အတော်အတန် ခရီးရောက်ပြီဟု ဆိုနိုင်ပါသည်။

ဤသည်မှာ သြဝါဒါစရိယဆရာတော်ဘုရားကြီး၊ သံဃာတော်များ၊ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ ဟူသော တြိဂံတစ်ခု၊ ဆရာတော်ဘုရား ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ ဒါယကာ၊ ဒါယိကာမများ ဟူသော တြိဂံတစ်ခု၊ ဆရာတော်ဘုရားကြီး အမှုးထား၍ အဖွဲ့အလှူရှင်များ၊ ဝေယျာဝစ္စပြုသူများ ဟူသော တြိဂံတစ်ခု စသည်ဖြင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီး၏ အကျိုးကို လိုလားကြသူတို့ ပါရှိသော တြိဂံများစွာပေါ်တွင် အခြေခံထား မှီတည်နေသောကြောင့် ဖြစ်သည်ဟု ကောက်ချက်ဆွဲယူနိုင်ပါသည်။

ပဓာနနာယကဖြစ်သော ဆရာတော်ကြီးသည် တစ်ဦးတည်း စွမ်းရည်ပြ တစ်ကိုယ်ကောင်းသဘောကို မနှစ်မြို့ပါချေ။ မိမိ၏ ကျောင်းတိုက်ရိပ်သာကြီး ဖြစ်ထွန်းတိုးတက်လာသည်ကိုပင် ဆရာတော်၏ ဘုန်းတန်ခိုးတော် ကြီးမား၍ ဘုန်းကံကြီးမြတ်၍ တိုးတက်ပါသည်ဟူသော အဆိုစကားကို ပယ်ရှားလေ့ရှိပါသည်။

၃-၃-၉၁ နေ့တွင် ကျင်းပသော ထေရဝါဒဗုဒ္ဓ သာသနာ ပြန့်ပွားရေးအဖွဲ့၏ ၅/၉၁ အကြိမ် အစည်းအဝေး

http://www.dhammadownload.com

သံဃာ့ကိုးကွယ်ရာနှင့်ပတ်သက်၍



သတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်ပွဲစားများမှလုပ်ငန်းများကိုလည်း ကူညီအားဖြည့်ပေးရ၏။ အထောက်အပံ့ပြုရ၏။

ပရိယတ်မကင်းသော ပဋိပတ်သာသနာ၊ ပဋိပတ်မကင်းသော ပရိယတ် သာသနာတော်အတွက် အားစိုက်ထုတ်နေတော်မူသော သြဝါဒါစရိယ ဆရာတော်ကြီး၏ လက်တွေ့လက်ငန်းများတွင် အခြေခံကျကျ အကောင်အထည်ဖော်ပေးနေကြရ၏။ ပရိယတ္တိစာပေသင်ကြားလေ့လာရေးတွင် မလပ်ချိန်ခါ စာဝါပို့ချ သင်ကြားပေးရပါသည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သာသနာ့ရေသောက်မြစ်များ ရှင်သန်ပွားစည်းရေးအတွက် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းများကို ယခုနှစ် ခြောက်ကြိမ်မြောက်တိုင် ဖွင့်လှစ်၍ကိုရင်၊ သိက္ခာရှင်တို့အား ဗုဒ္ဓယဉ်ကျေးမှု အခြေခံ တရားများကို သင်ကြားပေးရ၏။

မိမိတို့ကိုယ်တိုင်အတွက်လည်း အကျင့်သိက္ခာတရားများ ပို၍ ပြည့်ဝရင့်ကျက်စေရန် နိဗ္ဗာန်စခန်းသို့ နီးသည်ထက် နီးစေရန် တိုးမြှင့်ကျင့်ဆောင် အားထုတ်ကြရပေသည်။ နာရီမိနစ် မလပ် မအား၊ နိုင်၊ မနား၊ နိုင်သည့် သာသနာ့ဝန်ထမ်းများ ဖြစ်ပါပေသည်။

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့သည် ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ စတင် တည်ထောင်စဉ်ကပင် ဖွဲ့စည်းထား၍ ရိပ်သာကြီး၏ ဥပဒ္ဒာကအဖွဲ့ပင် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဦးတည်၍ သြဝါဒစရိယဆရာတော်ဘုရားကြီး၏ သြဝါဒကို ခံယူပြီး ရိပ်သာကြီးအတွက် အဘက်ဘက်က တာဝန်ယူစောင့်ရောက်နေသောအဖွဲ့ပင် ဖြစ်သည်။

တွင် ဆရာတော်ကြီးက ဘုန်းကြီး၏ တန်းခိုးတော်ကြောင့် ဤကျောင်းကြီး ဖြစ်ပေါ်ရရှိ အောင်မြင်လာရသည်ဟု ဆိုသော ချီးမွမ်းပြောဆိုမှုများကို ဘုန်းကြီးအနေဖြင့် ဝမ်းသာမည်မဟုတ်သလို အများတကာ စွမ်းအားစုဖြင့် ရရှိထားသည်ဟု ယူဆပြောဆိုမှသာ ဝမ်းသာလက်ခံပါကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

မှန်ပါသည်။ သာသနာတော်အကျိုးကို ဆောင်ရွက်ရာ၌ ဂုဏ်ရိုရေးကိုရှေ့ရှုသည်ထက် အပြစ်ကင်းရေးကို အဓိကထားသော ဆရာတော်ကြီးသည် မည်သည့်လုပ်ငန်းကိုပင် ဆောင်ရွက်သည်ဖြစ်စေ၊ တစ်ဦးတည်းအစွမ်းနှင့်မဟုတ် အများပေါင်းစည်းလုပ်မှ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ညှိနှိုင်း၊ စေ့စပ်၊ဆွေးနွေး၊ စည်းဝေးသင့်ကြောင်း မိန့်ကြားလေ့ရှိသည်။

မလုပ်မပြော လုပ်မှပြော သဘောစင်လှစေ၊ အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေဟူသော အဘိဓေ့ မဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သြဝါဒတော်အတိုင်း မှန်ကန်စွာ ပြောသည့်အတိုင်းလုပ်၊ တည့်မတ်စွာလုပ်သည့်အတိုင်း ပြောလေ့ရှိသော ရိုသေကိုးစားထိုက်လှသည့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ မိန့်မှာချက်များကို နာခံမှတ်သားထိုက်လှပေသည်။

ဆရာကောင်းတပည့် ပန်းကောင်းပန်၊ နောက်ဆံတဝင့်ဝင့်၊ ဆရာကောင်းတပည့် ကျောက်ကောင်းတစ်စေ့ဟူသော စကားရပ်များသည် အလွန်မှန်လှပေသည်။


ပဏ္ဏိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ နာယကဆရာတော်များ၊ ဝန်ဆောင်ဆရာတော်များသည် ဆရာကောင်းတပည့် ပီသကြပါပေသည်။ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ်တို့ဖြင့်လည်း ရိပ်သာကို ပို၍ ဝင့်ထယ်စေ၏။ ကာယကံ၊ ဝစီကံ၊ မနောကံကောင်းသော အမှုအကျင့်စသည့် ဝင်းလက်ရွန်းတင့်သော အရောင်တို့ဖြင့် ရိပ်သာကြီးကို ပို၍ တင့်တယ်စေပါသည်။ သြဝါဒါစရိယဆရာတော်ကြီးကို ခမည်းတော် အစ်ကိုတော်လို ချစ်ကြ၏။ အန္တေဝါသိကတပည့်အဖြစ် ရိုသေကျိုးနွံကြ၏။

ဆရာတော်ကြီး နှစ်သက်လိုလားသော ဆောင်ရွက်ရန် ဆန္ဒရှိသော အမှုကိစ္စတို့ကို မမောမပန်း ဆောင်ရွက်ပေးခြင်းဖြင့် လေးစားတုံ့ပြန်ကြ၏။ သာသနာအတွက် အသက်ဆက်ပေးမည်ဟုပင် အနီးကပ် အင်အားကြီးများအဖြစ်အားဖြည့်ပေးနေကြသည်။ ပရိယတ် ပဋိပတ် စွယ်စုံရသည့် သာသနာ့ဝန်ထမ်းများပင် ဖြစ်ပေသည်။

နာယကဆရာတော်၊ ဝန်ဆောင်ဆရာတော်များသည် ပြည်တွင်းပြည်ပ ရဟန်း၊ သိက္ခာရှင်၊ ယောဂီများအတွက်

http://www.dhammadownload.com

ဓမ္မသင်္ဂဟကို တွေ့ကြုံရခြင်းများ



အဖွဲ့တွင် နာယကလူကြီးများ၊ အမှုဆောင်များ၊ ရာသက်ပန် အသင်းဝင်များ၊ သာမန်အသင်းသားများ စုံစုံလင်လင် ပါရှိကြသည်။ ဌာနဆိုင်ရာ အရာရှိကြီးငယ် ပင်စင်စားများ၊ တပ်မတော်သား အငြိမ်းစားများ၊ ကုန်သည် ပွဲစားများ၊ လက်ရှိပြည်သူ့ဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ အမျိုးစုံလှသော်လည်း တူညီသည်မှာကား စေတနာ စိတ်ထားကဲခြင်းနှင့် ဆရာတော်ဘုရားကြီးကို ချစ်ကြောက် ရိုသေကြခြင်းပင် ဖြစ်သည်။

သွေးစည်းညီညွတ်ရေး၊ ချစ်ကြည်ရေး၊ မျှတရေးဟူသော ဆရာတော်ကြီး၏ ဆုံးမချက် ဆောင်ပုဒ်ကို အခြေခံထား၍ ကြိုးစားဆောင်ရွက်ကြသဖြင့် ငါးနှစ်သားကလေး ပဏ္ဍိတာရာမမှာ ဦးတည်ချက်သို့ တည့်မတ်တူရွ လျှောက်လှမ်း သွားနိုင်ပြီ ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် လောကုတ္တရာအကျိုးကို ရှေ့ရှု၍ သံသရာဝဲသြဃမှ လွတ်မြောက်ရကောင်း သတိပဋ္ဌာန် တရားနည်းလမ်းကောင်းများကို ကိုယ်တိုင်ကိုယ်ကျ နည်းပေးညွှန်ပြသည်သာမဟုတ်၊ တရားသဘောကို အဆင့်မြင့်မြင့် ကျင့်ကြံအားထုတ်ထားသည်ဖြစ်၍ ပစ္စက္ခလောကီအရေးတွင်လည်း အမြင်ကျယ် အသိရှိလှပါပေသည်။

အဖွဲ့၏ လုပ်ငန်းများတွင် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့် အစည်းအဝေးနှင့် စပ်လျဉ်း၍ "စည်းဝေးတင်သွင်း၊ ထောက်ခံခြင်းနှင့် ကန့်ခြင်းတစ်ဖြာ၊ ဆုံးဖြတ်ထားမှတ်ပါ၊ ကမ္မဿစဉ်လာတည်း" ဟူသည်နှင့်အညီ အစည်းအဝေးတွင် အကြံပြုဆွေးနွေးကြရာ၌ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ဆက်စပ်မှု ရှိရမည်။ ဘက်မလိုက်ရ။ ကန့်ကွက်လျှင် အကြောင်းပြချက် ခိုင်လုံမှု ရှိရမည်။ ဘက်မလိုက်ရ။ ကန့်ကွက်လျှင်လည်း အပြုသဘောမျိုးနှင့် ကြောင်းကျိုးပြ ကန့်ကွက်ရမည်။ အပြုသဘောကို ရှေ့ရှုရမည်ဟု မှာကြားတော်မူထားပါသည်။

တူညီသော ဦးတည်ချက်ဖြင့် ဖြောင့်တန်းသောလမ်းကြောင်းကို လျှောက်လှမ်းနေသူများသည် ဝစီသုစရိုက်လေးပါးနှင့် ပြည့်စုံ၍ စည်းရုံးရေး ကောင်းစေမည့် အရည်အချင်းများနှင့် ပြည့်စုံရန်လည်း သြဝါဒပေးလေ့ ရှိပါသည်။

- မှန်ကန်သောစကားကို ပြောဆိုရမည်။
- ချိုသာယဉ်ကျေးစွာ ပြောဆိုရမည်။
- အဓိပ္ပာယ်ရှိသောစကားကို ပြောဆိုရမည်။
- သူတစ်ပါး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသောစကားမျိုး၊ မိတ်ဆွေကောင်းပီသ ထင်ဟပ်သောစကားမျိုးသာ ပြောဆိုရမည်။
- စေ့ပေါ်သောစကား၊ နှစ်သက်အကျိုးများစေသော မဂ်လာစကားမျိုး ပြောဆို၍ သပ်သွင်း သွေးကွဲစေသော စကားမျိုးကို ရှောင်ကြဉ်ရမည်။

ဤသည်တို့မှာ ဆရာတော်ဘုရားကြီး၏ သြဝါဒတော်များပင် ဖြစ်ပါသည်။

ဒွေဝိနာမသတ္တာ ဇကေဋ္ဌာသယာ ဒုလ္လဘာ လောကသို့ တစ်ဦးနှင့်တစ်ဦး အလိုအဇ္ဈာသယ မတူညီကြကြောင်း၊ အလိုဆန္ဒ တူညီမျှရန်ခဲယဉ်းကြောင်း၊ တစ်ဦးအလိုကို တစ်ဦးက လိုက်လျောဆောင်ရွက်ရန်၊ ကိုယ်ချင်းစာရန်၊ သည်းခံရန် လိုကြောင်း ကျမ်းဂန်များတွင် သိမှတ်သားဖူးပါသည်။

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့သည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ အကျိုးစီးပွားတိုးတက်ရေးအတွက် သြဝါဒစရိယဆရာတော်ကြီး၏ သြဝါဒတော်အတိုင်း တစ်သဝေမတိမ်း နာခံဆောင်ရွက်၏။ အထိုက်အလျောက် ကိုယ်တွေ့ဝိပဿနာတရား ရှုမှတ်ပွားများမှု အခြေခံထား၏။ ဖြောင့်စင်းရှင်းကြသော စိတ်သဘောထား ပင်တိုင်ရှိ၏။ စိတ်ရှည်ခွဲသန်သည်းညည်းခံ၍ သာသနာပြုကြသူများ ဖြစ်၏။ လူ့စရိုက်၊လူ့သဘောထားကို သိ၍ ပြေလည်အောင်ဆက်ဆံရေးကောင်းကြ၏။ ငါးပါးသီလ လုံခြုံ၏။

ဤသို့ဖြင့် တို့ဂ်၏ အနှာတစ်ဖက်၊ထောင့်တစ်ထောင့်သည် ခိုင်မာသည့် အရည်အသွေးကောင်းများဖြင့် အခြေတည်နေပါသည်။

ပုညကြိယာ ဝတ္ထုဆယ်ပါးတွင် ငါးခုမြောက်ဖြစ်၍ သီလပိုင်းတွင် ပါရှိသော ဝေယျာဝစ္စလုပ်ငန်းသည် စေတနာကောင်းနှင့် ဆောင်ရွက်ပါက အကျိုးပေး အလွန်မွန်မြတ်လှကြောင်း သိရှိပြီးကြသော ဝေယျာဝစ္စ ဆောင်ရွက်သူများ

http://www.dhammadownload.com

သံသနဝဏ္ဏနာ

သည် ပဏ္ဍိတာရာမရိပ်သာကြီး၏ အရေးကြီးလှသော အခြေတစ်ဖက် ဖြစ်ပါသည်။

ဩဝါဒစရိယ ဆရာတော်ဘုရား အမှူးထား၍ သံဃာတော်များ၊ ယောဂီသူတော်စင်များအတွက် ဆွမ်းအသုံးအဆောင် နေရာထိုင်ခင်း ပြုစုစောင့်ရှောက်ပေးသည်ကအစ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရိပ်သာကြီး ခိုင်ခံ့တိုးတက်ရေး၊ ရိပ်သာခွဲများ ပွားစည်ဖွံ့ဖြိုးရေးအတွက် အထွေထွေ အရပ်ရပ် ဝေယျာဝစ္စလုပ်ငန်းများမှာ များပြားလှပါသည်။ တော်တန်ရုံ စေတနာ၊ ခွဲ၊ ယုံကြည်မှုနှင့် ရေရှည်ဆောင်ရွက်ရန် မလွယ်ကူပါပေ။

လုပ်ငန်းရပ်များကို လက်တွေ့ကူညီဆောင်ရွက်ကြရာ၌ မိမိ၏ စေတနာစိတ်ထားသည် အရေးကြီးသကဲ့သို့ လူနှင့် ပတ်ဝန်းကျင်တို့ ဆက်ဆံနေရသည်ဖြစ်၍ လူမှုဆက်ဆံရေးကိုလည်း ဂရုစိုက်ကြရပေသည်။ ဝေယျာဝစ္စလုပ်ငန်းများတွင် လူနှင့်လူချင်းဆက်ဆံနေကြရရာ "သုဘာသိတ၊ ပိယဓမ္မော၊ မုနိသစ္စာ၊ လေးဖြာစကားအင်" ဟူ၍ စကားအရာ အင်္ဂါလေးတန်နှင့် ဆက်ဆံသင့်ကြပါသည်။

ပစ္စုပ္ပန် သံသရာနှစ်ဖြာ အကျိုးအတွက် အမြော်အမြင်ကြီးမားလှသော ဩဝါဒစရိယဆရာတော်ဘုရားကြီးသည် တစ်ဦးအပေါ်ဟစ်ဦး မေတ္တာစိတ်ထား၊ မေတ္တာစကား၊ မေတ္တာအမူအရာများပြရန်၊ ချမ်းသာကြောင်းလေးပါးကို ဖော်ပြ၍ စည်းရုံးရေး စွမ်းရည်ကောင်းများ တိုးမြှင့်လာစေရန် ဆုံးမ ဩဝါဒ ပေးတော်မူလေ့ရှိပါသည်။

ချမ်းသာကြောင်းလေးပါး

- ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာ ချမ်းသာမြင့်မြတ်ပေ။
- မြတ်တရားပါ ဟောကြွန်တာ ချမ်းသာမြင့်မြတ်ပေ။
- တပည့်များစွာ သွေးစည်းတာ ချမ်းသာမြင့်မြတ်ပေ။
- သွေးစည်းညီညာ ကြိုးပမ်းတာ ချမ်းသာမြင့်မြတ်ပေ။

စည်းရုံးရေးစွမ်းရည်ကောင်းများ

- ဖြောင့်မှန်စကား ပြောဆိုခြင်း ဖြစ်မှားစည်းရုံးအား၊
- ချစ်ကြည်စကား ပြောဆိုခြင်း ဖြစ်မှားစည်းရုံးအား၊
- နူးညံ့စကား ပြောဆိုခြင်း ဖြစ်မှားစည်းရုံးအား၊
- နှစ်ရှိစကား ပြောဆိုခြင်း ဖြစ်မှားစည်းရုံးအား

ဟူသော နက်ရှိုင်းလေးမြတ်သော ဩဝါဒတော်များကို ဝေယျာဝစ္စပြုသူတို့သည် အမြဲ ရင်ဝယ်ပိုက်ထွေးထား သြဖြင့် တစ်ဦးကိုတစ်ဦး နားလည်၏။ ခွင့်လွှတ်သည်းခံကြ၏။ အကျိုးမရှိမည်ကို မလိုလားကြ။ ဓမ္မမိသားစုအဖြစ် သွေးစည်းညီညွတ်ကြပါသည်။

ရိပ်သာရှိ ဝေယျာဝစ္စပြုသူတို့သည် ဩဝါဒိစရိယဆရာတော်ဘုရားကြီးကို လေးစားကြည်ညိုကြသည်နှင့်အမျှ အားကိုးအားထားကြပါသည်။ တစ်ဦးစီ၏ ချို့ယွင်းချက်ကို အပြစ်ပြောသည်ထက် ပြုပြင်သွားရန် မျက်နှာမလိုက် ထိထိမိမိ ထောက်ပြ ဆုံးမတတ်သောကြောင့်လည်း ပို၍ပို၍ပင် လေးစားကြပါသည်။ အကျိုးကျေးဇူးပြုပေးမည့်သူအဖြစ် ယုံကြည်သောကြောင့် ကြည်ညိုခြင်း ဖြစ်ပါသည်။

ဤသို့ စေတနာရှင် ဝေယျာဝစ္စပြုသူတို့သည် ဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း လေးစားလိုက်နာ၍ စကားအရာ အင်္ဂါလေးတန်ကို ဂရုတစိုက် နှလုံးပိုက်ပြီး ကောင်းမှုသိလကြိုးလုံ့လဖြင့် ဝေယျာဝစ္စဆောင်ရွက်နေကြသဖြင့် ရိပ်သာကြီးသည် အခြေတလီ ခိုင်ကျည်နေသည်ဟု ဆိုရပါသည်။

အမှန်စင်စစ်ကား ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးသည်-

ပဋိရူပဒေသဝါသ - သင့်လျော်လျှောက်ပတ်သော အရပ်ဒေသနေရာတွင် ရှိခြင်း၊

ပုဗ္ဗေစကတပုညတာ - ရှေးကုသိုလ် အကျိုးကျေးဇူး ကောင်းမှုက် ရှိခြင်း၊ ဘုန်းတန်ခိုးနှင့် ပြည့်စုံခြင်း၊

သပ္ပုရိသူပနိဿယ - ဆရာသမားများ၊ သူတော်ကောင်းများ စောင့်ရှောက်ခြင်း၊

အတ္တသမ္မာပဏိဓိ - ဆိုင်ရာသီလ သမာဓိပညာ သိက္ခာဖြင့် ကိုယ်တိုင် စောင့်စည်းထိန်းသိမ်းပြည့်စုံခြင်းဟူသော ကြိုးပမ်းတိုးတက်ကြောင်း စက်လေးပါးတရားနှင့် ပြည့်စုံနေပေသည်။


ဤသို့ဖြင့် အင်အားကောင်းနှင့် စိတ်ဓာတ်ထက်သန်သော ဗုဒ္ဓဘာသာဝင်တို့ မလုပ်မဖြစ် လုပ်ရမည့်ကိစ္စ၊ ကိုယ်တိုင် လုပ်ကိုင်မှ ဖြစ်မည့် အချိန်မီ၊ အချိန်မှန်လုပ်ရသော အကျိုးကျေးဇူးများလှသည့် သတိပဋ္ဌာန်တရား ရွှမှတ်ပွားများခြင်း လုပ်ငန်းကို တစ်ဖြောင့်ညီညီ ဦးတည်ဆောင်ရွက်နေသော ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးသည် ဩဝါဒစရိယဆရာတော်ဘုရားကြီး၏ အေးမြသော မေတ္တာထီးရိပ်ကို ခိုလှုံ၍ တောင့်တင်းခိုင်မာသော တြိဂံအခြေကောင်းများဖြင့် ရပ်တည်နေရကား နောင် နှစ်ပေါင်းများစွာ ကြာအောင် သာသနာတော်ကြီး အစွန့်ရှည်ကြာ တိုးပွားစည်ပင်ရေးအတွက် အရိုန်အဟုန် ကြီးမားသော ရိပ်သာဌာနကြီး တစ်ခုအဖြစ် တည်ရှိနေမည်သာ ဖြစ်ပါသတည်း။

သစ္စာ

http://www.dhammadownload.com

သည်စည်းကမ်း နှင့် သည်ခရီးလမ်း

ဘိက္ခုစမ္ဘပိယ



http://www.dhammadownload.com

သညိစညိးကမ်းနှင့် သညိခရီးလမ်း

ဤလူ့ဘုံ၊ ဤလောကဌ် ဖြစ်လေ့ဖြစ်ထရှိသော ဓမ္မတာသဘာဝတစ်ခုမှာ လူတစ်ယောက် (သို့မဟုတ်) လူတစ်စုသည် အဖွဲ့.အစည်းတစ်ခုကို တည်ထောင်တော့မည် ဆိုလျှင် ထိုအဖွဲ့.အစည်းအတွက် အရေးကြီးဆုံး ဖြစ်သော ကိစ္စတစ်ခုကို ပထမဦးစားပေးအနေဖြင့် ကြိုတင် စဉ်းစားထား ရ၏။

ထိုအရေးကြီးသော ကိစ္စဟူသည် တခြားတော့ မဟုတ်၊ စည်းမျဉ်းစည်းကမ်းပင် ဖြစ်၏။ စည်းမျဉ်း စည်းကမ်း မရှိသော အဖွဲ့.အစည်း (သို့မဟုတ်) လူမျိုးစုသည် ဘယ်သော အခါမှ တိုးတက်ကြီးပွားလိမ့် မည်မဟုတ်ပေ။

အကယ်၍သာ စည်းကမ်းနှင့်လူမျိုး၊ လူမျိုးနှင့် တိုင်းပြည်သည် အညမညသဘောတရားအရ အချင်းချင်း ဆက်စပ်နေသည်ဟု ဆိုနိုင်ပါလျှင် စည်းကမ်းသည် လူမျိုး၏အသက်၊ လူမျိုးသည် တိုင်းပြည်၏ နလုံးသားဟုပင် ဆိုသင့်လှပေတော့သည်။

လောကသုံးပါးဌ အတုမရှိ၊ အတူမရှိ၊ အနှိုင်းမရှိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာသနာ့အဆောက် အအုံကြီးကို တည်ဆောက်သောအခါ ဝိနည်း၊ စည်းမျဉ်း၊ စည်းကမ်းများကို မူထား၍ တည်ဆောက်ခဲ့၏။

ထိုသို့ တည်ဆောက်ရာဌ်လည်း လိုက်နာသူများ ရိုရိုသေသေ၊ လေးလေးစားစားဖြင့် လိုက်နာနိုင်အောင် ဝိနည်း ပညတ်တော်ဆယ်ပါးဖြင့် ရနိုင်သော အကျိုးတရားနှင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်တို့ကို ဟောပြတော်မူ၏။ သို့သော် ထိုဝိနည်းကို တရားသေသဘောဖြင့် ရေးဆွဲထားခြင်းမျိုးတော့ မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် "လှေနံစားထစ်" သဘောမျိုးဖြင့် တရားသေရေးဆွဲထားခဲ့မည်ဆိုလျှင် ရံဖန်ရံခါ လိုက်နာရန် အခက်အခဲများနှင့် ကြုံတွေ့.ရပြီး၊ ဖြေရှင်းရန်လည်း ခက်ခဲနေတတ်ပါသည်။ ထို၏သဘော၊ ထို၏သဘာဝကို ကောင်းစွာ သိမြင်တော်မူသော မြတ်စွာဘုရားသည် အချို့.အချို့.သော ဝိနည်းသိက္ခာပုဒ်တော်တို့ဌ် အနုပညတ်တော်များကို ထည့်သွင်း၍ ပညတ်တော်မူခဲ့ရ၏။

အနုပညတ်ဆိုသည်မှာ သိက္ခာပုဒ်တော်များကို ချွင်းချက်ထား၍ ပညတ်တော်မူခြင်းကို ဆိုလိုသည်။ ဥပမာ ရဟန်းတော်များသည် မိမိဌ ထင်ရှားမရှိပါပဲလျက် စွာန်၊ မဂ်၊ ဖိုလ် တရားထူးများကို မိမိဌ ရှိနေသယောင်ယောင် လူသာမကတို့အား မပြောကြားရ၊ ယုတ်မာသော အလိုဆိုးဖြင့် လူအထင်ကြီးအောင် ပြောကြားတာမျိုးဖြစ်ခဲ့လျှင် ပါရာဇိကာပတ်သင့်၏။

သို့သော် တစ်ခါတစ်ရံ ဖြစ်တတ်သော သဘောမှာ တကယ်တမ်း ရဟန်းတရားများကို အားထုတ်နေသော ရဟန်းတော်များသည် မိမိသန္တာန်ဌ ဖြစ်ပေါ်လာသော တရားအတွေ့.ထူးများကို မဂ်၊ ဖိုလ်၊ တရားထူးနှင့် အထင်မှားပြီး ငါ မဂ်၊ ဖိုလ်တရားများ ရနေပြီဟု ထင်မှားမိတတ်၏။ သူတစ်ပါးတို့.အား လည်း ပြောဆိုမိတတ်၏။ ထိုသို့ ပြောဆိုမိခြင်းမျိုးသည် ယုတ်မာသော အလိုဆိုးဖြင့် ပြောဆိုခြင်းမျိုးမဟုတ်၍ ပါရာဇိကာပတ် မသင့်နိုင်။ ဤကဲ့သို့ ချွင်းချက်ဖြင့် ပညတ်ထားခြင်းကို အနုပညတ်ဟု ခေါ်သည်။

သိက္ခာပုဒ်တော်အချို့.ဌ် အနုပညတ်များကို ထည့်သွင်း၍ ပညတ်ထားခြင်းဖြင့် ရဟန်းတော်တို့အပေါ်ဌ် မြတ်စွာဘုရား၏ ကြီးမားသော မဟာကရုဏာတော်ကို အတိုင်းအတာတစ်ခုဖြင့် သိရခြင်းပင် ဖြစ်လေသည်။

အာဂါရိက – အိမ်ရာတည်ထောင်သော လူဒါယကာ၊ ဒါယိကာမတို့.အတွက်လည်း မြတ်စွာဘုရားသည် လူနှင့်ဆိုင်သော လူ့ဝိနည်း၊ စည်းမျဉ်း၊ စည်းကမ်းများကို အတိုင်းအတာတစ်ခုအနေဖြင့် ဟောကြားတော်မူခဲ့၏။ ထိုစည်းကမ်းဟူသည်မှာ ကဲငါးပါး (သို့မဟုတ်) ငါးပါးသီလပင် ဖြစ်၏။

သဒ္ဓါတရားနည်းပါးသော လူအချို့.သည် ထိုကဲငါးပါးကိုပင် ဈေးဆစ်ချင်ကြသေး၏။ "လေးခုလောက်ဆို တော်ရော့ပေါ့၊ အကယ်၍သာ မြတ်စွာဘုရားသည် ငါးခုမြောက်ဖြစ်တဲ့ သုရာမေရယသိက္ခာပုဒ်ကို မထည့်ခဲ့လျှင် လူ့ဝိနည်းသည် ခေတ်နှင့် လိုက်လျောညီထွေရှိမှာပဲ၊ ခုတော့" စသည် ... စသည်ဖြင့်။

အမှန်ဆိုရသော် လူတို့.၏ သီလသည် ရဟန်းတော်တို့.၏ သီလနှင့်တော့ မတူတတ်ချေ။ ကိုယ်ကျင့်ချင်မှ ကျင့်သုံးရသော သိက္ခာပုဒ်မျိုး ဖြစ်သည်။ ရဟန်းတော်များမှာမူ ဝိနည်းသိက္ခာပုဒ်များကို ရဟန်းဖြစ်လာသည့်နေ့မှ စ၍ မကျင့်ချင်လည်းကျင့်၊ ကျင့်ချင်လည်း ကျင့်ရပါတော့၏။

သို့သော် မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် အချင်းချင်း ချစ်ခင်၊ ညီညွတ်၊ မျှတရေးတို့.အတွက်လည်း ကောင်း၊ ပစ္စုပ္ပန်၊ တမလွန် ချမ်းသာရေးတို့.အတွက်လည်းကောင်း ဤငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြရန် ဟောကြားတော်မူခဲ့၏။

http://www.dhammadownload.com

လူ့တန်ဖိုးသည် သီလခ္ခန်ဓတည်၍ ဘဝတန်ဖိုးသည် လူ့ခ္ခန်ဓ တည်၏၊ ကိုယ်ကျင့်သီလသိက္ခာပုဒ်များနှင့်အညီ လူပီပီ နေတတ်မှ လူ့တန်ဖိုးတက်မည်။ ဘဝတန်ဖိုးကို နားလည်မှ ဘဝဆိုတာ ကြီးပွားချမ်းသာနိုင်သည်။

ရေတိုချမ်းသာခြင်းမျိုးထက်၊ ရေရှည် ချမ်းသာခြင်းမျိုးကို ရရှိနိုင်အောင် ကိုယ်စီကိုယ်စီ ကိုယ်ကျင့် သီလတို့ကို စောင့်ထိန်းကြခြင်းဖြင့် ဘုရားစကားကို လေးလေး စားစား လိုက်နာသင့်လှပေသည်။

စည်းကမ်းနှင့် ကျောင်းတိုက်တည်

လောကခ္ခ ဖြစ်လေ့ဖြစ်ထရှိသော နိယာမတစ်ခုမှာ သီလရှိသူကို သီလမရှိသူက ဘဝင်မကျချင်။ စည်းကမ်းရှိသူကို စည်းကမ်း မရှိသူက သဘောမကျ။ ကြိုးကြိုးစားစား အားထုတ်နေထိုင်သူကို ပျင်းပျင်းရိရိနေလေ့ရှိသူက အထင်မကြီး။ အောင်မြင်မှုရှိသူ ကို မအောင်မြင်သူက မနာလိုနိုင်။ ဤနည်းဖြင့် ဆန့်ကျင်ဘက်နှစ်ခုတို့ အားပြိုင်မှုမျိုး ဖြစ်ကြရပေသည်။

သို့သော် သီလရှိသူ၊ စည်းကမ်းရှိသူ၊ ကြိုးစားသူနှင့် အောင်မြင်မှုရှိသူတို့ခ္ခ မနာလိုမှု၊ ဝန်တိုမှုလို့ ခေါ်တဲ့ ဣဿာ၊ မစ္ဆရိယတရားဆိုးတို့သည် အဖြစ်နည်းပြီး မအောင်မြင်၊ မကျိုးစားသူခ္ခသာ ထိုတရားဆိုးများ ပို၍ များတတ်ပါသည်။

ထိုအခါ ထိုပုဂ္ဂိုလ်သည် တစ်ပါးသူအပေါ်ခ္ခ ရန်ငြိုးဖွဲ့၍ တိုက်ခိုက်ရန် နည်းလမ်းကို စတင်၍ ရှာဖွေတော့၏။ ထို့ကြောင့် ဣဿာ၊ မစ္ဆရိယတရားဆိုးသည် မိမိ၊ သူတစ်ပါးတို့အား အကျိုးမဲ့ဖြစ်အောင် အစွန်းရောက်ဝါဒသို့ မရောက်ရောက်အောင် လှုံ့ဆော်ပေးနိုင်၏။

အစွန်းရောက်ဝါဒသည် သတ္တဝါအားလုံးတို့အား အကျိုးမဲ့ကို ဖြစ်စေနိုင်သောကြောင့် မြတ်စွာဘုရားသည် မစ္ဆိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ဟောကြားတော်မူခဲ့၏။

မှန်ပေသည်။ ဤမစ္ဆိမပဋိပဒါလမ်းစဉ်သည် သတ္တဝါအားလုံးအတွက် ပစ္စုပ္ပန်၊ သံသရာကောင်းကျိုး ချမ်းသာကို ဖြစ်စေရန် အကောင်းဆုံးလမ်းစဉ်(သို့မဟုတ်)အားလုံးအတွက် အသင့်တော်ဆုံး စည်းမျဉ်းစည်းကမ်းဟုပင် ဆိုသင့်လှပေသည်။

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးသည် မျှတခြင်းသည် ညီညွတ်ခြင်း၏ အကြောင်းဖြစ်သည်ဟု ယုံကြည်တော်မူသည်။ ထို့ကြောင့်ပင် ပစ္စည်း၊ လာဘ်လာဘများကို ခွဲ ခြမ်းဝေဖန်ပေးမှုကအစ တာဝန်ကိုယ်စီကို အသီးသီး ခွဲခြမ်းဝေဖန်ပေးမှုအထိ မျှမျှတတရှိရအောင် ကြောင့်ကြစိုက်တော်မူသည်။

မျှတမှ ညီညွတ်မည်။ ညီညွတ်မှ ချမ်းသာမည်။

ဤအဆိုပြုချက်သည် မှန်ကန်နေသည်ဟု ဆိုလျှင် အဖွဲ့အစည်းတိုင်းခ္ခ အချင်းချင်း အမြဲတမ်း မျှတညီညွတ်၊ ချမ်းသာရေးတို့အတွက် တစ်ဖက်သတ် နိုင်ထက်စည်းနင်း သဘောမျိုးဖြင့် သူ့စည်း၊ ကိုယ့်စည်းများကို ကျူးကျော်မှုမျိုး မဖြစ်ကြရလေအောင် စည်းမျဉ်း၊ စည်းကမ်း တစ်မျိုးမျိုးကို ထားကို ထားရပေလိမ့်မည်။

စာရေးသူ၏ဘဝခ္ခ စာနာရေးသူအရိပ်ခိုခဲ့ဖူးသမျှ ကျေးဇူးတော်ရှင် ဆရာတော်ကြီးများထဲတွင် ဗဟန်း၊ သံလွင်လမ်းရှိ ဩတောင်ကုန်းသာသနာ့ရိပ်သာခ္ခ သီတင်းသုံးနေတော်မူသော ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးသည် စည်းမျဉ်းစည်းကမ်းနှင့်ပတ်သက်ဟာလျှင် စံနမူနာထားရလောက်အောင် လူသိများလှပေသည်။

ဆရာတော်ဘုရားကြီးသည် တပည့်များအပေါ်ခ္ခ မေတ္တာဖြင့် စောင့်ရှောက်သော ဆရာတော်လည်း ဖြစ်သည်။ သို့သော် စည်းမျဉ်း၊စည်းကမ်းနှင့်ပတ်သက်လာလျှင် တစ်ပြားသားမှ အလျော့မပေးသော ဆရာတော်မျိုး ဖြစ်သည်။ သေးသေးဖွဖွ အောက်ခြေသိမ်းမှအစ၊ အရာရာတိုင်းခ္ခ စည်းကမ်းကြီးလှ၏။ ဆရာတော်ဘုရားကြီးသည် တပည့်များအား ဤသို့ မကြာခဏ ဆုံးမ သြဝါဒပေးလေ့ရှိ၏။

"စည်းမျဉ်းစည်းကမ်းကို ကိုယ်တိုင်လည်း လိုက်နာ၊ သူတစ်ပါးကိုလည်း တိတိကျကျ လိုက်နာကျင့်သုံးစေလိုတဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ ပြောရဆိုရတဲ့ လူတွေ့မျိုး ရှိရမယ်။ ဒါလေးကတော့ အသေးအဖွဲကလေးပဲဟု စည်းမျဉ်းစည်းကမ်းကို အလျော့မပေးရဘူး"ဟု မိန့်တော်မူ၏၊

ဆရာတော်ဘုရားကြီးသည် စည်းမရှိကမ်းမရှိ တံတွေးထွေးခြင်း၊ စည်းမဲ့ကမ်းမဲ့ တွေ့ကရာအမှိုက်ပစ်ခြင်း၊ ရေချိုး၊ အိမ်သာများကို မသန့်ရှင်းပဲထားခြင်း၊ ကျောင်းအဆောက်အအုံများခ္ခ ဖုံတွေ၊ အမှိုက်တွေ ပေတေနေခြင်းမျိုးကိုတွေ့လျှင် ချက်ချင်း အရေးယူပြီး သက်ဆိုင်သူများကို နောက် ဒါမျိုး မပြုလုပ်ရန် ဆုံးမ သြဝါဒပေးတော်မူ၏။

ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်ပါသော ဆုံးမသြဝါဒနှင့် စနစ်ကျသော စည်းမျဉ်း၊ စည်းကမ်းတို့သည် အများအပေါ်ခ္ခ အကျိုးသက်ရောက်မှု များစွာရှိကြောင်း စာရေးသူတို့ ကိုယ်တွေ့ပင် ဖြစ်၏။

ဒါနှင့် ပတ်သက်၍ စာရေးသူသည် မဟာစည်သာသနာ့ရိပ်သာကြီးခ္ခ သြဝါဒစရိယဆရာတော် (ယခု

http://www.dhammadownload.com

ပဏ္ဍိတာရာမဆရာတော်)၏ ခြေတော်ရင်း၌ နေထိုင်ခဲ့စဉ် အခါက နိုင်ငံခြားသား ယောဂီတစ်ဦး၏ ထင်မြင်သုံးသပ်ချက်ကို သတိရမိပါသည်။ "ရန်ကုန်မြို့မှာ ဒီရိပ်သာကြီးဟာ သိပ်သန့်ရှင်းတာပဲ"ဟု ဆိုခဲ့ဖူး၏။

ခေတ်အမြင်နှင့် ကျန်းမာရေး အမြင်ရှိသော ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးသည် ပဏ္ဍိတာရာမ၌ သန့်ရှင်းမှုရှိမရှိ အမြဲတမ်း ကိုယ်တိုင်ကြည့်ရှု စစ်ဆေးတော်မူ၏၊ ဤသို့သော အကြောင်းများကြောင့် တပည့်သံဃာတော်များ၊ သီက္ခာရှင်များနှင့် ယောဂီများအား လုံးတို့သည် ဆရာတော်ဘုရား ကြီးအား "စည်းကမ်းကြီးသော ဆရာတော်ကြီး"ဟု ပြောမဆုံးအောင်ပင် ရှိတော့သည်။

စည်းကမ်းရှိဖို့က ပထမ

ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၌ အမြော်အမြင်ကြီးမားခြင်း၊ သာသနာစိတ်ရှိခြင်း၊ တပည့်များကို စောင့်ရှောက်ခြင်း၊ သာသနာတော်အတွက် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဇွဲရှိခြင်း၊ သတ္တိရှိခြင်း၊ အပင်ပန်းခံခြင်း၊ စည်းကမ်းကြီးခြင်း စသော ဂုဏ် အမျိုးမျိုး ရှိပါ၏။

သို့သော် စည်းကမ်းကြီးခြင်းဂုဏ်သည် အခြားသော ဂုဏ်တို့ထက် ပို၍ ပေါ်လွင်ထင်ရှားနေသည်ဟု စာရေးသူ ထင်မြင်ယူဆမိပါသည်။

ကျောင်းတိုက်စည်းမျဉ်း စည်းကမ်း အနေအထိုင်များနှင့် ပတ်သက်၍ နာမည်ကြီးလှသော တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်အတွက် စည်းမျဉ်းဆယ်ချက်ကို ထုတ်ပြန်ရာ၌ "စိတ်ကောင်းရှိဖို့က ပထမ"ဟု အစပျိုးကာ စည်းမျဉ်းများကို ထုတ်ပြန်ထားခဲ့ပါ၏။

အကယ်၍သာ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးသည် ရိပ်သာအတွက် အလားတူ စည်းမျဉ်းဆယ်ချက်ကို ထုတ်ပြန်ခဲ့မည်ဆိုလျှင် "စည်းကမ်းရှိဖို့က ပထမ"ဟု အစပျိုးကာ စည်းမျဉ်းများကို ထုတ်ပြန်လေမလား၊ မသိဟု စာရေးသူ တွေးထင်မိ၏။ ဤမျှလောက်ထိ ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီးသည် စည်းမျဉ်း၊ စည်းကမ်းနှင့်ပတ်သက်၍ နာမည်ကြီးတော်မူလှသည်။

ဆရာတော်ဘုရားကြီးသည် စည်းမျဉ်း စည်းကမ်းများကို စာတွေ့၊ လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် မူတစ်ခုထား၍ရှိသည်ကို တွေ့ရှိရ၏။ ဆရာတော်ဘုရားကြီးသည် စည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်လာလျှင် ဘယ်သောအခါမှ ပြောရန်၊ သတိပေးရန်၊ ဆုံးမရန် အားနာလိမ့်မည် မဟုတ်လေ။

ဆရာလုပ်မည့်သူများကိုလည်း ဆရာပီပီ ရဲရဲရင့်ရင့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ဤသို့ အလင်္ကာရွတ်၍ ဆုံးမတော်မူ၏။ "ရွေးရွေးမေတ္တာ၊ ကရဏာဖြင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်ဖြင့်၊ ဆုံးမတတ်သူ ဆရာဟူ၏"လို့ ဆိုတဲ့အတိုင်း "ဆရာဆိုတာ တပည့်များကို အကျိုးလိုလားသောစိတ်ဖြင့် ဆုံးမရဲရမယ်"ဟု မိန့်တော်မူ၏။

ဆရာတော်ဘုရားကြီးသည် တရားစစ်ဆေးရာ၌လည်း လောကီဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကိုလည်း ခပ်တင်းတင်းဖြင့်ပင် ကိုင်တွယ်တော်မူ၏။ တစ်ခါက နိုင်ငံခြားသား ယောဂီ တစ်ယောက်သည် စာရေးသူအား ဤသို့ ပြောကြားဖူး၏။

"တပည့်တော် ဆရာတော်ကြီးထံမှာ တရားစစ်ခံရမှာ သိပ်ကြောက်တယ်"၊ "ဘယ်လိုကြောက်တာလဲ"လို့ စာရေးသူက ပြန်မေးသောအခါ "ဘာ့ကြောင့် ကြောက်တယ်ဆိုတာကိုတော့ အတိအကျ မသိဘူး၊ ကြောက်တာကတော့ အမှန်ပဲ၊ တပည့်တော် တခြားဆရာတွေကို ဒီလောက်ထိမကြောက်ခဲ့ဖူးဘူး၊ ဒါမေမယ့်လည်း တပည့်တော် ဆရာတော်ကြီးကို တအားလေးစားတယ်၊ သူက ယောဂီတွေကို တရားသိပ်ရစေချင်တဲ့ပဲ"တဲ့။

စည်းကမ်းကြီး၍ ဆရာကို ကြောက်သော်လည်း ဆရာတော်ကြီး၏ မေတ္တာ၊ စေတနာတို့ကို နားလည်ကြ၍ "ဆရာတော်ကြီးထံမှာ တရားစစ်ခံရတာဟာ တရားတက်မြန်တယ်"ဟု ဆိုသူတို့ကလည်း ဆိုကြပြန်၏။ မြန်မာစကားစု၌ "ချစ်၊ ကြောက်၊ ရိုသေ"ဟူသည် ဤသို့ပင် ဖြစ်လိမ့်မည်ဟု စာရေးသူ တွေးထင်မိတော့၏။

သည်စည်းကမ်းနှင့် သည်ဓရိုးလမ်း

ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးသည် ဝိနည်းစည်းမျဉ်း စည်းကမ်းနှင့်ကျောင်းတိုက်စည်းမျဉ်းတို့ကို အမြဲတမ်း အလေးအမြတ် ပြုလျက် ကိုယ်တိုင်လည်း လိုက်နာ၊ တပည့်များအားလည်း အတတ်နိုင်ဆုံး ကျင့်သုံး လိုက်နာစေ၏။ ဤသို့သော ဂုဏ်တို့ကြောင့် "ပဏ္ဍိတာရာမ"ဟူသော တပည့်သည် ပဋိပတ္တိနယ်ပယ်၌ လူသိများခဲ့၏။

မူလ ပဏ္ဍိတာရာမရိပ်သာကို ကျောင်းဒကာကြီး ဦးသာထွန်းအောင် (ကွယ်လွန်)၊ ကျောင်းအစ်မကြီး ဒေါ်နီ (ကွယ်လွန်) နှင့် မိသားစုတို့က လှူဒါန်းခဲ့သည်။

ပဏ္ဍိတာရာမရိပ်သာကို တည်ထောင်ပြီး (၉) နှစ်အတွင်း ပဏ္ဍိတာရာမရိပ်သာခွဲများ ပြည်တွင်း၊ ပြည်ပ၌ တိုးပွားလာခဲ့သည်။

http://www.dhammadownload.com

ရဟန်းတော်များ၏ ကိုယ်ကျင့်တရားနှင့်

ပြုလုပ်သင့် ပြုလုပ်ထိုက်သည်များကို ကြိုတင်ပြုထားခြင်း မပြုဘဲ "ပျက်စီးကာကျမှ သစ္စာရှသောဘာ"ဟူသော အတွေးအခေါ်မျိုးကို စာရေးသူအနေဖြင့် လက်မခံလိုပေ။

ပဏ္ဍိတာရာမ တောစခန်းရိပ်သာ (အင်းတကော်မြို့. အနီး၊ ပဲခူးတိုင်း)၊ ပဏ္ဍိတာရာမရိပ်သာ (မော်လမြိုင်မြို့၊ မွန်ပြည်နယ်)၊ ပဏ္ဍိတာရာမရိပ်သာ (ပြင်ဦးလွင်၊ မန္တလေးတိုင်း) လုမ္ဘိနီ –ပဏ္ဍိတာရာမမဲက်ဒီတေးရှင်းစင်တာ (နီပေါနိုင်ငံ) တို့ ဖြစ်သည်။

ပဏ္ဍိတာရာမ ဆရာတော် ဘုရားကြီး၏ ဩဝါဒခံဖြစ်သော ပြည်ပရှိ ရိပ်သာခွဲများမှာ တထာဂတာမက်ဒီတေးရှင်းစင်တာ (ကာလီဖိုးနီးယားပြည်နယ်၊ USA)၊ မင်္ဂလာရာမဝိဟာရ (မေရိလင်း(ဒ်)ပြည်နယ်၊ USA)၊ မနောမယရိပ်သာ (ဗန်ကူးပါးမြို့၊ကနေဒါနိုင်ငံ)၊ မလေးရှားဗုဒ္ဓစ်(စ်) မက်ဒီတေးရှင်းစင်တာ (ပီနန်မြို့၊ မလေးရှားနိုင်ငံ)၊ ဗလက်ကောင်းမက်ဒီတေးရှင်းစင်တာ(ကွာလာလန်ပူမြို့၊မလေးရှားနိုင်ငံ)၊ ဝိပဿနာမက်ဒီတေးရှင်းစင်တာ (စင်ကာပူနိုင်ငံ)၊ အင်တာနေရှင်နယ် ဗုဒ္ဓစ်(စ်)မက်ဒီတေးရှင်းစင်တာ (ကတ္တမန္ဒူမြို့၊ နီပေါနိုင်ငံ) နှင့် မဟာစည် ဓမ္မဖဲလိုးရှစ်(ပ်) မက်ဒီတေးရှင်းစင်တာ (ဘီးလင်းမြို့၊ အင်္ဂလန်နိုင်ငံ) တို့ ဖြစ်ကြသည်။

အစကောင်းခြင်းသည် အလယ်ကောင်းခြင်း၊ အဆုံးကောင်းခြင်းတို့အတွက် အကြောင်းအထောက်အပံ့ ဖြစ်နိုင်ပါသည်။ သို့သော် "အစကောင်းမှ အနှောင်းသေချာ"သည်ဟု တရားသေ ပြောဆိုရန်ကား မဖြစ်နိုင်ပြီ။

အဘယ့်ကြောင့်ဆိုသော် အစက ကောင်းခဲ့သော်လည်း စည်းမျဉ်း၊ စည်းကမ်းများ မကောင်းမွန်ပါက စ၊ လယ်၊ ဆုံး ကောင်းဖို့ရန် အင်မတန်မှ ခက်ခဲနိုင်ပါသည်။

ထို့ကြောင့် ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၏ ဦးဆောင် လမ်းညွှန်မှုဖြင့် တိုးတက်၊ စည်ပင်၊ ပြန့်ပွားလာသော မူလ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာနှင့် အားလုံးသောရိပ်သာခွဲများ၏ အနာဂတ်ခရီးလမ်းသည် ခိုင်မာသော စည်းမျဉ်း၊ စည်းကမ်းများ၌ လုံးဝမှီတည်နေပါ၏။

စည်းမျဉ်းကောင်းလျှင် ရိပ်သာများ ဆက်လက်၍ တိုးတက်စည်ပင်မည်။ စည်းမျဉ်း အားနည်းခြင်းနှင့် လိုက်နာကျင့်သုံးမှုအပိုင်းများ အားနည်းနေမည်ဆိုလျှင် ရိပ်သာများလည်း ဆုတ်ယုတ်နိုင်သည်။ ပြုလုပ်သင့် ပြုလုပ်ထိုက်သည်များကို ကြိုတင်ပြုထားခြင်း မပြုဘဲ "ပျက်စီးကာကျမှ သစ်ါရသဘော"ဟူသော အတွေးအခေါ်မျိုးကို စာရေးသူအနေဖြင့် လက်မခံလိုပေ။

ဤသို့သော အခြေအနေများကြောင့် ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၏ တပည့်များအား လုံးသည် ဆရာတော်ဘုရားကြီး အားသွန်ခွန်စိုက် တည်ထောင်တော်မူခဲ့သော ရိပ်သာများအား လုံးအတွက် မယိမ်းမယိုင်ရလေအောင် အဘယ်သို့သောနည်းဖြင့် စောင့်ရှောက်သင့်သည်ကို ဆရာတော်ဘုရားကြီးထံတော်မှ လေးနက်သော ဩဝါဒတော်များကို အတူတကွ ခံယူထားသင့်ပေသည်။

ယခုအခါ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၏ သက် တော်သည် ရှစ်ဆယ်ပြည့်ပြီ၊ သက်တော်ရှစ်ဆယ်ပြည့် အထိမ်းအမှတ် ပတ္တမြားရတုနှင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၏ ဆယ်နှစ်ပြည့် အထိမ်းအမှတ်သဘင် နှစ်ခုကို ပူးပေါင်း၍ ဆင်ယင်ကျင်းပသည့် ဤအခါမျိုးဌ်ပြည်တွင်း၊ ပြည်ပရှိ တပည့်များနှင့် ယောဂီများအား လုံးကို အတူရှိစေချင်လှသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များကို အတူတကွ နာယူမှတ်သားစေချင်လှသည်။

ဩဝါဒတော်များကို အတူနာယူကြပြီး အချင်းချင်း ခင်မင်သောအကြည့်၊ ရင်းနှီးသောအပြုံး၊ ပျူငှာသော အမူအရာ၊ ဖြူစင်သော နှလုံးသားတို့ဖြင့် ကြိုဆိုခြင်း၊ နှုတ်ခွန်းဆက်ခြင်း၊ အကျိုးပြုကိစ္စရပ်တို့ကို အကြံပေးခြင်း၊ ဆွေးနွေးခြင်း စသည်တို့ကို ပြုလုပ်ကြခြင်းဖြင့် ဤပတ္တမြားရတု၏ စစ်မှန်သော အနှစ်သာရ၊ ကောင်းမြတ်သော ရည်ရွယ်ချက်တို့သည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပေလိမ့်မည်။


နိဂုံးချုပ်အနေအားဖြင့် စာရေးသူ၏ ရင်တွင်းဆန္ဒကို ဤသို့ ဖွင့်ဆိုချင်၏။ "ဆရာတော်ဘုရားကြီး သက်တော်ရာကျော် ရှည်ပါစေ"ဟူ၍ လည်းကောင်း၊ ဆရာတော်ဘုရားကြီး ဦးစီးဦးဆောင်ပြုခဲ့သော ရိပ်သာများလည်း နောင်လာမည့် ရာစုနှစ်၊ ထောင်စုနှစ်များတိုင်အောင် စည်ပင်၊ ပြန့်ပွား၊ တည်တန့်ပါစေ"ဟူ၍ လည်းကောင်း ဆုတောင်းခြင်း၊ ဆန္ဒပြုခြင်း၊ မျှော်လင့်ခြင်းတို့ဖြင့် . . .။

ဘိက္ခု ဓမ္မဝိယ (USA)

http://www.dhammadownload.com

ပြည်ဒါဒိစရိယဆရာတော်
ပုံရိပ်များ

ဇနဿိဿိ (မလေးရှား)



ဆရာတော်၏ ရည်ရွယ်ချက်

ထေရဝါဒ ဗုဒ္ဓသာသနာ သန့်ရှင်းတည်ရှည်မှုရှိရန်၊ လူသား တိုင်း ကျင့်ကြံသိရှိ ခံစားနိုင်ရန်၊ သူတော်ကောင်းတို့၏ အကျင့်မြတ် ကမ္ဘာဖြန့်ချိရန်။

ဆရာတော်၏ သတ္တိ

ဓမ္မနှင့် အဓမ္မ ယှဉ်ပြိုင်ထိုးစစ်ဆင်လာလျှင် လာဘ်၊ ဂုဏ်၊ အသက်ကိုပင် ပဓာနမထားဘဲ ဓမ္မဘက်မှ ရဲဝံ့စွာ ရပ်တည်လေ့ ရှိသည်။

ဆရာတော်၏ ယုံကြည်မှု

ဗုဒ္ဓသာသနာသွေး နွေးထွေးမှု မရှိပါက မကြာမြင့်သော မျိုးဆက်သစ်၌ လူမျိုး၍ လူမျိုးသာသနာအန္တရာယ် စိုးရိမ်ဖွယ် မုချ ရှိလိမ့်မည်။

http://www.dhammadownload.com

ဆရာတော်၏ အဆိုးအမ

မျိုးဆက်သစ်လူငယ်များကိုယ်တွင်း သာသနာသွေးများ ထာဝရ နွေးထွေးစွာ စီးဆင်းလျက် ရှင်သန်ခိုင်မာသာသနာ ဖြစ်စေရန် အမြဲ ဆုံးမသည်။

ဆရာတော်၏ စိမ်ကိန်း

စာတွေ့.မပါသော လက်တွေ့.၊ လက်တွေ့.မပါသော စာတွေ့.သက်သက်ဖြင့် ထိရောက်သော သာသနာပြုလုပ်ငန်းမပီပြင်သောကြောင့် ပရိယတ်မကင်းသော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိယတ်သာသနာ စိမ်ကိန်းကြီးကို စနစ်တကျ ချမှတ် ဆောင်ရွက်သည်။

ဆရာတော်၏ အကျင့်

ဦးဆောင်လမ်းညွှန် ညှိနှိုင်းကာ စနစ်တကျ ကြပ်ကြပ်မတ်မတ် ဖြစ်အောင် ဆောင်ရွက်လေ့ရှိသည်။

ဆရာတော်၏ ဝါဒ


အများကောင်းကျိုး ပြုရေး၌ တစ်ကိုယ်ကောင်းစွမ်းရည်ပြ လူစွမ်းကောင်းဝါဒကို ရှောင်ကာ၊ ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်၍ အောင်မြင်မှုရယူကြသော ဝါဒကို ထာဝရဆိုလေ့ ရှိသည်။

ဆရာတော်၏ လုံ့လ

ကျန်းမာရေးကို ဂရုစိုက်ကာ အသက်အရွယ်ကို ပမာနမပြုဘဲ အများကောင်းကျိုးပြု လုပ်ငန်း၌ ပင်ပန်းဆင်းရဲမှုများစွာဖြင့် ကိုယ်ကျိုးစီးပွား အရေးမထားဘဲ သာသနာပြုကိစ္စများ ဆောင်ရွက်တော်မူသည်။

ဆရာတော်၏ ဆင်ခြင်မှု

နှစ်ပေါင်း ၈၀ မျှသော ဘဝအတွေ့.အကြုံ၊ ဓမ္မအတွေ့.အကြုံများ ယှဉ်ကာ အရာရာ၌ အခါခါ စဉ်းစားကာ ဆင်ခြင်သုံးသပ်တော်မူသည်။



http://www.dhammadownload.com



ဆရာတော်၏ ဆုံးဖြတ်မှု

အဆောတလျင် မပြုဘဲ ဘက်မျှစွာ သုံးသပ်၍ မှန်ကန်သည်ဟု ယူဆလျှင် ထွက်ပြီးသား ဆင်စွယ်အလား ရဲရင့်မြဲမြံစွာ ဆုံးဖြတ်တော်မူသည်။

ဆရာတော်၏ လမ်းစဉ်

သာသနာ့အသက် ဝိနယမဏ္ဍိုင်ကို ဗဟိုပြုကာ တပည့်များအား သာသနာပြု လမ်းစဉ်ကို ချမှတ်တော်မူသည်။

ဆရာတော်၏ ခန္တီ

ဘဝပေး လောကဓံတရားနှင့် ခန္ဓာဝန်ဆင်းရဲ ဝေဒနာများ ဖိစီးနှိပ်စက်မှုကို မငြီးမငြူ သည်းခံကာ ဘက်မျှစွာ ရှုပွားတော်မူသည်။

ဆရာတော်၏ စေတနာ

အရည်အချင်းအလိုက် လူမှန်နေရာမှန်ကို စေတနာမှန်စွာ ရွေးချယ်ချီးမြှောက်လေ့ ရှိပါသည်။

ဆရာတော်၏ မေတ္တာ

လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာကို မျှော်လင့်ကာ အမြဲကြိုတင်၍ သတိပေး တိုက်တွန်းဆုံးမလေ့ရှိသည်။

ဆရာတော်၏ အောင်မြင်မှု

တိုးတက်မှု အရှိန်အဟုန်ကို ထိန်းလျက် ချို့မြိန်ဖွယ် အောင်မြင်မှု အသီးအပွင့်များကို မိသားစုတစ်စုအသွင်ဖြင့် မျှဝေ. သုံးဆောင် ခံစားတော်မူလေ့ရှိသည်။ ■

နန္ဒသိန္ဓိ (မလေးရှား)

http://www.dhammadownload.com

သဒ္ဒါသုတ္တဝိဘင်္ဂကို



စကား (၁၅)ခွန်း

၁ ဥုးဇနက သတ္တိ ရှိတယ်။

ဥုးဇနကဆိုတာ ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသကို ပြောတာပါ။။ အစည်းအဝေးတစ်ခုမှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ရော ချမ်းမြေ့ရိပ်သာ ဆရာတော်ပါ ပါဝင်ပါတယ်။

အဲဒီအစည်းအဝေးမှာ ချမ်းမြေ့ဆရာတော်က စေတီတွေ တည်ဖို့ မလိုသေးဘူးလို့ မိန့်တဲ့ အကြောင်းကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က ပြောပါတယ်။

ပြီးတော့ အထက်ပါ ကောက်ချက်ချစကားလေးကို ဆိုလိုက်ပါတယ်။

●

၂ [၁၅] ခွန်း

တပည့်တစ်ဦး

http://www.dhammadownload.com

သံသရာကို ဖြတ်ကျော်နိုင်ခြင်း

၂။ သီလ လုံခြုံရုံမျှနဲ့တော့ စာသင်သားတွေကို ထိန်းသိမ်းဖို့ လွယ်ချင်မှ လွယ်ပါမယ်။

ဆရာတော်က စာသင်တိုက်တွေ အကြောင်းကို ရည်ညွှန်းကာ အထက်ပါစကားလေးကို ပြောလိုက်ပါတယ်။

ဆရာတော်က စာသင်သားတွေကို သီလကိုသာမက သမာဓိ၊ ပညာအကျင့်အထိပါ ကျင့်သုံးကြစေချင်ပါတယ်။ အဲဒီလိုဆိုရင် စာသင်သားကို ထိန်းသိမ်းရတာ ပိုလွယ်ကူလာပါလိမ့်မယ်တဲ့။ သတိပဋ္ဌာန်အကျင့်ကိုပါ စာသင်တိုက်တွေမှာ ဆရာတော်က ကျင့်သုံးစေချင်ပါတယ်။ သာသနာမှာ ပရိယတ်မကင်းတဲ့ ပဋိပတ်, ပဋိပတ် မကင်းတဲ့ ပရိယတ် ဖြစ်စေချင်ပါတယ်။ ■



၃။ တူအောင်တော့ မလုပ်ပါဘူး။

မဟာဂန္ဓာရုံဆရာတော် အရှင်ဓနကာဘိဝံသနဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကို မြင်ဖူးကြသူတွေက "ဆရာတော်နှစ်ပါးဟာ တော်တော်တူတယ်"လို့ ပြောကြပါတယ်။

စာရေးသူဟာ ဆရာတော်ရဲ့ တစ်ဘဝတာခရီးစာအုပ်မှာ တော်တော်တူတယ်ဆိုတဲ့ ခေါင်းစီးနဲ့ ဆရာတော်နှစ်ပါးရဲ့ တူတဲ့အချက်တွေကို အတော်များများ ရေးသားဖော်ပြထားပါတယ်။

တူအောင် လုပ်သလားလို့ ထင်ရလောက်အောင်ကို တူနေပါတယ်။ တူအောင်လုပ်တာ မဟုတ်တဲ့အကြောင်းကို ဆရာတော်က မိန့်တော့ သူ့အလိုလို တူပဲတူနိုင်ကြပါပေတယ်လို့ ထပ်ဆင့် တွေးမိပါတော့တယ်။ ■

http://www.dhammadownload.com

သံသိုက်တောရှင်ကြီး



၅ မျှော်တော့ တိမ်ကြားမင်းခေါင်၊ ပေါ်လာတော့ သမန်းတောထဲက ငှက်ပျောတောမင်းသား။

ဆရာတော် မဟာစည်သာသနာ့ရိပ်သာကြီးမှာ နာယကယေ် ဘဝတုန်းက မဟာစည် ဆရာတော်ကြီးက သူ့ကိုယ်စား မြို့ထဲ တရားပွဲတစ်ခု ဟောပေးဖို့ ဆရာတော်ကို အမိန့်ရှိပါသတဲ့။

အဲဒီတရားပွဲကို လာရောက်ကြတဲ့ တရားနာ ပရိသတ်ကြီးကတော့ မဟာစည်ဆရာတော်ကြီး တရားဟောမယ်ထင်လို့ မဟာစည်ဆရာတော်ကြီးကို မျှော်နေကြတာပေါ့။ သူတို့ မျှော်တဲ့ မဟာစည် ဆရာတော်ကြီး ပေါမလာဘဲ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်လောင်းလျာ ပေါ်လာတာကိုး။

ဒါကြောင့် တရားနာပရိသတ်ကြီးရဲ့ ရင်ထဲမှာ ဖြစ်ပေါ်နိုင်တဲ့ ခံစားချက်ကို ဆရာတော်က ထုတ်ဖော်ပြလိုက်တာပါပဲ။

ဆရာတော်က သူ့ကိုယ်သူ သမန်းတောထဲက ငှက်ပျောတောမင်းသားလို့ ဆိုလိုက်တာပေါ့။

ယခုအခါမှာ ဆရာတော် ဟောမယ့် တရားပွဲကို မကြွနိုင်လို့ စာရေးသူကို သူ့ကိုယ်စား ဟောဖို့ လွှတ်ခဲ့ရင် ငှက်ပျောတောမင်းသားဟာ စာရေးသူ ဖြစ်လာပြီး ဆရာတော်ကတော့ တိမ်ကြားမင်းခေါင် ဖြစ်သွားပြီပေါ့။ ■

၆ သောက်ရေကောင်းထဲမှာ အဆိပ်မခတ်ပါနဲ့။

ဒကာမကြီး တစ်ယောက်က ဆရာတော်ထံ လာရောက်ကန်တော့ပြီး "ဒကာကြီး တစ်ဦးက မဟာစည် ဆရာတော်ကြီးရဲ့ တရားနည်းဟာ မှားတယ်လို့ ပုတ်ခတ် တိုက်ခိုက်ပြောဆိုနေပါတယ်ဘုရား" လို့ လျှောက်ထားပါတယ်။

အဲဒီ ပုတ်ခတ်တိုက်ခိုက် ပြောတဲ့ ဒကာကြီးကို ဆရာတော်က သိပါတယ်။

ဒါကြောင့် လာလျှောက်ထားတဲ့ ဒကာမကြီးကို အထက်ပါစကားလေးကို အဲဒီဒကာကြီးအား ပြောလိုက်ပါလို့ မိန့်တော်မူလိုက်ပါတယ်။ ■

http://www.dhammadownload.com

ဆရာသန့်ဘွဲ့တော်ရဟန်းကြီး

၆ အသက် (၂၀) ကျော် ရဟန်းငယ်တွေကိုပဲ အားကိုးရမှာပဲ။

ဘာသာခြားတွေက ဗုဒ္ဓသာသနာဝင်တွေမှာ ဝင်ရောက် ထိုးဖောက်နေတာကို မြင်တွေ့ ကြားသိနေရပါတယ်။ တချို့ဆရာတော်ကြီးတွေက ဘာသာခြားတွေရဲ့ အန္တရာယ် ကြီးမားကြောင်းကို ကောင်းကောင်း အလေးမထားကြပါဘူး။ ဘာသာခြားအန္တရာယ်နဲ့ ပတ်သက်ပြီး အေးစက်စက်နိုင်လွန်းလှတဲ့ ဆရာတော်၊ သံဃာတော်တွေကို ဆရာတော် အားမရပါဘူး။ ကိုယ်နဲ့မဆိုင်သလို နေနေကြတာကို ကျေနပ်တော်မမူပါဘူး။

ဆရာတော်က ဘာသာခြားတွေရဲ့ အန္တရာယ်နဲ့ ပတ်သက်ပြီး အိမ်နီးနားချင်းနိုင်ငံတွေကို နမူနာထိုးပြပါတယ်။ အနာဂတ် ဗုဒ္ဓသာသနာအတွက် ဆရာတော့်မှာ သွက်လက်ထက်မြက်မှုရှိတဲ့ ရဟန်းငယ်တွေကိုပဲ အားကိုးလိုစိတ်ပေါ်နေပါတယ်။ ဒါကြောင့် ဆရာတော်က အထက်ပါ စကားလေးကို မိန့်လိုက်တာပါပဲ။ ■



၇ ရဟန်းတော်တွေက ကိုယ့်ထံ ဆည်းကပ်လာသူတိုင်းကို တရားလက်ဆောင်လေး ပေးလိုက်သင့်ကြတယ်။

ဆရာတော်က သူပြောတဲ့အတိုင်း ကျင့်သုံးလေ့ရှိတာကို တွေ့ရပါတယ်။ ကိုယ့်ထံ ရောက်လာတဲ့သူဟာ ကိုယ့်ထံက မှတ်သားလိုက်နာစရာ စကားလေးတစ်ခွန်းလောက်ရသွားရင်တောင် လာရကျိုးနပ်သွားပါပြီ။ ကိုယ့် စကားလေး တစ်ခွန်းကြောင့် သူ့ မှာ အကျိုးတွေ အများကြီး ရသွားနိုင်ပါတယ်၊

ဆရာတော်က သူ့ထံ လာတဲ့သူတွေကို အလွတ်မပေးပါဘူး။ လက်ဆောင်လေး ပေးဖြစ်အောင် ပေးလိုက်ပါတယ်။ တရားလက်ဆောင် ပေးရမှာက ရဟန်းတို့ရဲ့တာဝန်။ ဆရာတော်က ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ဆောင်ရွက်ခြင်းဖြင့် သာသနာ ဖြန့်ဝေနေတာပါပဲ။ ■

http://www.dhammadownload.com

သံသရာကို တားဆီးပိတ်ပင်နည်း



၃ စုံအောင် လေ့လာထားရပါတယ်။

စတီးသဝိတ်ဖုတ်နည်းကို စာရေးသူ မသိလို့ စာရေးသူကို စတီးသဝိတ် ဖုတ်နည်းကို ဆရာတော်က လေ့လာစေပါတယ်။ သုတ်စဉ်ရဲ့ အင်္ဂါတွေထဲမှာ သဗ္ဗတောမုခဆိုတဲ့ စကား၊ ရဲ့ အဓိပ္ပာယ်ကို စာရေးသူအား ဆရာတော်က မေးပါတယ်။

ဘယ်လောက်စမ်းစမ်း ရနေစေရမယ်လို့ ပြောချင်ပါတယ်။ ကိစ္စလုပ်ငန်းအတွက် ကိုယ့်ဘက်က အဆင်သင့်ဖြစ်နေစေရမယ်တဲ့။ အင်္ဂါလိပ်လို Ready ဖြစ်နေစေရမယ်တဲ့။ စမ်းချင်ရာစမ်း မောင်ဘကျမ်း ဖြစ်နေရမယ်ပေါ့။

ဒါကြောင့် စုံအောင်လေ့လာထားရမယ်လို့ ဆရာတော်က မိန့်တော်မူတာပါပဲ။ ■

၄ ပန်းကန်တွေ ရေချိုးပြီး စားပွဲပေါ် ထိုင်စေ။

မြန်မာစကား မတတ်,တတတ် နိုင်ငံခြားသားက အဲဒီလို ပြောတဲ့အကြောင်းကို ပြောရင်းလည်း ဆရာတော် ရယ်ပါတယ်။ ပြောပြီးတော့လည်း ရယ်ပါတယ်။

"ပန်းကန်တွေကို ရေဆေးပြီး စားပွဲပေါ် တင်ထားလိုက်"လို့ နိုင်ငံခြားသား ဆိုလိုကြောင်းကိုကြားရတဲ့ မြန်မာတွေ နားလည်ကြပါတယ်၊

အဲဒီလိုပဲ အင်္ဂလိပ်စကားကို ပြောရာမှာ Broken ဖြစ်ချင်ဖြစ်ပါစေ၊ ပြောရတယ်။ အင်္ဂလိပ်သဒ္ဒါ စည်းကမ်းမကျလည်း နားလည်နိုင်ပါတယ်။ အင်္ဂလိပ်လို ကိုယ်ကိုယ်တိုင် တရားစစ်နိုင် ဟောနိုင်ရင် ပိုကောင်းတယ်။ ဘာသာပြန်နဲ့က အခါခပ်သိမ်း အဆင်မပြေဘူး။

အင်္ဂလိပ်လို ပြောရမယ့်နေရာမှာ ခေါင်းမရှောင်နဲ့လို့ မိန့်တော်မူပါတယ်။ ■

http://www.dhammadownload.com

၁၀ မဟာစည်ဆရာတော်ကြီးရဲ့ အလုပ်ပေးတရားကို အစားထိုးဖို့ မဝံ့ရဲပါဘူး။

မဟာစည် သာသနာ့ရိပ်သာသို့ တရားအားထုတ်သွားရင် ရောက်တဲ့နေ့ရဲ့ ညနေ (၅) နာရီမှာ တရားရှုမှတ်ပုံရှုမှတ်နည်းကို မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ တိတ်ခွေရှိရာ အဲဒီတိတ်ခွေကို ယောဂီအသစ်တိုင်း နာယူကြရပါတယ်။

မဟာစည် ဩဝါဒခံ ရိပ်သာဆရာတော်တွေထဲက ဆရာတော်တစ်ပါးက သူဟောထားတဲ့ တရားရှုမှတ်နည်းတိတ်ခွေကို မဟာစည်ဆရာတော်ကြီးရဲ့ တရားရှုမှတ်နည်းတိတ်ခွေအစား နာစေလိုပါသတဲ့။

ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးကို အလွန်လေးစားသလို မဟာစည်ဆရာတော်ကြီးရဲ့ စာပေတွေနဲ့ ဟောတရားတွေကိုလည်း အလွန်ပဲ တန်ဖိုးထားတော်မူပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့ အလုပ်ပေးတရားကို အစားထိုးဖို့ မဝံ့ရဲတာဟာ ဆရာတော်ကြီးနဲ့ ဆရာတော်ကြီးရဲ့ ဟောတရားကို အားရကျေနပ်လို့ပါပဲ။ ပြည့်စုံတယ်လို့ ယူဆလို့ပါပဲ။

မဟာစည်ဆရာတော်ကြီးအပေါ် အားမရတဲ့စကား၊ ဆရာတော်ထံက လေသံလေးမျှတောင် ပေါ်မလာပါဘူး။ အရိပ်အရောင်လေးမျှတောင် မတွေ့ရပါဘူး။ လေးစားထိုက်တဲ့ ဆရာကို လေးစားတာဟာ တပည့်လိမ္မာတို့ရဲ့ ကောင်းတဲ့ အရည်အချင်း တစ်ခုပါပဲ။ ■

၁၁ ကိုယ့်အတွက် ဆောင်ရွက်ရင် ရချင်မှ ရမယ်။

ဆရာတော်က အမျာ်းအကျိုးပြု လုပ်ငန်းတွေကို စေတနာသန့်သန့်နဲ့ လုပ်ဆောင်နေပါတယ်၊ အမျာ်းကောင်းကျိုးအတွက် စေတနာသန့်သန့်နဲ့ လုပ်နေတာကို အမျာ်းက မြင်တွေ့လာကြတဲ့အခါ စေတနာ၊ သဒ္ဓါတွေ ဖြစ်ပေါ်လာကြပါတယ်။

အဲဒီစေတနာရှင်၊ သဒ္ဓါရှင်တွေရဲ့ ကူညီပံ့ပိုးမှုကြောင့် ဆရာတော်ရဲ့ အမျာ်းကောင်းကျိုးပြုလုပ်ငန်းတွေဟာ အရှိန်အဟုန် ပိုကောင်းလာပါတယ်၊ ဆရာတော်ဟာ သူ့ကိုယ်ကျိုးအတွက်သာ ဆောင်ရွက်နေခဲ့ရင် အမျာ်းက စေတနာ၊ သဒ္ဓါ မပွားနိုင်ကြမှာ သေချာပါတယ်။

"အမျာ်းအကျိုးဆောင် ကိုယ့်အကျိုးအောင်"ဆိုတဲ့ စကားကို အခုမှ ကောင်းကောင်း နားလည်လာတယ်" လို့လည်း ဆရာတော်က အမိန့်ရှိပါတယ်။

အမျာ်းအကျိုးကို ရှေ့ရှုတဲ့၊ လိုလားတဲ့၊ ဆန္ဒနဲ့ ဆောင်ရွက်တော့ ဆရာတော်ရဲ့ လိုလားချက်ဆန္ဒတွေဟာ ပြည့်ပြည့်လာပါတယ်။ ဒါကြောင့် ဆရာတော်က ဒီလိုလည်း မိန့်တော်မူပါသေးတယ်။

ဆန္ဒဝတော ကိ နာမ ကမ္မ န သိဇ္ဈတိ။

ဆန္ဒရှိသူမှာ မပြီးစီးနိုင်တဲ့အလုပ် မရှိဘူးဆိုတဲ့ စကားလေးကို ပိုပို သဘောပေါက်လာပါတယ်တဲ့။ ■

၁၂ လူဆိုတာ အနှစ် ရှိရမယ်။

လောင်းရိပ်မိလို့ မသန့်မာ၊ မထွားကျိုင်းတဲ့ သစ်ပင်လေးတွေကို တွေ့တဲ့အခါ ပိန်းပင်အကြောင်းကို ဆရာတော်က ပြောပြ လေ့ရှိပါတယ်။ အခြားသစ်ပင်တွေဟာ လောင်းရိပ်ကို ကြောက်ကြပေမယ့် ပိန်းပင်ကတော့ လောင်းရိပ်ကို ကြိုက်တယ်၊ လောင်းရိပ်ကို ကြိုက်တဲ့ သစ်ပင်မှာ အနှစ်မရှိဘူး။ ကြည့်လေ ပိန်းပင်ကို၊ ပိန်းပင်ဟာ လောင်းရိပ်ကို ကြိုက်တဲ့အတွက် အနှစ်မရှိဘူး။

လူဆိုတာ အနှစ်မရှိတဲ့ ပိန်းပင်လို မဖြစ်ရဘူး၊ လူဆိုတာ မိဘအရိပ်၊ ဆရာသမားအရိပ်တွေကို မှီခိုသင့်သလောက်တော့ မှီခိုရပါမယ်၊ မှီခိုလွန်းရင်တော့ ကိုယ့်အစွမ်းအစ ထွက်ပေါ်မလာတတ်တာမို့ အနှစ်မရှိတဲ့ ပိန်းပင်လို ဖြစ်သွားတတ်ပါတယ်။

အရိပ်ထဲမှာချည်းနေရင် လောကခံနေပူ၊ လေပူတွေနဲ့ တွေ့တဲ့အခါ ခံနိုင်ရည်အားနည်းနေတတ်ပါတယ်။ နေပူရောင်ဟာ လောင်းရိပ် မကြိုက်တဲ့ သစ်ပင်ကို အင်အားတိုးပွားစေပါတယ်၊ ဖွံ့ထွားစေပါတယ်၊ သန်မာလာစေပါတယ်၊ အနှစ်ရှိလာစေပါတယ်။

ကောင်းဆိုး လောကခံ အဖုံဖုံနဲ့ ကြုံလာတဲ့အခါ ခံနိုင်ရည်အားရှိမှ အနှစ်ရှိတဲ့လူ ဖြစ်ပါမယ်။ ဒါ့ကြောင့် ဆရာတော်က "လူဆိုတာ အနှစ် ရှိရမယ်"လို့ မိန့်တော်မူတာပါပဲ။ ■

http://www.dhammadownload.com

သပ်သနဲ့ကိုတာရှာကန်း



၁၃ လူတွေဟာ သနားစရာ သိပ်ကောင်းတယ်။

ရန်ကုန်မြို့က မင်္ဂလာဈေးကထိန်တရားပွဲကအပြန် ရိပ်သာမှာ အဲဒီစကားလေးကို ဆရာတော်က မိန့်တော်မူပါတယ်။

ကုသိုလ် အရေခြုံပြီး ငွေတွေကုန်တဲ့ အလှူမျိုးတွေ မြန်မာနိုင်ငံမှာ အားကောင်းမနေဖို့ လိုတယ်၊ ကုသိုလ်အရေခြုံပြီး ငွေတွေကုန်နေကြတဲ့ လူတွေကို ကြည့်ပြီး ဆရာတော်မှာ သနားခြင်း ကြီးစွာ ဖြစ်ပေါ်လာပါတယ်၊ ငွေတွေကုန်ပြီး ကောင်းကျိုးရ နည်းတာကို မြင်လို့ သနားခြင်း ဖြစ်ပါတယ်။ ငွေတွေ ကုန်သလောက် ကုသိုလ်တွေ ရ၊ ကောင်းကျိုးတွေ ရကြတယ်ဆိုရင်တော့ သနားစရာ မဟုတ်ပါဘူး။

ကုန်လိုက်တဲ့ ငွေတွေက သောက်သောက်လဲ၊ ရလိုက်တဲ့ ကုသိုလ်ကတော့ တစ်မူးတစ်ပဲဆိုတော့ ငွေကုန်ရကျိုးမနပ်ဘူးပေါ့။ ဆွမ်းဆန်ထဲမှာ ကြွက်ချေးရောသလို ကုသိုလ်ထဲ အကုသိုလ်တွေ ရောပါလာရင် ကုသိုလ်ကတစ်ပဲ၊ ငရဲကတစ်ပိဿာဖြစ်နေမှာကို ဆရာတော်ကလိုလား တော်မမူပါဘူး။ ■

၁၄ ပေါက်ဈေးထက် ဈေးသည်ကြိုက်ဈေးကို ပေးနိုင်တဲ့ကိုယ် ဖြစ်ရပါလို့။

ရန်ကုန်မြို့က ဘဝမြှင့်ရပ်ကွက်မှာ ဆွမ်းစားကြွတဲ့ အခါ ဆွမ်းဒကာ၊ ဒကာမတွေအား အထက်ပါ ဆုတောင်း စကားလေးကို ဆရာတော်က မိန့်ကြားခဲ့ပါတယ်။

တစ်ခါက ဒကာမကြီးတစ်ဦးအား ဆရာတော်က "ပေါက်ဈေး ပေးနိုင်ရပါလို့" လို့ ဆုတောင်း စကားလေးကို မိန့်ကြားခဲ့ပါတယ်။ ဆုတောင်းပေါ်လို့ တက်လာတဲ့ ကုန်ဈေးနှုန်းတွေနဲ့ ပတ်သက်ပြီး မိန့်တော်မူပါတယ်။

အဲဒီအခါ အဲဒီဒကာမကြီးက "တပည့်တော်ကတော့ 'ပေါက်ဈေးထက် ဈေးသည်ကြိုက်ဈေးကို ပေးနိုင်တဲ့ ကိုယ်ဖြစ်ရပါလို့' လို့ပဲ ဆုတောင်းပါတယ်ဘုရား" လို့ ဆရာတော်အား လျှောက်ထားလိုက်ပါသတဲ့။

အဲဒီဒကာမကြီးရဲ့ ဆုတောင်းစကားကို ဆရာတော်က သဘောကျလွန်းလို့ မှတ်သားတားကာ ဘဝမြှင့်ရပ်ကွက်က ဆွမ်းဒကာ၊ ဒကာမတွေအားလည်း ပြောပြတာပါပဲ။ ■

၁၅ အတွင်းရန်သူကို နိုင်မှ ငြိမ်းချမ်းရေး ရမယ်။

ဆရာဟော်က ဒုဗိုလ်မှူးကြီးတစ်ဦးအား အထက်ပါ စကားကို ပြောလိုက်ပါတယ်။ ဘုရား ဟောထားတဲ့ ဂါထာတစ်ပုဒ်ရဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းပြလိုက်ပါသေးတယ်။

"အပြင်ရန်သူကို အောင်နိုင်သူဟာ ရန်ကို ပွားစေတယ်၊ ရှုံးသူဟာ ဆင်းဆင်းရဲရဲ နေရတယ်၊ အနိုင်၊ အရှုံးကို ဖယ်ရှားပြီး အတွင်းကိလေသာရန်သူတွေကို အနိုင်ရသူဟာ အေးချမ်းစွာ နေထိုင်ရတယ်" တဲ့။

ရှေ့တန်းစစ်မျက်နှာမှာ ရန်သူတစ်သန်းကို နိုင်အောင် တိုက်ခိုက်နိုင်ရင် အဲဒီလူဟာ တကယ့် သူရဲကောင်းပါပဲ။ တကယ့် အာဇာနည်ပါပဲ။


အဲဒီအာဇာနည်သူရဲကောင်းရဲ့ အောင်နိုင်မှုထက် ကိုယ်တွင်းကိလေသာတွေကို နိုင်အောင် တိုက်ခိုက်သူရဲ့ အောင်နိုင်မှုက ပိုမိုကြီးကျယ်မြင့်မြတ်ပါတယ်ဆိုတဲ့ ဘုရားရှင်ရဲ့ ဒီစကားတော်အရလည်း အတွင်းငြိမ်းချမ်းရေးရမှ ကြီးကျယ်တဲ့ ဘဝ၊ မြင့်မြတ်တဲ့ ဘဝ ဖြစ်ပါတယ်။

ဆရာတော်က အဲဒီဗိုလ်မှူးကြီးကိုလည်း တရားအားထုတ်ဖို့ တိုက်တွန်းလိုက်တာပါပဲ။ အခါအခွင့်ကြည့်ပြီး တရားအားထုတ်ဖို့ တိုက်တွန်းတာဟာ ဆရာတော်ရဲ့ စွဲမြဲတဲ့ အလုပ်တစ်ခုပါပဲ။ ဘုရားရှင်ကလည်း အဲဒီလို တိုက်တွန်းပေးဖို့ ဆုံးမတော်မူထားပါတယ်။

ဆရာတော်ထံက မှတ်သားလိုက်နာဖွယ် စကားတွေကတော့ များလှပါတယ်။ ဒီစာစောင်မှာ သိပ်များရင် မသင့်တော်လောက်လို့ ဒီလောက်နဲ့ပဲ တော်လိုက်ပါတယ်။

တပည့်တစ်ဦး

http://www.dhammadownload.com




သာသနာမထေရ်ကြီး

"သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းခို" ဟူသောစကားပုံအတိုင်းပင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာသည် ငှက်ပေါင်းတစ်သောင်းတို့ ခိုးနားစရာ သစ်ပင်ကြီးပမာ ဖြစ်နေသည်ဟုပင် စာရေးသူစိတ်ထဲတွင် အတွေးဝင်နေမိပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို တည်ထောင်ခဲ့သည်မှာ (၃) နှစ်ကျော် ကာလမျှသာ ရှိပါသေးသည်။ ထိုသုံးနှစ်ကျော်ကာလအတွင်း ပြည်တွင်းပြည်ပမှ ရဟန်း၊ သာမဏေ၊ သီကျွန်ရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီသူတော်စင်တို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ၏ အေးရိပ်သာအောက်တွင် မပြတ်မစဲတစ်ပွဲပွဲ ခိုဝင်လာကြပေသည်။

ပြည်တွင်းမှ သံဃာယောဂီ (၆၆၂)၊ သီကျွန်ရှင် (၂၁၁)၊ အမျိုးသား (၃၀၇)၊ အမျိုးသမီးယောဂီ (၁၃၂၁) ယောက်ျား စုစုပေါင်း (၂၅၀၁) ယောက်တို့ ခိုဝင်လာခဲ့ကြပါသည်။ ပြည်ပမှ ရဟန်းယောဂီ (၅၀)၊သာမဏေ (၆)၊ သီကျွန်ရှင် (၂၃)၊ အမျိုးသား (၂၃)၊ အမျိုးသမီး ယောဂီ (၅၀)၊ ပြည်ပမှ စုစုပေါင်း (၁၅၂) ယောက်၊ ပြည်တွင်းနှင့်ပြည်ပ နှစ်ရပ်ပေါင်း (၂၆၅၃) ယောက် ဝင်ရောက်ခဲ့ကြပါသည်။

http://www.dhammadownload.com



သာမဏေကျော်

ဒါ ဝတ္ထု

အနာဂတ်သာသနာတော်အရေးနှင့် အနာဂတ်မြန်မာနိုင်ငံ အရေးကို မျှော်တွေးတော်မူသော ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် အနာဂတ် သာသနာ့တာဝန်နှင့် အနာဂတ် မြန်မာနိုင်ငံတာဝန်တို့ကို ပခုံးပြောင်းတာဝန် ယူဆောင်ရွက်ကြမည့် မြန်မာကလေး သူငယ်တို့အရေးကိုလည်း လေးလေးပင်ပင် တွေးဆင်ခြင်တော်မူပေသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် နွေရာသီကျောင်းပိတ်ချိန်တွင် ကျောင်းသားလေးတို့ကို သာမဏော ဝတ်စေပြီး ကျောင်းသူလေးတို့ကို သီက္ခာရှင် ဝတ်စေကာ သာသနာ့အသွင်ဖြင့် တစ်လတာ ဖွင့်လှစ်သင်ကြားပေးသည့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင် ဗုဒ္ဓယဉ်ကျေးမှုတို့ကို စာတွေ့လက်တွေ့ သင်ယူစေခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ပင် ရှိခဲ့ပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌မူ လေးကြိမ်မျှသာ ရှိပါသေးသည်။ ထိုလေးကြိမ်တွင် သင်တန်းသား ဦးရေမှာ (၁၄၇၀) အထိပင် ရှိခဲ့ပါပြီ။


http://www.dhammadownload.com

ရဟန်းတော်များ

ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် ပရိယတ်မကင်းသော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိယတ်ဖြစ်စေရန် ရည်သန်ချက်ဖြင့် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ပြည်တွင်းပြည်ပ သိက္ခာရှင်တို့ကိုလည်း ဗုဒ္ဓစာပေတွေကို သင်ယူစေနေပါသည်။ သတိပဋ္ဌာန်တရားကို ကျေနပ်လောက်သည်အထိ အားထုတ်ထားသည့် ဓမ္မာစရိယ အောင်ပြီးသော တပည့် ရဟန်းငယ်တို့ကိုလည်း အင်္ဂလိပ်စာပေ သင်ယူစေနေပါသည်။

ပြည်ပတွင်လည်း တပည့်ရဟန်းတို့ကို ပို့လွှတ်ကာ ဓမ္မဂုဏ်ရည်များကို ပြသပေးစေပါသည်။ အမေရိကတွင် အရှင်ဓမ္မပိယ နှင့် အရှင်ဝိမလာစာရာဘိဝံသ၊ အင်္ဂလန်တွင် အရှင်ပညာဒီပ၊ စင်ကာပူနှင့် မလေးရှားတွင် အရှင်ရာဇိန္ဒ၊ နီပေါတွင် အရှင်အာသဘာစာရ၊ ကနေဒါတွင် အရှင်ပညောဘာသနှင့် အရှင်ဉာနုဇ္ဇောတာဘိဝံသ၊ ဩစတြေးလျတွင် အရှင်ပညာသာမိတို့ ရှိကြလေရာ ထိုရဟန်းတော်များသည် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ တပည့်ရဟန်းတော်များ ဖြစ်ကြပါသည်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ လာရောက်တရားအားထုတ်ခဲ့ကြသည့် ပြည်ပယောဂီတို့ထဲမှ တချို့သော ယောဂီတို့၏ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်သော ပြောကြားချက်များမှာ မှတ်သားဖွယ်ရာ ကောင်းလှပါသည်။ ထို့ကြောင့် ထိုပြောကြားချက်များကို ရေးသားဖော်ပြလိုက်ပါသည်။



ခရစ်မတ်ကလပ်တန် (ဩစတေးလျ)

ဆောက်လုပ်ရေးဗိသုကာ တစ်ဦးဖြစ်သည့် ဩစတြေးလျ အမျိုးသားယောဂီ "ခရစ်မတ်ကလပ်လန်"က ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်၍ ပြောပြထားသည်မှာ-

"ကျွန်တော်ဟာ (၁၉၈၅) ခုနှစ်မှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ထံ ပထမဆုံးအကြိမ် တရားအားထုတ်ပြီးချိန်ကစပြီး ဆရာတော်ရဲ့ စွမ်းအား၊ ဉာဏ်ပညာနဲ့ စာနာထောက်ထားမှုတွေကို သိနားလည်ခဲ့ရပါတယ်။ ဆရာတော်ကို ကျွန်တော်ရဲ့ ဆရာတစ်ဦးအဖြစ် ကျွန်တော် ခံယူပါတယ်။ ဆရာတော်ရဲ့ စည်းကမ်းတင်းကြပ်မှု၊ အမြင်ကြည်လင်ပြတ်သားမှုတွေဟာ ကျွန်တော် တရား ကြိုးစားအားထုတ်ရာမှာ အကောင်းဆုံး အကျိုးတရားတွေ ရရှိစေတာကို တွေ့ရှိရပါတယ်၊ ဆရာတော်ရဲ့ ကျွမ်းကျင်တဲ့ လမ်းညွှန်မှုနဲ့ ဂရုစိုက်ပေးမှုတွေကြောင့် တရားအားထုတ်ခြင်းအကြောင်းကို နက်ရှိုင်းစွာ သိနားလည်လာပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီဘဝမှာ ဖြစ်လာနိုင်မယ်လို့ အိပ်မက်တောင် မမက်ဖူးခဲ့တဲ့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတော်တွေကို တွေ့ကြုံရပါတယ်"

"ဆရာတော်ရဲ့ ဟောတရားများ၊ တရားစစ်ဆေးမှုများ၊ ညွှန်ကြားမှုများဟာ တိုတိုရှင်းရှင်းနဲ့ အချက်ကျလှတာကို ကျွန်တော် ရှေးကလည်း တွေ့ခဲ့ရပြီး ယခုလည်း တွေ့နေရဆဲဖြစ်ပါတယ်။ ဆရာတော်ဟာ ယောဂီများ နားထောင်ဖို့ လိုအပ်တဲ့အချက်နဲ့ အချိန်အခါကို သိရှိနားလည်ပြီး သဘောပေါက်အောင် ရှင်းလင်းပြောဆိုနိုင်စွမ်း ရှိတယ်လို့ ကျွန်တော် ခံစားမိပါတယ်"တဲ့။

http://www.dhammadownload.com

သံဃာတော်များကိုကန်း



ပိတာအက်ပလာ (ဆွတ်ဇာလန်)

လူမှုရေး မနုဿဗေဒ မဟာဝိဒ္ဒာဘွဲ့ကို ရရှိခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး အကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ဆွစ်ဇာလန် အမျိုးသားယောဂီ "ပိတာအက်ပလာ"ကမူ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့်စပ်၍ ဤသို့ ပြောပြသွားပါသည်။

"ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသဟာ ယောဂီတွေကို တရားစစ်မေးတဲ့အခါ ယောဂီကိုယ်တိုင် တွေ့ရှိတဲ့ တရားကို တိတိကျကျ လျှောက်ထားစေပါတယ်၊ အရှုခံအာရုံတွေအပေါ် ရှုမှတ်မှု နက်ရှိုင်းသထက် နက်ရှိုင်းလာအောင် ရှုမှတ်စေပါတယ်၊ သဘောတရားအသေးစိတ်ကို သိမြင်နိုင်လာအောင် လမ်းညွှန်ပေးပါတယ်။ ပြီးတော့ ပိုမို သည်းခံနိုင်လာအောင် သင်ပြပေးပါတယ်။ တရားရှုမှတ်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် လိုအပ်တာထက် ပိုပြီး အထင်မကြီးဖို့နဲ့၊ စိတ်ဓာတ်မကျဖို့ ဆုံးမပါတယ်။

"ဆရာတော် ဟောကြားတဲ့ တရားတွေဟာ တရားအား‌ထုတ်ရာမှာ အသိဉာဏ်နဲ့ အင်အားတွေကို အမြဲတန်းပဲ အလွန်အကဲ ဖြစ်စေပါတယ်၊ ထိထိမိမိလည်း ရှိလှပါတယ်၊ အုပ်ချုပ်သူပမာလည်း ဖြစ်ပါတယ်။ ယောဂီတွေရဲ့ လိုအပ်ချက်နဲ့ အံဝင်ခွင်ကျဖြစ်ပြီး တရားအားထုတ်ရာမှာ များစွာအကျိုးရှိစေပါတယ်။ သတိပဋ္ဌာန်တရားကို ကျကျနန ရှင်းရှင်းလင်းလင်း ဟောပြပြီး ပြင်းပြင်းထန်ထန် အားထုတ်ချင်တဲ့ ယောဂီ မှန်သမျှကို လမ်းညွှန်ပြသပေးနေတဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကို အလွန်ပဲ ကျေးဇူးတင်ပါတယ်"တဲ့။

အရှင်သေတကေတုကော (အင်ဒိုနီးရှားရဟန်းတော်)

ကာယပညာနည်းပြဆရာ လုပ်ခဲ့ပြီး ဘီအေ ဘွဲ့ကို လည်း ရရှိခဲ့သည့် သက်တော် (၆၆)၊ ဝါတော် (၆) ဝါရသည့် အင်ဒိုနီးရှား ရဟန်းတော် "အရှင်သေတကေတုကော"ကမူ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့်စပ်၍ ပြောပြထားသည်မှာ-

"ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဟာ အလွန်ကောင်းလှပါတယ်။ ယောဂီတွေအား‌လုံး သေသေချာချာ ကျကျနန တရားအားထုတ်ခွင့်ရအောင် အား‌လုံး‌က မြင့်မား‌တဲ့ ဖော်ရွေမှု၊ ကြင်နာတဲ့ နှလုံးသား‌တွေနဲ့ ကူညီဆောင်ရွက်ကြပါတယ်။ အထူးသဖြင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးဟာ ယောဂီတွေအား‌လုံး‌အပေါ်မှာ ဖခင်သဖွယ် ကြင်နာမှုအပြည့် ရှိပါတယ်၊ ဆရာတော်ကြီးဟာ ဉာဏ်ပညာထက်မြက်ပြီး စိတ်ရှည်ပါတယ်။ ယောဂီစရိုက်အရ သတိပဋ္ဌာန်တရား အား‌ထုတ်ဖို့ နည်းလမ်းညွှန်ပြပေးရာမှာ သူမတူအောင် ထူးချွန်ပြီး စနစ်ကျလှပါတယ်။

"ပြီးတော့ ဝိနည်းသိက္ခာနဲ့ စည်းကမ်းတွေမှာ အလွန်တင်းကျပ်တိကျလှပါတယ်၊ တရားအား‌ထုတ်ရာမှာ မေ့လျော့ပေါ့ဆတာကို လုံးဝမနှစ်သက်ပါဘူး၊ ယောဂီတွေရဲ့ တရားအား‌ထုတ်မှုနဲ့ သွား‌လာနေထိုင် စား‌သောက်မှုစတဲ့ တစ်နေ့တာ လုပ်ငန်းကိစ္စတွေမှာ အလွန်ကြောင့်ကြစိုက်ပြီး ပြုပြင်ပေးနေပါတယ်။ ယောဂီတစ်ဦး‌ဟာ အလွန်ပျင်းရိပြီး တရားအား‌ထုတ်မှုမှာ အမြဲလျစ်လျူရှု ဂရုမစိုက်လုပ်လာရင် အကြိမ်တော်တော် များ‌များ ဆုံးမပါတယ်၊ ဆုံးမလို့ မရရင်တော့

http://www.dhammadownload.com

အဲဒီယောဂီကို သတ်နိုင်တယ်လို့ပဲ ဆိုရပါမည်၊ ဒါပေမယ့် ဇာကယ်တော့ မသတ်ပါဘူး"

"ဆရာတော်ကြီးဟာ တရားစစ်တဲ့အခါ ယောဂီရဲ့ မေးခွန်းကို လက်ခံလိုတဲ့ ဆန္ဒမရှိပါဘူး၊ ယောဂီရဲ့ မေးခွန်းကို ယောဂီကိုယ်တိုင်ပဲ ဖြေနိုင်အောင် ကြိုးစားစေလိုပါတယ်၊ ယောဂီရဲ့ ပြဿနာကို ယောဂီကိုယ်တိုင်ပဲ ဖြေရှင်းနိုင်အောင် ကြိုးစားစေလိုပါတယ်၊ တရားအားထုတ်စေလိုပါတယ်။

"ယောဂီဟာ တရားအားထုတ်ရာမှာ တစ်စုံတစ်ခု အပေါ် သံသယ ဖြစ်နေရင် ဆရာတော်ကြီးဟောတဲ့ တရားကို

မအင်္ဂဉာနီ (နီပေါ)

နီပေါနိုင်ငံ တက္ကသိုလ်သိပ္ပံ တတိယနှစ် ရောက်ခဲ့သည့် ယခု အစိုးရမမှာစရိယတန်း ဖြေတော့မည့် အသက် (၂၄) နှစ်အရွယ်ရှိ ဆရာလေး မအင်္ဂဉာနီကမူ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် စပ်၍ ဤသို့ ပြောပြထားပါလေ၏။

"၁၉၈၇ ခုနှစ်မှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး နီပေါနိုင်ငံ ကြွရောက်ပြီး ဝိပဿနာတရားစခန်း ဖွင့်လှစ်ကာ တရားပြသပေးခဲ့ပါတယ်။ အဲဒီတရားစခန်းမှာ ဆရာလေး (၁၅) ရက်ကြာ တရားရွှတ်ခဲ့ပါတယ်။



အပြည့်အဝ စူးစိုက်နားထောင်ရပါမယ်၊ ဆရာတော်ကြီးက ယောဂီတွေ တရားရှုမှတ်လို့ တွေ့သိနိုင်တဲ့ တစ်ခုတစ်ခု အမှီပြုပြီး ဖြစ်ပေါ်နေတဲ့ ကြောင်းကျိုးဆက် သဘာဝတရားတွေကို ဟောကြားလေ့ ရှိပါတယ်။

"ဆရာတော်ဘုရားကြီး ဟောတဲ့တရားကို သေသေချာချာ နာယူရင် ယောဂီဟာ တရားအားထုတ်ရာမှာ များစွာ အကူအညီ ရပြီး မကြာခင်အတွင်းမှာပဲ တရား တက်သွားပါမယ်၊ ဆရာတော်ကြီးဟာ တရားပြသရာမှာ လိုအပ်မယ့် အချက်ကို ဒဲ့ဒိုးရှင်းလင်းပြတ်သားစွာ ပြသပေးလေ့ ရှိပါတယ်"တဲ့။

ဆရာတော်ကြီး ဟောကြားတော်မူတဲ့ ဒုလ္လဘတရား (၅) ပါးစတဲ့ တရားတော်တွေကို ကြားနာခဲ့ပါတယ်။ ယခုလို ရခဲလှတဲ့ လူ့ဘဝကို ရပြီး ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့တဲ့အခါ ရှင်ရဟန်းအဖြစ်နဲ့ မဖြစ်နိုင်ပေမယ့် သီလရှင်အဖြစ်နဲ့ သာသနာတော်လုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်လိုတဲ့ ဆန္ဒတွေ တစ်ဖွားဖွား ဖြစ်လာပြီး သီလရှင်ဝတ်လိုတဲ့ စိတ်တွေ ထက်သန်လာပါတယ်။

နီပေါမှာ သာသနာလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ အတွက် သိက္ခာရှင်ဘဝနဲ့ ဆောင်ရွက်ပါမှ ပိုမို အဆင်ပြေမယ်လို့ သဘောပေါက်လာမိပါတယ်။ နီပေါ

http://www.dhammadownload.com


မှာ သီလရှင် ဆရာမကြီးတွေ အလွန်နည်းပါတယ်။ ဒေါ်ခမ္မဝတီ (သမီးချစ်)၊ ဒေါ်ဂုဏာဝတီ (ဒေါ်စိန်) တို့က အသက်ကြီးရင့်လာကြပါပြီ။

ဒီသာသနာ့တာဝန်တွေကို ဆက်လက် ဆက်ခံမယ့် ပုဂ္ဂိုလ်တွေ လိုအပ်နေပါတယ်လို့ပြောလို့ ကိုယ်တိုင် ဒီလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်ဖို့ ဆန္ဒပြင်းပြလာပါတယ်”

“ဆရာတော်ကြီးက လုပ်သင့်လုပ်ထိုက်တာကို ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်စွမ်းရှိဖို့၊ ရည်မှန်းချက် ပြည့်စုံအောင် မဖြစ်မနေဆောင်ရွက်မည်ဆိုတဲ့ အဓိပတိတပ်တဲ့စိတ်

“ဆရာလေး မြန်မာပြည်ရောက်ပြီးစမှာ (၆) လကြာသတိပဋ္ဌာန်တရား အားထုတ်ခဲ့ရပါတယ်။ တရားအားထုတ်ပြီးမှ ပရိယတ္တိ သင်ယူရန်အတွက် တံတားလေး လမ်းဆုံရှိ မဏိရတနာသီလရှင်စာသင်တိုက်သို့ ဆရာတော်ကြီးက ပို့ပေးခဲ့ပါတယ်။ ဆရာလေးတို့ နေဖို့ ထိုင်ဖို့ သင့်တော်တဲ့ အဆောက်အအုံကိုလည်း စီမံပေးပါတယ်။

မြန်မာပြည်ရောက်စက မြန်မာစာကို ဆရာတော်ကြီး ကိုယ်တော်တိုင် သင်ပေးပါတယ်။ တက္ကသိုလ်မှ ဆရာမ ဒေါ်သက်သက်နဲ့ မဏိရတနာမှ ဆရာကြီးတွေကလည်း သင်ပေးကြပါတယ်။ ပရိယတ္တိစာပေများကို ဆရာတော်ကြီး



ဓာတ်ရှိဖို့၊ ကိုယ်ကသာ သူတစ်ပါးကို သည်းခံမည်၊ သူတစ်ပါးက ကိုယ့်ကို သည်းခံရတယ်ဆိုတာမျိုးမရှိအောင် ကြိုးစားဖို့စတဲ့ ဩဝါဒတော်တွေကို ပေးသနားတော်မူပါတယ်” တဲ့။

မဝိသိဌဉာနီ (နီပေါ)


အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမကြိုးတန်းရောက်နေသည့် အသက် (၂၂) နှစ်အရွယ်ရှိ နီပေါဆရာလေး မဝိသိဌဉာနီက ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်၍ ပြောကြားသည်မှာ-

ကိုယ်တော်တိုင် ပို့ချပေးတဲ့အပြင် ဆရာတော်ကြီး၏ တပည့်များ ဖြစ်တဲ့ အရှင်ဉာနဇောတာဘိဝံသ၊ အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ၊ အရှင်သုမန၊ အရှင်သီလာစာရ (ပါဠိ ပါရဂူ၊ဘီအေ) အရှင်ပညာဒီပါဘိဝံသ၊ အရှင်ဣန္ဒဝံသာစာရ၊ အရှင်ယောသိတာဘိဝံသတို့နဲ့ မဏိရတနာ စာသင်တိုက်မှ ဒေါ်သြသဓာနီ (အဂ္ဂမဟာအကျော်၊ မဟာဂန္ဆဝါစက)၊ ဒေါ်စရဏဝတီတို့ကလည်း ပို့ချပေးကြပါတယ်။

“ဆရာလေးတို့ရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ စာပေသင်ကြားရေး၊ ကျန်းမာရေးတို့ကို ဆရာတော်ကြီးက တာပန်ယူ စောင့်ရှောက်ပါတယ်”တဲ့။

http://www.dhammadownload.com

ရဟန်းတော်များ၏ ကိုယ်ရေးအကြောင်း



ဆရာတော်ကြီးက

"တစ်ဦးနဲ့တစ်ဦး ချင်ခင်လေးစားပို့၊

ကိုယ်ချင်းစာနာစိတ်နဲ့ ဆက်ဆံပို့၊ သည်းခံပို့၊

စာသင်ယူတဲ့အခါ ကိုယ်က မြန်မာစာ ကောင်းကောင်း

တတ်ကျွမ်းသေးတာ မဟုတ်လို့

ပိုပြီး လုံလ ဝီရိယရှိဖို့၊ ဆန္ဒပြင်းပြဖို့ မိန့်တော်မူပါတယ်။

မဝိမလဉာနီ (နီပေါ)

နီပေါနိုင်ငံ တက္ကသိုလ်သိပ္ပံ တတိယနှစ် ရောက်ခဲ့သည့် မြန်မာနိုင်ငံ အစိုးရပထမပြန်စာမေးပွဲ မူလတန်းနှင့် ပထမငယ်တန်းတွင် တစ်နိုင်ငံလုံး၌ ပထမရခဲ့သည့် ယခု ပထမလတ်တန်း ရောက်နေသည့်၊ အသက် (၂၀) ရှိ နီပေါဆရာလေး မဝိမလဉာနီကမူ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် စပ်၍ ဤသို့ ပြောပြုထားလေ၏။

"၁၉၈၉ ခုနှစ်မှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး နီပေါနိုင်ငံသို့ ကြွရောက်ပြီး တရားပြသခဲ့စဉ်က မြန်မာပြည်လာပြီး သိက္ခာရှင်ဝတ်ကာ သဒ္ဓါပဋ္ဌာန်တရားအားထုတ်ပြီး ဗုဒ္ဓစာပေတွေ သင်ယူလိုကြောင်း ဆရာတော်ကြီးအား လျှောက်ထားခဲ့ပါတယ်။ ဆရာတော်ကြီးကလည်း သဘုခေါ်ပြီး ခွင့်ပြုပါတယ်။

ဆရာတော်ကြီး မြန်မာပြည် ပြန်သွားပြီးနောက် ဆရာတော်ကြီးက အစစအရာရာ တာဝန်ယူကြောင်းစာရောက်ပါတယ်။ ဒါကြောင့် ဒီမြန်မာပြည်ကို (၁၃-၆-၉၁) နေ့မှာ ရောက်ပြီး (၁၈-၁-၉၁)နေ့မှာ သိက္ခာရှင် ဝတ်ခဲ့ပါတယ်"

"မြန်မာပြည်ရောက်စကတည်းက ဆရာတော်ကြီးက "ကစ်ဦးနဲ့တစ်ဦး ချင်ခင်လေးစားဖို့၊ ကိုယ်ချင်းစာနာစိတ်နဲ့ ဆက်ဆံဖို့၊ သည်းခံဖို့၊ စာသင်ယူတဲ့အခါ ကိုယ်က မြန်မာစာ ကောင်းကောင်း တတ်ကျွမ်းသေးတာမဟုတ်လို့ ပိုပြီး လုံလ ဝီရိယရှိဖို့၊ ဆန္ဒပြင်းပြဖို့ မိန့်တော်မူပါတယ်။ ဆရာတော်ကြီးက နေ့စဉ်လိုပဲ သြဝါဒပေးတော်မူပါတယ်။

"ဆရာလေးတို့ရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ပညာရေးနဲ့ အစစ အရာရာအတွက် တာဝန်ယူ ဆောင်ရွက်ပေးတော်မူနေတဲ့ ကျေးဇူးရှင် ဆရာတော်ကြီးကို အထူးပဲ ကျေးဇူးတင်လှပါတယ်။ ကြည်ညိုလေးစားပါတယ်" တဲ့။

http://www.dhammadownload.com

[illegible]

တရားနယ်ပယ်မှာ နှစ်ပေါင်း (၄၀) ကျော် ကမ္မဋ္ဌာန်း ဆရာအဖြစ်နဲ့ ကျင်လည်ခဲ့တဲ့ အတွေ့အကြုံများလှတဲ့ ဆရာတစ်ပါးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ရဲ့ တရားပြသည့်နှန်းကြားမှုကို ခံယူချင်လို့ ဆရာတော်ရဲ့ မေတ္တာရိပ်ကို လာရောက် ခိုလှုံပါတယ်။

မချင်လီ (မလေးရှား)


စီးပွားရေးလုပ်ငန်းမျိုးစုံကို တရားဥပဒေနှင့်အညီ လုပ်ဆောင်နိုင်အောင် နည်းလမ်းပေးသည့် အလုပ်ကို လုပ်သည့် အသက် (၃၀) ရှိ မလေးရှားအမျိုးသမီးယောဂီ "မချင်လီ" က ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး အကြောင်းကို ဤသို့ ပြောပြထားပါ၏။

"ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဟာ မလေးရှားနိုင်ငံသားဖြစ်တဲ့ ကျွန်မ ကမ္မဋ္ဌာန်းဆရာ အရှင်သုဇီဝရဲ့ ကမ္မဋ္ဌာန်းဆရာ ဖြစ်ပါတယ်။ ကျွန်မ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကို မဖူးတွေ့ရခင်ကပဲ ဆရာတော်ရဲ့ သင်းပျံ့နေတဲ့ ဂုဏ်သတင်းကို ကြားသိနေရပါတယ်။ ကမ္မဋ္ဌာန်းတရား ပြသရာမှာ အလွန်အလွန် ကျွမ်းကျင်တဲ့ ဆရာတစ်ပါးအနေနဲ့ လူသိများလှပါတယ်။ နာမည်ကြီးလှပါတယ်။ တရားနယ်ပယ်မှာ နှစ်ပေါင်း (၄၀) ကျော် ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ ကျင်လည်ခဲ့တဲ့ အတွေ့အကြုံများလှတဲ့ ဆရာတစ်ပါးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ရဲ့ တရားပြသည့်နှန်းကြားမှုကို ခံယူချင်လို့ ဆရာတော်ရဲ့ မေတ္တာရိပ်ကို လာရောက် ခိုလှုံပါတယ်"

"တရားကို ပြင်းပြင်းထန်ထန် အားထုတ်ချင်တဲ့ ယောဂီတို့ရဲ့ ဆန္ဒကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာက ဖြည့်တင်းပေးနေပါတယ်။ မလေးရှားမှ ကျွန်မရဲ့ ကမ္မဋ္ဌာန်းဆရာရဲ့ တရားစစ်ဆေးတာနဲ့ နှိုင်းယှဉ်ရင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ရဲ့ တရားစစ်ဆေးမှုဟာ အများကြီး ပိုပြီး တင်းကျပ်ပါတယ်။ ဆရာတော်ရဲ့ ညွှန်ကြားချက်တွေဟာ ကျွန်မတို့ကို သိပ်ပြီး အကူအညီပေးပါတယ်။ ပြီးတော့ သိပ်ပြီး တိကျလှပါတယ်။ ဆရာတော်ရဲ့ ထက်မြက်စူးရှမှု၊ ကျွမ်းကျင်မှုတွေနဲ့ပေးအပ်တဲ့ညွှန်ကြားချက်တွေကို လိုက်နာရင် ကြီးမားသော အကျိုးတွေကို ရရှိနိုင်ပါတယ်။ ဆရာတော်ရဲ့ တရားတွေဟာ အလွန်ပဲ ကောင်းလှပါတယ်"တဲ့။



http://www.dhammadownload.com



မနန်းယု (မလေးရှား)

ကျောင်းဆရာမလေးဖြစ်သည့် (၃၇) နှစ်အရွယ်ရှိ မလေးရှား အမျိုးသမီးယောကျ် "မနန်းယု"ကမူ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်၍ ဤသို့ ပြောပြသွားပေသည်။

"ကျွန်မ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ စတင် ရောက် ရှိလာတဲ့ အချိန်ဟာ ညမှောင်နေတဲ့အချိန် ဖြစ်ပါတယ်။ ရာသီဥတုက အေးနေပါတယ်။ ဒီရိပ်သာနေရာဌာနကို သိပ် ကြိုက်ပါတယ်၊ ရန်ကုန်မြို့အလယ်နဲ့ သိပ်မဝေးလှပါ။ ဒီနေရာ ဌာနဟာ အေးအေးဆေးဆေးရှိပြီး တရားအားထုတ်ဖို့ သင့် တော်တဲ့ နေရာ ဖြစ်ပါတယ်။ ရိပ်သာက အသစ် ဖြစ်လို့ အဆောက်အအုံတွေကိုတော့ အများအပြားပဲ ဆောက်လုပ် လျက် ရှိနေပါတယ်။

"ဒီရိပ်သာမှာ ရှိတဲ့ ဒကာ၊ ဒကာမတွေဟာ ရိပ်သာ လည်ပတ်ရေးအားလုံး အဆင်ချောစေဖို့ အလွန်ကြိုးစား ဆောင်ရွက်လျက် ရှိကြပါတယ်။ သူတို့ကို ကျွန်မ အလွန် ကျေးဇူးတင်ပါတယ်။ ဒီလောက် များပြားတဲ့လူတွေ စေတနာ့ ဝန်ထမ်းအဖြစ် လုပ်အားပေးနေတာကို အခြားနိုင်ငံတစ်နိုင်ငံမှာ တွေ့ဖို့ တကယ့်ကို ခက်ခဲပါတယ်။

"ဒကာ၊ ဒကာမများဟာ ဂါရဝတရား ရှိကြပါတယ်။ ယဉ်ကျေးကြပါတယ်။ ကြင်နာမှု ရှိကြပါတယ်။ ဂရုတစိုက် ဝေယျတဲ့ စိတ်ဓာတ်နဲ့ စည်းလုံး ညီညွတ်စွာ ဆောင်ရွက်နေကြ ပါတယ်။ အလွန် အံ့သြဖွယ် ကောင်းပါတယ်။

"မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ ဗုဒ္ဓသာသနာရေး အတွက် ဆောင်ရွက်ရာမှာ သူတို့မှာ ရှိသမျှ အားတွေ အကုန်လုံး ထည့်ထားကြပါတယ်။ အဆင့်ဆင့်ရှိတဲ့ စာမေးပွဲ များကို ဖြေဆိုဖို့ ရဟန်း၊ သာမဏေတွေနဲ့ သီလရှင်လေးတွေ ဟာ ဗုဒ္ဓ မြတ်စွာရဲ့ သွန်သင်ဆုံးမချက်များကို ပါဠိဘာသာနဲ့ သင်ယူရွတ်ဆိုနေကြပါတယ်။


"ချစ်စဖွယ်ကောင်းပြီး အမိန့်ကို နာခံကြတဲ့ (၇) နှစ် အရွယ်မှ (၁၈) နှစ်အရွယ်အထိ အသက်အရွယ် ရှိကြတဲ့ ကိုရင် (၂၀၀) ကျော်နဲ့ သိက္ခာရှင် (၂၀၀) ကျော်တို့ နွေရာသီ ကျောင်းပိတ်ရက်မှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ တတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုတို့ကို တစ်လတိတိ စာတွေ့ ရောလက်တွေ့ပါ သင်ယူနေကြတာကို တွေ့ရတာဟာ အလွန် ကို အံ့သြဖွယ် ကောင်းပါတယ်။ အရွယ် ငယ်ကြပေမယ့် အလွန် စည်းကမ်း ရှိကြပါတယ်။

"ကိုရင်လေးတွေ သိက္ခာရှင်လေးတွေကို သင်တန်း ပေးဖို့ ငွေနဲ့ သို့မဟုတ် လုပ်အားနဲ့ ကူညီခဲ့ကြတဲ့ ဆရာတော် များ၊ အရှင်မြတ်များ၊ ဆရာဝန်များနဲ့ ဒကာ၊ဒကာမများကို သာဓုအကြိမ်ကြိမ် ခေါ်ပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ ဟာ အမှန်တကယ်ကို ရှင်သန်လျက် ရှိနေပါတယ်"တဲ့။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် ဆရာတော်၏ မေတ္တာရိပ်အောက်တွင် ပြည်တွင်းပြည်ပ ရဟန်း၊ သာမဏေ၊ သိက္ခာရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီသူတော်စင်တို့ တဖွဲဖွဲ ခိုဝင်လာခဲ့ကြပေပြီ။ ယခုလည်း တဖွဲဖွဲဝင်လာနေကြဆဲ၊ နောင်လည်း တဖွဲဖွဲ မစဲအောင် ဝင်လာနေကြလိမ့်ဦးမည်သာတည်း။

သာမဏေကျော်
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

http://www.dhammadownload.com



စပရင်းရာသီဝင် ချယ်ရီပန်းတွေ ဝေဝေဆာဆာ

ညာကိုဦးမောင် (အမေရိက)

လူ့အသုံးအဆောင်စွမ်းအားများရဲ့ အကူအညီကြောင့် ချမ်း အေးမှုဒဏ်ကို မခံစားရကြပေမယ့် လပေါင်းများစွာ ရာသီဥတုရဲ့ အအေးလွန်ကဲမှုများနဲ့ တွေ့ရတတ်တဲ့ အမေရိကနေသူများအတွက်တော့ ပျော်ရွှင်ဖွယ် နေ့ရက်တွေဟာ တစ်နေ့ထက် တစ်နေ့ နီးလာခဲ့ပါပြီ။

ရေခဲမှတ်အောက်ရောက်အောင် အနှတ်လက္ခဏာဖက် ကျသွားလေ့ရှိတဲ့ အပူချိန်များ၊ ရေခဲမိုးများ၊ စနိုးမုန်တိုင်းများကြားမှာ နေရတတ်တဲ့ ဆောင်းကြမ်းကြမ်းတစ်ခုအောက်ကနေ လွတ်မြောက်ကြရမှာမို့ သက်ရှိ လူသားများအပါအဝင် သတ္တဝါမျိုးနွယ်စု တစ်ခုလုံးနဲ့ သက်မဲ့သစ်ပင်ပန်းမာလ်တို့က အစ ဒီအချိန်အခါကို မျှော်တကြစမြဲပါ။

ရေဒီယိုနဲ့ ရုပ်သံလိုင်းတို့မှာ စပရင်းဇတ်သဘင်တွေ လွှင့်ပျံ့ လာခဲ့သလို နေ့စဉ်ထုတ် သတင်းစာများနဲ့ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ စပရင်းကြို နှုတ်ခွန်းဆက်စကားတွေကို ဦးစားပေးနေရာက ဖော်ပြလို့ နေကြပါပြီ။

နွေးထွေးမှုတွေနဲ့ လွမ်းခြိုလာခဲ့တဲ့ ဒီစပရင်းရာသီမှာ ပန်းရန့်တွေနဲ့ သင်းထုံလှတဲ့ လေပြေလေညင်းဟာ ငြိမ့်ညောင်းစွာ တိုက်ခတ်လို့ လာတတ်ပါတယ်။ မိုးစက်မကြမ်း နှင်းပြုန်းဘဲ အေးချမ်းမှုအတိနဲ့ ကြည့်ရှုလေရာရောင်စုံ ပန်းအလှတို့နဲ့ ဝေဆာနေတတ်တဲ့ ဒီစပရင်းရာသီဦးဟာ ရွှင်မြူးနှစ်သက်စရာ တသလွမ်းမောစရာ ဖြစ်ရတာတော့ အမှန်ပါပဲ။

ဟောဒီ စပရင်းရာသီဦးဟာ ချယ်ရီတွေ မြိုင်မြိုင်ဖူးတဲ့ အချိန်အခါပေါ့။ ဝါရှင်တန်စီဒီနဲ့ ဝါရှင်တန်အနီးအနားမြို့များမှာ နေထိုင်ကြတဲ့သူတွေက ဝါရှင်တန်ဒေသကိုလာလျှင် ချယ်ရီပွင့်တဲ့အခါမှာလာဖို့ တခုတ်တရ ပြောဆိုတတ်ကြတာပါ။ ဝါရှင်တန်ရဲ့ ဗဟိုချက်မလို့ ပြောလို့ ရကောင်းတဲ့ အမေရိကန်သမ္မတ အိမ်တော်ရယ်၊ လွတ်တော် အဆောက်အအုံကြီးရယ်၊ ကမ္ဘာကျော်ပြတိုက်ကြီးတွေရယ်၊ လင်ကွန်း အထိမ်းအမှတ် အဆောက်အအုံနဲ့ ဂျက်ဖာဆင် အထိမ်းအမှတ် အဆောက်အအုံစတဲ့ အမေရိကရဲ့ အထင်ကရ သင်္ကေတတွေနဲ့ ခြံရံပြီး အလယ်မှာ ခန့်ညားထည်ဝါစွာ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီး တည်ရှိလေတဲ့ ကျယ်ပြောလေတဲ့၊ ကျယ်ပြောလှတဲ့ ကွင်းကြီးထဲက ရေကန်ကြီးနံဘေးမှာ ချယ်ရီပင်တွေကို စနစ်တကျ စိုက်ပျိုးထားတာပါ။

စပရင်းရာသီရောက်လို့ ချယ်ရီတွေ ပွင့်ဖူးလေတိုင်း ကမ္ဘာအရပ်ရပ် က ခရီးသွားတွေ အမေရိကန်နိုင်ငံသားတွေဟာ သန်းနဲ့ ချီပြီး ဒီဒေသကို စုဝေးရောက်ရှိလို့ လာလေ့ရှိပါတယ်။ ပန်းချယ်ရီတွေက ဒီလောက်ထိ ဆွဲဆောင်နိုင်တာပါ။

http://www.dhammadownload.com

သံသရာကို ဖြတ်တောက်ရာ ကုန်းဘောင်



တကယ်တော့ ဒီချယ်ရီတွေဟာ အမေရိကရဲ့ ဒေသ ပန်းတွေတော့ မဟုတ်ကြပါဘူး။ ဟိုးလွန်ခဲ့တဲ့ စစ်ကြီးမဖြစ်မီက အမေရိကကို အလည်ရောက်လာခဲ့တဲ့ ဂျပန်ဘုရင်မင်းမြတ်က လက်ဆောင်အဖြစ်ပေးခဲ့တဲ့ ပန်းမျိုးတွေပါ။ ဂျပန်မျိုးနွယ်တွေပေါ့၊ သူနေရာ၊ သူဒေသ၊ သူရေမြေ မဟုတ်သော်လည်း လှပတဲ့ သဘာဝကို ပိုင်ဆိုင်ထားတဲ့ ပန်းချယ်ရီတွေဟာ ကျရာအရပ်ပေါက်ရာဒေသမှာ ဝင့်ကြွားစွာ ပွင့်ပြရင်း ပန်းသတင်းကို လေညင်းနဲ့အတူ ဖြန့်ခင်းလို့နေပါတယ်၊ အမေရိကရဲ့ အဓိက အကျဆုံးနေရာမှာ ချယ်ရီပန်းတွေဟာ အလှတွေနဲ့ ဝေဆာလို့ပေါ့၊ မိမိမူလ သဘာဝဇာတိဂုဏ်ကို အစွမ်းကုန် လှစ်ဟပြသနေတယ်လို့ ဆိုရမလောက်ပါပဲ။

ချယ်ရီ ပွင့်ချိန် ဝါရှင်တန်ကို ရောက်သူတိုင်း ချယ်ရီတွေ ကပြောတဲ့သမိုင်းကို သတိရမိတတ်ကြပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဝါရှင်တန်ကို ချယ်ရီပွင့်ချိန်ရောက်ခဲ့တဲ့ စာရေးသူကတော့ ချယ်ရီနဲ့ တစ်နည်းတစ်ဖုံ ဆက်နွယ်နေတဲ့ သမိုင်းတစ်စွန်းတစ်စကို အထူးပင်သတိရလို့ နေမိပါတယ်။ ဒီသမိုင်းတစ်စကို ကြားသိခဲ့ရတာကတော့ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးအထံတော် ကပါ။

ဩဝါဒစကားမြွက်ကြားတိုင်း မကြာမကြာ အမိန့်ရှိတတ်တာကြောင့် စာရေးသူအပါအဝင် တပည့်အများစုဟာ ဒီဩဝါဒ စကားကို ကြားဖူးသူများပါတယ်။ ဒီဩဝါဒစကားကို ကြားမိတိုင်း ရဲရင့်မှု၊ သူရသတ္တိနဲ့အတူ တာဝန်ခံစိတ်အပြည့်ရှိတဲ့ ဂျပန် ဧကရာဇ်ဘုရင်နဲ့ စစ်ရုံးသူရဲယ်လို့ မထီမဲ့မြင်မပြုဘဲ သူရဲကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်အပြည့်အဝ ပြသွားလေတဲ့ အမေရိကန် စစ်ဗိုလ်ချုပ်ကြီး မက်အာသာတို့ရဲ့ စိတ်ဓာတ်တို့ကို လေးစားအား ကျဖြစ်ရစမြဲပါ။


"ဒီစစ်ဖြစ်ရတာဟာ နောက်လိုက်ငယ်သားတွေရဲ့ အပြစ်မဟုတ်ပါဘူး၊ သူတို့မှာ တာဝန်မရှိပါဘူး၊ ဦးစီးခေါင်းဆောင် ဖြစ်တဲ့ မိမိမှာသာ တာဝန်ရှိတယ်"လို့ တာဝန်ခံပြောကြားသွားလေတဲ့ ဂျပန်ဧကရာဇ်ဘုရင်ကြီးရဲ့ သူရသတ္တိဟာ တကယ့်ကိုမှ ကြည်ညိုလေးစားစရာပါ။

ကောင်းလျှင်စံဝန့်သူ မရှားပေမယ့် မကောင်းလျှင် ခံဝန့်သူရှားတဲ့ ခေါင်းဆောင်ဆိုသူအများကြားမှာ မကောင်း တာပေမယ့် ခံဝန့်တဲ့ ဂျပန်ဘုရင်ကြီးဟာ ဂျပန် ပြည်သူများအတွက် ရခဲလှတဲ့ ဒုလ္လဘတစ်ပါး:ကို ရခြင်းပဲလို့ ဆိုရမှာပါ။ ဒါကြောင့် ဂျပန်ပြည်သူအများစုရဲ့ ချစ်ကြည်မှုကို ခံရတဲ့ ဘုရင်တစ်ပါး ဖြစ်ရတာဟာ ဆန်းတယ်လို့ မဆိုသာပါဘူး။

"အများကောင်းကျိုးအတွက် ကိုယ်ကျိုးမဖက်ဘဲ ထမ်းရွက်ခဲ့လေတဲ့ သူတို့အတွက် သမိုင်းစာမျက်နှာထက်မှာ မှတ်တမ်း တစ်နေရာဟာ ထင်ကျန်စမြဲပါ၊ ဖျက်သော်လည်း မပျက်၊ ခြေသော်လည်း မကြေနိုင်တဲ့ အရာတွေဟာ စွန့်လွှတ်စွန့်စားသူတို့ရဲ့ ဂုဏ်သတင်းများပါ"

ခေါင်းမရောင်တတ်တဲ့ ခေါင်းဆောင်ကောင်းတို့ရဲ့ စိတ်ထားမွန်တို့အကြောင်းတွေကို ကြားသိရတော့ ကြည်ညိုအားကျ ဖြစ်ရသလို သူတို့ရဲ့ စံနမူနာများကိုလည်း ယူလိုစိတ်တွေ ဖြစ်ရပါတယ်။ ခေါင်းဆောင်ကောင်းတို့ရဲ့ နောက်ကနေ လိုက်ကြရတဲ့ အောက်လက်ငယ်သားတို့ရဲ့ ဘဝကြီးငယ်တွေ အတွက်လည်း ပိုတိုးတက် ဝမ်းသာရပါတယ်။

http://www.dhammadownload.com



ပဏ္ဍိတာနဉ္စသေဝနာ - ပညာရှိသူကို မှီဝဲဆည်းကပ်ခြင်း၊ သပ္ပုရိသူပနိဿယ - သူတော်ကောင်း သူတော်မွန်တို့ရဲ့အဆုံးအမ ဥပနိဿယကောင်းကို ယူရခြင်းစတဲ့ စကားတို့ရဲ့အဓိပ္ပာယ်တို့ဟာလည်း ပိုပြီး လေးနက်ခိုင်မာစွာ ထပ်လောင်း နားလည်လို့ လာရပါတယ်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဩဝါဒါ စရိယဆရာတော်ဘုရားကြီးအနေနဲ့ ဂျပန်ဘုရင်ကြီးရဲ့ သူရသတ္တိနဲ့ တာဝန်ယူမှုအခန်းကဏ္ဍကို မကြာမကြာ မိန့်လေ့ရှိတာက သူ့တပည့်သားတွေကို ဂျပန်ဘုရင်ကြီးလို အများအတွက် တာဝန် ယူတတ်တဲ့ စိတ်ဓာတ်မျိုးနဲ့ ကိုယ်ကျိုးမဖက် အများကောင်းကျိုးအတွက် ဆောင်ရွက်ပေးစေလိုတဲ့ စိတ်ဓာတ်မျိုးတွေ ကိန်းတည်စေချင်လို့ ဖြစ်မှာပါ။

ဆရာတော်ဘုရားကြီး အနိုးအပါးမှာ နှစ်များစွာ ဆည်းကပ်ခွင့်ရခဲ့တဲ့ စာရေးသူတို့အနေနဲ့တော့ သမိုင်း စာမျက်နှာများပေါ်မှာရှိတဲ့ ဂျပန်ဘုရင်ကြီးရဲ့ တာဝန်ယူမှု စိတ်ဓာတ်ဟာ ဆရာတော်ဘုရားကြီးအထံမှာလည်း တွေ့မြင်နိုင်တာမို့နည်းယူစံပြုဖွယ်တွေကို သမိုင်းစာမျက်နှာ လှန်ရှာနေစရာမလိုဘဲ မျက်ဝါးထင်ထင် ကိုယ်တွေ့ သိမြင်ခွင့် ရလို့နေပါတယ်။

ခေါင်းဆောင်ကောင်းနောက်က လိုက်ပါခွင့်ရခြင်းအတွက်လည်း ကြည်နူးကျေနပ်ဖြစ်လို့ နေမိပါတယ်၊ "မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်းကို ပေါင်းသင်း မှီခိုခွင့်ရသူအနေနဲ့ မိမိရဲ့ အကျိုးကိစ္စတစ်ဝက်သာမက အကျိုးကိစ္စအားလုံးကို ပြီးမြောက်စေတတ်ချစ်သား အာနန္ဒာ" ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ စကားတော်ကိုလည်း အခါခါ သတိရလို့ နေမိပါတယ်။

စပရင်းရာသီကိုရောက်လေတိုင်း မြူးတူးပျော်ရွှင်ကြ၊ နိုင်ငံအတွင်း ဟိုဟိုဒီဒီ ခရီးသွားကြတာဟာ အမေရိကရဲ့ ဓလေ့တစ်ခု အလား ဖြစ်နေပါပြီ။ ဒီအချိန်မှာ ဝါရှင်တန်ဟာ ခရီးသွားတွေနဲ့ ပြည့်လျှံစည်ကားလို့ နေစမြဲပါ။ တော်ဝင် အနွယ် ချယ်ရီတွေလည်း ပင်လုံးညွှတ်မျှ ပွင့်နေပြီပေါ့။

ဒီချယ်ရီတွေရဲ့ မူလသခင်ဟာ ဂျပန်ဧကရာဇ် ဘုရင်ဖြစ်တဲ့အတွက်ကြောင့် သမိုင်းနောက်ကြောင်း ကောင်းခဲ့လေတဲ့ တော်ဝင်ပန်းဘုရင်တွေလို့တောင် ပြောရမှာပါ။ ပန်းချယ်ရီတွေဟာ ဝါရှင်တန်ရဲ့ ထူးခြားတဲ့အလှအဖြစ် ကမ္ဘာအရပ်ရပ်က သူတွေ စုဝေးရောက်ရှိလာအောင် ဆွဲဆောင်နိုင်မှုမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ဒီအမေရိကရဲ့ စပရင်းရာသီ ပွင့်ဖူးဝေသီတဲ့ ပန်းချယ်ရီတွေနဲ့အပြိုင် အမိမြန်မာနိုင်ငံမှာဆိုရင်လည်း နွေဦးရာသီရောက်လို့ နေပြီမို့ ပိတောက်ရွှေဝါ ဖူးပွင့်ဖြာလို့ ရနံ့ကြိုင်သင်းပင်ယံ မှာ ဝါဝါဝင်းဖို့ တာစူကာနေလောက်ပြီ။ အတာနှစ်ဦးတစ်နှစ်ကူးဖို့လည်း နီးခဲ့ပြီပေါ့။ နှစ်ဟောင်းညစ်ကြေး အတာရေနဲ့ ဆေးတဲ့ မြန်မာ့ဓလေ့ ပျော်မွေ့ဖွယ် ဟန်ပန်တို့လည်း သက်ဝင်လှုပ်ရှားကာ နေလောက်ပြီပေါ့။

စာအံသံတိတ် ကျောင်းတံခါးတွေ ပိတ်လေ့ရှိတဲ့ ဒီအချိန်ကာလမှာ လူငယ်မောင်မယ်တို့ရင်တွင်း ဗုဒ္ဓသာသနာသွေးတွေ နွေးထွေးနေစေဖို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်ဘုရားကြီးရဲ့ ဦးဆောင်လမ်း ညွှန်မှုနဲ့ နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိတဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကြီးဟာလည်း တောရောမြို့ပါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာများမှာ ဝဲချီးကျင်းပကာ နေလောက်ပြီ။

http://www.dhammadownload.com

ဆရာတော်ကြီးများနှင့် တွေ့ကြုံခဲ့ရသော အမေရိကန်

ဗုဒ္ဓသာသနာရဲ့ အငွေ့အလေ့ အတွေ့ဓာတ်ကောင်းတွေနဲ့ ထုံမွှန်းပေးပါမှ စစ်မှန်ခိုင်မာတဲ့ ဗုဒ္ဓသာသနာဝင်ကောင်းဟွေ ဖြစ်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ပေးခဲ့တဲ့ ဒီသင်တန်းများကနေ ထွက်ပေါ်လာတဲ့ မျိုးဆက်သစ်တို့ဆိုရင်လည်း ပြည်တွင်းပြည်ပ တွေ့မြင်လို့ နေကြရပြီ။

နို့တိုက်ကျွေးရမည့်အချိန်မှာ နို့ချိုလုံလောက်စွာ မရလို့ နို့မျက်သား၊ အာဟာရကျွေးရမည့် အချိန်မှာ အာဟာရမရလို့ အာဟာရချို့တဲ့တဲ့ သားကလေးဟာ ပုတယ်၊ ပိန်တယ်၊ ကိုယ်လုံးကိုယ်ထည် မဖွံ့ဖြိုးဘူး၊ ဗိုက်ပူနံကား လေးဖြစ်နေတယ်၊ ခန္ဓာကိုယ်ကြီးထွားနှုန်း ကုန်သွားတဲ့အချိန် ရောက်မှ ကျွေးမွေးတဲ့ အာဟာရတွေဟာ သန်မာထွားကျိုင်းဖို့ အရပ်အမောင်းထက် ကိုယ်လုံးထွက်ဖို့ မထိရောက်တော့ဘူး။

အဲဒီဥပမာလို ကလေးတွေကို ငယ်စဉ်ကပဲ ဗုဒ္ဓယဉ်ကျေးမှုနဲ့ချို့၊ ဗုဒ္ဓယဉ်ကျေးမှု အာဟာရတွေကို တန်သလောက် တိုက်ကျွေးပေးရတယ်။ အရွယ်ကြီးခါမှ တိုက်ကျွေးရင် ငယ်ရွယ်စဉ်က တိုက်ကျွေးသလောက် ခရီးမရောက်တော့ဘူး ဆိုတဲ့ ခံယူချက်ဟာ ဒီလိုယဉ်ကျေးမှုသင်တန်းတွေ ဖြစ်ပေါ်လာဖို့ အခြေခံတွေပဲ ဖြစ်မှာပါ။

ဒါကြောင့် အမိနိုင်ငံမှာ စပရင်းချယ်ရီနဲ့ အပြိုင်ပိတောက် ရနံ့သာ ကြိုင်လေတာ မဟုတ်ပါဘဲ ယဉ်ကျေးမှုအလှပန်းများလည်း ပွင့်လန်းကာနေလောက်ပြီရယ်လို့ မျှော်ရည်မှန်း လွမ်းလို့ နေမိပါသေးတယ်။

ဂျပန်စကရာဇ်ဘုရင်ရဲ့ လက်ဆောင်ဖြစ်တဲ့ ချယ်ရီပန်းတွေရဲ့အလှဟာ သူ့အတိုင်းအတာနဲ့သူတော့ မြတ်နိုးစရာဖြစ်တာ အမှန်ပါ၊ သို့ပေမယ့် ဘယ်ပန်းတွေ ဘယ်လိုဝေဝေ၊ ဘယ်မြေမှာ ဘယ်လိုလန်းလန်း၊ ခဏပန်းယာယီအလှတွေသာပါ။ ဦးခေါင်းမှာ ပန်ဆင်ပန်ဆင်၊ ရွှေရင်မှာသိလို့ဆွဲဆွဲ၊ ပန်းချစ်သူရင်မှာ နှစ်သက်ရွှင်မြူးကြည်နူးစရာ ဖြစ်ပေမယ့် ရင်တွင်းမှာ ကိန်းတည် နေတဲ့ ကိလေသာအညစ်အထေးတွေကိုတော့ ကင်းဝေးသွားအောင် မပယ်ရှားနိုင်ပါဘူး။

မတရားလိုချင်မှုတွေ၊ သိမ်းပိုက်အနိုင်ယူမှုတွေ၊ ခက်ထန်မာကျောမှုတွေ၊ မိုက်မဲတွေဝေမှုနဲ့ ဝန်တိုငြူစူမှုတွေစတဲ့ ဘဝအဆင့် အတန်းနိမ့်ကျသည်ထက် နိမ့်ကျအောင် ဖန်တီးတတ်တဲ့ မကောင်းတရားတွေ ဖယ်ရှားနိုင်တာကတော့ ဓမ္မဆိုတဲ့ ပန်းများပဲ ဖြစ်ပါတယ်။

ဓမ္မပန်း ဆင်မြန်းခွင့်ရသူအတွက်တော့ အခြားသောပန်းတွေဟာ ဘာမှ ပြောပစရာ မဟုတ်တော့တာ အမှန်ပါပဲ။ ဒါကြောင့် အဖိုးအနှုံးပြည့်ဝလေတဲ့ ဓမ္မပန်းများ ကမ္ဘာတစ်ခွင် ထာဝစဉ် လန်းဆန်းနေစေဖို့အတွက် ကြိုးစားကြရမှာပါ။

တစ်နည်းအားဖြင့် ထူးခြားတာကတော့ ဒီစပရင်းရာသီ ရောက်တိုင်း အမိမြန်မာပြည်က ဆရာတော်ကြီးများ၊ ပြည်ပ ဓမ္မဒူတဓမ္မဂုဏ်ရည်ခရီးအဖြစ် အမေရိကကို ကြွချီလေ့ရှိတာပါပဲ။ ဂျပန်နွယ်ဖွား ပန်းချယ်ရီတွေဟာ အမေရိကရဲ့ အထိကရနေရာတွေမှာ ပွင့်ထူးဝေဆာလို့နေသလို မြတ်ဗုဒ္ဓရဲ့ ဓမ္မပန်းများဟာလည်း အမေရိကနေ လူသားအချို့တို့ရဲ့ နှလုံးသား တစ်နေရာမှာ ဖူးပွင့်ဝေဆာလို့ နေပါပြီ။

ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ သြဝါဒါစရိယဆရာတော်ဘုရားကြီးဟာ မြတ်ဗုဒ္ဓရဲ့ ဓမ္မပန်းများ စိုက်ပျိုးကြဖြန့်တဲ့ ဓမ္မပန်းပျိုးသူအများထဲမှာ အထူးထင်ရှားလှတဲ့ ဆရာတော်ကြီး တစ်ပါးပါ။

အမေရိကအပါအဝင် ကမ္ဘာ့နေရာ ဒေသအတော်များများမှာ အမွန်မြတ်ဆုံး လက်ဆောင်အဖြစ် ဆရာတော်ဘုရားကြီး ပေးဝေဖြန့်ချိစိုက်ပျိုးခဲ့တဲ့ ဓမ္မပန်းမျိုးစေ့များဟာ ပင်ကြီးပင်ငယ် အရွယ်စုံပေါက်ပွားနေသလို ဓမ္မပန်းများဆိုရင်လည်း ကမ္ဘာတစ်ခွင် လန်းဖြာလို့နေပါပြီ၊

တစ်စေ့မှတစ် ပင်၊ တစ်ပင်မှသည် ရာ၊ ထောင်၊ သိန်း၊ သန်းစသဖြင့် ပြန့်ပွားနိုင်စေဖို့ ရည်ရွယ်ချက် ကောင်းကောင်းနဲ့ ဉယျာဉ်မှူးလောင်းများကိုလည်း စနစ်တကျ ပြုစုမွေးထုတ်ပေးနေပါပြီ။

"သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းနား" ဆိုသလို သစ်တစ်ပင်ကောင်းနဲ့ အလားတူတဲ့ ဆရာတော်ဘုရားကြီး အရိပ်အောက်မှာ ခိုနားရတဲ့အတွက် တပည့်အပေါင်းဟာလည်း ချမ်းသာပွားကြရပါတယ်။ တာဝန်သိသူမှာ တာဝန်ဆိုတာ ရှိစမြဲပါ။ ဒါကြောင့် ဆရာတော်ဘုရားကြီး အရိပ်အောက်မှာ အသာတကြည် ငြိမ်းချမ်းစွာ နားခိုပြီးနေရုံနဲ့ တပည့်ကောင်းတစ်ယောက်ရဲ့ တာဝန်ပိုင်းဟာ ပြီးပြည့်စုံပြီလို့ ဆိုနိုင်မယ် မဟုတ်ပါဘူး။

"ငှက်တစ်ကောင်ကောင်းကနေ အပင်တစ်သောင်းပွား"နိုင်ဖို့လည်း လိုပါလိမ့်မယ်။ ဒီတာဝန်ကတော့ တပည့်အများရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆရာ့အတု စံနမူနာယူကာ ဆရာတော်ဘုရား ချမှတ်ထားတဲ့ လမ်းစဉ်များကို ရိုသေစွာ နာခံရင်း ဓမ္မပန်းများ အစဉ်ထာဝရလန်းဆန်းနေစေဖို့ လက်ဆင့်ကမ်းဖြန့်ဝေကြ၊ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမယ့် တာဝန်ကတော့ စာရေးသူတို့အပါအဝင် တပည့်သားကောင်း သမီးမွန်များရဲ့ တာဝန်ပဲ ဖြစ်ပါတော့တယ်။

ဆရာတော်ဘုရား၏ ခြေတော်အစုံကို ဦးခိုက်လျက်

တပည့် ဉာဏ်ဦးမောင် (အမေရိက)

http://www.dhammadownload.com

သမိုင်းတွေ့ရှိချက်များ

"ရန်ကုန် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ၁၀နှစ်ပြည့် ကျေးဇူးရှင် ဩဝါဒါစရိယဆရာတော်ကြီး ရဲ့ သက်တော်(၈၀)ရောက် အထိမ်းအမှတ် စာစောင်ထုတ်ဖို့ စီစဉ်ထားတာ မအဂ္ဂတို့ သိတယ်မဟုတ်လား၊ မအဂ္ဂလည်း ဆရာတော်ကြီး အကြောင်းပဲဖြစ်ဖြစ်၊ ပရိယတ်၊ ပဋိပတ် အတွေ့အကြုံပဲဖြစ်ဖြစ် ဆောင်းပါးတစ်ပုဒ် ရေးချင်သလိုရေးပါ"လို့ ပဲခူးဆယ်မိုင်ကုန်းက စာချဆရာတော် ဥုံသာမဏော ကျော်က ဖုန်းဆက် အမိန့်ရှိပါတယ်၊ စာရေးသူအဖို့ မြန်မာလို ဆောင်းပါး တစ်ခါမှ မရေးဘူးတာကတစ်ကြောင်း၊ ထိထိ ရောက်ရောက် ကျစ်ကျစ်လစ်လစ် အဆင့်မြင့်မြင့် မရေးတတ် တာကတစ်ကြောင်း လက်ကတွန့်တွန့်နေပါတယ်။ ဒါပေမယ့် ဆရာ့ဂုဏ်ကျေးဇူးဖော်ပြဖို့ ဒီဟာ အခွင့်ကောင်းအခါကောင်းပဲ၊ ဒီလိုမျိုး အခွင့်အခါကောင်းကို လက်မလွတ်သင့်ဘူးလို့ နှလုံးသွင်းပြီး ပထမဆုံး မြန်မာဘာသာဖြင့် ဆောင်းပါးတစ်ပုဒ် ရေးလိုက်ရပါတယ်။

"၁၉၈၃ခုနှစ်မှာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်ကြီး နေပေါနိုင်ငံရှိ I.B.M.Cကို ကြွရောက်ပြီး ဝိပဿနာတရားစခန်း ဖွင့်လှစ်ကာ တရားပြပေးပါတယ်၊ အဲဒီတရားစခန်းမှာ စာရေးသူလည်း ၁၅ရက်ကြာ တရားရှုမှတ်ပါတယ်၊ ဆရာတော်ကြီးထံက တရားနာရ၊ တရားအားထုတ်ရတော့ သဒ္ဓါတရားတွေ နိုးကြားလာပါတယ်၊ အဲဒီအချိန်မှာ မိမိ တစ်သက်လုံး ဗုဒ္ဓသာသနာ့ အရိပ်အောက်မှာ သိက္ခာရှင်ဘဝနဲ့ နေပြီး ဗုဒ္ဓစာပေကို သင်ယူလိုတဲ့ဆန္ဒ၊ တရားကိုလည်း ပြည့်စုံသည်ထက်ပြည့်စုံအောင် အားထုတ်လိုတဲ့ဆန္ဒတွေ ထက်သန်လာပါတယ်။ စာရေးသူနှင့် အလားတူ သူငယ်ချင်းနှစ်ယောက်လည်း ထိုဆန္ဒတွေ ထွက်ပေါ်လာပါတယ်။

တရားစခန်းပြီးတာနဲ့ စာရေးသူနဲ့ သူငယ်ချင်း နှစ်ယောက် မိမိတို့ရဲ့ မိဘဆရာသမားတွေနဲ့ တိုင်ပင်ပြီးမှ ဗုဒ္ဓသာသနာ အထွန်းကားဆုံးဖြစ်တဲ့ မြန်မာပြည်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆရာတော်ကြီးကို မြန်မာပြည် လာချင်တဲ့ အကြောင်းကို လျှောက်လိုက်တော့ ဆရာတော်ကြီးက စာရေးသူနဲ့ သူငယ်ချင်းနှစ်ဦးတို့ကို အမျိုးမျိုးမေးတော်မူရာ တစ်ချို့မှာ-

မေး-ဘာကြောင့် မြန်မာပြည်ကို လာချင်တာလည်း။

ဖြေ-ဗုဒ္ဓစာပေ ပရိယတ္တိ စနစ်တကျ လေ့လာပြီး တရားလည်း အားထုတ်ချင်လို့ပါဘုရား။



တန်ဖိုးမဖြတ်နိုင်တဲ့

ရတနာတွေ

အဂ္ဂကုန်(နိုင်ငံပါ)

http://www.dhammadownload.com

မေး-အဓိက ရည်ရွယ်ချက်က ဘာပါလဲ။

ဖြေ-ပထမဆုံး မိမိကိုယ်ကို ပရိယတ္တိရော၊ ပဋိပတ္တိပါ ပြည့်စုံအောင် လေ့လာအားထုတ်ပြီးမှ သူတစ်ပါးတို့ကိုလည်း ကိုယ်တတ်သိသလောက် ပြောပြဖို့ပါဘုရား။

မေး-ကိုယ်မပြည့်စုံဘဲ သူများကို ပြောပြလို့မရဘူးလား။

ဖြေ-အဲဒါတော့ သဘာဝမကျပါဘုရား၊ ဆရာတော်က ဟို တစ်နေ့ကပဲ ဟောလိုက်သေးတယ်၊"ကိုယ်ကိုယ်တိုင်က ရွံ့ထဲမှာ နစ်နေပါလျက် ရွံ့ထဲမှာ နစ်နေတဲ့ အခြားတစ်ယောက်ကို ဘယ်လို ထုတ်ဆောင်နိုင်မှာလဲ၊ ကိုယ်က အရင် ရွံ့ထဲက လွတ်မြောက်ပြီးမှ သူတစ်ပါးကိုလည်း စိတ်ချလက်ချ ကယ်တင်နိုင်မှာ မဟုတ်လား"လို့ အမိန့်ရှိတဲ့စကားကို တပည့်တော် ကောင်းကောင်း သဘောပေါက်ပါတယ်။

မေး-နိပေါနိုင်ငံနဲ့စာရင် မြန်မာရာသီဥတုက ပူတော် အပူဒဏ်ကို သည်းခံနိုင်မလား။

ဖြေ-ဆရာတော် ဥုးဉာဏပုဏ္ဏိက၊ ဆရာကြီး ဒေါသုမဝဏီတို့က ဓမ္မာစရိယ အောင်မြင်တဲ့အထိ သည်းခံပြီးနေသလို တပည့်တော်လည်း အပူဒဏ်တင်မက အစစသည်းခံပြီးနေဖို့ ကြိုးစားပါမယ်ဘုရား။

မေး-I.Scဘွဲ့ရပြီးနောက် နောက်ထပ် ဘွဲ့ရဖို့ ဆက်လက်မသင်တော့ဘူးလား၊ လောကီစာတွေကို မနှမြောဘူးလား။

ဖြေ-ဆက်လက် မသင်တော့ပါဘုရား၊ လောကီစာတွေက တစ်ဘဝချမ်းသာစေပါတယ်ဘုရား။ ချမ်းသာကြီးကြီးလိုချင်တော့မှ ချမ်းသာသေးသေးဖြစ်တဲ့ လောကီစာကို မနှမြောတော့ပါဘုရား။ အနှစ်သာရနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓစာပေတွေကိုပဲ သင်ပါတော့မယ်ဘုရား။

အဲဒီတုန်းက စာရေးသူ မြန်မာစကား လုံးဝမတတ်ပါ။ နိပေါဆရာတော် ဥုးဉာနပုဏ္ဏိကကား စကားပြန်လုပ်ပေးပါတယ်။ အမေးအဖြေပြီးမှ ဆရာတော်ကြီးက သာဓုခေါ်ပြီး မြန်မာပြည်လာဖို့ ခွင့်ပြုပါတယ်။ စားဝတ်နေရေး၊ စာပေသင်ကြားရေး၊ ကျန်းမာရေး အကုန် တာဝန်ယူကြောင်းနဲ့ အမြန်ဆုံးလာဖို့လည်း အမိန့်ရှိလိုက်ပါတယ်။ ဆရာတော်ကြီးရဲ့ ငါးကြင်းဆီနဲ့ ငါးကြင်းသားကြော်လိုတဲ့ ဆန္ဒပြည့်ဖို့ အရိပ်အယောင် ပေါ်လာလို့လား မသိ၊ ဆရာတော်ကြီး ပြုံးတော်မူပါတယ်။

ဆရာတော်ဆီက ခွင့်ရပြီးနောက် စာရေးသူနဲ့ အဖော်နှစ်ဦး ၁၉၈၈ ခုနှစ် မေလမှာ မြန်မာပြည် ရောက်လာကြပါတယ်။ ရောက်ပြီး ပထမဆုံး မဟာစည်ရိပ်သာကြီးမှာ ဆရာတော်ကြီးရဲ့ သြဝါဒကို ခံယူလျက် ၄လကျော်ကျော် တရားအားထုတ်ခဲ့ပါတယ်။

တရားအားထုတ်နေတဲ့အချိန်မှာ စာရေးသူက မြန်မာစကား မတတ်တော့ နိပေါဆရာတော် ဥုးဉာဏပုဏ္ဏိက,ကပဲ ဆရာတော်ကြီးရဲ့ သြဝါဒအတိုင်း ညွှန်ကြားနည်းပေးမှုနဲ့ စောင့်ရှောက်ခဲ့ပါတယ်။

ထို့နောက် ဆရာတော်ကြီးအပါအဝင် ဒေါ်ခင်နွဲ့ဟန်ကြည်၊ ဒေါ်မြသင်၊ ဒေါ်သက်သက်၊ ဒေါ်သန်းတင်၊ ကိုခင်မောင်ဌေးတို့က ကကြီး၊ ခခွေးက စပြီး မြန်မာစာကို သင်ကြားပေးပါတယ်။

မြန်မာစာသင်တော့ အခက်ခဲနဲ့တွေ့တဲ့အချိန်မှာ ဆရာတော်ကြီးက စာရေးသူတို့ နား‌လည်စေနိုင်လောက်တဲ့ အင်္ဂလိပ်၊ ဟိန္ဒီ၊ ပါဠိ စတဲ့ စကားများနဲ့ သင်ကြားပေးတော့ စာသင်ရတာ တော်တော်ကို အဆင်ပြေသလောက် ဖြစ်သွားပါတယ်။

မြန်မာစာက "ရေးတော့အမှန်၊ ဖတ်တော့အသံ"ဆိုတော့ စာရေးသူမှာ စာလုံးပေါင်းကအစ ကျက်မှတ်နေရပါတယ်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်၊ တနင်္ဂနွေနေ့တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ဆရာတော်ကြီးနဲ့တကွ သာသနာ့ရိပ်သာ ဓမ္မ မိသားစုတို့ရဲ့ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်တဲ့ သာသနာ့နွယ်ဝင် သိက္ခာရှင်အဖြစ်သို့ ရောက်ရှိကြပါတယ်။

(၅)လလောက် မြန်မာစာကို ကြိုးစားသင်ပြီးတော့ မတ်လတွင် မဟာစည်သာသနာ့ရိပ်သာကြီးမှာ ကျင်းပနေကျ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို တက်ရောက်သင်ကြပါတယ်။ အဲဒီအချိန်မှာပဲ ဆရာတော်ကြီးကိုယ်တိုင် မအားလပ်သည့်ကြားထဲမှာ အချိန်များလုပေးကာ ပါဠိသိက္ခာကို ပို့ချပေးပါတယ်။

ယဉ်ကျေးမှုသင်တန်းပြီးတာနဲ့ စာရေးသူတို့ကို ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဆုံရှိ မဏိရတနာသိက္ခာရှင်စာသင်တိုက်ကို ဆရာတော်ကြီးကပဲ အစစ တာဝန်ယူပြီး ပို့ပေးပါတယ်။ မဏိရတနာ ကျောင်းဆရာကြီး ဒေါ်ဒေါ်သြကလည်း တိုက်စည်းကမ်းနဲ့အညီ နိပေါ၊ မြန်မာလူမျိုးမခွဲခြားဘဲ စာရေးသူတို့ကို အုပ်ချုပ်ခဲ့ပါတယ်။

ဆရာတော်ကြီးကလည်း စာရေးသူတို့ အခက်အခဲမရှိနေနိုင်အောင် တိုးချဲ့ဆောင်ကအစ ဆွမ်းဆန်အဆုံး အစစလိုအပ်သမျှ ပစ္စည်းလေးပါးတို့ဖြင့် ပံ့ပိုးခဲ့သည့်အပြင် စာချဆရာတော် ဥုးဓမ္မိကာလင်္ကာရာဘိဝံသ (သာမဏေကျော်)၊ ဥုးသုမဏ၊ ဥုးဉာနဇောတာဘိဝံသတို့ကို အဲဒီကျောင်းကို ကြစေပြီး စာပေပို့ချပေးဖို့ စီစဉ်ပေးပါတယ်။

http://www.dhammadownload.com

သံဃာ့ကိစ္စတာဝန်များ

စာချဆရာတော်များနဲ့ သီလရှင်ဆရာကြီး ဒေါ်သြဘာသဓဇာနီ (အဂ္ဂမဟာအက္ကော်)၊ ဒေါ်စရဏဝတီတို့က မူလတန်းစာများကို စိတ်ရှည်လက်ရှည် သင်ကြားပို့ချပေးပါတယ်။

ဗုဒ္ဓစာပေက "အာဂုံရမ္မ အာဂလ္ဂ" ဆိုရိုးနဲ့အညီ အာဂုံကျက်ရတဲ့ စာတွေများပါတယ်။ စာရေးသူနဲ့ အဖော်သိက္ခာရှင်နှစ်ပါးအဖို့ အာဂုံကျက်ရတာ ခက်လည်းခက်၊ ပျင်းလည်းပျင်းပါတယ်။

တစ်ချို့ဟာတွေ နာလည် သဘောပေါက်ပြီးမှ အလွတ် ကျက်လိုက်ရတော့ နည်းနည်းလွယ်ကူပါသေးတယ်၊ တစ်ချို့ (ဥပမာ သုတ်စဉ်)ဆိုရင် နားမလည်ဘဲနဲ့ ကြိုးပြီး ကျက်ထားရတယ်ဆိုတော့ စာရေးသူအဖို့ ကျက်ရတာ တော်တော်ခက်ခဲတယ်၊ အားစိုက်ပြီး ကျက်ရတော့ စိတ်လည်း ပင်ပန်းပါတယ်။

တစ်ခါတစ်လေ စာအတွက် စိတ်ပူနေတော့ စားလည်းမဖြောင့်ဘူး၊ ဒကာဒကာမတွေက ဒီနေ့ အရက်ဆွမ်း နေ့ဆွမ်း ဘာစားသလဲ၊ စားလို့ကောင်းလားမေးရင် ဘာစားမှန်းကို မသိအောင် စားစရာတွေမှာ သတိမထားမိခဲ့ပါဘူး၊ ဘာဖြစ်ဖြစ်လို့လဲဆိုတော့ အရက်ဆွမ်း နေ့ဆွမ်းစားပြီးတာနဲ့ စာချဘုန်းကြီးရှေ့မှာ စာအလွတ်ပြန်ရမှာကိုပဲ သတိရနေလို့ပါ။

စာရေးသူတို့အဖို့ ဘယ်လောက်အထိ စာကျက်ရတာ ခက်လဲဆိုရင် အဖော်တစ်ပါးဖြစ်တဲ့ နီပေါသိက္ခာရှင်က "မြန်မာပြည်မှာ စာလုပ်ရတာ သိပ်ခက်တာပဲ၊ စာအလွတ်ကျက်ရတာများတယ်၊ ဒီစာလုပ်ရတာထက် ဧဝရက်တောင် (Mount Everest) တက်ရတာက လွယ်ဦးမယ်"လို့ ညည်းမိတဲ့အထိပါပဲ။

ဆရာတော်ကြီးတော့ အလွတ်ချည်း မကျက်နဲ့၊ သဘောပေါက်အောင် လေ့လာပြီးမှ ကျက်ကြဖို့ အားပေးပါတယ်။ တစ်နှစ်လောက် အကျင့်မရသေးဘဲနဲ့ စာအလွတ်ကျက်ရတာ နည်းနည်းတော့ အခက်အခဲတွေ တွေ့ရပါသေးတယ်။ နောက်ပိုင်း အကျင့်ပါသွားတော့ စာသင်ရတာ ပျော်လာပါတယ်။ "အာဂုံရမ္မ အာဂလ္ဂ"ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို ကိုယ်တိုင်နားလည်လာပြီး အာဂုံကျက်ရတဲ့ အကျိုးတွေပေါ်မှာ ပိတိဖြစ်လာမိပါတယ်။ အခက်အခဲလဲ မရှိသလောက်ပါဘဲ။

မဏိရတနာကျောင်းမှာ နေတုန်းက တစ်ခါတစ်လေ ဆရာတော်ကြီး ကြွလာပါတယ်။ ဆရာတော်ကြီးကြွလာတိုင်း သီလရှင်ဆရာကြီးကို ကျောင်းအခြေအနေ၊ စာရေးသူတို့ရဲ့ အခြေအနေကို မေးပါတယ်။ စာ ရ မရလဲ စစ်ဆေးကြည့်ပါတယ်။




စာရေးသူတို့ စိတ်ထက်သန်အောင်၊ လုပ်သင့်လုပ် ထိုက်တာများကို ဖြစ်မြောက် အောင်မြင်အောင် လုပ်ဆောင် နိုင်စွမ်းရှိဖို့ ရည်မှန်းချက် ပြည့်စုံအောင် မဖြစ်မနေ ဆောင်ရွက်မယ်ဆိုတဲ့ အဓိပတိ တပ်တဲ့ စိတ်ဓာတ်ရှိဖို့ လိုအပ်ကြောင်းနဲ့ အများနဲ့ နေရာမှာလည်း ကိုယ်ကသာ သူတစ်ပါးကို သည်းခံမယ်၊ သူတစ်ပါးက ကိုယ့်ကို သည်းခံရတယ်ဆိုတာမျိုး မရှိအောင် တစ်ဦးနဲ့ တစ်ဦး မေတ္တာနဲ့နေဖို့ သြဝါဒပေးပါတယ်။ ဆရာတော်ကြီးရဲ့ သြဝါဒကို ကြားတော့ စာရေးသူအဖို့ အားဆေးသောက်ရသလိုပါပဲ။

မဏိရတနာကျောင်းမှာ အငယ်တန်း အောင်မြင်ပြီးနောက် ၁၉၉၁ခုနှစ်တွင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အလတ်တန်းကစပြီး ဆက်လက် ပရိယတ္တိ သင်ယူပါတယ်။ သင်ယူစဉ် သြဝါဒါစရိယဆရာတော်ကြီး၊ နာယကဆရာတော် ဥုံးသာသန(ပါဠိပါရဂူ)၊ အရှင်ဉာနဇောတာဘိဝံသ၊ အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ၊ အရှင်ဝိမလာစာရာဘိဝံသ၊ အရှင်ဃောသိတာဘိဝံသ၊ အရှင်ပညာဒီပါဘိဝံသ၊ အရှင်ဉာနိကာဘိဝံသတို့က သင်ကြားပို့ချပေးပါတယ်။ စာချဆရာတော်များရဲ့ မေတ္တာ၊ ကရုဏာ၊ စေတနာနဲ့ သင်ကြားပို့ချပေးမှုကြောင့် ၁၉၉၈ခုနှစ် စာရေးသူ ဓမ္မာစရိယတန်း အောင်မြင်ခဲ့ရပါတယ်။

ဆရာတော်ကြီးရဲ့ မေတ္တာ၊ ကရုဏာ၊ စေတနာကြီးမားပုံက စာရေးသူတို့ကို မအားလပ်သည့်ကြားထဲကနေ သီးသန့်အချိန်ပေးပြီး မိမိ စိတ်တိုင်းကျ ဖြစ်စေချင်လို့ နိဿယဉာဏ်၊ သဘောဉာဏ်တို့ ထင်လာအောင် စာတွေ့နဲ့ လက်ဆင့်ကမ်းပေါင်းစပ်ပြီး စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြပါတယ်။

http://www.dhammadownload.com

ဘုရားဟောတရားတော်များ



ဥပမာဆိုရင် ပညာ ပဋိဝေဓ လက္ခဏာ၊ "ပညာ-ပညာသည်၊ ပဋိဝေဓလက္ခဏာ-ထိုးထွင်းခြင်းလက္ခဏာရှိ၏"။ ထိုးထွင်းသိပုံကို ဒီလိုရှင်းပြပါတယ်။

ထိုးထွင်းပြီးသိတယ်ဆိုတာ ပညတ်ကိုကျော်ပြီးတော့ တစ်ခါတည်း သဘောမှန်ကို ပွင့်ပွင့်လင်းလင်း ဖောက်ထွင်းသိလိုက်တာ၊ တစ်ဖက်က နံရံကြီးခံထားလို့ဆိုရင် အခြားတစ်ဖက်မှာ ဘာတွေရှိလည်း မသိရဘူး၊ နံရံကြီးဖောက်လိုက်ပြီဆိုရင် ပွင့်ပြီးတော့ ဟိုဖက်မှာ ဘာတွေရှိတယ်လို့ တစ်ခါတည်း သိနိုင်မယ်၊ မသိမှု အဝိဇ္ဇာမောဟကဖုံးထားတယ်၊ပြီးတော့ ပညတ်တွေလည်း ဖုံးထားတယ်ဆိုတော့ တကယ် အရှိသဘော မပေါ်ဘဲ ဖြစ်နေတယ်၊ ယုံယုံကြည်ကြည်နဲ့ တကယ် သတိပဋ္ဌာန်ရဲ့ အကျိုးကိုရလိုတဲ့ ဆန္ဒတွေပြင်းပြပြီး အပူတပြင်း အားစိုက်မှုနဲ့ ရွယ်ချိန်မှု ဒီအခြေခံသဘောလည်း ပါပြီးတော့ စွဲမြဲစွာ ရှုရာပေါ်မှာ စိတ်ကလေးဖြူစင်နေပြီးတော့ ခဏိကသမာဓိ အားပြည့်လာတဲ့အခါမှာ မသိမှုတံတိုင်းမကာ နိုင်တော့ဘူး၊ အဲဒီတံတိုင်း ပွင့်ထွက်သွားတယ်၊ ပွင့်ထွက် ပြီးတော့ တောင့်တာ၊ တင်းတာ၊ လှုပ်တာတွေ အကုန်လုံး လိုက်သိလာတယ်၊ သဘောမှန်များ ပွင့်ပွင့်လင်းလင်း သိလာတာ ပဋိဝေဓလက္ခဏာပညာပေါ့ စသဖြင့် ထိထိရောက်ရောက် စာတွေ့. လက်တွေ့. ပေါင်းစပ်ရှင်းပြပါတယ်။

စာရေးသူတို့ကို ပရိယာယ် ကြွယ်ဝစေလိုတဲ့ စေတနာနဲ့ စကားလုံးတစ်လုံးကိုပဲ အမျိုးမျိုးနဲ့သုံးပြပါတယ်။ ဥပမာဆိုရင် ပဋိသတိမှာ ပဋိသဒ္ဒါက အဘိမုခအနက် ဟောပါတယ်၊ အဘိမုခဆိုတာ ရှေးရှု၊ ရှေးရှုဆိုတာလည်း တည့်တည့်မျက်နှာချင်းဆိုင်၊ ထိပ်တိုက်၊ တိုက်ရိုက်၊ တိုက်တိုက်ဆိုင်ဆိုင် စသဖြင့် သုံးပြပါတယ်။

သည်တင်မကသေး၊ စာရေးသူနဲ့ အဖော်သိကျွမ်းရှင်တစ်ပါး ဆရာတော်ကြီးထံသွားတော့ ဆရာတော်ကြီးက ယင်းလိပ်ကို ဆွဲတင်ခိုင်းပါတယ်၊ အဖော်သိကျွမ်းရှင်က ဆွဲတင်ရာမှာ ယင်းလိပ်က တစ်ဖက်နိမ့် တစ်ဖက်မြင့်ဖြစ်သွားပါတယ်။

ထိုအချိန်မှာ ဆရာတော်ကြီးက သံမီး ယင်းလိပ်ကို ပြန်ကြည့်ပါဦး၊ ညီမျှရဲ့လား၊ မညီမျှတော့ ကြည့်မကောင်းဘူး၊ ညီမျှအောင် ပြန်လုပ်ပါဦး၊ ညီမျှသွားတော့ ကြည့်လို့မကောင်းဘူးလား၊ လှသွားတယ် မဟုတ်လား၊ ဒီလိုပဲ လူမှုဆက်ဆံရေးမှာလည်း တစ်ဖက်စွန်းမရောက်အောင် ဘက်မလိုက်ဘဲ အညီအမျှ ဆက်ဆံနိုင်ဖို့ အရေးကြီးပါတယ်၊ တစ်ဖက်စွန်းရောက်ရင် မကောင်းဘူး၊ တစ်ဖက်စွန်းမရောက်ဖို့ အလွန်အရေးကြီးပါတယ်၊ သမီးတို့ အမြဲတမ်း သတိထားဖို့လိုပါတယ် စသဖြင့် အဖက်ဖက်က မလစ်ဟင်းအောင် သွန်သင်ဆုံးမပါတယ်။

နောက်ပြီး "ပရိယတ်မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ် ဖြစ်စေရမယ်"ဆိုတဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒနဲ့အညီ တရားဘက်မှာလည်း သွေးအေးမနေအောင် စာမေးပွဲဖြေပြီးတိုင်း စာရေးသူတို့ကို တရားအားထုတ်စေပါတယ်၊ မိမိသင်ကြားထားတဲ့ စာပေများကိုလည်း လက်တွေ့အသုံးချနိုင်အောင် စာချတန်း မပြီးခင်က စပြီးတော့ စာသင်သိကွာရှင်တို့ကို စာပေ ပို့ချစေပါတယ်၊ အခါအားလျော်စွာ သာသနာ့ကိစ္စ ဆောင်ရွက်မှုနဲ့စပ်တဲ့ အဆုံးအမ ဩဝါဒတွေနဲ့ စာရေးသူတို့ကို ထုံးမွမ်းလာအောင် သွန်သင်ပါတယ်။

နေပေါပြန်ပြီး သာသနာ့ကိစ္စဆောင်ရွက်တဲ့အချိန်မှာ ဂုဏ်ရှိဖို့ ရှေးရှုဆောင်သည်ထက် အပြစ်ကင်းဖို့သာ အဓိကဖြစ်ကြောင်း၊ အများအကျိုးပြုလုပ်ရာမှာ အချင်းချင်း သွေးစည်းညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့် မျှတရေး ဒီအရေးသုံးပါးကို အလေးထားပြီး ဆောင်ရွက်ရမည့်အကြောင်း၊ သာသနာတော်က ကိုယ့်အတွက် မဖြစ်စေရဘူး၊ ကိုယ်သာ သာသနာတော်အတွက် ဖြစ်စေရမယ်လို့ နှလုံးသွင်းရမယ့်အကြောင်း နည်းပေးလမ်းညွှန်ပါတယ်၊ ဆရာတော်ကြီးရဲ့ အဆုံးအမ ဩဝါဒတွေက တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာနဲ့ တူပါတယ်။

ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေက စာရေးသူနဲ့ နိပေါနိုင်ငံပေါ်မှာ အလွန်များလှပါတယ်။ စာရေးသူအနေနဲ့ ဖော်ထုတ်ရင်လည်း မကုန်နိုင်ပါ။ ဆရာတော်ကြီးရဲ့ ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း နိပေါနိုင်ငံသို့ ရောက်ရင် ပရိယတ်၊ ပဋိပတ်၊ပဋိဝေဓသာသနာသုံးရပ်ကို အတတ်နိုင်ဆုံး ထမ်းဆောင်ပါမယ်လို့ ကတိပြုလျက် ဆရာတော်ဘုရားကြီးရဲ့ မေတ္တာ၊ ကရုဏာ၊ စေတနာတည်းဟူသော ဂုဏ်ကျေးဇူးများမှ တစ်စိတ်တစ်ဒေသကို ဒီဆောင်းပါးတစ်ပုဒ်ဖြင့် ရေးသားပူဇော်လိုက်ပါတယ်။

အဂ္ဂညာနီ (နိပေါ)

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

http://www.dhammadownload.com



လူမြိန် ပဏ္ဍိတာရာမ သာသနာ့ရိပ်သာ

ကပ္ပိယ (တောစခန်းရိပ်သာ)

အတွင်းမှာ လေအေးပေးစက်တွေ ဖွင့်ထားလို့ အေးလှ
တယ် ထင်မိပေမယ့်လည်း လေယာဉ်တံခါးဝကအထွက်
တောင်စောင်းအတိုင်း လျှပ်ပြီး တိုက်ခတ်လာတဲ့ လေနဲ့
တိုးမှပဲ အပြင်မှာ ပိုအေးပါလားလို့ သိလိုက်ရပါတယ်။

(၂-၂-၉၇) ရက်နေ့ ညနေ (၄:၃၀)နာရီမှာ ကတ္တမန္ဒူ
မြို့ကို ရောက်ပါတယ်။ လေယာဉ်ကွင်းအပြင်အရောက်
လှမ်းကြည့်ပြီး မြို့ကို အပေါ်စီးက မြင်ရမှပဲ လေယာဉ်ကွင်း
က တောင်စောင်းပေါ်မှာပါလားလို့ သတိထားမိပါတယ်။

အိမ်အမိုးပြားတွေပေါ်ကသဲတိုသဲစတွေ ထိုးထိုးထောင်
နေပြီး မပြီးသေးတဲ့ပုံများနဲ့အတူ နေလောင်ဒဏ်ကြောင့်ရွက်ချွေ
ထားတဲ့ အရိုးထိုးထိုး သစ်ပင်ကြီးတွေကြည့်ပြီး မြို့ဟောင်းကြီး
တစ်ခုလိုပါပဲလားလို့ မှတ်ချက်ချလိုက်မိပါတယ်။

ဗုဒ္ဓလောင်းလျာ ဖွားတော်မူရာ လုမ္ဗိနီ၊ ကမ္ဘာအမြင့်
ဆုံး၊ ဧဝရတ်တောင်၊ ဟိန္ဒူဘာသာဝင်တို့ရဲ့ အထွတ်အမြတ်
"ပုဆုပတိ" ရှေးဟောင်းဘုရားကျောင်းတို့ ရှိပြီး ကမ္ဘာတစ်ခု

http://www.dhammadownload.com

ရန်ကုန်တိုင်းရှိ ကျောင်းများ

တည်းသော ဟိန္နူနိုင်ငံဖြစ်တဲ့ ယခင်ဂေါ်ရခါးတိုင်းပြည်ခေါ် နီပေါနိုင်ငံကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီး စေခိုင်းမှုနဲ့ လုမ္ဘိနီပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆောက်လုပ်ရာ၌ ကူညီပေးနိုင်ရန် ရောက်လာခဲ့တာ ဖြစ်ပါတယ်။

နီပေါနိုင်ငံ

နီပေါနိုင်ငံဟာ မြောက်လတ္တီတွဒ် ၂၆ ဒီဂရီနှင့် ၃၀ ဒီဂရီကြား၊ လောင်ဂျီတွဒ် ၈၀ ဒီဂရီနှင့် ၈၈ ဒီဂရီကြားမှာ တည်ရှိပါတယ်။ ဧရိယာမှာ ၅၆၈၇၂ စတုရန်းမိုင်ဖြစ်ပြီး ၁၉၉၇ခုနှစ် စာရင်းများအရ လူဦးရေ ၂၃,၁၀၇,၄၆၄ ရှိရာမှာ ဟိန္နူ ၉၀% ဗုဒ္ဓဘာသာ ၅%၊မူဆလင် ၃%နဲ့ အခြား ၂% ဖြစ်ပါတယ်။ လက်ရှိဗုဒ္ဓဘာသာဦးရေ ၁၅%ခန့် ဖော်ပြတယ် သိရပေမယ့် နီပေါနိုင်ငံသား ဗုဒ္ဓဘာသာဝင်တစ်ချို့က ဟိန္နူနိုင်ငံကြည်ညာထားလို့ စာရင်းလျော့ပြထားကြောင်း တိဘက်ကို တရုတ်က အုပ်ချုပ်ပြီးနောက်ပိုင်း အများစု တိဘက်များ နီပေါနိုင်ငံသားဖြစ်လာကြလို့ ဗုဒ္ဓဘာသာဝင်ဦးရေ ၄၅%မှ ၅၀%ခန့် ရှိကြောင်း ပြောပြကြပါတယ်။

တစ်နိုင်ငံလုံး တောင်တန်းများ ပြည့်နေပြီး မြေပြန့် အလွန်နည်းပါတယ်။ ရထားလမ်းမရှိဘဲ ကားနဲ့ လေယာဉ်ကိုသာ သုံးနေရပါတယ်။ ရေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ တစ်ခြားနိုင်ငံတို့နဲ့ ကွဲပြားထူးခြားတဲ့ မြင်ကွင်းများ ပေါလှတာကြောင့် နိုင်ငံခြားသား အလာများပါတယ်။ သယ်ဇာတနည်းပြီး ကူးသန်းသွားလာရေးခက်ခဲပေမယ့် နိုင်ငံခြားသားများထံမှ ရတဲ့ ဝင်ငွေက နီပေါနိုင်ငံအတွက် အတော်အားထားရတယ်လို့ သိရပါတယ်။

ခတ္တမန္နူမြို့

မြို့တော်ခတ္တမန္နူဟာ တောင်များပတ်လည်ကြားက မြေပြန့်ပေါ်မှာရှိပါတယ်။ လမ်းများမှာ ကျဉ်းလိုက်ကျယ်လိုက်၊ ကွေ့ကောက်လိုက်ဖြစ်နေကြပြီး အိမ်များမှာလည်း ကြပ်ညပ်နေပါတယ်။ လူအများစုက မြန်မာတိုင်းရင်းသားများနဲ့ တူပါတယ်။ မြို့စွန်တောင်ကုန်းထိပ်မှာ ဗုဒ္ဓဓာတ်တော်များနဲ့ တည်ထားတဲ့ 'သယမ္ဘူစေတီ' ရှိပြီး တိဘက်ဘုန်းကြီးများ စောင့်ရှောက်ထားပါတယ်။ ဗုဒ္ဓနတ်၊ ဂိုးလ်ဒင်းဘဂိုးဒါး၊ မဟာမောဓိမူရင်းစေတီတို့လည်း နာမည်ကြီးပါတယ်။ အိမ်များကြားကွက်လပ်တိုင်းမှာ စေတီ အငယ်လေးများနဲ့ ဟိန္နူဘုရားကျောင်းများရှိပါတယ်။ ခတ္တမန္နူနဲ့ဆက်နေတဲ့ 'ပါတန်'မြို့မှာ ဗုဒ္ဓဘာသာ ပိုများတယ် ထင်ပါတယ်။

'နယားဘာနေစွာ'ရပ်ကွက်မှာ ပဏ္ဍိတာရာမ ကျောင်းခွဲတစ်ခုရှိပါတယ်။ "INTERNATIONAL BUDDHIST MEDITATION CENTRE"လို့ အမည်ပေးထားပါတယ်။ အဲဒီကျောင်းကို ရောက်လို့ ဆရာတော် ဥုးအာသဘာမာရနဲ့ ဥုးသုဇနပို့ယတို့ကို တွေ့ရမှပဲ ရောက်ခါစ ယောင်ချာချာစိတ် လေးပျောက်ပြီး စိတ်ပေါ့ပါးခဲ့ရပါတယ်။

လုမ္ဘိနီ

ခတ္တမန္နူမှာ တစ်ပတ်နေပြီး လုမ္ဘိနီကို ကားနဲ့သွားပါတယ်။ တစ်လမ်းလုံး ဆက်တိုက် အဆင်းများပြီး မြေပြန့်လည်းရောက် လုမ္ဘိနီလည်း ရောက်တော့တာပါပဲ။ လုမ္ဘိနီဟာ ဟိမဝန္တာတောင်ခြေနဲ့ ၁၅မိုင်ခန့်ဝေးပြီး အိန္ဒိယနယ်စပ်နဲ့ ၅မိုင်လောက်ပဲ ဝေးပါတော့တယ်။ "လုမ္ဘိနီသာမော အင်ကြင်းတော"ဆိုတာကို ကလေးဘဝကတည်းက ကြားသာကြားဖူးခဲ့ရပြီး အခု ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးနဲ့ ရောက်ခဲ့ရပါပြီ။



နောက်နေ့ မိုးလင်းတာနဲ့ ဖွားတော်မူရာနေရာကို လမ်းလျှောက်သွားတာ ငါးမိနစ်လောက်ပဲ ကြာပါတယ်။ ပေ'၁၀၀' ပတ်လည်ခန့်ရှိတဲ့ ရေကန်ဘေးမှာ အသောကမင်းကြီး စိုက်ထူထားခဲ့တဲ့ ကျောက်တိုင်ကြီးကို တွေ့ရပါတယ်။ ကျောက်တိုင်အပေါ်ပိုင်းက ဘေးမှာကျိုးကျနေပြီး ထိပ်ဆုံးက မြင်းရုပ်ကတော့ ပျောက်ဆုံးသွားပြီလို့ သိရပါတယ်။

မလှမ်းမကမ်းက အဆောက်အအုံငယ်လေးထဲမှာ တူးဖော်လို့ရထားတဲ့ ဖွားတော်မူပုံ ကျောက်ပြားကြီးကို ပူဇော်ထားပါတယ်။ အဲဒီကျောက်ပြားပေါ်က မယ်တော်မာယာပုံကိုကြည့်ပြီး လုမ္ဘိနီမှန်းမသိခင် အနှစ်(၈၀)အစောပိုင်းမှာ ပတ်ဝန်းကျင်ရွာသားများက နတ်ဘုရားနဲ့မှားပြီး ယစ်ပူဇော်ကြ၊ ကြက်များ ဆိတ်များ ခုတ်ထစ် ပူဇော်ကြတယ်လို့လည်း သိရပါတယ်။


http://www.dhammadownload.com

ရေးသူနှင့်တွေ့ကြုံခန်း

ရှေးအဆောက်အအုံ အောက်ပိုင်းအုတ်ခုံများလည်း တွေ့ရပြီး မြင်မြင်သမျှမှာ ဟောင်းနွမ်းဆွေးမြည့် နေတာတွေချည်းပါပဲ။ စိတ်ထဲကနေပြီး ဒီဗုဒ္ဓဗွားရာ အထိမ်းအမှတ် ကျောက်တိုင်သာ တို့နိုင်ငံမြေထဲမှာရှိရင် သဒ္ဓါတရားကောင်းလှတဲ့ မြန်မာလူမျိုးလက်ထဲမှာ ချက်ချင်း ရွှေတိုင်ကြီး ဖြစ်သွားမှာပဲလို့ တွေးမိလိုက်ပြီး စိတ်မကောင်းဖြစ်ရပါသေးတယ်။

လှမ္မိနီဥယျာဉ်ကြီးဟာ အကျယ်တစ်မိုင်၊ အရှည်သုံးမိုင် ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ လမ်းညွှန်ချက်ကို ဂျပန်ဗိသုကာပညာရှင်ကြီးတစ်ယောက်က ဒီဇိုင်းရေးဆွဲပြီး အဲဒီအတိုင်း ပုံဖော်နေကြရပါတယ်။

အတွင်းရေးမှူးချုပ် ဦးသန့်လက်ထက်မှာ လှမ္မိနီဖွံ့ဖြိုးရေးအတွက် ငွေထုတ်ပေးခဲ့တယ်လို့ သိရပါတယ်။ ငွေသာ



ကုန်သွားတယ်၊ ဘာမှ သိပ်မဖြစ်လာတာမြင်ပြီး စိတ်မကောင်းဖြစ်လို့ ဦးသန့် မျက်ရည်ကျသွားသေးတယ်လို့ လှမ္မိနီကျောက်တိုင်ဘေးက ကျောင်းထိုင်ဘုန်းကြီး ဥဂ္ဂဝိမလ (နီပေါရဟန်းတော်)က ပြောပြပါတယ်။

နိုင်ငံပေါင်းစုံက အဖွဲ့ပေါင်းစုံကို ဖိတ်ခေါ်ပြီး တိုးတက်လာအောင် ဆောင်ရွက်ခွင့်ပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံမှ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာနဲ့ နိုင်ငံတော်မှ တာဝန်ယူ တည်ဆောက်နေတဲ့ မြန်မာ ဗုဒ္ဓသာသနိုက အဆောက်အအုံကို စိမ်းကိန်းဆိုပြီး နှစ်နေရာ ဆောင်ရွက်နေပါတယ်။

နီပေါ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ ပြင်သစ်၊ ဂျာမဏီစတဲ့ နိုင်ငံများမှ ဗုဒ္ဓဘာသာအဖွဲ့များ၊ ပြတိုက်၊ စာကြည့်တိုက်နဲ့ ဟိုတယ်များပါ စုစုပေါင်း(၅၃)ဖွဲ့နဲ့ စာချုပ်ချုပ်ဆိုပြီးသွားပြီလို့ ကြားခဲ့ရပါတယ်။ (၃၅)ဖွဲ့လောက်က လုပ်ငန်း မစတင်နိုင်သေးပါဘူး၊ ၁၉၉၉-နီပေါခရီးသွားနှစ်မှာပဲ လှမ္မဏီဥယျာဉ်ထဲမှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကို ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ယခု သာသနာရေးဝန်ကြီး ဦးအောင်ခင်တက်ရောက်ပြီး မိန့်ခွန်းပြောခဲ့ပါသေးတယ်။

လှမ္မဏီကိုဘုရားဖူးလာကြတဲ့ မြန်မာမိသားစုများဟာ လှမ္မိနီက (၂၅)ကီလိုမီတာဝေးတဲ့ "စူနိုးလီ" နယ်စပ်ဂိတ်ကနေ ဝင်လာကြရပါတယ်။ အိန္ဒိယနဲ့နီပေါ ဆက်သွယ်ရာမှာ အရေးပါတဲ့ ဂိတ်ကြီးတစ်ခုပါပဲ။ "စူးနိုးလီ"ဟာ နီပေါနဲ့ နယ်စပ်ခြင်းထိနေတဲ့ U.Pပြည်နယ်ထဲမှာရှိပါတယ်။ ပြည်နယ်ကြီးတစ်ခုပါပဲ။ ၁၉၉၁ခုနှစ် စာရင်းအရ လူဦးရေ ၁၉၃သန်းကျော် ရှိပါတယ်။ မူဆလင်၁၆%ရှိပြီး အများစုက ဟိန္ဒူဘာသာဝင်တွေ ဖြစ်ပါတယ်။ မြန်မာပြည်မှာ လူဦးရေ သန်း၅၀သာ ရှိတော့U.Pပြည်နယ် လူဦးရေနဲ့ ယှဉ်ကြည့်ရင် အများကြီးကွာနေပါတယ်။

လှမ္မိနီ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

မြေအကျယ် ၁၂၀ကခန့်ရှိပြီး အသောကကျောက်တိုင်နဲ့ အနီးဆုံးအကွက်ကောင်း ဖြစ်ပါတယ်။ ကျောင်းရှေ့ကပ်ရက်မှာ နီပေါဘုရင်ကိုယ်တိုင် ထွန်းညှိထားတဲ့ ငြိမ်းချမ်းရေးမီးရှူးတိုင်ရှိပါတယ်။ ကျောင်းဝင်းထဲက ၂"အဝိစိတွင်းက အမြဲတန်း ရေလျှံထွက်ပါတယ်။ ကမ္ဘာ့အမြင့်ဆုံး တောင်ကျောကြီးရဲ့ အခြေဆိုတော့ ဘယ်မှာတူးကူး ရေက အလိုလို လျှံထွက်နေတာပါပဲ။

ကျောင်းဆောက်လုပ်ရေး လုပ်ငန်းတွေကို မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာကြီး ဦးအောင်သိမ်းက အထူး အကူအညီပေးခဲ့ပါတယ်။ ကျွန်တော်ရောက်ပြီး နှစ်လအကြာမှာ ဆရာတော်ဘုရားကြီး ကွယ်လာပြီး တရားခန်းမကြီးအတွက် ပန္နက်ရိုက်ပေးခဲ့ပါတယ်။ ယခု အဲဒီခန်းမကြီး၊ ယောဂီဆောင်၊ မီးဖို၊ ဆွမ်းစားကျောင်း၊ အိမ်သာ၊ ရေချိုးခန်းများပါဝင်တဲ့ မျက်နှာချင်းဆိုင် လေးဆောင်တွဲ အဆောက်အအုံပြီးသွားပါပြီ။ ပြည်တွင်းပြည်ပ အလှူရှင်များ လှူဒါန်းငွေနဲ့ ဤစိမ်းကိန်းဝင် အဆောက်အအုံများကို ဆက်လက် အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။

လှမ္မိနီပဏ္ဍိတာရာမ အိမ္မဆောင်အဖွဲ့ကို ခတ္တမန္ဒုမြို့နေ တရားအားထုတ်ပြီးသား နီပေါလူမျိုး တပည့်ရင်းများနဲ့ဖွဲ့စည်းထားပါတယ်။ ခတ္တမန္ဒုမြို့မှာရှိတဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းခွဲကတော့ ဆယ်နှစ်ကျော် သက်တမ်းဖြစ်လို့ အတော်အခြေခိုင်နေပါပြီ။

http://www.dhammadownload.com

သံသနဝေဂကထာ



ရန်ကုန် ပင်မကျောင်းကြီးမှာ ပရိယတ်သင်ယူနေကြတဲ့ နိပေါဆရာလေးများထဲမှ နှစ်ပါးမှာ ဓမ္မာစရိယတန်းအောင်မြင်ပြီးသွားပါပြီ။ ပရိယတ်ရော၊ ပဋိပတ်ပါ ပြည့်စုံလို့ ရှင်သန်သာသနာ့ဝန်ထမ်းကောင်းများအဖြစ်နဲ့ နိပေါပြန်ပြီး သာသနာ့ကိစ္စများကို တာဝန်ယူနိုင်ကြပြီဆိုရင် ပိုလို့ အောင်မြင်လာမှာသေချာပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ သူ့နိုင်ငံသားနဲ့ သူ့နိုင်ငံသာသနာ့ကိစ္စ ဆောင်ရွက်စေမယ့် "ငါးကြင်းဆီနဲ့ ငါးကြင်းကြော်"တဲ့ စိမ်းကိန်းကတော့ နိပေါမှာ အတော်ထိရောက်နေပြီဆိုတာ တွေ့နေရပါတယ်။

၁၉၉၈ခုနှစ်မှာ ဆရာတော်ဘုရားကြီးကြွလာပြီး ပထမအကြိမ် တရားစခန်းဖွင့်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ လုမ္ဘိနီတရားစခန်းဖွင့်ပွဲကို မြန်မာနိုင်ငံမှ ပဏ္ဍိတာရာမမိသားစု (၃၅)ဦးခန့် တက်ရောက်လာကြပါတယ်။ ဆရာတော်ဘုရားကြီး လုမ္ဘိနီရောက်နေချိန်မှာ အဖွဲ့အသီးသီးရဲ့ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း သွားရောက်လေ့လာခဲ့ပါသေးတယ်။

မြန်မာအများစုပါတဲ့ တရားပွဲတစ်ခုမှာ ဆရာတော်ဘုရားကြီးက "ကျောင်းတိုက်များကို သွားရောက်လေ့လာကြည့်ရာမှာ နိုင်ငံစုံက အဖွဲ့တွေဟာ အနုပညာ လက်ရာအမျိုးမျိုးနဲ့ ငွေကြေး အများကြီးစိုက်ထုတ်ပြီး အဆောက်အအုံကြီးတွေ ဆောက်လုပ်နေတာတွေ့ရပါတယ်။ ဒေသခံတွေလည်း လာရောက် လည်ပတ်ကြည့်ရှုကြပါတယ်။ ဒါပေမယ့် ကျောင်းတိုက်တွေ ဆောက်လုပ်ထားတဲ့ အရင်းအနှီးအတွက် အသွင်ဆောင်သက်သက်ပဲဆိုရင် အကျိုးနည်းပါမယ်။ အကျင့်ဆောင်ဖြစ်ဖို့ အရေးကြီးပါတယ်"လို့ မိန့်ကြားသွားချက်ကို စွဲမြဲစွာ၊ ကျေနပ်စွာ မှတ်သားခဲ့ရပါတယ်။

တရားစခန်းဖွင့်ပြီး နောက်ပိုင်း ယောဂီများ အဖြစ်လာရောက်အားထုတ်ကြတာ အဆက်မပြတ်ပါဘူး၊ နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံပါပဲ၊ အခုအချိန်အထိ လုမ္ဘိနီပဏ္ဍိတာရာမမှာ ယောဂီများကို မေတ္တာထား တရားပြသပေးနေသူကတော့ မြန်မာ့ရုပ်မြင်သံကြားမှနေပြီး "တရားအားမထုတ်ရသေးတဲ့ မြန်မာတွေကို သနားမိပါတယ်"လို့ မိန့်သွားတဲ့ ဂျာမဏီနိုင်ငံသား ရဟန်းတော် ဥးဝိဝေကာနန္ဒပဲ ဖြစ်ပါတယ်။

ယောဂီများဝိုင်းဝန်းလှူဒါန်းငွေနဲ့ လည်ပတ် ရပ်တည်နေနိုင်လာပါပြီ။ ဒုတိယအကြိမ် တရားစခန်း ၁၉၉၉ခုနှစ်မှာ ဆက်လက်ဖွင့်လှစ်နိုင်ဖို့အတွက် ဆရာတော်ဘုရားကြီး ထပ်မံကြွရောက်ခဲ့ပြန်ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းများလည်း တာဝန်ပေါ်သွားပြီဖြစ်တာမို့ အိန္ဒိယမှာရှိတဲ့ မရောက်ဘူးသေးတဲ့နေရာစုံကို အစ်မကြီးဒေါ်ဝင်းရဲ့ ကောင်းမှုနဲ့ ရောက်ခဲ့ရပါသေးတယ်။ ဘုရားဖူးခရီးသွားရင်း ဗုဒ္ဓဂေါတ်က ရွှေရောင် ပြောင်ပြောင်လက်နေ့မယ့် နေရာတွေ နုတ်ချာ စုတ်ပြတ်နေတာ မြင်ရတော့ သံဝေဂရ ဝမ်းနည်းလှပါတယ်။

နွေမှာပူကျမ်း၊ ဆောင်းအေးလွန်းတဲ့ ဥတုကြမ်းကြမ်းကို တာဝန်များချိန်မှာ အမှတ်တမဲ့ နေခဲ့ပေမယ့်လည်း တာဝန်ပါးချိန် သတိထားမိပြီး နွမ်းနယ်လိုလို လွမ်းသလိုလိုဖြစ်နေတုန်းမှာပဲ ဆရာတော်ဘုရားကြီးထံမှ "ပဲခူး တောစခန်းရိပ်သာကို တာဝန်ယူ ဆောင်ရွက်ပေးနေတဲ့ ဒေါ်ဝင်း တရားတစ်နှစ်ဝင်တော့မယ်၊ တောကျောင်းမှာကူညီဖို့ မြန်မာပြည်ပြန်ပါ" ဆိုတဲ့သတင်း ရောက်လာခဲ့ပါတော့တယ်။

ဆရာမှာ ပြန်ပါဆိုတော့မှ ပိုလွမ်းတယ်ဗျ၊ သာသနာအတွက်မို့သာ ကြာတာနှစ်ချီလာခဲ့ရလို့ ပြောရမလား၊ မသိတော့ နှစ်နှစ်ခွဲနေခဲ့ပြီး ပြန်ရတော့မယ်ဆိုမှပဲ တစိမ့်စိမ့်တွေးပြီး 'မွေးရပ်မြေ'ဆိုတဲ့ စကား၊ ရဲ့အဓိပ္ပာယ်ကို ခံစားတတ်လာတာ သတိထားမိပါတယ်။

ဘာပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွဋ်အမြတ်နေရာတစ်ခုမှာ အများအကျိုးရှိတဲ့ လုပ်ငန်းအတွက် ကူညီခွင့်ရတာ ဝမ်းသာစရာ ဘဝမှတ်တမ်းတစ်ခုပါပဲ။ လုမ္ဘိနီမြေမြတ်မှာ ဗုဒ္ဓကိုယ်တော်တိုင် ပြသပေးခဲ့တဲ့ သတိပဋ္ဌာန်တရားကို လက်ဆင့်ကမ်းပေးနေရာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ များစွာသောသူတို့ ထူးခြားမြင့်မြတ်တဲ့တရားများ ရကြပါစေ၊ လောဘ ဒေါသ မောဟစတဲ့ စိတ်ဆိုးတွေ ကင်းစင်ပြီး ဖြူစင်တဲ့စိတ်ထား နဲ့ ချမ်းသာသုခ ရကြပါစေလို့ ဆုတောင်းရင်း...။


ရိုသေစွာဦးညွတ်လျက်

ကပ္ပိယ(တောစခန်းရိပ်သာ)

http://www.dhammadownload.com

သံလွန်ကို တာရာကန်

ရန်ကုန်-ပဲခူးကားလမ်းပေါ်မှာ ရှိတဲ့ အလယ်ကျွန်း အမှတ် (၁၅၁) ကို ရောက်ရင် ညာဘက်ကို ကွေ့လိုက်တာနဲ့ အစိုးရပိုင် ရာဘာတောအုပ်ကလေးကို တွေ့ရပါပြီ။ နှစ်မိုင် နီးပါးခန့် ဖြတ်ကျော်လာရပါတယ်။ နွေရာသီမှာ အမြဲစိမ်းလန်းနေပြီး ရော်ဘာပန်းနဲ့လေးကိုလည်း ခံစားရတာမို့ စိတ်ကို ကြည်လင်သွားတာပါပဲ။ ပဏ္ဍိတာရာမရွေတောင်ကုန်းသာသနာ့ရိပ်သာဆိုတဲ့ မုခ်ဦးကို တွေ့လိုက်ကြရရင်ပဲ ရောက်ပြီလို့ အော်ပြီး ပျော်သွားတတ်ကြပါတယ်။



ဆယ်မိုင်ကုန်းတောစခန်းရိပ်သာလေး ဖြစ်လာဖို့ စိတ်ကူးသူကတော့ ဆရာတော်ဘုရားကြီးပဲ ဖြစ်ပါတယ်။ သာသနာ့မြေလှူဒါန်းသူကတော့ ဦးထွန်းသန်း၊ နှဒေါ်ခင်မြစိန် မိသားစုတို့က မိသားစုပိုင် (၁၄)ဧကကို ချက်ချင်းလှူဒါန်း ခဲ့ကြခြင်းဟာ။ (၁၄)ဧကထဲမှာ ဆည်အမှတ် (၁) ဖြစ်လာမယ့် လှိုကြီး အပါအဝင်မို့ အဆောက်အအုံများများ မဆောက်နိုင်တာနဲ့ ထပ်မံမြေတိုးချဲ့ဖို့ ကြိုးစားကြပြန်ပါတယ်။

စပြီး တောရှင်းသူများကတော့ ကိုခင်မောင်အေး၊ ကိုကောင်းစိန်နဲ့ ကိုကျော်ကြီး ဖြစ်ပါတယ်။ အဆောက်အအုံ မဆောက်ခင် ခြံစိုက်ရင်း မျှစ်ချိုး စားသောက်ရင်း စောင့်ရောက်ကြရပါတယ်။ ဦးမြသောင်း၊ ဦးစိန်ထွန်း၊ ဦးသိန်းထွန်း၊ ဒေါ်ယုယု၊ ဒေါ်ကြည်ကြည်၊ဒေါ်ခင်သန်းနွဲ့တို့အဖွဲ့က နှစ်ထပ်မမှာရုံလေးကို မြေအလယ်လောက်မှာ စတင် ဆောက်လုပ်ခဲ့ကြပါတယ်။

တောကိုချစ်သူများ : Hidden City

တစ်ပါး၊ ကျောင်း၊ နှစ်ပါး၊ ကျောင်း၊ Three Brothers, Three Sisters ကျောင်းများ ဆောက်လုပ်ခဲ့ကြပါတယ်။ ဓမ္မာရုံမျက်နှာကျက်အဖြစ် ဒေသထွက် ရေငန်ရိုးကို အသုံးပြုစေပါတယ်။ အဲဒီ ဓမ္မာရုံလေးမှာပဲ ပြည်တွင်းပြည်ပ ယောဂီများ တရားအားထုတ်ကြတာ မနည်းလှပါဘူး။

သာသနာ့မြေ တိုးချဲ့ဖို့ ဂျာမန်ဆရာတော် ဦးဝိဝေကာနန္ဒ၊ သီရိလင်္ကာဆရာတော် ဦးဓမ္မာဇီဝ၊ ဦးလှမြင့်၊ ဒေါ်ဝင်း၊ ဦးခင်မောင်ဌေး၊ ဦးခင်မောင်အေးတို့ အကြိမ်ကြိမ် ကြိုးစားခဲ့ကြရပါတယ်။ ဗိုလ်မှူးကြီး မင်းဆွေ၊ ဒေါ်မြမြမိသား၊ ဒု


http://www.dhammadownload.com

သာသနာ့စိမ်ကန်တောရှိ ကုန်း

အရာခံဗိုလ် ဝင်းမြင့်မိသား၊စုတို့က လှူဒါန်းခဲ့ကြလို့လည်း ဆည်အမှတ်(၂)ရေကန် ကြီးနဲ့ ဓမ္မာရုံတော်ကြီး တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်မှာ ဘေးပတ်ဝန်းကျင် အနှောင့်အယှက် ကင်းသော ဆိတ်ငြိမ်သောရိပ်သာ ဖြစ်ရန် ၈က(၁၀၀)အထိ တိုးချဲ့လိုပါသည်။ ဓမ္မာရုံ မ,တည် အလှူရှင် ဦးသိန်းမောင်၊ ဒေါ်ခင်လှမြင့်နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့ရာ ယခုအခါ ၈က၈၀ ရှိသွားပါပြီ။

"ဘုန်းကြီးကတော့ တောစခန်းရိပ်သာကြီးကို နန္ဒဝန် ဥယျာဉ်ကြီးနဲ့ နန္ဒာကန်ကြီးလို လှပတင့်တယ်အောင် လုပ်မယ်"လို့ ပြုံးပြီး မိန့်တော်မူတုန်းက နားထောင်ရုံ သက်သက်မျှပါပဲ။ ပုရွက်ဆိတ်ကိုက်တာကြောင့်လည်း စိတ်မဝင်စားခဲ့မိပါ။ ဆောင်ရွက်နေကြသောသူများကို ဘေးကပဲ ပံ့ပိုးပေးခဲ့မိပါတယ်။



သဒ္ဓါထက်သန်လှတဲ့ ရေသိမ်တစ်ဦးတည်း အလှူရှင် ဦးချစ်လှိုင်၊ ဒေါ်နီနီ၊ အစ်မကြီး ဒေါ်သန်း မိသားစုက ဆရာတော် ဘုရားကြီးရဲ့ စိတ်ကူးဖြစ်တဲ့ ရှစ်မြောင့်ပုံတိုက်တစ်လုံး သိမ်ကလေးကို အကောင်အထည်ဖော်ဖို့ ၃၅သိန်း လှူဒါန်း ကြတာကစပြီး တောစခန်းမှာ ညအိပ်ဆောင်ရွက်ခွင့်ရပါဆောတ့ာယ်။

စိမ်ကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသလိုပဲ ဆယ်မိုင်ကုန်း သာသနာ့စိမ်ကိန်းကိုလည်း ဆောင်ရွက်ခွင့်ပေးသော ကုသိုလ်ပေးသော ဆရာတော်ဘုရားကြီး၏ ကျေးဇူး မမေ့နိုင်တော့ပါ။

ကိုခင်မောင်အေးက ဂျာမန်ဆရာတော်၊ သီရိလင်္ကာဆရာတော်တို့နဲ့ လက်တွဲပြီး ဆည်လို့ နာမည်ပေးခံရတဲ့ ရေလှောင်ကန်(၁)ကို ပြုလုပ်ပြီးသွားပြီမို့ ဆည်(၂)(၃)(၄)ကိုပဲ ဂျာမန်ဆရာတော်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ရပါတယ်။ လုပ်ငန်းခွင်တုန်းက ဘူအိုတာ လုပ်ငန်းအတွေ့အကြုံကို သာသနာမှာ အသုံးချလိုက်ရလို့လည်း ပိုပြီး ပီတိဖြစ်မိပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ရွှင်လန်းတက်ကြွစွာ ဆောင်ရွက်တဲ့ ဂျာမန်ဆရာတော်ကိုလည်း အထူး ကြည်ညိုမိပါတယ်။

ဆည်(၂)နဲ့ (၃)ကြားမှာတော့ Greening Programmeအဖြစ် ဦးတင်မောင်ကြည်(အငြိမ်းစားညွှန်ကြီး၊ သစ်တော)က အကောင်အထည် ဖော်ပေးပါတယ်။ ကြီးထွားမှုမြန်တဲ့ မလေးရှားပိတောက်ပင်များနဲ့ နှေးတဲ့ မဟော်ဂနီ၊ မရမ်း၊ ယင်းမာ၊ ပိန္နဲတို့ကို တွဲဖက်ပြီး စိုက်ပျိုးစေပါတယ်။ အခုတော့ ရေအနက် ပေ၃၀ ရှိတဲ့ ဆည်(၂)ဘေးမှာ တောအုပ်ကလေးလို လှပစွာ ဖြစ်ပေါ်နေပါပြီ။ ဆည်(၃)ကို သွားချင်ရင်တော့ အဲဒီ တောအုပ်ကလေးကို ဖြတ်သွားကြရမှာပါ။

အရင်က ဝါးရုံပင်များသာ ထူထပ်စွာ ရှိခဲ့လို့ ဝေဠုဝန်လို့ တင်စားပြီး ခေါ်ခဲ့ကြပေမယ့် ယခုတော့ ဝါးပင်များ ကော်ထုတ်ပြီး တမာပင်၊ မလေးရှားပိတောက်ပင် စတဲ့ သစ်ပင်များ အစားထိုးပြီးနေပါပြီ။ နေပူဒဏ်ကိုတော့ ခေတ္တသည်းခံကြရပါမယ်။ ထီးဆောင်းပြီး သွားကြရပေမယ့် အေးမြတဲ့ လေအေးက အမြဲရှိနေတာမို့ ပူတယ်လို့ မထင်မိပါ။ နေထွက်ချိန် နေဝင်ချိန်နဲ့ လသာတဲ့ညများကိုတော့တောစခန်းမှာ ညအိပ်ဖူးသူတိုင်း မေ့နိုင်ကြမည် မထင်ပါ။

၅၀' x ၁၀၀'ရှိတဲ့ နှစ်ထပ်ဓမ္မာရုံကြီးကိုဆောက်လုပ် ပြီးစီးသွားတဲ့ဆည်(၂)က ရေနဲ့ပဲ ဆောက်လုပ်ခဲ့ကြရပါတယ်။ ဆောက်လုပ်ဆဲကာလမှာ ငွေကြေး မပြည့်စုံပေမယ့် သဒ္ဓါထက်သန်လှတဲ့ အမေ ဒေါ်ခင်လှမြင့်အား၊ကိုးနဲ့ ဆောင်ရွက်နိုင်ခဲ့ခြင်းပါ။ မတည်ငွေ ၁၃၈သိန်း အပါအဝင် သိန်း ၃၀၀ ကျော် ကုန်ကျခဲ့ပါတယ်။

၁၉၉၈ခုနှစ် နိုဝင်ဘာလမှာ ရက်ပေါင်း ၇၀ တရားစခန်းကို ပထမအကြိမ် ဖွင့်လှစ်မှာမို့ ယောဂီ ၁၀၀နေနိုင်ရေးအတွက် တစ်ပါး၊ဆောင်၊ နှစ်ပါး၊ဆောင်များကို အိမ်သာ၊ ရေချိုးခန်း တွဲပြီး ဆောက်ကြရပါတယ်။ ရွှေတောင်ကုန်းက အမျိုးသမီးယောဂီဆောင် ဟောင်းကြီးကိုလည်း မူရင်းပုံစံ

http://www.dhammadownload.com



မပျက်ဘဲ ဆောင်ရွက်နိုင်ခဲ့လို့ နှစ်စဉ်နွေရာသီ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းသူ သိက္ခာရှင်များနှင့် သက်ဦးယောဂီများအတွက် အသုံးပြုနိုင်ခဲ့ပါပြီ။

အုတ်ကျောင်းများ၊ သစ်သားကျောင်းများကိုလည်း ဆရာတော်ဘုရားကြီးက ပါဠိစကားလုံးကို ရင်းနှီးစေဖို့ ပါဠိနာမည်လေးတွေပေးထားပါတယ်။

ရက်ပေါင်း (၇၀) တရားစခန်းမှာ ဆရာတော်ဘုရား ကြီး သီတင်းသုံးဖို့ လိုနေတဲ့ပဓာနကျောင်းဆောင်လို လှူဒါန်းသူကတော့ ရွှေတောင်ကုန်းက အာဂန္တုမထေရ်တော်ကို တွဲဖက်လှူဒါန်းခဲ့တဲ့ ဦးမင်းလွင် (အငြိမ်းစားဗိုလ်မှူးကြီး)၊ ဒေါ်တင်ကြည် (ခ) ဒေါ်သက်ရှည် မိသားစုတို့ပဲ ဖြစ်ပါတယ်။ လှူဒါန်းငွေ ၁၀၈ သိန်းကို ကျေးဇူးရှင်မိဘများ သင်ပေးခဲ့တဲ့ ပညာလေးနဲ့ ဖြည့်စွက်ပြီး ကုသိုလ်ယူခဲ့ပါတယ်။

ဒါ့အပြင် အမြော်အမြင်ကြီးမားလှတဲ့ ဆရာတော်ဘုရားကြီးက ဓမ္မာရုံနဲ့ အမျိုးသမီးဘက်ခြမ်း ဆက်သွယ်မှုကို ၇၇၀ ပေ ရှည်လျားပြီး အမိုးပါပြီး ခိုင်ခံ့တဲ့ ဝင်းတံတားကြီးနဲ့ ဖြည့်စွက်လိုက်တာမို့ နေပူပူ မိုးရွာရွာ မပင်ပန်းဘဲ အမှတ်သတိလေးနဲ့ သွားနိုင်ကြပါပြီ။ အမှတ်မပါတဲ့ စည်သည်အဖို့မှာတော့ ဦးပိန်တံတားကြီးလို အရှည်ကြီးပဲလို့ ပြောရင်း စိုက်ခင်းများကို တွေ့မြင်ကြရမှာပါ။ ပဲတောင့်ရှည်၊ ဘူးပင်၊ ရုံးပတီ၊ ကြက်ဟင်းခါးပင် စသဖြင့်ပေါ့လေ။

ဆရာတော် ဦးဇဋိလက ဂိတ (၁) ဘေး မြေလွတ်မှာလည်း သဘော်၊ ငှက်ပျော၊ ဘူး၊ မြင်းခွာရွက်၊ ငရုတ်ပင်၊ ခရမ်းပင်တို့လည်း ထပ်စိုက်ဖို့ စီမံပါသေးကယ်။ စိုက်ပျိုးရေးကို စိတ်မဝင်စားပေမယ့် အခုတော့ စိတ်ဝင်စားသွားပြီလို့လည်း ပြောပါတယ်။ ယိုးဒယားဒူးရင်း၊ ယိုးဒယားအစိမ်းစား သရက်၊ ဒညင်း၊ ဖီးခြမ်း၊ ရွှေငှက်ပျော၊ ဝက်ငှက်ပျော၊ ကင်မွန်းချဉ်တို့ကို ရာချီစိုက်ထားပြီးမို့ ရွှေတောင်ကုန်း ဓမ္မမိသားစုများပါ ဖြန့်ဖြူးနိုင်မယ်လို့ ထင်ပါတယ်။

ပဓာနကျောင်းအပြင် နာယကကျောင်းများကို လှူဒါန်းသူများကတော့ ဦးရွှေလန်း၊ ဒေါ်ဒေါ်အုန်း မိသားစု၊ ဦးအောင်တင်၊ဒေါ်ခင်စောမိသားစုနဲ့ စင်ကာပူနေ ဒေးဗစ်ချောင်မိသားစုတို့ပဲ ဖြစ်ပါတယ်။ နာယကကျောင်း သုံးကျောင်းစလုံးမှာ ရေချိုးခန်း၊ကုဋီအပါအဝင်နှင့် ပိဋကတ်သုံးပုံ၊ အဋ္ဌကထာများ၊ ဋီကာများ စသည့် ကျမ်းစာများကိုပါ ပြည့်စုံစွာ လှူဒါန်းထားကြပါတယ်။

၁၉၉၇ ခုနှစ်မှာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ယာယီတဲထိုးပြီး ဖွင့်လှစ်ခဲ့ကြပါတယ်။ ဒုတိယအကြိမ်မှာလည်း တဲကြီးကိုပဲ ဆက်လက် အသုံးပြုခဲ့ကြပါတယ်။ ၁၉၉၉ ခုနှစ်မှာတော့ နှစ်ထပ်ယဉ်ကျေးမှုဝင်တန်းဆောင်ကြီးကို ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးနှင့် ဒေါက်တာ မောင်ရိုန်၊ ဒေါ်လေးသက် မိသားစုတို့က လှူဒါန်းခြင်း ဖြစ်ပါတယ်။

ဒေါက်တာ ဦးမောင်ရိုန်ကတော့ နှစ်စဉ် ကျန်းမာသန့်ရှင်းအဖွဲ့ကို ဦးဆောင်ပြီး ဝေယျာဝစ္စကုသိုလ်ကို ယူလေ့ရှိပါတယ်။ သင်တန်းကာလမှာ ဒေါက်တာ အောင်မျိုးသန့်တို့အဖွဲ့ကလည်း သွားနှတ် သွားဖာ စတဲ့ သွားစစ်ဆေးမှုများ နှစ်စဉ် ပြုလုပ်ပေးခဲ့ကြပါတယ်။

မှန်ကျောင်းလေးကို ဆရာတော်ဘုရားကြီးက ရှုခင်းသာလို့ အမည်ပေးထားပါတယ်။ ဆည် (၁) ရေကန်ဘက်ကို ကြည့်လိုက်ရင် ကြည့်ပြောရောင်ရေများကိုတွေ့ရပြီး လေကောင်းလေသန့်လည်း ရတယ်လေ။ စိတ်ကို ကြည်လင်လန်းဆန်းသွားစေလို့ ရှုခင်းသာလို့ ခေါ်ကြပါတဲ့။ ဆရာတော်ဘုရားကြီး မ,တည်ပြီး စုပေါင်းလှူဒါန်းခြင်း ဖြစ်ပါတယ်။ ယခင်က ယာယီဆွမ်းကျောင်းအဖြစ် အသုံးပြုခဲ့ပေမယ့် ယခုတော့

http://www.dhammadownload.com

သံသနာ့ကိုယ်တော်ရာကွန်း

ဆရာတော်ဘုရားကြီးရဲ့ သာသနာလုပ်ငန်း ဆောင်ရွက်ချက်တွေကို အဲ့ဒြစ္စာ တွေ့ကြရတာမို့ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာလေးကို Hidden City လို့ နာမည်ပေးတာ မလွန်ပါဘူးတဲ့။

ဆွမ်းရေစက်ချနေရာနဲ့ ဝေယျာဝစ္စကပ္ပိယများအတွက် စုပေါင်းတရားထိုင်ရာနေရာ ဖြစ်နေပါပြီ။

ဝိဿမဌာနဆိုတာ အနားယူရာနေရာပါတဲ့။ ကားပေါက ဆင်းတာနဲ့ ပူပြင်းတဲ့နေဒဏ်ကို ကာကွယ်ဖို့ ရည်ရွယ်ပါတယ်။ ရက်ပေါင်း(၇၀)တရားစခန်းတုန်းက အရေးပေါဆွမ်းစားကျောင်းလေး ဖြစ်သွားပါတယ်။ အခုတော့ မော်တော်ကား နှစ်စီးအပြင် ဦးရွှေမြ၊ ဒေါနုန၊ သမီး-စုစုလဲ့ ရည်တို့ လှူဒါန်းထားတဲ့ ဝဝ၇ ထွေလာဂျီလေးကိုလည်း အမိုးအောက်မှာ ထားလို့ ရနေပါပြီ။

မြတ်စွာဘုရားကျောင်းတော်ကိုတော့ ဓမ္မာရုံဘက်ခြမ်းမှာ ဆောက်မှာဖြစ်ပါတယ်။ ရှေ့နေဒေါခင်ကြည်က ၂၂သိန်းကျော် လှူဒါန်းပြီး ဖြစ်ပေမယ့်လည်း ဦးစားပေး လုပ်ငန်းများ ဆောင်ရွက်နေရ၍ ကြန့်ကြာခြင်း ဖြစ်ပါတယ်။ ဒီနှစ်တော့ အပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။

လိုအပ်နေတဲ့ ဆေးပေးခန်းကို ဖြည့်စွက်သူကတော့ ဒေါလွင်ကျော့(သား)ဦးမောင်ကောင်း၊ ဒေါခင်ခင်တို့ပဲ ဖြစ်ပါတယ်။ သီးသန့်တရားစစ်ဆောင်လေးကိုလည်း ဓမ္မာရုံကြီးရှေ့တည့်တည့်မှာ တည်ဆောက်မှာ ဖြစ်ပါတယ်။ တစ်ဦးတည်းအလှူရှင်ကတော့ ဦးမောင်မောင်၊ ဒေါအေး၊ ကိုထွန်းသိန်း၊ မနီလာမိသားစုတို့ ဖြစ်ကြပါတယ်။

ဆောက်လုပ်ဆဲ ဆွမ်းစားကျောင်းပုံစံ'ကိုလည်း ရှစ်မြောင့်ပုံပဲ ဆောက်ပါလို့ ဆရာတော်ကြီးက အမိန့်ရှိပါတယ်။ ဗိသုကာ ဒေါနုနဲ့ အမေရိကန်ဗိသုကာ Hueတို့က ပုံစံထုတ်ကြပြီး အင်ဂျင်နီယာ ဦးစန်းကြူရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ကြခြင်း ဖြစ်ပါတယ်။ သဒ္ဓမ္မဖောင်ဒေးရှင်းအဖွဲ့ က မ,တည်ပြီး စုပေါင်းလှူဒါန်းကြပါတယ်။

ရှစ်ထပ်ဆွမ်းစားကျောင်းနဲ့ နှစ်ထပ် ဆွမ်းချက်ဆောင်တို့ကို ရှေးရှေးတုန်းကချိန်ဘီးပါတဲ့ နာရီပုံစံအတိုင်း ဆောက်လုပ်ကြခြင်းပါ။ ခေတ်မီ လျှပ်စစ်မီးဖိုများ၊ ပေါင်းအိုးများနဲ့ ဂက်စ်မီးဖိုများ အသုံးပြုမှာ ဖြစ်ပါတယ်။ ယောဂီ၊ ဧည့်သည် ၆၀၀ဦးခန့် တစ်ပြိုင်နက် စားနိုင်မှာ ဖြစ်ပါတယ်။

ဆွမ်းစားကျောင်း တာဝန်ခံများကတော့ စစ္စတာ ဒေါလှမြင့်၊ ဒေါစောယဉ်ဝင်း၊ ဒေါကြည်ဝင်း၊ ဒေါတင်မြင့်တို့က အလှည့်ကျစီဆောင်ရွက်သွားကြပါယ်။ ပင်တိုင် ဆွမ်းအလှူရှင်များ၊ လစဉ်ဆွမ်းအလှူရှင်များ ရာသက်ပန် ဆွမ်းအလှူရှင်များရဲ့ ကောင်းမှုကြောင့် ဆွမ်းကွမ်း ပြေလည်နေပါတယ်။

ဆယ်မိုင်ကုန်းရိပ်သာမှာ လစဉ် ယောဂီဦးရေ(၅၅)ဦး ရှိပါတယ်။ နှစ်စဉ် သင်္ကြန်ယောဂီ ၃၀၀ဦး အား ထုတ်လျက် ရှိပါတယ်။ ယောဂီ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တာဝန်ကိုတော့ ရွှေဘိုဆရာတော်၊ သာမဏေကျော် ဆရာတော်နဲ့ ဦးဇင်္ဂလာတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြပါတယ်။ ဆရာတော်ဘုရားကြီး၏ တစ်ဘဝတာခရီးကိုလည်း သာမဏေကျော်ဆရာတော်က တောကျောင်းမှာပဲ ပြုစုခဲ့ပါတယ်။

ရေမီး အဆင်ပြေစေဖို့ ကြောင့်ကြစိုက်ကြရပါတယ်။ လျှပ်စစ်မီး ရရှိရေးအတွက် ပဲခူးတိုင်း လျှပ်စစ်အင်ဂျင်နီယာဦးဌေးမြင့်၊ ဒေါစန်းရီတို့၏ ကူညီမှုကြောင့် ၁၉၉၆ခုနှစ်က စပြီး 100 KVA ထရန်စဖော်မာ တပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနှစ်တော့ ၂၄နာရီ အချိန်ပြည့် မီးရပြီမို့ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နဲ့ Freezer တို့ကိုလည်း အသုံးပြုနေပါပြီ။

တောကျောင်း ဝေယျာဝစ္စများကတော့ ဆိုက်စုံလို့ပဲ ပြောရမလို ဖြစ်နေပါတယ်။ အသက် ၇နှစ်ကနေ ၅၀နှစ်အထိ ရှိကြတာမို့ ကပ္ပိယအသေးလေးတွေကို ကျယ်ပြန့်တဲ့ တောစခန်းမှာကယ်ရိယာအဖြစ် အသုံးပြုကြရပါတယ်။ စောစောထပြီး ဆွမ်းကျောင်းမှာလည်း ဝိုင်းကူကြသေးတယ်။ ကျောင်းပိတ်ချိန်မှာ အချိန်ပြည့် လုပ်အားပေးကြပြီး ကျောင်းဖွင့်ချိန်မှာတော့ စနေ၊ တနင်္ဂနွေ နှစ်ရက် ပေးကြပြန်ပါတယ်။

တစ်နေကုန် ပင်ပန်းကြပေမယ့် ဘုရားရှေ့က ခြေသံ့ကြီးတွေလို မဖြစ်ချင်ကြလို့ ဆရာတော် ဦးဇင်္ဂလ ဦးဆောင်ပြီး ညစဉ် တစ်နာရီ တရားမှတ်ကြရပါတယ်။ တရားဖြတ်ပြီးရင်တော့ အသံကောင်းလှတဲ့ ကျော်ကြီး ခေါင်းဆောင်ပြီး မေတ္တာပို့ အမျှဝေကြသံကို ဓမ္မာရုံကတောင် ကြားကြရတယ်ဆိုပါတယ်။

ရိပ်သာအပြင်ဘက်ကကြည့်ရင် ဖြူဖွေးတဲ့ အုတ်တံတိုင်းကိုပဲ တွေ့မြင်ကြရပါတယ်။ ရိပ်သာဝင်းထဲရောက်မှ ဆည်အမှတ်(၁)နဲ့ အဆောက်အအုံတွေကို မထင်မှတ်ဘဲ တွေ့ကြရတယ်လေ။ အဆောက်အအုံပေါင်း ရာချီရှိမယ်လို့ မထင်ရဘူးတဲ့။

သိမ်က တစ်ဆင့် ကုန်းစောင်းကိုကြည့်၊ ဓမ္မာရုံဘက်ကြည့်ရင်းနဲ့ ဝင်းတံတားကြီးကိုဖြတ်၊ အမျိုးသမီးဘက်ခြမ်းကို ကြည့်ပြီး နောက်ဆုံးမှ ဆွမ်းစားကျောင်းကို ကြည့်ဖြစ်ကြတယ်လေ။ ဆရာတော်ဘုရားကြီးရဲ့ သာသနာလုပ်ငန်းဆောင်ရွက်ချက်တွေကို အဲ့ဒြစ္စာ တွေ့ကြရတာမို့ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာလေးကို Hidden City လို့ နာမည်ပေးတာ မလွန်ပါဘူးတဲ့။■

တောကို ချစ်သူများ

http://www.dhammadownload.com

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ



ဖြစ်ပေါ်လာပုံ

ဒေါ်အဝိန်

ထိုစဉ်က ဆရာတော် ဦးပဏ္ဍိတာ ဘိဝံသမှာ မဟာစည် သာသနာ့ရိပ်သာတွင် နာယက ဆရာတော်အဖြစ်ဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် ခိုလှုံနေဆဲ ဖြစ်သည်။

၁၉၈၂ခုနှစ်တွင် မဟာစည် ဆရာတော်ဘုရားကြီးက ဆရာတော် ဦးပဏ္ဍိတအား အမေရိကသို့ စေလွှတ်ခဲ့သည်။ သွားအံ့ဟု ပြင်ဆင်နေဆဲ မမျှော်လင့်ဘဲ မဟာစည် ဆရာတော်ဘုရားကြီး ရုတ်တရက် ပျံလွန်တော်မူခဲ့သည်။

ထို့ကြောင့် ပင် ဆရာတော် ဦးပဏ္ဍိတာဘိဝံသသည် ထိုခရီးစဉ်ကို ဖျက်ခဲ့ရသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၉၈၂ခု၊ သြဂုတ်လ ၁၄ ရက်တွင် ပျံလွန်တော်မူရာ အလောင်းတော်ကို ၇ ရက်ထား၍ ဆုံးဖြတ်ကြပြီး စာပနကိစ္စဖြင့် အလုပ်များခဲ့ကြသည်။

အဆိုမစ္စာပန ပြီးဆုံးပြီးနောက် ၂၂-၈-၈၂နေ့တွင် နာယကဆရာတော် ဦးသုဇာတ ပျံလွန်တော်မူပြန်သဖြင့် ဆရာတော် ဦးပဏ္ဍိတာဘိဝံသအား တစ်ပါးတည်းသော သြဝါဒါစရိယအဖြစ် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တင်မြှောက်ကိုးကွယ်ခဲ့ကြသည်။

ဆရာတော်မှာ ထိုမျှကြီးကျယ်သော တာဝန်ကို မလွှဲမရှောင်သာဘဲ သုံးနှစ်မျှ စမ်းကြည့်ပါမည်ဟု ဝန်ခံကာ လက်ခံခဲ့ရသည်။

စွမ်းအားရှိသမျှ ရုန်းကန်ရင်း အခြေအနေ အတော်တည်ငြိမ်မှု ရရှိလာသောအခါ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်က ပေးအပ်ခဲ့သော တာဝန်ကို ဦးလည်မသုန် ဆောင်ရွက်လို

http://www.dhammadownload.com



ချက်ဖြင့်လည်းကောင်း၊ ဆရာတော်ဘုရားကြီး စတင်ပျိုးခဲ့သော သာသနာ့ပျိုးပင်ငယ်များ ရှင်သန်ကြီးထွားလာအောင် မြေတောင်မြောက်ပေးရန် မိမိ၌ တာဝန်ကျရောက်လာပြီ ဟူသော ခံယူချက်ဖြင့်လည်းကောင်း၊ ပြည်ပယောဂီများ၏ မိမိစွမ်းဆောင်မှုနှင့်စပ်သည့် ဓမ္မဆန္ဒကို တတ်နိုင်သမျှ ဖြည့်စွက်လိုချက်ဖြင့် လည်းကောင်း၊ ပြည်ပနိုင်ငံတွင် အကြောင်းအာလော်စွာ ရောက်နေကြသော မြန်မာတိုင်းဖွား ဗုဒ္ဓဘာသာဝင်များအတွက် ကိုယ်ပိုင်ယဉ်ကျေးမှုဗုဒ္ဓယဉ်ကျေးမှု ဆက်လက်ရှင်သန်ကြီးထွားလာစေရန် လိုအပ်ချက်ဖြင့် လည်းကောင်း ဆရာတော် ဦးပဏ္ဍိတာဘိဝံသသည် ၁၉၈၄ ခုနှစ်တွင် အမေရိကနိုင်ငံသို့ (ပထမအကြိမ်) မိမိကိုယ်တိုင် ဦးဆောင်ကာ ဓမ္မဒူတခရီး ကြွတော်မူခဲ့သည်။

ထိုအချိန်တွင် အမေရိကသို့ရောက်ရှိနေသော ကျောင်းအစ်မကြီး ဒေါ်နီမိသားစုက စောင့်မျော်တွေ့ရှိကာ ကွယ်လွန်လေသော ဒကာကြီး ဦးသာထွန်းအောင်၏ ဆန္ဒအရ (ယခု ပဏ္ဍိတာရာမကျောင်းတိုက်ဖြစ်နေသော) မိမိတို့ပိုင် အမှတ် ၈၀/က၊ သံလွင်လမ်းရှိ ခြံဝင်းနှင့် အိမ်ကြီးကို ပရိယတ်နှင့် ပဋိပတ်သာသနာပြုရန် ဩဝါဒါစရိယဆရာတော် ဦးပဏ္ဍိတာဘိဝံသအား လှူဒါန်းလိုပါသည်ဟု နှုတ်အားဖြင့် လျှောက်ထားခဲ့ပါသည်။ ထို့နောက် ကျောင်းအစ်မကြီး ဒေါ်နီ က နယူးယောက် မြန်မာဘုရားကျောင်းတွင် မိမိ၏ မြေးများ ရှင်ပြုမင်္ဂလာပွဲ၌ တရားဝင် လှူဒါန်းခဲ့သည်။

(၁၆-၂-၈၅)နေ့စွဲဖြင့် ဆရာတော်ထံ စာရေးလျှောက်ထားပြန်သည်မှာ (၁၉၈၄)ခုနှစ်က မိမိတို့ပိုင် ခြံမြေနှင့် အိမ်ကြီးကို လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် အခိုင်အမာ အထောက်အထား ဖြစ်စေရန် စာဖြင့် လက်မှတ်ရေးထိုး၍ အပြီးအပိုင် ထပ်မံ လှူဒါန်းအပ်ပါသည်ဘုရား ဟူ၍ အောက်တွင် သား-နှစ်ဦးနှင့်သမီး-ပါ လက်မှတ်ရေးထိုးထားပြီး လှူဒါန်းပြန်ပါသည်။

၎င်းစာထဲတွင် (ယင်းခြံမြေနှင့် အိမ်ကြီးကို ပြန်လည်ရောင်းချခြင်း၊ ငှားရမ်း၍ အခယူခြင်း စသည့် ကိစ္စများ ပြုလုပ်ခြင်းကိုတော့ တပည့်တော်မ လုံးဝ မဖြစ်စေလိုပါဘုရား)ဟု လည်း ထည့်သွင်းရေးသားထားပါသည်။

နောက်တစ်ဖန် (၁၀-၄-၈၅)နေ့စွဲဖြင့် ဒေါ်နီထံမှ ဆရာတော်ထံ ယင်းခြံမြေနှင့်အိမ်ကို ကျေးဇူးရှင်ဆရာတော် ဦးပဏ္ဍိတာဘိဝံသအား ပရိယတ်နှင့် ပဋိပတ် အားထုတ်နိုင်ရန် သံဃိကအဖြစ် လှူဒါန်းစာကို ဆရာတော်ဘုရားအား ဆက်ကပ်ပေးပို့လိုက်ပါသည်။ မိတ္တူကို အောက်ပါပုဂ္ဂိုလ်များထံပါ ပေးပို့ထားပါသည်ဟု ရေးသားလျှောက်ထားပြန်ပါသည်။

မိတ္တူကို-

၁။ ဆရာတော်ဦးဣန္ဒက
အမေရိကန် မြန်မာဗုဒ္ဓဘာသာအသင်း၊
နယူးယောက်မြို့။

၂။ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး
သံဃာ့မဟာနာယကအဖွဲ့ချုပ်၊
ကမ္ပာအေးကုန်းမြေ၊
ရန်ကုန်။

http://www.dhammadownload.com



၃။ ဦးလှကြိုင်
ဒုတိယဥက္ကဋ္ဌ၊
ဗုဒ္ဓသာသနာ့နဂရဟအဖွဲ့.ချုပ်၊
မဟာစည်သာသနာ့ရိပ်သာ၊
ရန်ကုန်။

၄။ ဦးသန်းမောင်
(ဒေါ်နီ၏ ကိုယ်စားလှယ်)၊
အမှတ်(၁၀)၊ အင်းယားမြို့ငယ်လမ်း၊
ရန်ကုန်။

ထိုကဲ့သို့ ဒေါ်နီထံမှ စာအတန်တန် ပေးပို့ခဲ့သော်လည်း ဆရာတော်ဦးပဏ္ဍိတမှာ သြဝါဒိစရိယအနေဖြင့် ကြီးလေးလှသော ရိပ်သာကြီး၏ တာဝန်၊ မြန်မာတစ်ပြည်လုံးမှ ရိပ်သာခွဲများ တာဝန်၊ နိုင်ငံခြားများ၏ သာသနာရေး တာဝန်၊ နိုင်ငံခြားယောဂီများအား တရား စစ် တရားဟောသော တာဝန် စသည်တို့ကို မအား မလပ်ရအောင် ဆောင်ရွက်နေရသည်က တစ်ကြောင်း၊ မိမိကိုယ်တိုင် ယင်းခြေမြေအိမ်ကြီးနှင့် စပ်လျဉ်းသည့်ကိစ္စကို ဆောင်ရွက်ရန် ဝန်လေးလှသည်က တစ်ကြောင်း တို့ကြောင့် ဒေါ်နီ၏ ကျောင်းအလှူကိစ္စကို အဖွဲ့.မှ လူကြီးနှစ်ဦးအား ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် တာဝန်ပေးပြီး ခပ်အေးအေးပင် နေခဲ့ပါသည်။ အခြားမှ ကျောင်းနှင့်ခြံမြေ စသည်တို့ လာရောက်လှူဒါန်းကြသည်ကိုလည်း လက်မခံခဲ့ပေ။

ထိုကဲ့သို့ ဆရာတော်ဦးပဏ္ဍိတာဘိဝံသသည် သြဝါဒိစရိယအဖြစ် ဆောင်ရွက်နေစဉ် မဟာစည်ရိပ်သာကြီးမှာ အဲ့သြလောက်အောင် တစ်နေ့တစ်ခြား ဒီရေအလား ကဲ့သို့ တိုးတက်လာခဲ့သည်ကို အားလုံး မျက်မြင်ယိုယိတွေ့. သိရှိကြ.ပြီးဖြစ်ပါသည်။


ဆို့သော် အချိန်ငါးနှစ် ကျော်လွန်လာသောအခါ (မာရ်နတ် ဝင်နောက်လေသလား) ပုထုဇဉ်တို့၏စိတ်မှာ ဖောက်ပြန်တတ်သည့်အားလျော်စွာ ဗုဒ္ဓသာသနာ့နဂရဟအဖွဲ့.မှ လူကြီးအချို့.က ဆရာတော်အပေါ် အမြင်လွဲလာခဲ့ကြသည်။ အကြည်ညိုလျော့လာခဲ့ကြသည်၌၊ တစ်နေ့.တစ်ခြား ပိုဆိုးလာခဲ့ကြသည်။ ထို့ကြောင့် မိမိတို့နှင့် အလျဉ်းသင့်မည့် သြဝါဒိစရိယအသစ်ကို ရှာမှီးလို့လာကြသည်။

ထို့ကြောင့် အကြံယူကာ သြဝါဒိစရိယ ဆရာတော် (၃)ပါး တင်မြှောက်ရန်၊ နာယက(၁၀)ပါးကို အလှည့်ကျ ရွေးချယ်တင်မြှောက်ရန်ဟူသော စည်းမျဉ်းအသစ်များဆွဲကာ သံဃာ့အစည်းဝေးဌာန အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ နာယက တစ်ပါး၏ သက်တမ်းမှာ တစ်နှစ်သာဖြစ်၍ တစ်နှစ်ပြည့်က မိမိကျောင်းသို့ပြန်ရမည်။

သြဝါဒိစရိယ ဆရာတော်၏ သက်တမ်းမှာ သုံးနှစ်ဖြစ်၍ သုံးနှစ်ပြည့်က မိမိကျောင်းသို့ ပြန်ရမည်၊ သို့သော် သြဝါဒိစရိယဆရာတော် ဦးပဏ္ဍိတာဘိဝံသမှာ ထိုအချိန်အထိ ကိုယ်ပိုင်ကျောင်း မရှိသေးပါ။

ထို့ကြောင့် ဆရာတော်တွင် ကိုယ်ပိုင်ကျောင်း လိုလာပြီ ဟူသောအချက်ကို ဆရာတော်နှင့်တကွ ဆရာတော်အားကြည်ညိုကြကုန်သော တပည့်၊ ဒကာ၊ ဒကာမများက သိမြင်လာကြသည်။ ဗုဒ္ဓသာသနာတော်အတွက် ကြီးမားသော ရည်

http://www.dhammadownload.com



ရွယ်ချက်များဖြင့် ဆောင်ရွက်လိုသော ဆရာတော်မှာ (လူ့အဖွဲ့အစည်း၏ လမ်းညွှန်မှုအောက်တွင်) ဆောင်ရွက်ရခြင်းဖြင့် မိမိ၏ ရည်မှန်းချက်အောင်မြင်နိုင်မည် မဟုတ်သည်ကိုလည်း တွေ့မြင်လာပေသည်။

ဆရာတော်နှင့် ရင်းနှီးသောဒကာ ဒကာမများက ဝင်ဒါမိယာတွင် ဆရာတော်အား လှူထားသော ကျောင်းရှိသည်ကို သိကြသည်။

သို့သော် ထိုခြံမြေနှင့်အိမ်မှာ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနမှ ငှားရမ်းသုံးစွဲ နေသည်ကတစ်ကြောင်း၊ ရိပ်သာ ဖွင့်ရန် ထိုခြံမြေမှာ ကျဉ်းမြောင်းနေသည်ကတစ်ကြောင်းတို့ကြောင့် ဆရာတော် နိုင်ငံခြားသို့ ဓမ္မဒူတခရီး ကြွနေစဉ် အတွင်းတပည့်၊ ဒကာ၊ဒကာမ တစ်ချို့က ဆရာတော့် ကျောင်း နေရာအတွက် နေရာအနှံ့လိုက်လံရှာဖွေနေခဲ့ကြသည်။

သို့သော် စိတ်တိုင်းကျ မြေနေရာ မတွေ့ရှိသေးမီ ဦးသာထွန်းအောင်နှင့် ဒေါ်နီတို့ပိုင် အမှတ်(၈၀/က)၊ သံလွင်လမ်းရှိ ဤအိမ်ကြီးနှင့် ခြံမြေကို ငှားရမ်းထားသော ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနမှ နှစ်စေ့သဖြင့် ဒေါ်နီ၏ ကိုယ်စားလှယ်ဖြစ်သူ ဦးသန်းမောင်အား (၂၀-၇-၉၀)နေ့က ပြန်လည်ပေးအပ်ခဲ့သဖြင့် ဒေါ်နီ၏ညွှန် ကြားချက်အရ ဦးသန်းမောင်က ထိုနေ့မှာပင် ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ ကိုယ်စားထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ လက်သို့ လွှဲပြောင်း လှူဒါန်းပေးခဲ့သည်။

ဤကိစ္စမျာ းကို ဆောင်ရွက်နိုင်ရန် လူဦးရေ အနည်းငယ်မျှဖြင့် ထေရဝါဒ

http://www.dhammadownload.com

[redacted]



ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ ကို (၃၁-၃-၉၀)နေ့က အဆောတလျင် စတင် ဖွဲ့စည်းထားခဲ့ကြခြင်းဖြစ်ပါသည်။

အမှတ် (၈၀/က)၊ သံလွင်လမ်းရှိ တိုက်ကြီးမှာ ပြုပြင်မွမ်းမံရန်လိုအပ်ပါသဖြင့် (၂၆-၇-၉၀)နေ့တွင် သာသနာ့မိခင်ကြီး အမေသန်း၏ ဩဝါဒါစရိယဆရာတော်ဘုရား သာသနာပြုကိစ္စအတွက် လို အပ်သင့်တော်သလို အသုံးပြုရန် လှူထားသော အလှူငွေမှ ပထမအရစ်အနေဖြင့် ငွေကျပ်တစ်သိန်း ထုတ်ယူပြီး ပြုပြင်ခဲ့ကြပါသည်။

ဆရာတော်၏ သာသနာ့ကိစ္စအတွက် ရန်ကုန်တစ် ဝိုက်တွင် ကျောင်းနေရာ ရရှိရေးကို အပူတပြင်း လိုက်လံရှာဖွေနေသူမှာသံဃာတော်များအနက် နာယက ဆရာတော် ဦးသာသန(ဓေယျဝတီ ဆရာတော်) ဖြစ်ပါသည်။

ဦးသာသနသည် ထိုသို့ ရှာဖွေနေဆဲ သက်န်း ကျွန်း မြို့နယ်၊ ၉/တောင်ရပ် ကွက်ရှိ ကဲ့ကော်မြိုင်ကျောင်း ကို မိမိအတွက် အလှူခံရရှိ ခဲ့ပါသည်။ ၎င်းတွင်ပါသော မူလကျောင်းမှာ အလျား ၄၀' x ၂၀' ဖြစ်ပါသည်။ ဆရာတော်အတွက် ကျောင်းနေရာ အဆင်မပြေမီ ဓေယျဝတီ ဆရာတော်က သူ၏ကဲ့ကော်မြိုင်ကျောင်းတွင်ပင် ဆရာတော်အား အနားယူ သီတင်းသုံးစေလိုသည်။

သို့သော် မူလကျောင်းမှာ ကျဉ်းမြောင်းနေသဖြင့် အပေါ်ထပ်၊ အောက်ထပ်ကျောင်းကို နှစ်ဆချဲ့လိုက်ပြီး ရေချိုးခန်း၊ အိမ်သာပါတွဲ၍ပြုပြင်လိုက်သည်။ ရန်ကုန်က ဒကာ၊ ဒကာမများကပါ ဝိုင်းဝန်းကူညီကြသည်။ ဆရာတော် အတွက် အဆင်ပြေသော နေရာထိုင်ခင်း ဖြစ်လာခဲ့သည်။

၁၃၅၂-ခု၊ ဝါခေါင် လဆန်း ၁၄-ရက် (၄-၈-၉၀) စနေနေ့တွင် ဩဝါဒါစရိယ ဆရာတော်သည် အင်္ဂလန်နိုင်ငံ ဓမ္မဒူတခရီးမှ

http://www.dhammadownload.com



ပြန်လည် ရောက်ရှိလာရာ လေဆိပ်မှ မဟာစည် သာသနာ့ရိပ်သာသို့ တိုက်ရိုက် ကြွသွားပြီး သြဝါဒါစရိယ ပုသိမ် ဆရာတော်ဘုရားအား ရှေးဦးစွာ ကန်တော့ပါသည်။

ထိုအချိန်တွင် နာယကဆရာတော် ဦးသာသနက ဆရာတော်ဘုရားအား မိမိအား ချီးမြှင့်သောအနေဖြင့် မိမိ အလှူခံရရှိထားသော သယ်န်းကျန်း၊ ကုံကော်မြိုင်ရိပ်သာ၌ အနားယူ သီတင်းသုံး ဝါကပ်တော်မူပါရန်အလိုငှာ ပင့်ဆောင်သွားခွင့်ပြုပါရန် ပုသိမ်ဆရာတော်အားလျှောက်ထားပါသည်။ ထိုသို့ ဝိနည်းတော်နှင့်အညီ လျှောက်ထားခွင့်ပန်ပြီး ဆရာတော်သည် ကုံကော်မြိုင်ရိပ်သာသို့ လိုက်ပါသွားခဲ့ပါသည်။

ဆရာတော် ပြန်လည်ရောက်ရှိပြီး နောက်တစ်နေ့ ၁၃၅၂-ခု၊ ဝါခေါင်လပြည့်နေ့(၅-၈-၉၀)တွင် ဒကာမကြီး အမေသန်းက ကြီးမှူးပြီး ဒကာ၊ ဒကာမအပေါင်းက အမှတ် (၈၀/က)၊ သံလွင်လမ်းရှိ ဤအိမ်ကြီးတွင် ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲမင်္ဂလာကို ရပ်ကွက်၊ မြို့နယ်နှင့် တိုင်းသံဃာ့နာယက ဆရာတော်ကြီးများအား (၃၁)ပါး ပင့်ဖိတ်ပြီး ဆင်ယင်ကျင်းပခဲ့ပါသည်။ ဆွမ်းကပ်လှူ ကျွေးမွေးခြင်းကို အမေသန်း၏တူ ဦးတင်အောင်၊ ဒေါ်စိန်စိန်မိသားစုက ကုသိုလ်ပြုကြပါသည်။

ဤသည်ကိုပင် သြဝါဒါစရိယဆရာတော်က ဤအိမ်ကြီးနှင့် ခြံမြေကို အလှူဒါယိကာမ ဒေါ်နီ၏ ဆန္ဒအရ ဆောင်ရွက်ပေးရန် သဘောတူလက်ခံလိုက်သည့် အထိမ်းအမှတ်ပင် ဖြစ်ပါတော့သည်။ ဆရာတော်အဖို့ ဤခြံနှင့် ဤတိုက်ကြီးသည်ပင်လျှင် ဘူမိနက်သန် မှန်ပါတော့သည်။

ရိပ်သာဖြစ်မြောက်ရေးကို စတင်ဆောင်ရွက်ခါစဖြစ်၍ အမှုဆောင်များသည် တနင်္ဂနွေနေ့တိုင်း အစည်းအဝေးကျင်းပကြပါသည်။ (၁၂-၈-၉၀)နေ့ ကျင်းပသော အစည်းအဝေးသို့ သြဝါဒါစရိယဆရာတော်နှင့် နာယကဆရာတော် ဦးသာသနတို့ ကြွရောက်ပြီး သြဝါဒပေးတော်မူကြပါသည်။

ထိုအစည်းအဝေးမှပင် တွဲဖက်အတွင်းရေးမှူးများနှင့် အခြားအမှုဆောင်များကို တိုးချဲ့ရွေးချယ်ကြပါသည်။ ဤအစည်းအဝေးသည် သြဝါဒါစရိယဆရာတော်၏ပထမအကြိမ် တက်ရောက်ခဲ့သော အစည်းအဝေးဖြစ်ပါသည်။ အဆောက်အအုံများ အဆောတလျင် လိုအပ်နေကြောင်းကို ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌတို့က တင်ပြကြပါသည်။

ကိုယ်စားလှယ် ဦးသန်းမောင်က ဒေါ်နီ၏ ညွှန်ကြားချက်အရ အမှတ်(၁၀)၊ အင်းယားမြို့လမ်းရှိ သူ၏နေအိမ်သို့ (၁၈-၈-၉၀)နေ့တွင် သြဝါဒါစရိယဆရာတော်နှင့် နောက်ပါသံဃာတော်နှစ်ပါးအား ပင့်ဖိတ်ပြီး ဆွမ်းကပ်ကာ ၎င်းအိမ်နှင့် ခြံမြေကို ရေစက်ချလှူဒါန်းပြန်ပါသည်။

မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နဂိုဟ အဖွဲ့ချုပ်မှ (၁-၉-၉၀)နေ့တွင် ကျင်းပသော အစည်းအဝေး၌ သြဝါဒါစရိယဆရာတော် ဦးပဏ္ဍိတာဘိဝံသအား သြဝါဒါစရိယဆရာတော်အဖြစ် တင်မြှောက်ကိုးကွယ်ခြင်းမှ ရှိသေစွာရပ်သိမ်းလိုက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်လိုက်ပြီး မှတ်တမ်းထုတ်ဝေကာ ဆရာတော်ထံ ဆက်ကပ်ခဲ့ကြသည်။ ဤနည်းဖြင့် မဟာစည်သာသနာ့ရိပ်သာနှင့် ဆရာတော် အဆက်ပြတ်ခဲ့ပါသည်။

ဆရာတော်ဘုရား ဝါကပ်တော်မူရာ သယ်န်းကျွန်း ကုံကော်မြိုင်ကျောင်း၌ ကထိန်ခင်းရန်အတွက် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ကထိန်အနုမောဒနာတရား ဟောကြားခြင်းစသော ကထိန်နှင့် စပ်လျဉ်းသည့် အခမ်းအနားကို ဤပဏ္ဍိတာရာမ၌ပင် ၁၃၅၂-ခု၊ သီတင်းကျွတ်လပြည့်ကျော်

http://www.dhammadownload.com

(၁၁)ရက် (၁၄-၁၀-၉၀)နေ့တွင် ရပ်ကွက်၊ မြို့နယ်နှင့်တိုင်း သံဃာ့နာယကအဖွဲ့ ဆရာတော်ကြီးများအား ပင့်ဖိတ်ပြီး ကျင်းပခဲ့ပါသည်။

ဩဝါဒါစရိယဆရာတော်ဘုရားသည် ၁၃၅၂-ခု၊တန်ဆောင်မုန်းလဆန်း(၉)ရက် (၂၆-၁၀-၉၀)နေ့တွင် ကဲ့ကော်မြိုင်ကျောင်းမှ အမှတ်(၈၀/က)၊ သံလွင်လမ်းရှိ ဤကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့ပါသည်။

ဤကျောင်းတိုက်ကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဟု အမည်ပေးပါသည်။ (ပဏ္ဍိတာရာမ)မဂ်ပညာ၊ ဖိုလ်ပညာတို့ကို မျှော်မှန်းသော ပညာရှိများ၊ မွေ့လျော်ရာ အရာမ်(ဌာန)ဟု အဓိပ္ပာယ်ဆောင်ပါသည်။ ရွှေတောင်းကုန်း ဌာနဌ် တည်ရှိသောကြောင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဟု အမည်ပေးပါသည်။ မူလကပါရှိသော တိုက်ကျောင်းကြီးကို (သာလည်းသာ၊ ထွန်းလည်းထွန်း၊ အောင်လည်းအောင်မြင်သောကြောင့်) သာထွန်းအောင်တိုက်ကျောင်းဟု အမည်ပေးပါသည်။

သံဃာတော်များ ဤရိပ်သာသို့ ပြောင်းရွှေ့သီတင်းသုံးလာကတည်းက ဆွမ်းစားဆောင်မှာ လိုအပ်လာပါသည်။ သို့ကြောင့် နာယကကြီး ဦးစိန်ဖေအား တာဝန်ပေးကာ အလျား၈၀'x၄၀' ပျဉ်ကာ သွပ်မိုးအဆောင်တစ်ခုကို (၂၆) ရက်အတွင်း အပြီးဆောက်စေခဲ့ပါသည်။ ၎င်းမှာ ဆွမ်းစားကျောင်းလည်းဖြစ်၊ (ယာယီ) ဓမ္မာရုံလည်းဖြစ်သောကြောင့် တရားဟော၊ တရားနာ ရေစက်ချပါ ပြုလုပ်ခဲ့ရပါသည်။

ထို့နောက် နှစ်ထပ်ဆေးပေးခန်း၊ နှစ်ထပ်ပြည်ပအမျိုးသမီးယောဂီဆောင်၊ သံဃာတော်များနှင့် အမျိုးသားများအတွက် (ယာယီ) ဝါးထရံကာ အထပ်သားမိုး တစ်ပါးကျောင်း(၁၅)ဆောင်၊ ပြည်တွင်း အမျိုးသမီးယောဂီများအတွက် အလျား၁၅၀'၊အနံ၂၇'ရှိ (ယာယီ) အမျိုးသမီးယောဂီဆောင်ကို ပျဉ်ခင်းသွပ်မိုးပြီး နှစ်လဖြင့် အပြီးဆောက်ရန် ဦးစိန်ဖေအားပင် တာဝန်ပေးကြပါသည်။

ကိုရင်ငယ်များအတွက် ယဉ်ကျေးမှုဆောင်ကို ဝါး၊ ဓနိတို့ဖြင့် အလျား၇၀'၊ အနံ၃၀'ရှိပြီး အချိန်မီ ဆောက်လုပ်စေခဲ့ပါသည်။ ဘေးတစ်ဖက်စီမှ ၁၀'ကို အိပ်စင်များ ပြုလုပ်စေပြီး အလယ်မှ ၁၀'ကို အုတ်များဖြင့်စီကာ ဖျာကြမ်းခင်း၊ အပေါ်မှ ဖျာချောခင်းပြီး စာသင်ရန် ပြုလုပ်ပေးရပါသည်။ ဤအဆောင်မှာ နှစ်နှစ် အသုံးချလိုက်ရပါသည်။

ယာယီသိမ်ငယ်တစ်ဆောင်ကို (၁၉၉၁)ခုနှစ်၊ မတ်လတွင် ဦးစိန်ဖေ၊ ဒေါ်ဦးတို့က တစ်ဦးတည်း အလှူရှင်အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ဤသိမ်ငယ်ရှိသည့်အတွက်



ရဟန်းခံနှင့် ဥပသမ္ပဒါကိစ္စများကို မင်းကွန်းတောရသို့ သွားရန် မလိုတော့ဘဲ မိမိကျောင်းကွင်းပင် ပြီးစီးနိုင်ခဲ့သည်။ ၎င်းသိမ်ပေါ်တွင် အမျိုးသားများ တရားထိုင်ခြင်း၊ ရဟန်းတော်များ စာသင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

နိုင်ငံခြားအမျိုးသား ယောဂီများအတွက် ယာယီသစ်သား နှစ်ထပ် ကမ္မဋ္ဌာန်းကျောင်းတစ်ဆောင်နှင့် ရုံးခန်းတစ်ဆောင်ကိုလည်း မရှိမဖြစ် ဆောက်လုပ်ခဲ့ရပါသည်။

ဤကမ္မဋ္ဌာန်းတိုက်တွင် စတင်နေထိုင်ခဲ့ကြသူများမှာ ဩဝါဒါစရိယဆရာတော်တစ်ပါး၊ နာယကဆရာတော်နှစ်ပါး၊ ဝန်ဆောင်ဆရာတော် ခြောက်ပါးအား ဖြင့် ရဟန်းတော် ကိုးပါး၊ ကပ္ပိယအမျိုးသားသုံးဦး၊ အမျိုးသမီးအမေသန်းမှ အစရှစ်ဦးတို့ ဖြစ်ကြပါသည်။

ပရိယတ်နှင့် ပဋိပတ်ကို ဆောင်ရွက်ရန်ဖြစ်သော ဤပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ဗုဒ္ဓ

http://www.dhammadownload.com



ယဉ်ကျေးမှု အခြေပြုသင်တန်းဖြင့် စတင် အကောင်အထည် ဖော်ခဲ့ပါသည်။

ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ၁၉၉၁-ခု၊ မတ်လ ၁၀-ရက်နေ့မှစ၍ (သုံးပတ်သင်တန်း) အဖြစ်၊ မတ်လ ၃၀-ရက်နေ့အထိ သင်ကြားပြီး မတ်လ ၃၁-ရက်နေ့တွင် အောင်လက်မှတ်နှင့်ဆုများ ဆက်ကပ်ချီးမြှင့်ပွဲ ကျင်းပခဲ့ပါသည်။ သာမဏေငယ်(၇၈)ပါး၊ သီလရှင်(၈၃)ပါး နှင့် ကျောင်းသားကျောင်းသူ(၃၉)ဦး၊ စုစုပေါင်း(၂၀၀)ဦး တို့ တက်ရောက်သင်ကြားခဲ့ပါသည်။

အချိန်ပြည့် ယောဂီများကို ၁၉၉၁-ခု၊ ဧပြီလ ၂-ရက်နေ့မှ စတင်လက်ခံခဲ့ပါသည်။ စတင်လက်ခံသောနေ့မှ ပိတ်ရက်မရှိ ဆက်တိုက် တောက်လျှောက် ဖွင့်လှစ်ထားခဲ့ပါသည်။

ယောဂီ စတင်လက်ခံခဲ့သော (၂-၄-၉၁)နေ့တွင်-

(၁)	သံဃာတော်ယောဂီ	၂၈	ပါး
(၂)	အမျိုးသားယောဂီ	၃	ဦး
(၃)	သီကျောရှင်ယောဂီ	၁၂	ဦး
(၄)	အမျိုးသမီးယောဂီ	၂၁	ဦး
(၅)	နိုင်ငံခြားသားယောဂီ	၃	ဦး
	စုစုပေါင်း	၆၇	ဦးဖြင့်

စတင်ဖွင့်လှစ်ခဲ့ပါသည်။

တစ်ပတ်အတွင်း (၉-၄-၉၁)နေ့တွင် ပြည်တွင်းယောဂီ(၉၇)ဦး၊ ပြည်ပယောဂီ(၁၂)ဦး၊ စုစုပေါင်း(၁၀၉)ဦး ထိ တိုးတက်ခဲ့ပါသည်။

သင်္ကြန်တွင်းက လူဦးရေ(၂၂၀)ဦး ရှိခဲ့ပါသည်။ (၂-၄-၉၁)နေ့မှ (၃၁-၃-၉၂)နေ့အထိ တစ်နှစ်အတွင်း တရားဝင်ရောက်ခဲ့ကြသော ယောဂီဦးရေမှာ စုစုပေါင်း (၆၆၂)ဦး ဖြစ်ပါသည်။

တစ်နှစ်အတွင်း ဉာဏ်စဉ်တရားနာခဲ့ကြသော ယောဂီဦးရေမှာ (၆၂)ဦးအထိ ရှိခဲ့ပါသည်။ ဤကား တစ်နှစ်အတွင်း ပွဲဦးထွက် အခြေအနေကို တင်ပြရခြင်း ဖြစ်ပါသည်။

ယနေ့ထိဆိုသော် ယဉ်ကျေးမှုကျောင်းဆောင်မှာ အလှူး ပေ(၇၀)ရှည်သော သုံးထပ်တိုက်ကျောင်း ဖြစ်နေခဲ့ပေပြီ။ သုံးထပ်သိမ်၊ သုံးထပ်ဓမ္မာရုံတော်ကြီးနှင့် ချမ်းသာမြိုင်၊ သန်းရှိမြိုင် နှစ်ဆောင်အပြင် အာဂန္တုမထေရ်ဆောင်၊ ဝေယျာဝစ္စအမျိုးသားဆောင်တို့ ပါပြီးနှင့်ပါပြီ။


ယခင် ယာယီ အမျိုးသမီး ယောဂီဆောင်နေရာတွင် အလှူး ပေ(၁၅၀)၊ အနံ ပေ(၃၀)ရှိ အခန်းပေါင်း (၉၄)ခန်းပါသည့် (၃)ထပ်တိုက်ကြီးမှာ ခန့်ညားထည်ဝါလှပါသည်။ ယင်းတိုက်ကြီးမှာ ၁၉၉၉-ခုနှစ်၊ မတ်လကပင် ပြီးစီးသဖြင့် နဝမအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသူ သီကျောရှင်ငယ်များဖြင့် ပွဲဦးထွက်ခဲ့ရပြန်ပါသည်။ (ယာယီ) ဆွမ်းစားကျောင်း ပြန်ဆောက်ရန် နိုင်းပြင်းလျက်ရှိကြပါသည်။

ဟိုအခြေအနေမှ ဤအခြေအနေအထိ ပတ္တိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဖြစ်ပေါ်လာခဲ့ရပုံကို ဤတွင် နိဂုံးကမ္မတ် အပြီးသတ်ပါရစေ။

သက်တော်ရှစ်ဆယ်အထိ ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရသော ဆရာတော်မှာ ဇရာထောင်းပြီမို့ ဆရာတော်ဘုရား သက်တော်ရာကျော်ရှည်၍ ကျန်းမာချမ်းသာ ရွှင်လန်းစွာဖြင့် သာသနာ့အကျိုး အမှားအကျိုး သယ်ပိုးနိုင်ပါစေဟု တောင်းဆုပြုလျက်။

ဒေါ်အဖိန်

http://www.dhammadownload.com



သံသရာလှိုင်းတာရှည်ကွန်း

ရေကြည်ရာ မြက်နုရာရယ်လို့ ယုံကြည်မှုတစ်ခုနဲ့ အမေရိကကို ပြောင်းရွှေ့ ရောက်ရှိလာတဲ့ မိခင်တစ်ဦးရဲ့ လျှောက်ထားတဲ့ စကားကို ကြားမိတော့ ကလေးဘဝက သင်ယူခဲ့ဖူးတဲ့-

ကလေးအရွယ် လိမ္မာနှင့်ပါမှ
ကြီးရင့်က လိမ္မာမည်၊
မလိမ္မာ ပြည်ထောင်စုကြလျှင်ဖြင့်
ကောင်းမှု မတည်။
ကလေးတို့ နေပြည်
ကြည်စေဖို့ စိတ်စေ၊
နံနက် မင်္ဂလာနှင့်
နေ့မကွာ ညဦးပါ သုံးလို့ရယ်
ပြုံးကြစေသော-

ဆိုတဲ့ အမရပူရ မဟာဂန္ဓာရုံဆရာ တော်ဘုရားကြီးရဲ့ လက်ံလေးဟာ စာရေးသူရင်ထဲ အမှတ်ထင်စွာ သတိရလို့ လာပါတယ်။

အရှင်ဉာနိကာဘိဝံသ

ပုဂံအဝေးပြေးလှေကြော



http://www.dhammadownload.com

လေးပါးသုံးပါးကိုးပါးတရားကွန်း



ဒီလက်ဝဲလေးကိုစာရေးသူကလေး ဘဝကတည်းက ရရှိနေခဲ့တာပါ။ ငယ်စဉ်ကလေးဘဝက ရရှိထားဖူးတဲ့ လက်ဝဲလေးတွေနဲ့ မှတ်သားခဲ့ရတဲ့ အဆုံးအမ စကားဆွေဟာ မကြာခဏ သတိရမိသလို မေ့လည်းမေ့ခဲ့ဘတ်ပါတယ်။ အသက် အရွယ်အတန်အသင့် ကြီးရင့်ကာမှ ကျက်မှတ်ဖတ်ရတဲ့ ကဗျာလက်ဝဲများ အဆုံးအမများကတော့ အကြောင်းအရာ အချက်အလက်အနေနဲ့ မမေ့သည့်တိုင် ငယ်စဉ်က ကျက်မှတ်ခဲ့ရတဲ့ ကဗျာလက်ဝဲလေးများလို နှုတ်တိုက် ရွတ်ဆိုလို့ ရတဲ့အထိ စိတ်ထဲမှာ စွဲကျန် မနေရစ်တတ်ပါဘူး။

ကောင်းတဲ့အကြောင်းအရာများနဲ့ တွေ့ကြုံရာမှာပဲ ဖြစ်ဖြစ် မကောင်းတဲ့အကြောင်းအရာများနဲ့ တွေ့ကြုံရာမှာပဲ ဖြစ်ဖြစ် တိုက်ဆိုင်ဆက်စပ်လာလေတိုင်း ငယ်စဉ်က ကြားနာဖတ်ခဲ့ရတဲ့ ပုံပြင်ဝတ္ထုလေးများ၊ ကဗျာလက်ဝဲအဆုံးအမစကားလေးများဟာ စာရေးသူရင်ထဲမှာ အသစ်တစ်ဖန် ရှင်သန်လန်းဆန်းလာတတ်ပါတယ်။

အဲဒီအခါများမှာတော့ လက်ရှိတွေ့ကြုံနေရတဲ့ အဖြစ်အပျက်များနဲ့ ကြားနာဖတ်မှတ်ခဲ့ဖူးတဲ့ ကဗျာလက်ဝဲအဆုံးအမများကို နှိုင်းယှဉ်ကြည့်မိပြီးလည်း နေတတ်ပါတယ်။

ငယ်ရွယ်စဉ်အခါကတော့ မိဘဆရာသမားများရဲ့ တိုက်တွန်းမှုကြောင့်သာ လိုက်နာဖွယ်ရာ အဆုံးအမ စာပေများကို သင်ယူခဲ့ရတာပါ။ အဲဒီအဆုံးအမစာပေတွေကပေးတဲ့ တန်ဖိုးကို သိနားလည်တဲ့အတွက် သင်ယူခဲ့တာတော့ မဟုတ်ပါဘူး၊ တချို့လက်ဝဲလေးများကတော့ ရွတ်ဆိုရတာ ကောင်းသလို လက်ဝဲစာသားလေးတွေရဲ့ အဓိပ္ပာယ်လေးတွေကလည်း နားလည်လွယ်တာမို့ အရဆောင်ခဲ့တာလည်း ပါသပေါ့။

ဘယ်လိုနည်းနဲ့ပဲ သင်ယူခဲ့သည်ဖြစ်ပစေ ဖြတ်သန်းလာရတဲ့ ဘဝအတွေ့အကြုံ များလာနဲ့အမျှ အဆုံးအမလက်ဝဲစကားများရဲ့ အဖိုးအနှုံ ရှိမှုကို ပိုပြီး နားလည် သဘောပေါက်လာရတာတော့ အမှန်ပါပဲ။

အဆုံး : အမ အထူးသဖြင့် ဗုဒ္ဓအဆုံးအမများကြောင့် ဆရာမိဘတို့ရဲ့ ကျေးဇူးတရားများကို နက်နက်ရှိုင်းရှိုင်း သိလာနိုင်ခဲ့သလို မိကောင်းဖကောင်း ဆရာကောင်းသမား ကောင်းများနဲ့ တွေ့ကြုံဆုံနိုင်ခွင့်ရ လေအောင် ဖန်တီးပေးခဲ့လေတဲ့ မိမိအတိတ်ကုသိုလ်ကံတရားရဲ့ လုပတဲ့ မျက်နှာထားကိုလည်း အားရကျေနပ်မိရပါတယ်။

ပုဗ္ဗေစ ကတပုညဉ်...ဆိုတဲ့ ရှေးအတိတ်ဘဝများက ကောင်းကျိုးဆောင်တရားတွေကို ပြုလုပ်ခဲ့ခြင်းကြောင့်သာ ပဋိရူပဒေဟံသဆိုတဲ့ သင့်လျော်လျောက်ပတ်ကောင်းမြတ်တဲ့ အရပ်ဒေသမျိုးမှာ ဖြစ်ခွင့်ကြုံရခြင်း၊ သင့်လျော်လျောက်ပတ်တဲ့ အရပ်မျိုးမှာ ဖြစ်ခွင့်ရခြင်းကြောင့်သာလျှင် မိကောင်းဘကောင်း ဆရာသမားကောင်းစတဲ့ သူတော်ကောင်းများနဲ့ တွေ့ဆုံခွင့်ရခြင်း၊ ဒီကမ္ဘာတစ်ဆင့် မကောင်းမှုရောင် ကောင်းမှုဆောင်တတ်လေအောင်, မကောင်းရာကြဉ် ကောင်းရာ ခင်တတ်လေအောင် လမ်းညွှန်သွန်သင်ခံရမှု အခွင့်အရေးများ ရစေနိုင်တဲ့ သပ္ပုရိသူပနိဿယ - သူတော်သူမြတ်တို့ကို မှီခိုဆည်းကပ်ခွင့်နှင့်လည်း ကြုံရပါတယ်။

သူတော်သူမြတ်တို့ရဲ့ အဆုံးအမများကို ကြားနာခွင့်ရခြင်းကြောင့်သာ အတ္တသမ္မာပဏိဓိ ဆိုတဲ့ မိမိဘဝ လမ်းကြောင်းမှန်ရောက်အောင် ကောင်းစွာ တည်ဆောက်နိုင်တဲ့ အခွင့်အရေးကောင်းဆိုတာလည်း ရလာတာပါ။

ခုပစ္စုပ္ပန်ဘဝမှာ မိမိဘဝ အချိုးကျလုပအောင် မှန်မှန်ကန်ကန် တည်ဆောက်ပါမှ နောင်ဘဝသံသရာအတွက် ပုဗ္ဗေစကတပုညဉ် ဆိုတဲ့ သမ္မတ္တိစက်ဟာလည်း တစ်ဖန်ပြန်လည်ပြည့်စုံလာနိုင်မှာပါ။ ဒီလိုမှမဟုတ်ဘဲ ဆန့်ကျင်ဖက် ဝိပတ္တိစက်လည်ပတ်ခွင့်ပေးခဲ့မယ်ဆိုရင်တော့ ဘဝသံသရာအဆက်ဆက်အတွက် စိတ်ရတက်အေးစရာ မမြင်ပါဘူး။

ကုသိုလ်, အကုသိုလ်ရယ်လို့ ခွဲခြားဝေဖန်နိုင်တဲ့ အသိဉာဏ်မရှိတဲ့ ဘဝမျိုးနဲ့ ဘဝ သံသရာ ကျင်လည်ရမည့် အနေမျိုးကိုဖြင့် စာရေးသူအနေနဲ့ တွေးပင် မတွေးဝံ့ပါဘူး။

http://www.dhammadownload.com

သံသရာကို ဘုရားတရားကြောင့်

အန္တိမဘဝ-အဆုံးပန်းတိုင်ရောက်သည်အထိ မကြိုးစားနိုင်သည့်တိုင် ဘဝသံသရာအတွက် အတန်အသင့် ခိုင်မာတဲ့ အာမခံချက်လေး ရအောင်တော့ ကြိုးစားကြပါမှ လူ့ဘဝ ရရှိလာခြင်းရဲ့ အဓိပ္ပာယ်ဆိုတာလည်း ရှိမှာပါ။

အမေရိကန်နိုင်ငံ၊ဆန်ဟိုဆေးမြို့၊ တထာဂတ တရားရိပ် သာမှာ သီတင်းသုံးတော်မူတဲ့ ဆရာတော်ဥုံးဓမ္မပိယနှင့် စာရေးသူတို့ ဝါရှင်တန်ဒီစီ အနီးက Silver spring မြို့မှာ ရှိတဲ့ မင်္ဂလာရာမကျောင်းကို ခဏရောက်ခိုက် ကျောင်းကို ရောက်လာတဲ့ ဒါယိကာမကြီးတစ်ဦးက ခုလိုလျှောက်ထားတာကို ကြားခဲ့ရပါတယ်။

"တပည့်တော်မတို့ ဒီရောက်ခါစ အခြေမကျမီ ဆိုတော့ သိပ်ပြီး ကသိတယ်ဘုရား။ ဟိုကဆေးလက်မှတ်ကို ဒီနိုင်ငံက အသိအမှတ် မပြုလေတော့ ဆရာဝန်ဆိုပေမယ့် ဆေးကုသခွင့် မရပါဘူး။ ဒီကစာမေးပွဲကို ပြန်ဖြေလို့ အောင်မြင်ရင်တော့ ရနိုင်ပါတယ်။ ဒါပေမယ့် ဘုရား တပည့်တော် အသက်အရွယ်နဲ့ဆိုတော့ စာကျက်ဖို့က ခက်ပြန်ရောဘုရား။ ဘုရား တပည့် တော်တို့မှာ သား သမီး သုံးယောက် ရှိပါတယ်။ အကြီးဆုံးက သမီးပါ။ သူက ဒီအမေရိကကို ဘုရား တပည့်တော်တို့အရင် ရောက်နှင့်ပါတယ်။ အငယ်နှစ်ယောက်ကတော့ တပည့်တော်တို့နဲ့ အတူရောက်တာပါ။ သမီးကြီးက သူ့အလုပ်အကိုင်နဲ့သူ သီးသန့်နေပါတယ်။ အခု အငယ်နှစ်ယောက်က ကျောင်းတက်ရင်း တစ်ဖက်က အချိန်ပိုင်း အလုပ် လုပ်နေကြပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်တော့ ကျောင်းသားဆိုတာ အချိန်မှန်ကျောင်းသွား စာသင်ရုံသက်သက်ပဲ တာဝန်ရှိပေမယ့် ဒီမှာတော့ ကိုယ့်တာဝန်ကို တတ်နိုင်သမျှ ခွဲဝေယူကြရတာဆိုတော့ မခိုင်းချင်ပေမယ့် ဒီလိုပဲ လုပ်ရတော့တာပဲ ဘုရား။

"ဆရာတော်တို့ကပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီးရဲ့ တပည့်များဆိုတော့ ဘုရားတပည့်တော်မ အထူးလျှောက်ထားချင်တာတစ်ခု ရှိပါတယ်ဘုရား။ ဒီစကားကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီး ဒီအမေရိကကို ကြွရောက်လာတဲ့အခါမှာလည်း လျှောက်ထားဖို့ စိတ်ကူးထားပါတယ်။

"အဲဒါက ဘာလဲဆိုတော့ "တရားအားထုတ်ထားသူ တစ်ယောက်နဲ့ ဗုဒ္ဓ ယဉ်ကျေးမှုအခြေပြုသင်တန်းတက်ထားသူ ဘယ်သူက ပိုပြီး အကျိုးများမယ်ဆိုတာကိုပါဘုရား"

ဆိုပြီး အမေရိကရောက်စ အခြေမကျမီမှာ တွေ့ရလေ့ရှိတတ်တဲ့ လူမှုဒုက္ခတွေကို လျှောက်ပြသွားလေတဲ့ ဒါယိကာမကြီးတစ်ယောက်ရဲ့စကားကို သေးကနားထောင်ရင်းအထက်က ကဗျာလေးကို စာရေးသူ သတိရလိုက်မိတာပါ။

ဒါယိကာမကြီးရဲ့ စကားအရ သူ့မှာ သားသမီးသုံးယောက် ရှိကြောင်း၊ အကြီးဆုံးသမီးဆိုရင် မြန်မာနိုင်ငံမှာ ရှိနေစဉ်က ကျေနပ်လောက်တဲ့ အတိုင်းအတာတစ်ခုအထိ အချိန်ယူပြီး တရားအားထုတ်ခဲ့ကြောင်း၊ လိမ္မာရေးခြားရှိတဲ့ သမီးတစ်ယောက်အဖြစ် သတ်မှတ်နိုင်ပါကြောင်း၊ အငယ်နှစ်ယောက်ကတော့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ နှစ်စဉ် နွေရာသီတိုင်း ဖွင့်လှစ်လေ့ရှိတဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းများမှာ အထူးတန်းအောင်မြင်တဲ့အထိ တက်ရောက်သင်ယူဖူးခဲ့ကြပါကြောင်း၊ ခု ဒီအမေရိကကို ရောက်စ အခြေမကျမီ ဘုရားတပည့်တော်တို့ မိဘများဆင်းရဲဒုက္ခများနဲ့ ကြုံရတဲ့အခါမှာ အကြီးမ အနေနဲ့ လိုအပ်တဲ့ အကူအညီကို အတန်အသင့် ပေးခဲ့ပေမယ့် သူ့ဆီက စိတ်ဓာတ်ခွန်အား အကူအညီကို မရပါကြောင်း၊ အငယ် နှစ်ယောက်ကတော့ မိဘတွေရဲ့ အခက်အခဲကို စာနာနားလည်သလို စိတ်ဓာတ်ကျနေတဲ့ ဘုရားတပည့်တော်တို့ကိုလည်း သူတို့သင်ယူလေ့လာခဲ့ဖူးတဲ့ ဗုဒ္ဓအဆုံးအမများထဲကကောင်းနိုးရာရာများကို ပြောပြပြီး စိတ်ဓာတ်မြင့်တင်နိုင်အောင် ဖြေဆည်ရအောင် အကူအညီပေးကြပါကြောင်း၊ သူတို့ရဲ့အားပေးမှုကိုရတဲ့အတွက် ဘုရားတပည့်



http://www.dhammadownload.com

ဆရာဆန်ဂုဏ်တရားတော်များ

တော်မတို့ အားတက်ရကြောင်း၊ ဒါကြောင့် ဘုရားတပည့်တော်မရဲ့ ကိုယ်တွေ့အရဆိုရင် တရားအားထုတ်ထားတဲ့ သမီးထက် ယဉ်ကျေးမှုသင်တန်း တက်ထားတဲ့ သားနဲ့သမီးက ပိုပြီးအကျိုးများတယ်လို့ ယူဆမိပါကြောင်း စသဖြင့် လျှောက်ထားတာကို ကြားခဲ့ရပါတယ်။

မြန်မာပြည်မှာ ရှိနေစဉ်ကလည်း ယဉ်ကျေးမှုသင်တန်း တက်ရခြင်းကြောင့် ရရှိခဲ့တဲ့ ရလဒ်ကောင်းလေးများကို စကားစပ်မိတိုင်း မကြာခဏဆိုသလို ကြားခဲ့ရဖူးပါတယ်။

ဒါယိကာမကြီး လျှောက်ထားတဲ့ စကားများကို ဘေးကနေ နားထောင်ရင်း အထက်က ကဗျာလေးကို သတိရမိသလို ဒါယိကာမကြီးများ ပြန်သွားပြီးနောက်မှာလည်း ငယ်စဉ်က (ဝိုင် အမ် ဘီ အေ)အသင်းကနေ ကြီးမှူးကျင်းပတဲ့ မင်္ဂလာစာမေးပွဲကို ဝင်ရောက် ဖြေဆိုနိုင်ဖို့ သင်ယူခဲ့ရတဲ့ မင်္ဂလာတရားဆိုင်ရာ အဆုံးအမများ၊ ဝတ္ထုပုံပြင်လေးများ၊ ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို တစ်သီတစ်တန်းကြီး သတိရလို့ လာပါတယ်။

စာမေးပွဲ ဖြေဆိုနိုင်ဖို့ ရည်ရွယ်ချက်နဲ့သာ သင်ယူလေ့လာခဲ့တာဖြစ်ပေမယ့် ငယ်စဉ်က သင်ယူခဲ့ရတဲ့ ယဉ်ကျေးမှုဆိုင်ရာ ကျင့်ဝတ် တရားများဟာ စာရေးသူတို့ ဘဝတစ်လျှောက်လုံးအတွက် အားကောင်းတဲ့ အထောက်အပံ့ကောင်းတွေပါလားရယ်လို့ စဉ်းစားမိကာမှ ပိုပြီး သဘောပေါက် နားလည်လာရပါတယ်။

မိဘတိုင်းအနေနဲ့ မိမိတို့ သားသမီးများ သားကောင်းသမီးမွန်လေးများ ဖြစ်ရေးကိုတော့ မျှော်လင့်မိကြလေမှာ အမှန်ပါပဲ။ "လက်ဦးဆရာ မည်ထိုက်စွာသား ပုဗ္ဗာစရိယ မိနှင့်ဘ" ဆိုတဲ့အတိုင်း "လက်ဦးဆရာများဖြစ်တဲ့ မိဘတို့ဟာ မိမိ သားသမီးများ သားကောင်း သမီးမွန်ဖြစ်ရေးအတွက် အမိကနေရာမှာ ရှိပါတယ်၊ ဒီနောက်မှာတော့ ငယ်ဘဝကို အနီးကပ် သွန်သင်ခွင့် ပုံလောင်းခွင့်ရှိလေတဲ့ ငယ်ဘဝဆရာတို့ဟာ အရေးကြီးလှပါတယ်။

"အစကောင်းမှ အနှောင်းသေချာ"လို့ ဆိုသလို ဘဝတစ်ခုရဲ့အစဖြစ်တဲ့ ကလေးဘဝမှာ စနစ်တကျ သွန်သင်မှုမရခဲ့တဲ့ ကလေးတစ်ယောက်အနေနဲ့ လူကြီးလူကောင်းတစ်ယောက်ဖြစ်လာနိုင်ဖို့ အခွင့်အလမ်း အတော်ကိုနည်းမှာပါ။

နောက်ပြီး ပတ်ဝန်းကျင်ကောင်းဆိုတာလည်း အရေးကြီးတဲ့ အချက်တစ်ခုပါ။ ဆရာကောင်း သမားကောင်းအောက်မှာမှ တပည့်ကောင်းဆိုတာ များများရှိနိုင်မယ် ဖြစ်ပါတယ်။ တပည့် ကောင်းများများရှိတဲ့ ပတ်ဝန်းကျင်မှာ တပည့်



တစ်ယောက် ဖြစ်ခွင့် ရပါမှ မိတ်ကောင်းဆွေကောင်း သူငယ်ချင်းကောင်းများနဲ့ ဆုံနိုင်ရန် အခွင့်အလမ်းကလည်း များမှာပါ။

"တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုး"ဆိုတဲ့ စကားဟာ ရာနှုန်းပြည့် မှန်ကန်တယ် မဆိုသာပေမယ့် လုံးဝငြင်းပယ်လို့ ရကောင်းတဲ့ စကားလည်း မဟုတ်ပါဘူး။

ကလေးဘဝဆိုတာ အသိဉာဏ် နုနယ်သေးတာမို့ မိတ်ဆွေအစစ်လား၊ အတုလား၊ ကောင်းကျိုးပြုမည့်သူလား၊ ဆိုးကျိုးပေးမည့်သူလား ခွဲခြားဝေဖန်နိုင်စွမ်းနည်းသေးတာကြောင့် မကောင်းတဲ့ အပေါင်းအသင်းတွေပေါ်မှာပေမယ့် ခင်မင်မှု ပိုချင် ပိုနေတတ်ပါတယ်။

"အဖော်မကောင်း ယှဉ်မိပေါင်းက အလောင်းတို့လျက် ကျင့်ကောင်းပျက်"ဆိုသလို ကောင်းတဲ့ ဗီဇမောတ်ခံမျိုးစေ့ကလေး ပါပါလျက်ကယ်နဲ့ မကောင်းတဲ့ အညွှန့်အညောက် အသီးအပွင့်တွေ ထွက်ပွင့်လာနိုင်တဲ့ အနေအထားမျိုးလည်း ဖြစ်သွားတတ်ပါတယ်။ "တမာသရက် မြစ်ရောယှက်က သရက်ပင်မင်း သီးချိုကင်း၏"ဆိုတဲ့စကားဟာ အထူးပင် သတိပြုရမည့် ဆုံးမစကားပါ။

http://www.dhammadownload.com

သံသရာကို တားဆီးကြောင်း



အထူးသဖြင့်တော့ စဉ်းစားမျော်ခေါ်နိုင်တဲ့ အသိဉာဏ်နည်းပါးသေးတဲ့ လူငယ်တို့ဘဝဟာ ရေလိုက်ငါးလိုက်အနေမျိုးနဲ့ အတူမြင် အတတ်သင်မှု အားကျခုံမင်တတ်မှု များတတ်ပါတယ်။ ဒီအချိန်ဟာ ပုံသွင်းပြုပြင်လို့ အကောင်းဆုံးအချိန်လည်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒစကားလေးဟာ အထူးပဲ မှတ်သားလိုက်နာပြုကျင့်စရာပါ။

"သစ်ပင်စိုက်တဲ့အခါ ကိုင်းကူးပြီး စိုက်ထားတဲ့ သစ်ပင် က အသီး သီးလာရင် အဲဒီအသီးဟာ အစေ့ကြီးတယ်၊ အခွံ ထူတယ်၊ အသား နည်းတယ်၊ အမျှင် များတယ်။

"အစေ့က စပြီး စိုက်ထားတဲ့ သစ်ပင်က အသီး သီးလာရင် အစေ့ သေးတယ်၊ အခွံ ပါးတယ်၊ အသား များတယ်၊ အမျှင် နည်းတယ်၊ အဲဒီ ဥပမာလိုပါပဲ၊ လူတစ်ယောက်အား အသက်ကြီးခါမှ ဗုဒ္ဓယဉ်ကျေးမှုတွေ ပေးရင် မထိရောက်တော့ဘူး၊ ငယ်စဉ်က ပေးမှ ထိရောက်မှု ရှိတယ်"တဲ့။

"ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်အပေါ်မှာ ကိုယ်ပြောခဲ့တဲ့စကား အပေါ်မှာ ပြန်လည်တွေးတောမိတိုင်း လုပ်မိပြောမိလေခြင်းလို့ နောက်တတစ်ဖန် မပူပန်ရဘူးဆိုရင် ကိုယ်မှုန်တ်မှုကြောင့် သူ တစ်ပါးတွေ ထိခိုက်နစ်နာမှု မရှိခဲ့ဘူးဆိုရင်၊ ကိုယ့်လုပ်ရပ်နဲ့ အပြောများအတွက် ကြည်နူးဂုဏ်ယူဖွယ်ရယ်လို့ မှတ်ပါ။ တစ် နည်းပြောရရင်တော့ ကောင်းမှုတစ်ခုကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းခဲ့ခြင်းရယ်လို့ မှတ်ပါ"ဆိုတဲ့ မင်္ဂလာတရားတော် သင်ယူစဉ်က ရွာဦးဆရာတော် မိန့်ကြားခဲ့တဲ့စကားကို ခုတိုင် ကြားယောင်နေဆဲပါ။

စာရေးသူကတော့ ပြန်လည်စဉ်းစားမိတိုင်း ကလေးဘဝက ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စာပေတို့ကို သင်ယူခွင့်ရခဲ့တာကြောင့် အမြဲတမ်းပဲ ကျေနပ်ဂုဏ်ယူလို့နေမိပါတယ်။ ဒီအတွက် မိဘဆရာ အားလုံးရဲ့ ကျေးဇူးတရားများကိုလည်း ထာဝစဉ် သတိရနေမြဲပါပဲ။


အသက်အရွယ် အတန်အသင့် ရလာလို့ ကိုယ်က ပြန်လည်ပေးဆပ်နိုင်တဲ့ အလှည့်ရောက်တဲ့အခါမှာလည်း ဗုဒ္ဓယဉ်ကျေးမှု အမွေကောင်းများ တတ်စွမ်းသမျှ တစ်ဆင့်ပြန်လည်ပေးနိုင်ခဲ့မှုအတွက်လည်း ကြည်နူးဝမ်းမြောက်မိရပါတယ်။ နောက်မှာလည်းပဲ ဆထက်တိုး၍ ပြုလုပ်နိုင်ခွင့်ရပါစေကြောင်း ဆုတောင်းမိပါသေးတယ်။


တစ်နွယ်ငင် တစ်စဉ်ပါ စဉ်းစားနေမိတာတွေကို တင်ပြရင်းနဲ့အတူ "နေရာတိုင်း နေရာတိုင်းမှာ ရှိနေတဲ့ လူငယ်မောင်မယ်တို့ ဗုဒ္ဓယဉ်ကျေးမှု အမွေကောင်းများ ခံစားခွင့်ရနိုင်ကြပါစေ၊ လူငယ်တို့ရင်ထဲ ဗုဒ္ဓအဆုံးအမ အမွေကောင်းတွေ မျိုးစေ့ချ စိုက်ပျိုးနိုင်ကြပါစေ"လို့ ဆန္ဒပြုကာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ လက်ံလေးနဲ့ ဆောင်းပါးကို နိဂုံးချုပ်ပါတယ်။

အိုးမဖုတ်ခင် အိုးလုပ်စဉ်ဝယ်
အိုးတွင်နှိပ်ခတ် တံဆိပ်မှတ်ကား
မပြတ်မစဲ အိုးပင်ကွဲလည်း
အမြဲတစေ တည်ရှိနေသို့
ထွေထွေသွေးသား ကလေးများ၌
ဘုရားတံဆိပ် ဘာသာစိတ်ကို
ခတ်နှိပ်နိုင်မှ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ စွဲ၍ တည်မည်
ကိုယ်စီ ခတ်နှိပ်ကြစေသတည်း။

အရှင်ဉာနိကာဘိဝံသ

http://www.dhammadownload.com





မော်လမြိုင်
ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာရိပ်သာ

အရှင်နန္ဒဝံသိရိ

၁၅-ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန် သာသနာရိပ်သာ သြဝါဒစရိယ ဆရာတော်ဘုရားကြီး၏ သြဝါဒနှင့် အညီ မွန်ပြည်နယ်အတွင်း ရှိ တပည့် ဒါယကာ၊ ဒါယကာမများ ပရိယတ် ပဋိပတ် ဓုရနှစ်ဖြာ ကျင်ကြအား ထုတ်နိုင်ရန် အတွက် ကျောင် တိုက်ခွဲတစ်ခု ထူထောင်ရန် လိုအပ်နေပါသည်။

ထိုလိုအပ်ချက်နှင့်အညီ ထေရဝါဒသာသနာတော် စည်ပင်ပြန့်ပွား ရေ အတွက် ဆောင်ရွက်နိုင်မည့် မြေနေရာ ရရှိရန် ဒါယကာကြီး ဦး ဘို စိန် (ရွှေသမင်ကုမ္ပဏီလီမိတက်)က သက်ဆိုင်ရာများ ထံ တင်ပြခဲ့ပါသည်။ လုပ်ငန် ဆောင်ရွက်မှု စနစ်ကျစေရန် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွား ရေးအဖွဲ့ (မော်လမြိုင်)ကို အဖွဲ့ဝင်(၉)ဦး ဖြင့် ကျစ်လစ်စွာ ဖွဲ့စည် ခဲ့ပါသည်။ ၂၇-၁-၉၂ နေ့တွင်ဖြင့် မော်လမြိုင်မြို့၊ မြေနီကုန်းရပ်၊ ပဏ္ဍာမြာ စေတီရှေ့၊ မိုက္ကရိဝေဖ် မျော်စင်အနီ ရှိ မြေရိယ ၄ ဒသမ ဝဖွဲ့ကေကို အခွန်လွတ် သာသနာနယ်မြေအဖြစ် သတ်မှတ်၍ သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် ခွင့်ပြုချက် ရရှိခဲ့ပါသည်။

http://www.dhammadownload.com

ထိုနေ့မှစ၍ မူလက ဝါးရုံတောရိုင်း ဖြစ်နေသော နေရာကို စက်အား၊ လူအားဖြင့် တောရှင်း၊မြေညှိ၊ လမ်းဖောက်၊ မြောင်းဆယ်ခြင်းလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ခဲ့ပါသည်။ ယာယီစံကျောင်း၊ ရေတွင်း၊ရေလှောင်ကန်၊ အိမ်သာ၊ ရေချိုးခန်း၊ရေမီးအစုံနှင့်ဆွမ်းချက်ဆောင်တို့ကို ဦးဘိုးစိန် + (ဒေါ်ခင်ကြည်) (ရွှေသမင်ကုမ္ပဏီလိမိတက်) မိသားစုတို့က ငွေကျပ် ၁၈ သိန်းကျော် ကုန်ကျပြီး တစ်ဦးတည်း လှူဒါန်းခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ဦးဘိုးစိန်၊ ဦးဘသန်း၊ ဦးသိန်းဇံတို့ ဦးဆောင် ကြီးကြပ် ဆောင်ရွက်ခဲ့ပါသည်။

အခွန်လွတ် **သာသနာ့ဂမြံ** ပတ္တာစာချုပ်ကို ၂၇-၈-၉၂ တွင် နိုင်ငံတော်အစိုးရက ယေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ (မော်လမြိုင်) ဥက္ကဋ္ဌကြီး ဦးဘိုးစိန်နှင့် စာချုပ်ချုပ်ဆို အသိအမှတ်ပြုခဲ့ပါသည်။

အထက်ပါကျောင်းဝိုင်းသာသနာ့မြေဂရမ်နှင့် ဆောက်လုပ် ပြီးသော ယာယီ နှစ်ထပ် စံကျောင်း (အလှူး ၄၈ပေ၊ အနံ ၂၀ ပေ) အလှူရေစက်ချပွဲကို ၆-၄-၉၃ နေ့၌ ရန်ကုန် ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးကိုယ်စား နာယက ဇေယျဝတီဆရာတော်နှင့်အရှင်နန္ဒသီရိ ပါဝင်သော ပင့်သံယာတော် ၁၀ ပါး၊တို့၏ မျက်မှောက်၌ ပြုလုပ်ခဲ့ပါသည်။

၁၃-၄-၉၃ နေ့မှ ၁၇-၄-၉၃ နေ့အထိ ပထမအကြိမ် သင်္ကြန်တရားစခန်းကို ဖွင့်လှစ်ခဲ့ရာ ယောဂီ ၅၀ကျော်ခန့် အားထုတ်ခဲ့ကြသည်။ ၁၇-၄-၉၃ နေ့တွင် ဒုတိယအကြိမ် ၁၀ ရက်စခန်းကို ဖွင့်လှစ်ခဲ့သည်။ ၂၄-၁၀-၉၃ နေ့တွင် တတိယအကြိမ် တရားစခန်းကို ရန်ကုန်မြို့ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ယောဂီ ၇၀ကျော် ရှိခဲ့ပါသည်။ ဤတရားစခန်း သုံးကြိမ်လုံးကို ဦးဘိုးစိန် + (ဒေါ်ခင်ကြည်) (ရွှေသမင်ကုမ္ပဏီလိမိတက်)မိသားစုတို့က မတည် ဦးဆောင်၍ အစစအရာရာ တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။

၂၃-၁၀-၉၃ နေ့တွင် ကျပ် ၁၇ သိန်း ၅သောင်းကျော် ကုန်ကျသော **သာသနာ့ဂုဏ်ရည် ဓမ္မာရုံကြီး**ကို ရန်ကုန် မြို့ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေစက်ချ အနုမောဒနာတရား ဟောကြားခဲ့ပါသည်။ ၂၄-၁၀-၉၃ နေ့တွင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြီးကြပ်၍ ဥက္ကဋ္ဌ ဒေါ်လွန်းခင်၊ အတွင်းရေးမှူး ဒေါ်မြတ်မွန်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကျင်မြင့် တို့နှင့်အတူ အဖွဲ့ဝင် ၂၀ ကျော်တို့ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၁၆-၃-၉၄ နေ့တွင် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသူသင်တန်းသား ပေါင်း ၈၀ ကျော် တက်ရောက်ခဲ့ပါသည်။ ၆-၄-၉၄ နေ့တွင် စတုတ္ထအကြိမ် တရားစခန်း ဖွင့်လှစ်ခဲ့ရာ ယောဂီ ၁၀၀ ကျော် ရှိခဲ့ပါသည်။

ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီး၍ ကံဆောင်ချီးမြှောက်တော်မူကြ၍ ၁၄-၁-၉၅ နေ့တွင် သိမ်သမုတ်ခြင်းကိစ္စ အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။ ၂၃-၃-၉၅ နေ့တွင် သုံးသိန်းခွဲတန် စက်ရေတွင်း တူးခဲ့သည်။ ၁၆-၄-၉၅ နေ့တွင် ပဉ္စမအကြိမ်မြောက် တရားစခန်းကို လည်းကောင်း၊ ၅-၄-၉၆နေ့တွင် ဆဋ္ဌမအကြိမ်မြောက် တရားစခန်းကို လည်းကောင်း၊ ဖွင့်လှစ်နိုင်ခဲ့သည်။

အလှူး ၁၃၅ ပေ၊ အနံ ၄၅ ပေရှိသော ငွေကျပ်သိန်း ၅၀ တန် **အမျိုးသမီးဆောင်ကြီး**ကို ၂၈-၄-၉၅ နေ့တွင် စတင် ဆောက်လုပ်ခဲ့သည်။

၂၂-၁၂-၉၇ နေ့တွင် **သိရိဝိစလ အောင်ထွန်းလှကျောင်းတော်**ကို ပန္နက် စိုက်ထူခဲ့သည်။ ဒိုင်းဝန်းကွင်း၊ အရှေ့လှည်းတန်းရပ်၊ သုတလမ်းနေ ဦးထွန်းလှ + ဒေါ်တင်လှ မိသားစုတို့က ၂၈ သိန်းကျော် အကုန်အကျခံကာ လှူဒါန်းရာ ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ခဲ့သည်။

၂၉-၄-၉၇ နေ့တွင် **မဟာရာမ်တံတိုင်း** စတင် ဆောက်လုပ်ခဲ့သည်။ ၁၈-၁-၉၈ နေ့တွင် ကျပ် သုံးသိန်းခွဲတန် မုခ်ဦး ပန္နက်ချ ဆောက်လုပ်ခဲ့သည်။ ၂-၅-၉၈ နေ့တွင် ကျပ် ငါးသိန်းခွဲတန် ဂိတ်ဝနှစ်ခု ပန္နက်ချ ဆောက်လုပ်ခဲ့သည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်ပြီး မုခ်ဦးဂိတ်ဝ ရေစက်ချ အနုမောဒနာတရား ဟောခဲ့သည်။

၅-၄-၉၈ နေ့တွင် အဋ္ဌမအကြိမ် တရားစခန်း ဖွင့်လှစ်ရာ ယောဂီ ၁၅၀ ကျော်ခဲ့သည်။

၁၆-၄-၉၈ နေ့မှစ၍ အမြဲတမ်းရိပ်သာအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယောဂီ နှစ်ဆယ်၊ လေးဆယ်၊ ရှစ်ဆယ် စသည် လာရောက် အားထုတ်လျက်ရှိပါသည်။ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ယောဂီများကို စရိတ်ငြိမ်း ကျွေးမွေး လှူဒါန်းကြပါသည်။

၅-၅-၉၈ နေ့တွင် ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး လုပ်အား၊ ငွေအား၊ စက်ပစ္စည်းများဖြင့် ဝိုင်းဝန်းပံ့ပိုးကာ ကတ္တရာလမ်းခင်းခဲ့ကြပါသည်။ ယင်းကတ္တရာလမ်းကို ရွှေတောင်ကုန်းလမ်းဟု အမည်ပေးခဲ့ပြီး မော်လမြိုင် ရွှေတောင်ကုန်းဆရာတော်အရှင်နန္ဒာသီရိ အမှူးပြုသော ဓမ္မ မိသားစုမှ လှူဒါန်းငွေ ကျပ် ၇ သိန်း ၆သောင်းကျော်၊ မော်လမြိုင်မြို့စည်ပင်သာယာရေးအဖွဲ့မှ လှူဒါန်းငွေ ကျပ်ငါး သိန်း၄သောင်းကျော်၊ စုစုပေါင်း ကျပ် ၁၃ သိန်းကျော် ကုန်ကျခဲ့ပါသည်။

http://www.dhammadownload.com

ရိပ်သာကျောင်းဝင်း ကတ္တရာလမ်းကို အမှတ် (၅) ထောက်လှမ်းရေးတပ်မိသားစုက ငွေကျပ် ခုနစ်သိန်း အကုန်အကျခံ လှူဒါန်းခဲ့ပါသည်။

မော်လမြိုင်မြို့၊ အမှတ် ၂၂၊ ပုလဲလမ်း၊ မရမ်းကုန်းနေ မိခင်ကြီး ဒေါ်ခင်ဝင်းအား ရည်စူး၍ ဖခင် ဦးဟုတ်ကင်းအား အမှူးထားလျက် သားသမီးများက ဆောက်လုပ်မည့် ဓမ္မာရုံကြီးအတွက် ကျပ်ငွေ ၂၁သိန်း မ,တည် လှူဒါန်းပြီး ၂၂-၄-၂၀၀၀ နေ့တွင် ဂါလန်နှစ်ထောင်ဆန့် စတီးရေကန်နှစ်လုံးနှင့် ရေစင်နှင့် ရေစက်သွန်းချ လှူဒါန်းခဲ့ကြသည်။

သံလွင်သောက်ရေသန့်မိသားစုက ရိပ်သာရှိ ရဟန်းရှင်လူ ယောဂီအားလုံးတို့ နေ့စဉ်သောက်သုံးရန် **သံလွင်သောက်ရေသန့်**များကို အမြဲလှူဒါန်းသည့်အပြင် ဆောက်လုပ်မည့် ဓမ္မာရုံကြီးအတွက် ကျပ်ငွေ၅သိန်း မ,တည် လှူဒါန်းပြီး ရိပ်သာ၏ လိုအပ်ရာရာ လုပ်ငန်းအားလုံးတို့၌လည်း ဦးဆောင်ပါဝင် လှူဒါန်းကြပါသည်။

ငွေကျပ် ၄ သိန်းကျော် ကုန်ကျသော ဆွမ်းပြင်ဆောင်ကို အများဒကာ စုပေါင်း၍ ၅-၇-၉၈ နေ့တွင် ဆောက်လုပ်ပြီးစီးပါသည်။

အမှတ် (၅) ထောက်လှမ်းရေးတပ် တပ်မှူး ဗိုလ်မှူးမျိုးမြင့် + ဒေါ်သီတာအေး မိသားစုက **လျှပ်စစ်မီတာ**ကို ၂၇-၉-၉၈ နေ့တွင် လှူဒါန်းခဲ့ပါသည်။

၁၁-၁၀-၉၈ နေ့တွင် ဆရာတော်ဘုရားကြီး ကိုယ်တိုင် သိမ်ပန္နက်တင်မင်္ဂလာကို ဆောက်ရွက်တော်မူခဲ့ပါသည်။ ၈-၁၁-၉၈ နေ့တွင် စတင် ဆောက်လုပ်ခဲ့ပါသည်။ ၎င်း **သိမ်ကျောင်းတော်**ကို ဦးဘိုးစိန် + (ဒေါ်ခင်ကြည်)ရွှေသမင် မိသားစု အမှူးပြုသော သား ဦးဝင်းနိုင် + သမီး ဒေါ်သန်းညွှန့်ကြည် (ရွှေရည်ဝင်း ပလပ်စတစ် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့) မိသားစုက ငွေကျပ် ၁၇သိန်း ဦးဆောင်မ,တည်၍ အများဒကာ စုပေါင်းငွေ ကျပ် ၂၄သိန်းကျော် အကုန်အကျခံကာ လှူဒါန်းခဲ့ကြပါသည်။ အဆောက်အဦကို ဒေါ်မြတ်မွန် (ရွှေသမင် ကုမ္ပဏီလီမိတက်)နှင့် ဦးဘသန်းတို့က ကြပ်မတ်ဆောက်ရွက်ခဲ့ကြပါသည်။ ၁၇-၇-၉၉ နေ့တွင် ရေစက်သွန်းချ ပြီးစီးခဲ့ပါသည်။

၅-၁၂-၉၉ နေ့တွင် **သာဓုဓနာနန္ဒ ကျောင်းဆောင်**တော် ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ကျောင်းရေစက်ချ အနုမောဒနာတရား ချီးမြှင့်ခဲ့ပါသည်။ ယင်းကျောင်းဆောင်တော်ကို မော်လမြိုင်မြို့၊ သိမ်ကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၅၄၄ နေ့ (ဦးကင်စွန်) + ဒေါ်နိုင်း မိသားစုတို့က ကျပ်ငွေ ၃၆သိန်းကျော် ကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။ ၎င်းမိသားစုတို့ ရိပ်သာတွင် လှူဒါန်းသောကောင်းမှုကုသိုလ်များသည် ကျပ်သိန်းပေါင်း ၄၀ ကျော်အထိ ရှိခဲ့ပါသည်။

၂-၄-၉၉ နေ့တွင် အများဒကာ စုပေါင်း၍ ငွေကျပ် သုံးသိန်းကျော် ကုန်ကျသော **ဒီဂျစ်တယ် တယ်လီဖုန်း** တပ်ဆင်ခဲ့ပါသည်။ ငွေကျပ် လေးသိန်းကျော်တန် **ဆွမ်းချက်ဆောင်အသစ်**ကို ၁၃-၅-၉၉ နေ့တွင် ဆောက်လုပ် ပြီးစီးခဲ့ပါသည်။ ၂၀-၁၂-၉၉ နေ့တွင် **မီးစက်**၊ စက်ခန်းနှင့် နေ့စဉ်သုံး စက်ဆိ များကိုလည်း ရရှိခဲ့ပါသည်။

ဓမ္မဝိဇယ ရွှေမြင်းမိုရ်စေတီတော် ပန္နက်တင်မင်္ဂလာကို ၇-၉-၉၉ နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ရွှေထီးတော်တင်မင်္ဂလာကို ၁၉-၁-၂၀၀၀ နေ့တွင် ကျင်းပခဲ့ပါသည်။ မော်လမြိုင် ရွှေတောင်ကုန်း ဆရာတော် အရှင်နန္ဒသီရိ အမှူးပြုကာ ဘုရားဌာပနာသွင်းပြီး ရွှေထီးတော်နှင့် စိန်ဖူးတော်တို့ တင်လှူပူဇော်ခဲ့ကြပါသည်။ စေတီတော်ကို ဦးမြတ်လေး+ဒေါ်ငွေသင်၊ ဦးဘိုးလူတို့ကို ရည်စူး၍ မော်လမြိုင်မြို့ ဈေးကြီးရပ်၊ အောက်လမ်းမကြီး၊ အမှတ် (၇၀) နေ မိခင် ဒေါ်လွန်းခင်ကို အမှူးထား၍ ဘုရားဒါယကာ ဦးစိုးထင် + ဒေါ်ရည်ရည်ခင် မိသားစုတို့က ဝတ္ထုငွေ ကျပ် သိန်း ၅၀ ကျော် အကုန်အကျခံကာ တည်ထားကိုးကွယ် ပူဇော်ခဲ့ကြပါသည်။

မဟာရာမ်တံတိုင်းနှင့် အလျားပေ ၁၀၀၊ အနံပေ ၅၀ ရှိ နှစ်ထပ် ဓမ္မာရုံတော်ကြီးကို ဆက်လက်၍ အကောင်အထည်ဖော် ဆောက်ရွက်နေကြပါသည်။

ဆွမ်းစားကျောင်းဆောင်ကြီးနှင့် ဆွမ်းချက်ဆောင်အသစ်၊ သံဃာဝါသဆောင်၊ တစ်ပါးနေကျောင်း၊ အမျိုးသားယောဂီဆောင်၊ အဖွဲ့ရုံးခန်း၊ ဆေးပေးဆောင်၊ စာကြည့်တိုက်အဆောက်အဦတို့ကို ဆက်လက်၍ အကောင်အထည်ဖော်လုပ်ဆောင်ရန် ကျန်ရှိနေပါသေးသည်။

အထက်ပါ လုပ်ငန်းတို့ကို စေတနာသဒ္ဓါတရား ထက်သန်သောကုသိုလ်ရှင်များ စုပေါင်းအားဖြင့်လည်းကောင်း၊ တစ်ဦးချင်း တစ်ဖွဲ့ချင်းအားဖြင့် လည်းကောင်း၊ ဝိုင်းဝန်းညီညာထက်သန် တက်ကြွစွာ ကြိုးစားအားထုတ်ကြပါလျှင် မကြာခင် ပြီးစီးအောင်မြင်လာမည် ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။

အရှင်နန္ဒသီရိ
မော်လမြိုင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

http://www.dhammadownload.com

သာသနာတော်ဝန်ထမ်းဌာနကြီးကွန်ရက်

ဝဒ္ဓယဉ်ကျေးမှု အဓိပ္ပါယ်တန်း



http://www.dhammadownload.com

သံသနဿ္ကိုတာရာကြန်း

ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း

ရွှေခိုင်သီရိ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရား စိတ်ဝင်စား‌ဆုံးသော လုပ်ငန်းတစ်ရပ်ကို ဖော်ပြပါဆိုလျှင် "ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း" ပါပဲဟု ဆိုက မှား‌လိမ့်မည် မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ဘုရား သည် မဟာစည်သာသနာ့ရိပ်သာတွင် မဟာစည်ဆရာတော်ဘုရား‌ကြီး‌ရှိစဉ်ကပင် "ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း" ကို စတင်ဖွင့်လှစ်ခဲ့သူဖြစ်ပါသည်။ ယခုဆိုလျှင် နှစ်ပေါင်း(၃၀) ပင် ကျော်ခဲ့ပါပြီ။

ဤ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဌာနသစ်ကို လည်း ယောဂီဖြင့် စတင် အကောင်အထည်မဖော်ဘဲ ပထမ အကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဖြင့် (၁၉၉၁-ခု၊ မတ်လ ၁၁-ရက်မှ ၃၁-ရက်အထိ) စတင်ဖွင့်လှစ် အကောင် အထည်ဖော်ခဲ့ပါသည်။



http://www.dhammadownload.com

သံသနိဂ္ဂဟကံ

ဤသင်တန်းကို ကျောင်းသားငယ်များ၊ ကျောင်းစာမေးပွဲပြီးချိန် မတ်လဆန်းမှစတင်ကာ ဧပြီလဆန်းအထိ (တစ်လ)သင်တန်းကို နှစ်စဉ်ဖွင့်လှစ်လာခဲ့ရာ ယခု ၂၀၀၀-ခုနှစ်၊ မတ်လတွင် ဆယ်ကြိမ်မြောက်ပင်ရှိပါတော့မည်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရားသည် ထိုမျှ ဇွဲနပဲကြီးစွာဖြင့် ဤသင်တန်းကို ဖွင့်လှစ်နေရခြင်းမှာ မြန်မာပြည်၏ အနာဂတ်ဗုဒ္ဓသာသနာအတွက်ပင် ဖြစ်ပါတော့သည်။ မြန်မာပြည်သည် ကမ္ဘာတွင် ထေရဝါဒဗုဒ္ဓသာသနာ အထွန်းကားဆုံး တိုင်းပြည်ဖြစ်သည်။ ဂေါတမဗုဒ္ဓပွင့်ရာ နိပေါ၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံ စသည်များမှာ ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ပခဲ့ရပုံကို နမူနာယူကြပါ။

ဆရာတော်ဘုရားသည် မြန်မာပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ပပျောက်ပျက်သွားမှာကို အထူးပင် စိုးရိမ်တော်မူသည်။ မြန်မာပြည်သူပြည်သားများသည် ဧည့်သည်များအပေါ်တွင် ဖော်ရွေသည်။ မေတ္တာကရုဏာဖြင့် ဆက်ဆံကြသည်။ ဧည့်ဝတ်ကျေကြသည်။ ၎င်းတို့ကို အခွင့်အရေးယူကာ သားဖောက်ပြီး သာသနာပြုလိုကြသည့် အနီးကပ် ဘာသာကြီးတစ်ခုက မြန်မာပြည်ကို ဝါးမြိုစ ပြုနေသည်။





http://www.dhammadownload.com

သံသရာလွှားတားမြားကွန်း

ငင်းတို့ကို နားလည်ကာ မြန်မာပြည်သူပြည်သားများတွင် ခုခံကာကွယ်ရန် ကိုယ်ခံအားကောင်းဖို့လိုသည်။ လေးဆယ့်ငါးဝါပတ်လုံး ဗုဒ္ဓရှင်တော် ဟောဖော်ခဲ့သော တရားစစ်တရားမှန်များကို သိရှိနားလည်ထားဖို့လိုသည်။ တရားကို မြင်မှ ဘုရားကို မြင်သည်ဆိုသည့်အတိုင်း ဤကဲ့သို့ စစ်မှန်သော တရားစစ်တရားမှန်များကို ဟောတော်မူခဲ့သော ဗုဒ္ဓသာလျှင် တစ်ဦးတည်းသော ဘုရားစစ်ဘုရားမှန် ဖြစ်ပါပေသည်။ ထိုဗုဒ္ဓ၏ စစ်မှန်သောတရားများကို လိုက်နာကျင့်သုံးနေကြသော သံဃာတော်များသာလျှင် သံဃာစစ်သံဃာမှန် ဖြစ်ပါပေသည်ဟု ခိုင်မြဲသော ခံယူချက် ရှိထားရန်လိုပါသည်။

